
တက္ကသိုလ်
မိုးကြိုးသွား
စာစဉ် ၆
သိုင်းစာစဉ်များPAGE

တက္ကသိုလ်

# နေလင်းအောင်

---

## နဝရက်စား မိုးကြိုးသွား

(စာစဉ်-၆)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၉၅၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၄၃၁၀၅၃၁

၂၀၀၆ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ဓမ္မာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးထွန်းလင်း (ဖိုးဝ အော့ဖ်ဆက်)
အမှတ် ၁၄၇- ၄၅ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



## အခန်း (၁)
## သိုင်းသုံးကွက်

ကွယ်ဝှက်ရန်မလိုဟု တိန့်ထောက် မယူဆသဖြင့် ခပ်ပြုံးပြုံးပင် ခေါင်းညိတ်ကာ ပြန်ပြောလိုက်သည်။

"မှန်ပါတယ် ဆရာမကြီးခင်ဗျာ .... ကျွန်တော်ဟာ ရောင်ခြည်သိုင်းသမား တိန့်ထောက်ပါပဲ .... ဒါပေမယ့် ကျွန်တော့်ရဲ့နာမည်ဟာ ဆရာမကြီးပြောသလောက် သိုင်းလောကမှာ ထင်ရှားမှု မရှိသေးပါဘူး .... "

"မင်း .... ဒီကို ဘာလာလုပ်တာလဲ .... "

"ကျွန်တော် .... ဝမ်ရဲ့ရဲတိုက်က လူတွေကို နောက်ယောင်ခံလိုက်ခဲ့ရင်းက ဒီကို ရောက်လာခဲ့တာပါ ခင်ဗျာ .... "

"မင်းမှာ .... တခြား ဘာရည်ရွယ်ချက်မှ မရှိဘူးပေါ့ .... "

"မရှိပါဘူး .... "

"မင်းနဲ့ ဝမ်ရဲ့ရဲတိုက်နဲ့ ရန်ငြိုးရန်စ ရှိသလား .... "

"ဟုတ်ကဲ့ .... ရှိပါတယ် .... "

"ဒါဖြင့် .... ဘာဖြစ်လို့ လက်တစ်ထောင် ဂူကျွန်းနဲ့ကို မရှရအောင် ဒီကနေ ခေါ်ထုတ်နေတာလဲ .... "

"ဒါကတော့ .... ကျွန်တော့်ရဲ့ မိတ်ဆွေကြီးတစ်ဦးက ကျွန်တော့်ကို အကူအညီတောင်းခံလို့ သူ့ကိုခေါ်သွားဖို့ ကြိုးစားရတာပါ .... "

ပုလဲနက်ဘွားဘွား တွေဝေသွားပြီး ဘာမှပြန်မပြောဘဲ ထားသဖြင့် တိန့်ထောက်က လက်ဖမိုးနှစ်ဖက်ကို ယှက်၍ ခွင့်ပန်စကားဆိုသည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာမကြီး .... ဂူကျွန်းရဲ့ လွတ်ထွက်မသွားအောင် ကျွန်တော် လိုက်သွားပါရစေဦး .... "

ပုလဲနက်ဘွားဘွားက လက်ကာလိုက်၍ ....

"နေပါဦး .... မင်းကို ငါ အရေးကြီးတဲ့စကား ပြောစရာရှိသေးတယ် .... ပြီးတော့ မေးစရာလည်း ရှိသေးတယ် .... လက်တစ်ထောင် ဂူကျွန်းရှုံဟာ ဝမ်ရဲ့ရဲ့တိုက် အဖွဲ့ဝင်တစ်ယောက်ဖြစ်နေလို့ အဖွဲ့နဲ့အတူ ဒီတောင်အနီးအနား တစ်ဝိုက်က ဘယ်ကိုမှ သွားမှာမဟုတ်ပါဘူး .... သူ့ကို မင်းသွားရှာရင် တွေ့နိုင်ပါလိမ့်မယ် .... "

တိန့်ထောက်လည်း ဖွတ်ထွက်သွားရန် မကောင်းသဖြင့် ရပ်နေလိုက်ပြန်သည်။

ရွှေနဂါးတမန်တော်အဖွဲ့သည် လူအများကို ကောင်းကျိုးပြုနေသော သုစရိုက်အဖွဲ့တစ်ဖွဲ့သာ ဖြစ်နေပါက သူ့အနေနှင့် ဆန့်ကျင်ဘက် မပြုလိုချေ။ မိတ်ဆွေလို မဆက်ဆံနိုင်သည့်တိုင်အောင် ရန်သူ



ဖြစ်ချင်ပေ။

ထို့ကြောင့် ရွှေနဂါးတမန်တော်အဖွဲ့တွင် အရေးပါအရာရောက်မည့်သူတစ်ဦးဟု ယူဆရသော ပုလဲနက်ဘွားဘွားကိုလည်း သူသည် ဆန့်ကျင်ဘက် မပြုလုပ်လိုပါချေ။

"ဆရာမကြီး .... 'ကျွန်တော့်ကို ဘာများမေးစရာ ပြောစရာရှိလို့လဲ .... မေးနိုင်ပါတယ် .... 'ပြောနိုင်ပါတယ် ခင်ဗျာ .... "

"ဒီမယ် ရောင်ခြည်သိုင်းသမား .... ကျုပ် ဘယ်သူလဲဆိုတာ မင်းသိရဲ့လား .... "

"ဆရာမကြီး .... ရွှေနဂါးတမန်တော်အဖွဲ့မှာ အရေးပါအရာရောက်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်၊ ပြီးတော့ .... ဆရာမကြီးကို ပုလဲနက်ဘွားဘွားလို့ ကျွန်တော် သိထားပါတယ် .... "

ထိုစဉ် သူတို့ဘက်ဆီသို့ လူရိပ်ငါးရိပ် ပြေးနှင်လာသည်ကို တိန့်ထောက် တွေ့မြင်ရသည်။ တရကြမ်း ပြေးလာသော လူတစ်ယောက်နောက်သို့ လူလေးယောက်က ထက်ကြပ်မကွာ လိုက်ပါလာကြခြင်း ဖြစ်လေသည်။

အနီးသို့ ရောက်လာသောအခါ ရှေ့မှ ပြေးလာသူမှာ ဖေးလို့ယီဖြစ်ပြီး နောက်မှ ပြေးလိုက်လာကြသူများမှာ ဝတ်စုံဝါများ ဝတ်ထားသော ရွှေနဂါးတမန်တော်အဖွဲ့ဝင်များဖြစ်ကြောင်း သိရလေသည်။

ဖေးလို့ယီသည် နောက်မှလိုက်လာသော ဝတ်စုံဝါများ၏ လက်တွင်းသို့ မကျရောက်အောင် ပြေးနှင်ရင်း တိန့်ထောက်အနီးသို့

ရောက်လာသည်။ သို့သော် သူသည် တိန့်ထောက်ကို မမြင်သေးဘဲ ရွှေနဂါးတမန်တော်အဖွဲ့ဝင်များဖြစ်သော ပုလဲနက်ဘွားဘွားနှင့် ဝတ်စုံဝါသုံးယောက်ကို မြင်ရသောအခါ ခြေလှမ်းတန့်ရပ်သွားသည်။

နောက်ပြန်ပြေးရမလို ရှေ့ဆက်လာရမလို ဖြစ်နေသည်။

တိန့်ထောက်ကိုယ်တိုင်လည်း ဖေးလို့ယီကို မည်ကဲ့သို့ ကယ်တင်ရမှန်း ရုတ်တရက် စဉ်းစားမရ ဖြစ်နေသည်။

ဖေးလို့ယီမှာ ဝမ်ရဲ့ရဲတိုက်မှ လူတစ်ယောက် ဖြစ်နေသောကြောင့် မိမိက ဝင်ရောက်တားဆီးပါလျှင် ရှေ့စကားနှင့် နောက်စကား မညီဘဲ ဖြစ်သွားလေတော့သည်။ သူနှင့် ဝမ်ရဲ့ရဲတိုက်မှာ ရန်ငြိုးရန်ဘက်များ ဖြစ်စေသည်ဆိုသောစကားမှာ အချည်းနှီး ဖြစ်သွားပေတော့မည်။

ဖေးလို့ယီ ရှေ့တိုးရမလို နောက်ဆုတ်ရမလို ဖြစ်နေစဉ် နောက်မှ ပြေးလိုက်လာသော ဝတ်စုံဝါလေးယောက်က မီလာပြီး သူ့ကို ဝိုင်းဝန်းတိုက်ခိုက်ကြလေတော့၏။ ပုလဲနက်ဘွားဘွားနှင့်အတူ ရှိနေကြသော ဝတ်စုံဝါသုံးယောက်ကလည်း ခုန်လွှားရောက်ရှိသွားကြပြီး ဖေးလို့ယီကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။

ရွှေနဂါးတမန်တော်အဖွဲ့ဝင် ခုနစ်ယောက်က ဝိုင်းဝန်းတိုက်ခိုက်နေကြသဖြင့် ဖေးလို့ယီမှာ လုံးဒူတိုက်စစ်ကို ပြန်မသုံးနိုင်ဘဲ ခံစစ်ကိုသာ သုံးနေရသည်။ သို့တိုင်အောင် ကြာရှည်စွာ ကြံ့ကြံ့ခံနိုင်မည် မဟုတ်ဘဲ ဝတ်စုံဝါများလက်ချက်ဖြင့် ထိခိုက်ဒဏ်ရာရကာ သေဆုံးတော့မည့် အခြေအနေကို တိန့်ထောက် သိမြင်လာသည်။

တိန့်ထောက် ဤအတိုင်း ရပ်ကြည့်နေ၍ မဖြစ်တော့ချေ။



ထို့ကြောင့် သူသည် ပုလဲနက်ဘွားဘွားကိုလှည့်၍ပြောလိုက်ရတော့၏။

“ဆရာမကြီး ခင်ဗျာ .... ဆရာမကြီးရဲ့ လူတွေကို ရပ်လိုက်ဖို့ ပြောပေးပါ .... အခု အတိုက်ခံနေရတဲ့လူနဲ့ ပတ်သက်ပြီး ဆရာမကြီးကို ကျွန်တော် ပြောပါရစေ .... ”

တိန့်ထောက်လိုလူမျိုးက ပြောလာသဖြင့် ပုလဲနက်ဘွားဘွားလည်း ထူးခြားသည်ဟု စိတ်ထဲမှ တွေးမိကာ သူ့လူများကို အော်ဟစ်အမိန့်ပေးလိုက်သည်။

“ရပ်လိုက်ကြဟေ့ .... သူ့ကို ထွက်မပြေးနိုင်အောင်သာ ဝိုင်းပြီးထားကြ .... ”

ဖေးလို့ယီကို ဝိုင်းဝန်းတိုက်ခိုက်နေကြသော ရွှေနဂါးတမန်တော်အဖွဲ့ဝင်များလည်း ပုလဲနက်ဘွားဘွား၏ အမိန့်သံကြောင့် တိုက်ပွဲကို ရုတ်ခြည်းရပ်တန့်လိုက်ကြသည်။ ပြီးတော့ ဖေးလို့ယီ ထွက်ပြေးမသွားနိုင်စေရန်လည်း ဝိုင်းထားလိုက်ကြ၏။

ပုလဲနက်ဘွားဘွားက တိန့်ထောက်ကို စူးစိုက်အကဲခတ်ကြည့်လိုက်ပြီး ....

“မင်းက ဝမ်ရဲ့ရဲတိုက်ကလူကို ဘာဖြစ်လို့ ကယ်တင်ချင်ရတာလဲ .... မင်းနဲ့သူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ ရောင်ခြည်သိုင်းသမား .... ”

ထိုအချိန်မှာ ဖေးလို့ယီလည်း တိန့်ထောက်ကို မြင်သွားပြီး ဝမ်းသာအားတက်သွားသည်။ သူ့ကို မလွဲမသွေ တိန့်ထောက် ကယ်တင်လိမ့်မည်ဟုလည်း ဖေးလို့ယီ ယုံကြည်ထားသည်။

တိန့်ထောက်က ဖေးလို့ယီကို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ပုလဲနက်ဘွားဘွားကို ပြန်ပြောသည်။

"ဒီလိုပါ ဆရာမကြီး .... ဒီလူဟာ ဝမ်ရဲ့ရဲတိုက်အဖွဲ့ဝင် မဖြစ်ခင်အချိန်တုန်းက ကျွန်တော့်ရဲ့အသက်ကို ကယ်တင်ခဲ့ဖူးတဲ့ ကျေးဇူးရှင်တစ်ယောက် ဖြစ်ခဲ့ပါတယ် .... ဒါကြောင့် အခုလို အခွင့်အရေးကြုံတုန်းမှာ ကျွန်တော်ဟာ သူ့အသက်ကို ပြန်ကယ်ပြီး ကျေးဇူးပြန်ဆပ်ချင်ပါတယ် .... ဒါဆိုရင် နောင်အခါ သူ့ရဲ့ကျေးဇူး ကျွန်တော့်အပေါ်မှာ ရှိတော့မှာ မဟုတ်ပါဘူး .... "

ပုလဲနက်ဘွားဘွားက မျက်မှောင်ကြုတ်သွားပြီး ....

"သူ့အသက်ကို မင်းက ဘယ်လိုကယ်မှာလဲ .... "

"ဆရာမကြီးတို့အနေနဲ့ သူ့ကို လွှတ်လိုက်ဖို့ မေတ္တာရပ်ခံချင်ပါတယ် .... "

ပုလဲနက်ဘွားဘွား မဲ့ပြုံး ပြုံးလိုက်ကာ ....

"မင်းက တယ်ပြီး အပြောလွယ်လှပါကလား .... တို့လက်ထဲရောက်နေတဲ့ ဝမ်ရဲ့အဖွဲ့ဝင် ရန်သူတစ်ယောက်ကို တို့က လွယ်လွယ်ကလေးနဲ့ ပြန်လွှတ်ပေးလိမ့်မယ်လို့ မင်း ထင်ထားသလား .... "

တိန့်ထောက်က လက်ဖမိုးနှစ်ဖက်ကိုယှက်၍ ဦးညွှတ်လိုက်ပြီးလျှင် ....

"ကျွန်တော့်အနေနဲ့ ဒီလိုတော့မထင်ပါဘူး ဆရာမကြီး .... ဒီလူရဲ့အကြောင်းကို ကျွန်တော်သိထားလို့လည်း ဆရာမကြီးကို မေတ္တာရပ်ခံ တောင်းပန်နေရခြင်း ဖြစ်ပါတယ် .... "



"သူ့အကြောင်း မင်းက ဘာသိထားလို့လဲ .... "

"ဒီလူဟာ .... သူ့အထက်က တာဝန်ပေးချက်အရသာ ဝမ်ရဲ့အဖွဲ့မှာ ပါဝင်လှုပ်ရှားနေရတာပါ .... ပြီးတော့ ဝမ်ရဲ့အဖွဲ့မှာ အရေးပါအရာရောက်တဲ့လူလည်း မဟုတ်ပါဘူး .... သူ့ကို သတ်လိုက်လို့လည်း ဆရာမကြီးအတွက် ဝမ်ရဲ့အဖွဲ့မှာ သိသိသာသာ အင်အားလျော့သွားမှာ မဟုတ်ပါဘူး .... "

ပုလဲနက်ဘွားဘွား၏မျက်နှာ အနည်းငယ် တင်းမာသွားသည်။ သူမက ခေါင်းကိုခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ် .... ဒီနေရာကို ကျူးကျော်လာတဲ့ ရန်သူတစ်ယောက်ကို ကျုပ်ကတော့ လွယ်လွယ်နဲ့ ပြန်မလွှတ်နိုင်ဘူး .... ကဲ တကယ်လို့ မင်းပြောသလို သူ့ကို ပြန်မလွှတ်ဘူးဆိုရင်ကော မင်းက ဘာလုပ်မလဲ .... "

တိန့်ထောက်ကလည်း ဆရာဖြစ်သူ မဟူရာသိုင်းသမားကြီး၏ အမူအကျင့်အတိုင်း လေသံမာမာ အေးစက်စက်နှင့် ပြန်ပြောလိုက်သည်။

"ဒီလိုဆိုရင်တော့ .... ကျွန်တော်ကလည်း သူ့ကို မရ,ရတဲ့နည်းနဲ့ ကယ်တင်ရမှာပေါ့ .... "

"မင်းရဲ့သိုင်းပညာ ဘယ်လောက်အထိ ထက်မြက်လို့ .... ဒီလိုစကားမျိုးကို ပြောနေရတာလဲ ရောင်ခြည်သိုင်းသမား .... မင်းလို ကောင်လေးတစ်ယောက်က ကျုပ်ကို ယှဉ်မယ်ပေါ့ ဟုတ်လား"

ပုလဲနက်ဘွားဘွား၏ မျက်နှာမှာ ခက်ထန်မှုအသွင်ကို

ဆောင်လာသည်။ သူသည် စူးစူးရဲရဲ အကြည့်မျိုးနှင့် တိန့်ထောက်ကို ကြည့်သည်။

တိန့်ထောက်ကလည်း ကြောက်ရွံ့သည့်အမူအရာမျိုး လုံးဝ မပြဘဲ ခပ်အေးအေး ပြန်ပြောလိုက်သည်။

"ကျွန်တော်ကတော့ အစွမ်းရှိသလောက် ပညာကို သုံးရမှာ ပါပဲ .... ဒါပေမယ့် ဆရာမကြီးကို အနိုင်တိုက်နိုင်လိမ့်မယ်လို့ မထင်မိ ပါဘူး .... "

"ကောင်းပြီလေ .... တကယ်လို့ ကျုပ်ရဲ့သိုင်းကွက်သုံးကွက် ကို မင်း ခုခံနိုင်မယ်ဆိုရင်တော့ မင်းတောင်းဆိုတဲ့ကိစ္စကို ကျုပ် လိုက် လျောပါ့မယ် .... အေး .... ကျုပ်ရဲ့သိုင်းကွက် သုံးကွက်ကိုမှ မင်း မခုခံနိုင်ဘူးဆိုရင်တော့ .... ဝမ်ရဲ့ရဲတိုက်ကလူကို လွှတ်ပေးဖို့ မင်း မတောင်းဆိုပါနဲ့တော့ .... "

တိန့်ထောက်က အလွန်အမင်း စိတ်လှုပ်ရှားသွားသည်။ သူသည် ပုလဲနက်ဘွားဘွား၏ သိုင်းကွက်ကိုသုံးကွက်ကို ခုခံနိုင်စွမ်း ရှိပါ့မလားဟူ၍ စိုးရိမ်တကြီး တွေးလိုက်မိသည်။

သို့သော်လည်း ယခုအချိန်ရောက်မှ ရှောင်လွှဲ၍ ရတော့မည် မဟုတ်ချေ။ ထို့ကြောင့် တိန့်ထောက်သည် ခေါင်းကို ဆတ်ခနဲညိတ် လိုက်ရသည်။

"ကောင်းပါပြီ ဆရာမကြီး .... ဆရာမကြီးရဲ့ သိုင်းကွက်သုံး ကွက်ကို ကျွန်တော် ခုခံပါ့မယ် .... တိုက်ဖို့သာ ပြင်ပါတော့ .... "

"ကောင်းပြီ .... အသင့်ပြင်တော့ .... "



တိန့်ထောက်သည် လက်ထဲမှဓားကို စနစ်တကျ ဆုပ်ကိုင် ကာ သိုင်းကွက်နင်း၍ အသင့်ပြင်လိုက်လေသည်။

ပုလဲနက်ဘွားဘွားက ရှေ့ကို ခြေသုံးလေးလှမ်းခန့် လျှောက် လှမ်းလာပြီးမှ သူမ၏လက်ထဲမှ တောင်ဝှေးကို လွှဲမြှောက်လိုက်သည်။ သူမ၏ မျက်လုံးအစုံမှာ စူးရှစွာဖြင့် အရောင်တဖျပ်ဖျပ် ဝင်းလက်လျက် ရှိနေသည်။ လူတစ်ယောက်၏ အသည်းနှလုံးကို ဖောက်ထွင်းတော့ မည့်အလား စူးရှလွန်းလှပေသည်။

ဤနေရာတွင် တိန့်ထောက်သာ မဟုတ်ဘဲ အခြားသူတစ်ဦး ဦး ဖြစ်နေပါက သူမ၏မျက်လုံးဒဏ်ကို ခံနိုင်လိမ့်မည် မဟုတ်ပါချေ။

တိန့်ထောက်နှင့် ပုလဲနက်ဘွားဘွားတို့၏ အဆင်ချောလှ သော အခြေအနေမှာ ရုတ်ခြည်းတင်းမာသွားလေသည်။

ပုလဲနက်ဘွားဘွားနှင့် တိန့်ထောက်တို့ တိုက်ခိုက်ကြမည် ကို ဖေးလို့ယီနှင့် ရွှေနဂါးတမန်တော် အဖွဲ့ဝင်များသည် မလှမ်းမကမ်း မှနေ၍ စိတ်ဝင်တစား ကြည့်နေကြလေသည်။

"ဟိုင်း .... "

ပုလဲနက်ဘွားဘွားသည် မာန်သွင်းလိုက်ပြီးနောက် သူမ၏ တောင်ဝှေးကို ဝှေ့ယမ်းလိုက်ရာ လေလှိုင်းရိုက်ခတ်သံ တဟူးဟူး ညံစီသွားလေသည်။

တိန့်ထောက်လက်ထဲတွင် ကိုင်ထားသော လက်နက်မှာ ဓားတစ်လက်သာ ဖြစ်လေရာ ပုလဲနက်ဘွားဘွား၏ ပြင်းထန်သော တောင်ဝှေးရိုက်ချက်ကို ဓားဖြင့်ဆီးခံရန် မလွယ်ကူပါချေ။ သို့သော်

လည်း တိန့်ထောက်သည် အားမာန်တင်းကာ သူ့ခန္ဓာကိုယ်ဆီသို့ အရှိန်အဟုန်ပြင်းစွာ ရောက်လာသော အဘွားအို၏ တောင်ဝှေးရိုက်ချက်ကို သူ့ဓားဖြင့် ကန့်လန့်ဖြတ်ခံလိုက်ကာ သူ့ကိုယ်ကို တစ်ပတ်လှည့်၍ ခုန်ထွက်လိုက်သည်။

တိန့်ထောက်သည် ပုလဲနက်ဘွားဘွား၏ ပထမဦးဆုံးသော တိုက်ကွက်ကို ခုခံရှောင်တိမ်းလိုက်နိုင်သဖြင့် စိတ်ဓာတ်တက်ကြွသွားလေသည်။

ပုလဲနက်ဘွားဘွားကမူ မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားသည်။ သူမသည် အသက်နှစ်ဆယ်ပင် မပြည့်သေးသော တိန့်ထောက်လို လူငယ်လေးတစ်ယောက်က ဤမျှ မြင့်မားသော သိုင်းပညာရပ်ကို တတ်မြောက်ထားကြောင်း ယခုမှ သိရလေတော့၏။ သူမ၏နှုတ်မှလည်း ဖွင့်ဟချီးကျူးလိုက်မိသည်။

"ရှောင်ခြည်သိုင်းသမား .... မင်းအသက်အရွယ်နဲ့ ဒီလောက်အထိ အရှောင်အတိမ်းနဲ့ အတွင်းအားကောင်းတာကို ငါ ချီးကျူးပါတယ် .... ကဲ .... ဒုတိယတိုက်ကွက်ကို ရှောင်ပေဦးတော့ .... "

ပုလဲနက်ဘွားဘွားက ပြောပြောဆိုဆို ဒုတိယတောင်ဝှေးရိုက်ချက်ဖြင့် တိန့်ထောက်ကို စတင်တိုက်ခိုက်လိုက်ပြန်သည်။ ဤဒုတိယသိုင်းကွက်မှာ ပထမသိုင်းကွက်ထက် ပိုမို၍ အလွန်အမင်းပြင်းထန်သော 'စစ်သည်တစ်ထောင် မုန်တိုင်းရိုက်ခတ်'ဟူသော သိုင်းကွက်ပင်ဖြစ်လေသည်။

တိန့်ထောက်က ဓားကိုင်ထားသော သူ၏လက်ဆီသို့ အတွင်း



အားကို စုစည်းလိုက်ကာ ဓားဖြင့် ပုလဲနက်ဘွားဘွား၏ တောင်ဝှေးရိုက်ချက်ကို ဆီးခံလိုက်ပြန်သည်။

"ထန်း .... "

ဓားနှင့် တောင်ဝှေး ထိရိုက်မိသံမှာ ကျယ်လောင်စွာ မြည်ဟည်းထွက်ပေါ်လာသည်။ တောင်ဝှေး၏ရိုက်ချက် ပြင်းထန်လွန်းသဖြင့် ဓားနှင့်ဆီးခံလိုက်သော တိန့်ထောက်ပင်လျှင် ဒူးညွတ်ကျသွားမတတ် ဖြစ်သွားသည်။

တိန့်ထောက်၏တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားက နှာမှာလည်း သွေးဆုတ်သွားသဖြင့် ဖြူဖပ်ဖြူရော် ဖြစ်သွားလေသ

ပုလဲနက်ဘွားဘွားမှာလည်း နောက်ကို ခြေနှစ်လှမ်းမျှ ဆုငယိုင်သွားသည်။ တိန့်ထောက်၏ ခံနိုင်ရည်ရှိမှုကိုလည်း အံ့ဩတကြီး ဖြစ်သွားပြန်သည်။

သူမသည် အချိန်ဆွဲ တုံ့ဆိုင်းမနေတော့ဘဲ တတိယတိုက်ကွက်ကို တိုက်ခိုက်ပြန်သည်။ သူမသည် အတွင်းအားကို တောင်ဝှေးဆီသို့ပို့ကာ ဝှေ့ယမ်းလိုက်သဖြင့် လေတိုးသံမှာ တဝေါဝေါ ညံသွားသည်။

သူမသည် တိန့်ထောက်ကို မလွဲမသွေရိုက်မိရန် တိကျပြင်းထန်သော ရိုက်ချက်ကို သေချာပေါက် အသုံးပြုလိုက်ခြင်း ဖြစ်၏။

ဤတိုက်ကွက်မှာ တိန့်ထောက်အား တိုက်ရမည့် နောက်ဆုံးတိုက်ကွက်ပင် ဖြစ်လေသည်။ ဤနောက်ဆုံးတိုက်ကွက်ဖြင့်သာ တိန့်ထောက်ကို အနိုင်မတိုက်ခိုက်နိုင်ပါက သူမသည် အရှုံးပေးရပေလိမ့်

မည်။ တိန့်ထောက်လို လူငယ်သိုင်းသမားတစ်ယောက်ကို သူမကဲ့သို့ ဝါရင့်သိုင်းပညာရှင်ကြီးတစ်ဦးက ရှုံးနိမ့်ရလျှင် သိုင်းလောကတွင် ရှက်ဖွယ်အတိ ဖြစ်ရပေလိမ့်မည်။

ထို့ကြောင့်လည်း ပုလဲနက်ဘွားဘွားသည် နောက်ဆုံးအ‌ရေ ဖြင့် တိကျပြင်းထန်သော ဤတိုက်ကွက်ကို သုံးလိုက်ရခြင်း ဖြစ်ပေ တော့သည်။

ရေ တိန့်ထောက်လည်း သူ၏ဓားဆီသို့ အတွင်းအားကို ပို့လိုက် ဘ ပုလဲနက်ဘွားဘွား၏ အရှိန်အဟုန်ပြင်းစွာ ကျလာသော တော သံငွေးကို ဓားဖြင့်ဆီးခံသည်။ သူသည် ယခုအကြိမ်တွင် ခံစစ်ကိုသာ မဟုတ်ဘဲ တိုက်စစ်ကိုပါ အသုံးပြုလိုက်သည်။

"ထန်း .... "

သံ့သံချင်းထိသံက တောင်ကုန်းတစ်ခွင် ကျယ်လောင်စွာ ပဲ့တင်ထပ်သွားသည်။

ဘေးမှကြည့်နေသော ဖေးလို့ယီနှင့် ဝတ်စုံဝါဝတ်ထားသူများ ထံမှလည်း အာမေဋိတ်သံများ ဟင်ခနဲ ဟာခနဲ ထွက်ပေါ်လာကြ သည်။

သူတို့ တွေ့မြင်ကြရသည်မှာ တိန့်ထောက်နှင့် ပုလဲနက်ဘွား ဘွားတို့ နှစ်ဦးစလုံး နောက်ဘက်ကို ဆယ်ပေခန့်အထိ ယိုင်တိယို တိုင် ဆုတ်ခွာသွားကြခြင်းပင် ဖြစ်လေသည်။

တိန့်ထောက်၏ မျက်နှာပြင်မှာ လူသေတစ်ယောက်ကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သူသည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်



ကိုင်ထားသော်လည်း သူ့တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေ သည်။

သူ့ကိုယ်ကို မြေပေါ်သို့ လဲကျမသွားစေရန် အားယူပြီး ထိန်း ထားရသည်။

မောဟိုက်နွမ်းနယ်လွန်းသဖြင့် သူ့ရင်မှာ လှိုင်းထလျက် ရှိ နေလေသည်။ သူသည် အသက်ကို ခပ်ပြင်းပြင်း ရှူရှိုက်နေသည်။ သူ့ နှုတ်ခမ်းထောင့်မှာလည်း သွေးများစီးကျလျက် ရှိနေသည်။

ပုလဲနက်ဘွားဘွား၏ ခန္ဓာကိုယ်မှာလည်း ထိုနည်းတူ မြေ တွင် လဲကျလုမတတ် ရှိနေသည်။ သူမ၏ မျက်နှာမှာ ရှုံ့မဲ့နေပြီး အသားများလည်း တဆတ်ဆတ်တုန်ခါလျက် ရှိနေသည်။

တိန့်ထောက်ကဲ့သို့ပင် သူမ၏ နှုတ်ခမ်းထောင့်မှာလည်း သွေးများ စီးကျလျက် ရှိနေသည်။

နှစ်ဦးစလုံး အတန်ကြာအောင် စကားမဆိုနိုင်ကြဘဲ ဖြစ်နေ ပြီးမှ ဦးစွာ တိန့်ထောက်က သူ့နှုတ်ခမ်းမှ သွေးစများကို လက်ဖမိုးနှင့် သုတ်၍ မဲ့ပြုံးပြုံးကာ စကားဆိုလေသည်။

"ဆရာမကြီး ခင်ဗျာ .... ဆရာမကြီးရဲ့ သိုင်းကွက်သုံးကွက် ကို ကျွန်တော်ဟာ ခုခံကာကွယ်နိုင်ခဲ့ပါပြီ .... "

ပုလဲနက်ဘွားဘွားကလည်း အားမတန်၍ မာန်လျှော့သည့် အမူအရာမျိုးဖြင့် ခပ်သဲ့သဲ့ ပြုံးလိုက်ကာ အေးဆေးစွာ စကားဆိုသည်။

"ရောင်ခြည်သိုင်းသမား .... မင်းဟာ လွန်ခဲ့တဲ့ အနှစ်နှစ် ဆယ်ကျော်က ပြိုင်ဘက်ကင်းလောက်အောင် နာမည်ကြီးခဲ့တဲ့ မဟူရာ

သိုင်းသမားကြီးထက်တောင် အတွင်းအား ပိုပြီးကောင်းနေပါသေးလား ....”

တိန့်ထောက်က သူ့အတွေးနှင့်သူ ရယ်မောလိုက်သည်။

ယခုတလော မဟူရာသိုင်းသမားကြီး၏ နာမည်သည် သိုင်းလောကတွင် ပြန်လည်လှုပ်ရှား ပေါ်ထွက်နေလေသည်။ သိုင်းလောကသား အများစုသည် မဟူရာသိုင်းသမားကြီး၏ နာမည်ကို ပြောဆိုနေကြကာ တုန်လှုပ်ချောက်ချားလျက် ရှိနေကြသည်။

မိမိ လှုပ်ရှားဆောင်ရွက်မှုကြောင့် ဆရာဖြစ်သူ မဟူရာသိုင်းသမားကြီး၏ နာမည်သည် သိုင်းလောကတွင် ပြန်လည်ကျော်ကြားနေခဲ့သည်ကို မိမိသာလျှင် အသိဆုံးဖြစ်၏။

ဆရာဖြစ်သူ မဟူရာသိုင်းသမားကြီးကလည်း ဤကဲ့သို့ဖြစ်စေရန် မိမိကိုပင် မှာကြားထားသည်။

ဤသည်ကို တွေးမိ၍ တိန့်ထောက်သည် ရယ်မောလိုက်ခြင်းဖြစ်လေသည်။

အခန်း (၂)

## ကမ်းလှမ်းချက်

တိန့်ထောက် ရယ်မောသည်ကိုမြင်လျှင် ပုလဲနက်ဘွားဘွားက အမိပွာယ် နားမလည်သဖြင့် မေးလိုက်သည်။

“ရောင်ခြည်သိုင်းသမား .... ဘာရယ်စရာတွေ့လို့ ရယ်ရတာလဲ ....”

တိန့်ထောက်က အရယ်ရပ်လိုက်ပြီး မျက်နှာကို တည်လိုက်ကာ ....

“သြော် .... လူတိုင်းလူတိုင်းက ကျွန်ုပ်ကို မဟူရာသိုင်းသမားနဲ့ နှိုင်းယှဉ်ပြီး ပြောခဲ့ကြတယ် .... အခုလည်း ဆရာမကြီးက ပြောနေပြန်ပြီ .... ဒါကြောင့် ကျွန်တော် ရယ်မိတာပါ ....”

“တကယ်တော့ .... လူတိုင်းက မင်းကို မဟူရာသိုင်းသမားနဲ့ နှိုင်းယှဉ်ပြီး ပြောနေကြတာဟာ ပြောသင့်လို့ ပြောနေကြတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ .... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်က မဟူရာ

သိုင်းသမားကြီးဟာ နာမည်ကျော်ကြားခဲ့တယ် .... အခုအချိန်မှာ ရောင်ခြည်သိုင်းသမားဖြစ်တဲ့ မင်းဟာလည်း နာမည်ကျော်ကြားနေပြီ မဟုတ်လား .... ”

တိန့်ထောက်က ပြုံးလိုက်ပြီး ....

“မဟူရာ သိုင်းသမားကြီးဟာ .... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် ကျော်ကသာ နာမည်ကျော်ကြားခဲ့တာ မဟုတ်ပါဘူး .... အခုလည်း နာမည်ကျော်ကြားနေတုန်းပါပဲ .... အခုတလော မဟူရာသိုင်းသမားကြီး လှုပ်ရှားနေတဲ့သတင်းကို သိုင်းလောကတစ်ခုလုံးမှာ .... သိုင်းလောကသားတိုင်း အုတ်အော်သောင်းတင်း ပြောနေကြပါပြီ.... ဆရာမကြီးကော ဒီသတင်းကို မကြားမိဘူးလား .... ”

“ဟင် .... ဟုတ်ရဲ့လား .... ”

ပုလဲနက်ဘွားဘွားသည် တိန့်ထောက်၏စကားကြောင့် အလွန်အမင်း အံ့သြသွားသည်။

သူမက ဆက်၍မေးသည်။

“မဟူရာသိုင်းသမားကြီး သိုင်းလောကမှာ ပြန်ပြီးပေါ်ထွက်နေတယ်ဆိုတာ ဟုတ်ရဲ့လား .... ငါ သိသလောက်တော့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က မဟူရာသိုင်းသမားကြီးဟာ မန်းစန်းတောင် တိုက်ပွဲမှာ ကျဆုံးသွားခဲ့ပြီပဲ .... ”

“မဟူရာသိုင်းသမားကြီးဟာ မသေပါဘူး .... အနှစ်နှစ်ဆယ် လုံးလုံး တစ်နေရာမှာ ဇာတ်မြှုပ်နေခဲ့ပြီးမှ .... အခု သိုင်းလောကမှာ ပြန်ပြီး ပေါ်ထွက်လာပါပြီ .... ကျွန်တော့်လို လူငယ်တစ်ယောက်



အနေနဲ့ မဟူရာသိုင်းသမားကြီးလို ပုဂ္ဂိုလ်မျိုးရဲ့ သိုင်းပညာကို မမီပါဘူး .... ”

“မင်းနဲ့ မဟူရာသိုင်းသမားကြီးနဲ့ ယှဉ်တိုက်ဖူးလို့လား”

ပုလဲနက်ဘွားဘွား၏အမေးကို တိန့်ထောက်က ခေါင်းညိတ်၍ ပြန်ဖြေသည်။

“ဟုတ်ကဲ့ .... ကျွန်တော်နဲ့ မဟူရာသိုင်းသမားကြီးနဲ့ ယှဉ်ခဲ့ဖူးပါတယ် .... ”

“သူ့ကို မင်း မယှဉ်နိုင်ဘူးလား .... ”

“ဆရာမကြီးရယ် .... သူလို သိုင်းလောကမှာ ဝါရင့်ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို ကျွန်တော့်လိုလူမျိုးက ဘယ်လိုလုပ်ပြီး ယှဉ်နိုင်မှာလဲ .... ”

ထိုစဉ် လူရိပ်တစ်ရိပ်သည် သူတို့မျက်နှာရှေ့ဆီသို့ ခုန်လွှားရောက်ရှိလာလေသည်။ သူ့ကိုယ်တွင် အဝါရောင်ဝတ်စုံကို ဆင်မြန်းထားသည်။

ထိုသူသည် လွန်စွာ ကိုယ်ဖော့ပညာ ကောင်းလွန်းသူတစ်ယောက် ဖြစ်လေသည်။

တိန့်ထောက်က သေချာစွာ ကြည့်လိုက်ရာ ထိုဝတ်စုံဝါနှင့် လူ၏ခေါင်းတွင်လည်း အဝါရောင်ခေါင်းစွပ်ကို မျက်နှာတစ်ပြင်လုံး ဖုံးအုပ်အောင် စွပ်ထားလေသည်။

အဝါရောင် ခေါင်းစွပ်တွင် မျက်လုံးပေါက် နှစ်ပေါက်သာ ဖောက်ထားသည်။

အဝါရောင်ဝတ်စုံနှင့်လူသည် တိန့်ထောက်ကို ကြည့်နေသလို တိန့်ထောက်ကလည်း ထိုသူကို ပြန်၍ကြည့်နေသည်။ အဝါရောင်ခေါင်းစွပ်ရှိ မျက်လုံးပေါက်နှစ်ပေါက်အတွင်းမှ ပေါ်ထွက်နေသော ထိုသူ၏ မျက်လုံးအစုံထဲတွင် ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များ ပေါ်ထွက်လျက် ရှိနေသည်။

ဝတ်စုံဝါ ဝတ်ထားသူသည် တိန့်ထောက်အား စူးစူးရဲရဲ ကြည့်နေရာမှ ပုလဲနက်ဘွားဘွားဆီသို့ မျက်နှာလှည့်ကာ ဦးညွှတ်၍ ခေါ်လိုက်သည်။

"ဆရာမကြီး .... "

ပုလဲနက်ဘွားဘွားကလည်း အသိအမှတ်ပြုသည့်သဘောနှင့် အသာအယာ ခေါင်းညိတ်ပြသည်။

ထိုအခါမှ တိန့်ထောက်သည် ပုလဲနက်ဘွားဘွား၏ အဆင့်ကို ခန့်မှန်းကြည့်မိသည်။ ပုလဲနက်ဘွားဘွားသည် ရွှေနဂါးတမန်တော်အဖွဲ့တွင် အဆင့်နှစ် ရှိနေနိုင်သူဖြစ်ကြောင်း တိန့်ထောက် ခန့်မှန်းမိလေသည်။

ပုလဲနက်ဘွားဘွားကလည်း ဝတ်စုံဝါနှင့်လူကို တလေးတစား ပြန်လည်၍ ဦးညွှတ်နှုတ်ဆက်သည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ဝတ်စုံဝါနှင့်လူသည်လည်း ရွှေနဂါးတမန်တော်အဖွဲ့တွင် ပုလဲနက်ဘွားဘွားထက် အဆင့်နိမ့်မည့်သူ မဟုတ်ကြောင်း သိနိုင်လေသည်။

ဝတ်စုံဝါနှင့်လူ မည်သူဖြစ်ကြောင်း တိန့်ထောက် တွေးနေမိ



သည်။ ထိုစဉ် ပုလဲနက်ဘွားဘွားက ဝတ်စုံဝါနှင့်လူကို မေးမြန်းလိုက်သည်။

"ရန်သူ့အခြေအနေ ဘယ်လိုလဲ .... "

"အားလုံး လွတ်မြောက်သွားကြပါပြီ .... "

ပုလဲနက်ဘွားဘွားက မျက်မှောင်ကြုတ်သွားပြီး ....

"ဘယ်လိုဖြစ်ပြီး လွတ်မြောက်သွားကြတာလဲ .... "

"ဝမ်ရဲ့ရဲတိုက်အဖွဲ့ကို ဦးဆောင်လာတဲ့ အဆိပ်ဘီလူးဆီမှာ နဝရတ်ဓားပါလာပြီး .... ဒီဓားနဲ့ ကျုပ်တို့ကို တိုက်ခိုက်ခဲ့တယ်လေ၊ ကျုပ်တို့အဖွဲ့သား ခုနစ်ဦး ကျဆုံးသွားကြတယ် .... ပြီးတော့ ဒီကို ရောက်လာတဲ့ ဝမ်ရဲ့ရဲတိုက်အဖွဲ့သား အားလုံးဟာ အဆင့်မြင့်သိုင်းသမားတွေချည်းပါပဲ .... "

ပုလဲနက်ဘွားဘွားက ခဏမျှ စဉ်းစားလိုက်ပြီး သက်ပြင်းမှုိင်းမှုိင်းချလိုက်သည်။

ဝတ်စုံဝါနှင့်လူသည် တိန့်ထောက်ဘက်သို့ ရုတ်တရက်လှည့်၍ စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်ပြန်သည်။

ပုလဲနက်ဘွားဘွားက ဝတ်စုံဝါနှင့် မျက်နှာဖုံးစွပ်ထားသောလူကို ပြောလိုက်သည်။

"ကဲ .... ရှင် သွားပေတော့ .... "

မျက်နှာဖုံးစွပ်နှင့်လူလည်း ပုလဲနက်ဘွားဘွားကို လှည့်၍ အရိုအသေပေးကာ လျင်မြန်သောအဟုန်ဖြင့် ပြေးထွက်သွားလေသည်။

ထိုအခါမှ တိန့်ထောက်သည် ပုလဲနက်ဘွားဘွားကို လက်ဖမိုးနှစ်ဖက်ယှက်၍ ပြောလိုက်သည်။

"ဆရာမကြီး ခင်ဗျား .... ဟောဟို ကျွန်တော့်ရဲ့ ကျေးဇူးရှင်ကို ဆရာမကြီးရဲ့ ကတိစကားအတိုင်း လွှတ်ပေးဖို့ သင့်ပါပြီ .... "

ပုလဲနက်ဘွားဘွားက ခေါင်းညိတ်၍ ....

"ကောင်းပါပြီ ရောင်ခြည်သိုင်းသမား .... ကျုပ်ရဲ့ကတိကို မဖျက်ပါဘူး .... ဒီလူကို လွှတ်ပေးလိုက်ပါ့မယ် .... "

စကားအဆုံးတွင် ပုလဲနက်ဘွားဘွားသည် ဖေးလို့ယီကို ချုပ်ကိုင်ထားသော သူမ၏လူများကို လက်မြှောက်၍ အမိန့်ပေးလိုက်သည်။

"သူ့ကို လွှတ်လိုက်ကြတော့ .... ဒီတောင်ပေါ်မှာ ဆက်မနေစေနဲ့ .... ဒီတောင်ပေါ်ကိုလည်း ပြန်တက်မလာစေနဲ့ .... "

ဝတ်စုံဝါ ဝတ်ထားသော ရွှေနဂါးတမန်တော်အဖွဲ့သားများသည် ဖေးလို့ယီကို လွှတ်လိုက်ကြသည်။ ထွက်ခွာသွားရန်လည်း လက်ဝှေ့ယမ်းပြကြသည်။

ဖေးလို့ယီသည် တိန့်ထောက်ကို လက်ဖမိုးယှက်၍ ဦးညွှတ်လိုက်ပြီးနောက် ချာခနဲလှည့်ကာ တောင်ကုန်းပေါ်မှ ပြေးဆင်းသွားလေတော့သည်။

"ကျွန်တော့်ကိုလည်း ခွင့်ပြုပါဦး ဆရာမကြီး .... "

တိန့်ထောက်က နှုတ်ဆက်လိုက်ရာ ပုလဲနက်ဘွားဘွားသည် လက်ကိုကာ၍ တားလိုက်သည်။



"နေပါဦး .... "

"ဆရာမကြီး ဘာပြောစရာ ရှိသေးလို့လဲ .... "

"ရောင်ခြည်သိုင်းသမား .... ကျုပ်တို့ ရွှေနဂါးတမန်တော်အဖွဲ့နဲ့ မင်း ပူးပေါင်းပြီး ဝမ်ရဲ့ရဲတိုက်ကို ချေမှုန်းတိုက်ခိုက်ဖို့ စဉ်းစားပြီးပြီလား .... "

တိန့်ထောက် အဖြေရ ခက်သွားသည်။ ပြီးမှ ....

"ဆရာမကြီးတို့အဖွဲ့ကို ကျွန်တော် ပြောခဲ့ပြီးပြီပဲ .... ဆရာမကြီးတို့အဖွဲ့ခေါင်းဆောင်ရဲ့သမီး ငွေနှင်းဖြူကို ကျွန်တော် တွေ့ဆုံပြီးမှ အဖြေပေးပါရစေ ပြောထားသားပဲ .... "

"မင်းက သူ့ကို သိပ်တွေ့ချင်သလား .... "

"တွေ့ချင်ပါတယ် .... ငွေနှင်းဖြူကိုသာ မဟုတ်ပါဘူး .... ရွှေနဂါးတမန်တော်အဖွဲ့ခေါင်းဆောင်ကိုပါ ကျွန်တော် တွေ့ချင်ပါတယ် .... "

ပုလဲနက်အဘွားအိုက ပြုံးလိုက်ပြီး ....

"ဟင်း ဟင်း .... စောစောကပဲ သူ့ကို မင်း တွေ့လိုက်ပြီးပြီ မဟုတ်လား .... "

"ဗျာ .... "

တိန့်ထောက် အံ့သြတကြီး ဖြစ်သွားသည်။

"စောစောက မျက်နှာဖုံးစွပ်နဲ့လူဟာ .... ဆရာမကြီးတို့ရဲ့ အဖွဲ့ခေါင်းဆောင်ကြီးလား .... "

"ဟုတ်တယ် .... "

ပုလဲနက်အဘွားအို၏ စကားကြောင့် တိန့်ထောက် စိတ်ဓာတ်ကျသွားမိသည်။ သူသည် ရွှေနဂါးတမန်တော်အဖွဲ့ခေါင်းဆောင်ကြီးကို သူ၏ မိတ်ဆွေအနေဖြင့်သာ ဆက်ဆံရလိမ့်မည်ဟု ယခင်က ထင်မှတ်ထားခဲ့သည်။ သို့သော် စောစောက ရောက်လာသည်ဆိုသော အဝါရောင်ခေါင်းစွပ်နှင့် ရွှေနဂါးတမန်တော်အဖွဲ့ခေါင်းဆောင်ကြီးသည် သူ့ကို ရန်သူတစ်ယောက်ကဲ့သို့ ကြည့်သွားခဲ့သည်။

ထို့ကြောင့် တိန့်ထောက် စိတ်ဓာတ်ကျမိခြင်း ဖြစ်လေသည်။ ငွေနှင်းဖြူက သူ့ကို အတွေ့မခံခြင်းကြောင့် တိန့်ထောက် စိတ်ထဲတွင် မကျေမနပ် ဖြစ်နေမိသည်။

"ကျွန်တော် .... အခု ငွေနှင်းဖြူနဲ့ကော တွေ့နိုင်မလား"

"အခုချက်ချင်းကြီးတော့ တွေ့လို့မရဘူး .... "

"သူက ကျွန်တော့်ကို မတွေ့ချင်ဘူးနဲ့တူတယ် .... "

"သူက မတွေ့ချင်လို့တော့ မဟုတ်ပါဘူးကွယ် .... အခုဆိုရင် ငွေနှင်းဖြူလေးဟာ လျှို့ဝှက်သိုင်းကျမ်းကြီးတစ်ကျမ်းထဲက သိုင်းပညာရပ်တွေကို အခန်းပိတ်ပြီး လေ့ကျင့်နေတယ်ကွယ့် .... ဒါကြောင့် မို့ အခုချက်ချင်း မင်း တွေ့လို့မဖြစ်တာပါ .... "

"ဪ .... "

ထိုအခါမှ တိန့်ထောက် သဘောပေါက် နားလည်သွားရသည်။ ပုလဲနက်ဘွားဘွားက သူ့ကို လိမ်လည်၍ ပြောဆိုနေခြင်း မဟုတ်ကြောင်းကိုလည်း ယုံကြည်သည်။

တိန့်ထောက်သည် လက်ဖမိုးနှစ်ဖက်ကို ယှက်လိုက်၍



"ဒီလိုဆိုရင်လည်း ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာမကြီး .... ကျွန်တော့်မှာ ဆောင်ရွက်စရာ ကိစ္စလေးတွေ ရှိနေပါသေးတယ်"

"ကျုပ်တို့အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စကို အဖြေပေးမသွားတော့ဘူးလား .... "

"နောက်မှပဲ အဖြေပေးပါ့မယ် ခင်ဗျာ .... "

"ရောင်ခြည်သိုင်းသမား .... ကျုပ်တို့ ရွှေနဂါးတမန်တော်အဖွဲ့ထဲမှာ အဆင့်မြင့် သိုင်းသမားတွေ အများကြီးရှိနေပါတယ် .... အင်အားလည်း အများကြီးရှိနေပါတယ် .... ကျုပ်တို့မှာ အင်အားမရှိလို့ မင်းကို စည်းရုံးနေတာ မဟုတ်ပါဘူး .... မင်းမပါဘဲနဲ့ ကျုပ်တို့ဘာသာ ဝမ်ရဲ့ရဲတိုက်ကို ဖြိုခွင်းတိုက်ခိုက်နိုင်ပါတယ် .... မင်းကို စည်းရုံးရတာကတော့ တခြားကြောင့်မဟုတ်ဘူး .... ငွေနှင်းဖြူလေးရဲ့ သဘောဆန္ဒကြောင့်ပဲ .... သဘောကတော့ကွယ် မင်းရဲ့ရန်သူကို တို့က ဝိုင်းကူပြီးတိုက်တဲ့သဘောမျိုး ဖြစ်သလို .... တို့ရဲ့ရန်သူကိုလည်း မင်းက ကူပြီးတိုက်တဲ့သဘောမျိုးပါပဲ .... ဒါကိုတော့ မင်း သဘောပေါက် နားလည်စေချင်တယ် ရောင်ခြည်သိုင်းသမား .... "

တိန့်ထောက်က ခေါင်းညိတ်၍ ....

"ဟုတ်ကဲ့ .... ဆရာမကြီး .... ကျွန်တော်ကလည်း ဒီလိုပဲ သဘောပေါက် နားလည်ထားပါတယ် .... ဒါပေမယ့် ငွေနှင်းဖြူနဲ့ တွေ့ပြီးမှပဲ ဒီကိစ္စကို ကျွန်တော် အဖြေပေးပါရစေ .... အခုတော့ ကျွန်တော့်ကို သွားခွင့်ပြုပါဦး .... "

ပုလဲနက်ဘွားဘွားက ခဏမျှ မျက်မှောင်ကြုတ် စဉ်းစား

လိုက်ပြီးမှ လက်ကိုမြှောက်၍ ....

"ကောင်းပြီလေ .... မင်း သွားနိုင်ပါပြီ .... မင်းဆီကအဖြေကိုတော့ တို့တွေ စောင့်နေမယ် .... "

တိန့်ထောက် လက်ဖမိုးနှစ်ဖက်ကို ယှက်လိုက်ပြီးနောက် ချာခနဲလှည့်၍ ပြေးထွက်လာခဲ့သည်။ သူသည် အဘိုးကြီးကြောင်နက်ပုန်းကွယ်၍ ကျန်နေခဲ့သော ကျောက်တုံးကြီးနောက်ကွယ်ဆီသို့ ပြန်လာခဲ့ပြီး ဖြစ်သည်။

သို့သော် ကျောက်တုံးကြီး၏ နောက်ဘက်သို့ ရောက်သောအခါ အဘိုးကြီးကြောင်နက်၏ အရိပ်အယောင်ကို မတွေ့ရတော့ချေ။ အဘိုးကြီးကြောင်နက် ကျန်နေခဲ့သော နေရာရှိ မြေကွက်ပေါ်တွင် သွေးကွက်တစ်ကွက်ကိုသာ တွေ့ရသဖြင့် တိန့်ထောက် ထိတ်လန့်တကြီး ဖြစ်သွားမိသည်။

အဘိုးကြီးကြောင်နက်အတွက်လည်း စိုးရိမ်ပူပန်မိသည်။

"ဒီသွေးကွက်တွေဟာ ဘကြီးကြောင်နက်ရဲ့ သွေးတွေလား၊ ဘကြီးကြောင်နက်တော့ ဒုက္ခတွေ့ပြီနဲ့တူတယ် .... သေများ သေသွားလို့လား .... "

တိန့်ထောက်စိတ်ထဲမှ တွေးလိုက်မိသည်။

အနီးအနားတွင် အဘိုးကြီးကြောင်နက်၏ အလောင်းကို တွေ့လိုတွေ့ငြား ရှာကြည့်ပြန်သည်။ သို့သော် မတွေ့ချေ။

အဘိုးကြီးကြောင်နက်လိုလူမျိုးကို သတ်ဖြတ်သွားနိုင်သူမှာ မည်သူမည်ဝါ ဖြစ်လေမည်လဲဟု တိန့်ထောက် တွေးမရ ဖြစ်နေမိသည်။



ထွက်ပြေးသွားသော လက်တစ်ထောင်ဝူကျန်းရှုံကပင် အဘိုးကြီးကြောင်နက်ကို သတ်သွားလေသလော။ သို့တည်းမဟုတ် မကြာခင်ကလေးတင် ထွက်ခွာသွားသော အဝါရောင်မျက်နှာဖုံးစွပ်နှင့် ရွှေနဂါးတမန်တော်အဖွဲ့ခေါင်းဆောင်ကြီးကပင် ရန်မူများလေရော့သလားဟု၍ တိန့်ထောက် အမျိုးမျိုး စဉ်းစားနေမိပြန်သည်။

ထို့နောက် တိန့်ထောက်သည် ပုလဲနက်ဘွားဘွားရှိရာဘက်သို့ ပြန်၍ပြေးလာခဲ့သည်။ အဘိုးကြီးကြောင်နက်နှင့် ပတ်သက်၍ စနည်းနာလိုသောကြောင့် ဖြစ်လေသည်။

သို့သော် ပုလဲနက်ဘွားဘွားရော ဂတ်စုံဝါဝတ်ထားသောလူများပါ တစ်ဦးတစ်ယောက်မျှ မရှိနေကြတော့ချေ။

တိန့်ထောက်သည် အဘိုးကြီးကြောင်နက်အတွက် လွန်စွာစိုးရိမ်စိတ်ဖြစ်မိ၏။ အဘိုးကြီးကြောင်နက် အသတ်ခံရမည်ကို ပူပန်နေသည်။ သူသည် သစ်ပင်အုပ်များရှိရာသို့ တစ်ရှိန်ထိုး ပြေးလာခဲ့ပြန်သည်။

သစ်ပင်အုပ်များထဲတွင်လည်း အဘိုးကြီးကြောင်နက်ကို ရှာဖွေကြည့်သည်။ ဖေးလို့ယီကိုလည်း တွေ့လိုတွေ့ငြား ရှာကြည့်သည်။ သို့သော် မည်သူ့ကိုမျှ မတွေ့ချေ။

ဖေးလို့ယီသည် သူ့ဖခင် အဘိုးကြီးကြောင်နက်ကို အန္တရာယ်ပြုသူအားတွေ့၍ ထိုသူနောက်သို့ လိုက်သွားခြင်းပေလားဟု တွေးမိပြန်သည်။

နောက်ဆုံးတွင် .... တိန့်ထောက်သည် တောင်ကုန်းပေါ်မှ

တစ်ရှိန်ထိုးပြေးဆင်းလာခဲ့သည်။ အတန်ကြာအောင် ပြေးလာခဲ့ပြီးမှ တောင်ကုန်းအောက်ခြေကို ရောက်လာသည်။

တောင်ကုန်းအောက်ခြေရှိ ဆူးချုံပင်တစ်ပင်တွင် ခါးတွင်ပတ်သည့် ပိတ်ဖြူစတစ်စ ငြိနေသည်ကို တိန့်ထောက် တွေ့ရသည်။ တစ်ဦးဦး တစ်ယောက်ယောက်က ပြေးရင်းလွှားရင်း သူ၏ခါးပတ်အဝတ်စမှာ ဤဆူးချုံတွင် ငြိ၍ ကျန်ခဲ့ပုံရသည်။ ထိုသူသည် ချုံမှ ခါးပတ်ပိတ်စကို ပြန်ဖြုတ်ယူရန်ပင် အချိန်မရလောက်အောင် ပြေးနှင်သွားပုံရလေသည်။

တိန့်ထောက်လည်း ဆက်လက်ပြေးနှင်လာခဲ့သည်။

တစ်နေရာအရောက်တွင် သူ့ရှေ့မြေပြင်ဝယ် လူတစ်ယောက်မှောက်လျက်လဲကျပြီး ငြိမ်သက်နေသည်ကို တွေ့ရသဖြင့် တိန့်ထောက်ခြေလှမ်းတုံ့ခနဲ ရပ်သွားမိသည်။ သူ့ရင်ထဲတွင်လည်း ထိတ်ခနဲ ဖြစ်သွားမိသည်။

ဓားဦးချွန်တစ်ခုသည် ထိုသူ၏ နောက်ကျောမှ ထုတ်ချင်းပေါက် ထိုးထွက်နေလေရာ လရောင်ဖြင့် ဝင်းလက်နေသည်။ ဤသည်ကို မြင်ရုံဖြင့် ထိုသူမှာ သေဆုံးနေပြီဟု သိနိုင်လေသည်။

သူသည် လူသေအလောင်းရှိရာသို့ လွှားခနဲ ခုန်လိုက်သည်။

ထိုအခါ ထိုသူ ဝတ်ဆင်ထားသောအဝတ်နှင့် ပုံပန်းသဏ္ဌာန်ကိုမြင်ကာ တိန့်ထောက် စိတ်အေးသွားမိသည်။ ထိုအလောင်းမှာ အဘိုးကြီးကြောင်နက်၏အလောင်း လုံးဝမဖြစ်နိုင်ကြောင်းကို တိန့်ထောက် သေချာစွာ သိလိုက်ပြီဖြစ်သောကြောင့်ပင်။



တိန့်ထောက်သည် အလောင်းကို ပခုံးမှကိုင်ကာ ပက်လက်ဆွဲလှန်လိုက်သည်။

ထိုအခါမှ အလောင်း၏မျက်နှာကိုမြင်ပြီး အံ့သြတကြီး ဖြစ်သွားသည်။

"လက်တစ်ထောင် ဝူကျန်းရှုံ ...."

သူ့နှုတ်မှလည်း ရေရွတ်လိုက်မိသည်။

လက်တစ်ထောင် ဝူကျန်းရှုံကို မည်သူ သတ်သွားလေသနည်း။

ရွှေနဂါးတမန်တော်အဖွဲ့ကပင် လိုက်လံသုတ်သင်သတ်ဖြတ်သွားခြင်း ဖြစ်လေသလော။

ထိုစဉ် သူ့ရှေ့ မလှမ်းမကမ်းဆီမှ လူရိပ်တစ်ရိပ် ဖြတ်ပြေးသွားသည်ကို တိန့်ထောက် တွေ့လိုက်ရသည်။ လူရိပ်မှာ သစ်ပင်များကြားမှ ဖြတ်ပြေးသွားခြင်း ဖြစ်သောကြောင့် မည်သူမည်ဝါမှန်း မသိချေ။

တိန့်ထောက်သည် တွေဝေစဉ်းစားမနေဘဲ လူရိပ်ပြေးလွှားရာနောက်ကို တစ်ရှိန်ထိုး ပြေးလိုက်ခဲ့လေသည်။

သူ၏ပြေးနှုန်းမှာ အံ့သြလောက်အောင် မြန်ဆန်သွက်လက်လွန်းလှသည်။ အဘိုးကြီးကြောင်နက် သို့မဟုတ် ဖေးလို့ယီများ ဖြစ်နေမလားဟူသော အတွေးနှင့် သူသည် ကိုယ်ဖော့ပညာကို အစွမ်းကုန်အသုံးချကာ ပြေးလာခဲ့ခြင်းဖြစ်၏။

ခဏနှင့် သူသည် ရှေ့မှပြေးနေသူကို မီလာပြီး သုံးကြိမ်ဆက်

တိုက် ခုန်လိုက်သောအခါ ပြေးနေသူ၏ရှေ့ဘက်ကိုရောက်၍ ပြေးလမ်းကို ပိတ်ထားလိုက်နိုင်ပြီ ဖြစ်၏။

ထိုအခါ ထိုလူမှာ ဝတ်စုံဝါဝတ်ထားသော လူတစ်ယောက်ဖြစ်ကြောင်း တိန့်ထောက် သေချာစွာ တွေ့ရသည်။ ဝတ်စုံဝါကလည်း သူ့ရှေ့တွင် တိန့်ထောက် ဖျတ်ခနဲ ရောက်လာသည်နှင့် တန့်ခနဲ ရပ်လိုက်သည်။

တိန့်ထောက်သည် ရတ်ခြည်း သူ့ခါးမှဓားကိုထုတ်ပြီး ဝတ်စုံဝါ၏ ရင်ဝကို ဓားဦးနှင့် ထောက်ပြီးသား ဖြစ်နေသည်။

ဝတ်စုံဝါ ဝတ်ထားသူက ထိတ်လန့်ပြီး ကျောက်ရုပ်ကြီးလို ငြိမ်သက်သွားသည်။

တိန့်ထောက်က လေသံမာမာဖြင့် မေးသည်။

"ခင်ဗျားဟာ .... ရွှေနဂါးတမန်တော်အဖွဲ့ဝင်တစ်ယောက် မဟုတ်လား .... "

ဝတ်စုံဝါနှင့်လူက တုန်တုန်ယင်ယင် ပြန်ဖြေသည်။

"ဟုတ် .... ဟုတ်ပါတယ် .... ကျွန် .... ကျွန်တော်ဟာ ကင်းလှည့်နေတာပါ .... "

"လမ်းမှာ ဓားဒဏ်ရာနဲ့ သေနေတဲ့ အလောင်းတစ်လောင်း တွေ့ခဲ့တယ် မဟုတ်လား .... "

"ဟုတ် .... ဟုတ်ကဲ့ .... တွေ့ခဲ့ပါတယ် .... "

"အဲဒီလူကို ဘယ်သူသတ်သွားတာလဲ .... ခင်ဗျားက ကင်းလှည့်နေတဲ့ လူဆိုတော့ သိရမှာပေါ့ .... မှန်မှန်ဖြေနော် .... "



"ဆရာလေး ရောင်ခြည်သိုင်းသမားနဲ့ အဖော်ပါလာတဲ့ အဘိုးကြီးက သတ်သွားတာပါ .... "

တိန့်ထောက် စိတ်အာရုံထဲတွင် အဘိုးကြီးကြောင်နက်ကို မြင်ယောင်လိုက်မိသည်။

လက်တစ်ထောင် ဂူကျန်းရှုံကို အဘိုးကြီးကြောင်နက်သာ သတ်သွားရိုးမှန်ပါက အဘိုးကြီးကြောင်နက်မှာ မည်သည့်အန္တရာယ်မှ တွေ့မည်မဟုတ်ကြောင်း သေချာနေသည်။

တိန့်ထောက်က ပိုမိုပြီး သေချာမှုရှိစေရန် ထပ်မံမေးမြန်းသည်။

"ကျုပ်နဲ့လိုက်လာတဲ့ အဘိုးကြီးဆိုတာ ဘယ်သူ့ကို ပြောတာလဲ .... "

"နာမည်ကိုတော့ မသိပါဘူး .... သူ့ခါးမှာ ဗူးသီးခြောက်ကြီး ချိတ်ဆွဲထားတဲ့ အဘိုးကြီးပါ .... "

အဘိုးကြီးကြောင်နက်ဖြစ်ကြောင်း သေချာသွားလေသည်။

"အခု .... အဲဒီအဘိုးကြီးကော .... "

"ထွက်သွားတာ ကြာပါပြီ .... "

"ခင်ဗျားက သူ့ကို ဘာဖြစ်လို့ ဖမ်းလားဆီးလား မလုပ်သလဲ"

"ဆရာလေးရဲ့ အဖော်ဖြစ်နေလို့ ကျွန်တော်တို့ မဖမ်းလိုက်ကြတာပါ .... "

"ခင်ဗျားပြောတာတွေ အမှန်ချည်းပဲနော် .... "

"အမှန်ချည်းပါပဲ ဆရာလေး .... "

တိန့်ထောက်က ဝတ်စုံဝါ ဝတ်ထားသူကို ထွက်သွားခွင့် ပြု လိုက်သည်။ ဝတ်စုံဝါလည်း တိန့်ထောက်အနီးမှ ပြေးထွက်သွားလေ သည်။

တိန့်ထောက်လည်း ချုံးစုစုရှိနေသော တည်းခိုခန်းသို့ မပြန် တော့ဘဲ တောင်ဘက်ဒေသဆီသို့ ဦးတည်ထွက်ခွာလာခဲ့သည်။

သူသည် အဘိုးကြီးကြောင်နက်ကို တွေ့လိုသဖြင့် ဤကဲ့သို့ တောင်ဘက်ဒေသဆီသို့ ခရီးနှင်ခဲ့ခြင်း ဖြစ်၏။

အဘိုးကြီးကြောင်နက်လည်း တောင်ဘက်ဒေသကို သွား လိမ့်မည်ဟု တိန့်ထောက် သိထားလေသည်။

အခန်း (၃)

# ချီယွင်ဂေဟာ၏ အကြံတော်

နောက်တစ်နေ့ ညနေဘက်တွင် တိန့်ထောက်သည် ယီချင် မြို့သို့ ရောက်လာပြီး တည်းခိုခန်းတစ်ခုတွင် တည်းခိုလိုက်သည်။

သူသည် မြို့ထဲတွင် အဘိုးကြီးကြောင်နက်ကို လိုက်လံရှာဖွေ သော်လည်း မတွေ့သဖြင့် သူ့ကို အဘိုးကြီးကြောင်နက် လာရောက် ဆက်သွယ်နိုင်ရန် တည်းခိုခန်းမှာပင် ပြန်စောင့်နေလိုက်၏။

သို့သော် တစ်ညတာ ကုန်ဆုံးသွားပြီး တစ်နေ့ကူးလာသည့် တိုင်အောင် အဘိုးကြီးကြောင်နက်က ရောက်မလာချေ။

ယီချင်မြို့မှ ဆက်လက်၍ ခရီးနှင်ပါက ခုနစ်ရက်ခန့် ခရီးနှင် လျှင် တုန်းထိန်ဟူ ရေအိုင်ဒေသဆီသို့ ရောက်လိမ့်မည် ဖြစ်၏။

တိန့်ထောက်လည်း မနက်စာ စားပြီးနောက် ဆက်လက်၍ ခရီးနှင်လာခဲ့၏။

သူသည် လမ်းတစ်လျှောက်တွင်လည်းကောင်း၊ ရပ်နားသော

မြို့ရွာများတွင်လည်းကောင်း၊ အဘိုးကြီးကြောင်နက်နှင့် ဝိညာဉ်တမန်တော် ချူးစုစုတို့ကို တွေ့လိုတွေ့ငြား စောင့်ကြည့်နေခဲ့သေးသော်လည်း မည်သူနှင့်မျှ မတွေ့ခဲ့ချေ။

မည်သည့် အနှောင့်အယှက် အဟန့်အတားကိုမှလည်း မတွေ့ခဲ့ရချေ။

ခြောက်ရက်နေ့တွင် တိန့်ထောက်သည် ဖွားရုံးမြို့သို့ ရောက်လာခဲ့လေသည်။

ဖွားရုံးမြို့ကား ချီယွင်ဂေဟာ၏ သြဇာအာဏာ လွှမ်းမိုးရာဒေသတွင်းမှ မြို့တစ်မြို့ ဖြစ်လေသည်။ တကယ်တော့ ချီယွင်ဂေဟာ၏ သြဇာအာဏာသည် တောင်ပိုင်းဒေသ တစ်ခုလုံးကို လွှမ်းမိုးလျက် ရှိနေလေသည်။

တိန့်ထောက်သည် ဖွားရုံးမြို့လယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် နေ့လယ်စာကို ဝင်ရောက်စားသောက်ပြီးနောက် တစ်မြို့လုံးလှည့်ပတ်ကာ အဘိုးကြီးကြောင်နက်ကို တွေ့ရလို တွေ့ရငြား ရှာဖွေကြည့်သည်။

အချိန်သာကုန်ပြီး မည်သို့မှ ရှာ၍မတွေ့သည့်အဆုံးတွင် မြို့လယ်မှ ထင်ရှားသော တည်းခိုခန်းတစ်ခန်းတွင် တည်းခိုရန် အခန်းငှားလိုက်သည်။ ပြီးနောက် အဘိုးကြီးကြောင်နက် လာရောက်ဆက်သွယ်လေမလားဟူသော အတွေးဖြင့် သူ့အခန်းထဲမှာပင် စောင့်နေလိုက်သည်။

တည်းခိုခန်းပိုင်ရှင်ကို ခါးတွင် ဗူးသီးခြောက် ချိတ်ဆွဲထား



သော အဘိုးကြီးတစ်ယောက်ကို တွေ့ပါက သူ့အခန်းထဲသို့ လွှတ်ရန်လည်း မှာကြားထားသည်။

တိန့်ထောက်သည် ခရီးပန်းနေပြီ ဖြစ်သဖြင့် သူ့အခန်းထဲမှာပင် အိပ်၍စောင့်နေသည်။ မှေးခနဲ အိပ်ပျော်သွားသည်။

"ဒေါက် ဒေါက် ဒေါက် ဒေါက် ...."

တံခါးခေါက်သံ ရုတ်တရက် ပေါ်ထွက်လာသဖြင့် တိန့်ထောက် အိပ်ပျော်နေရာမှ ဖျတ်ခနဲနိုးလာသည်။ သူသည် ခုတင်ပေါ်တွင် ဆတ်ခနဲ ထထိုင်သည်။

အဘိုးကြီးကြောင်နက် .... ရောက်လာလေပြီလားဟူသော အတွေးဖြင့်လည်း ဝမ်းသာသွားသည်။

"ဒေါက် ဒေါက် ဒေါက် ...."

တံခါးခေါက်သံက ထပ်မံပေါ်ထွက်လာသည်။

တိန့်ထောက်က မေးမြန်းလိုက်သည်။

"ဘယ်သူလဲ ...."

"ညီလေးတိန့်ထောက် .... ကျုပ်ပါ ...."

တံခါးတစ်ဘက်မှအသံက ညင်သာစွာ ပေါ်ထွက်လာသည်။

စကားသံကို ကြားရုံဖြင့် အဘိုးကြီးကြောင်နက် မဟုတ်ကြောင်း တိန့်ထောက် သိသော်လည်း မည်သူမည်ဝါဖြစ်ကြောင်း အသံကို မကျက်မိချေ။ အရိပ်နီသိုင်းသမား၏အသံလည်း မဟုတ်ပါချေ။

ထို့ကြောင့် တိန့်ထောက်သည် ခုတင်ပေါ်မှ ဆင်းလိုက်ပြီး ထပ်မေးသည်။

"နာမည်ကို ပြောပါ .... "

"ကျုပ်ပါ .... ရဲကျော်ထိန်ပါ .... "

ထိုအခါမှ တိန့်ထောက်သည် ယခု ရောက်လာသူမှာ ချိုယွင်ဂေဟာ၏ သခင်ကြီး နတ်နဂါး ချူပွားဟီ၏ လက်ရုံးတစ်ဆူဖြစ်သော ရဲကျော်ထိန်ဖြစ်ကြောင်း သိရလေတော့၏။

တံခါးဆီသို့ တိန့်ထောက် ကမန်းကတန်း လျှောက်သွားပြီး တံခါးကို ဖွင့်ပေးလိုက်သည်။ ယခုအချိန်တွင် သူ့ထံသို့ ရဲကျော်ထိန် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခြင်းအတွက် တိန့်ထောက် ဝမ်းသာသည်။ သူသည် ရဲကျော်ထိန်နှင့်အတူ ချိုယွင်ဂေဟာသို့ လိုက်သွားလျှင် အဆင်ချောမောလှမည် ဖြစ်လေသည်။

တိန့်ထောက် တံခါးဖွင့်လိုက်သောအခါ တံခါးပေါက်ဝတွင် ရပ်နေသော ရဲကျော်ထိန် အခန်းတွင်းသို့ ပြုံးရွှင်စွာ ဝင်လာသည်။ တိန့်ထောက်ကလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုလိုက်လေ၏။

"ကြွပါ အစ်ကိုရဲ့ ကြွပါ .... "

နှစ်ဦးသား တစ်ဦးကိုတစ်ဦး လက်ဖမိုးယှက်၍ နှုတ်ဆက်လိုက်ကြ၏။

ရဲကျော်ထိန်က ....

"ညီလေးတိန့်ထောက် လာတယ်ဆိုတဲ့သတင်းကို ကြားကြားချင်းပဲ .... ညကြီးမိုးချုပ် ဖြစ်ပေမယ့် ကျုပ်လာတွေ့ရတာပဲ"

တိန့်ထောက် အံ့အားသင့်သွားပြီး ....

"ဟင် .... ကျွန်တော် ဒီမြို့ကို ရောက်နေတယ်ဆိုတာ အစ်ကိုကြီး ဘယ်လိုလုပ်သိသလဲ .... "



"ဒီဒေသဟာ ကျုပ်တို့ ချိုယွင်ဂေဟာရဲ့ ဩဇာလွှမ်းမိုးတဲ့ ဒေသဆိုတာ ညီလေးတိန့်ထောက် မေ့သွားပြီလား .... ပြီးတော့ ညီလေးတိန့်ဟာ ကျုပ်တို့ချိုယွင်ဂေဟာမှာ ဧည့်သည်အဖြစ် တည်းခိုနေထိုင်သွားခဲ့ဖူးတဲ့သူဆိုတော့ ညီလေးကို လူသိများတာပေါ့ .... ညီလေးရဲ့သတင်းလည်း ချိုယွင်ဂေဟာကို ရောက်လာတာပဲပေါ့ .... "

ရဲကျော်ထိန်ကမူ သူ့အသက်ကို ကယ်တင်ခဲ့ဖူးသော တိန့်ထောက်ကို စိတ်ထဲမှာ တကယ်ပင် ခင်မင်ဖော်ရွေစွာ ဆက်ဆံလျက်ရှိနေသည်။ သူသည် တိန့်ထောက်နှင့် တွေ့ရခြင်းအတွက် လွန်စွာ အားရဝမ်းသာ ဖြစ်နေသည်။

တိန့်ထောက်အနေနှင့်လည်း ရဲကျော်ထိန်ကို ခင်မင်ပါသည်။ သို့သော် ရဲကျော်ထိန်မှာ ချိုယွင်ဂေဟာတွင် အရေးပါအရာရောက်သော အမှုထမ်းတစ်ယောက် ဖြစ်နေသည်။

တိန့်ထောက် ယခုတစ်ခေါက် တောင်ပိုင်းဒေသကို လာခဲ့ခြင်းမှာ ချိုယွင်ဂေဟာသခင်ကြီး ချူပွားဟီသည် မိမိတို့ တိန့်မိသားစုကို တိုက်ခိုက်သတ်ဖြတ်သုတ်သင်ရန် တိမ်နဂါးကျောက်ယွင်စိမ်းတို့ လူစုကို စေခိုင်းလိုက်သူ ဟုတ်မဟုတ် ပြတ်ပြတ်သားသား လာရောက်စုံစမ်းခြင်းသာ ဖြစ်လေသည်။

အကယ်၍ ချိုယွင်ဂေဟာသခင်ကြီး ချူပွားဟီသည် မိမိထင်မှတ်ထားသကဲ့သို့ ဟုတ်နေပါလျှင် တိန့်ထောက်အနေနှင့် ချိုယွင်ဂေဟာကို မလွဲမသွေ တိုက်ခိုက်ရပေတော့မည်။

ထိုအခါ ချီယွင်ဂေဟာသခင်ကြီး ချူဟွားဟီ၏ ညာလက်ရုံး တစ်ဆူဖြစ်သော ရဲ့ကျိထိန်နှင့် မိမိတို့မှာလည်း ရန်သူကြီးတွေ ဖြစ်ကြရတော့မည်။

ထို့ကြောင့် တိန့်ထောက်သည် ရဲ့ကျိထိန်အား ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါသော်လည်း လွတ်လွတ်လပ်လပ် အနှောင်အဖွဲ့မရှိ ဝမ်းမသာနိုင်ပါချေ။

သူ့စိတ်ထဲက ထိုသို့သောအဲတွေးများ ဝင်နေ၍ ရဲ့ကျိထိန်နှင့် ပွင့်ပွင့်လင်းလင်း ဆက်ဆံရမှာကို ခက်နေသည်။ ပျော်ရွှင်စွာ ပြောဆိုရမှာကို ခက်နေသည်။

ရဲ့ကျိထိန်ကမူ တိန့်ထောက်၏ အကြောင်းကိုလည်း မသိ၊ တိန့်ထောက်၏ အတွေးကိုလည်း မသိသဖြင့် ဝမ်းသာအယ်လဲ ရယ်မောပြုံးရွှင်ကာ စကားတွေ လှိုင်လှိုင်ပြောနေသည်။

"ညီလေးတိန့် .... အခုတစ်ခေါက် ဒီတောင်ဘက်ပိုင်းကို လာခဲ့တာဟာ အကြောင်းကိစ္စရှိလို့လား .... ဒါမှမဟုတ် ကျုပ်နဲ့တွေ့ရအောင် ကျုပ်တို့ချီယွင်ဂေဟာကို လာခဲ့တာပဲလား .... "

"အစ်ကိုရဲ့တို့ဆီကိုလည်း လာရင်း .... ကိစ္စတစ်ခုကိုလည်း ဆောင်ရွက်ရင်း ဆိုပါတော့ .... "

"ဘယ်လိုကိစ္စမျိုးကို ညီလေးတိန့် ဆောင်ရွက်ရမှာလဲ .... ကျုပ် အကူအညီပေးနိုင်တဲ့ကိစ္စမျိုးဆိုရင်တော့ အကူအညီ ပေးပါရစေ၊ ဒီတောင်ဘက်ဒေသမှာ ညီလေး ဆောင်ရွက်ရမယ့်ကိစ္စဆိုရင် .... ကျုပ်တို့ ချီယွင်ဂေဟာအနေနဲ့ရော .... ကျုပ်အနေနဲ့ရော အကူအညီ ပေးနိုင်ပါလိမ့်မယ် .... "



တိန့်ထောက်လည်း ခဏမျှ မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး ....

"ကျွန်တော် ဆောင်ရွက်ရမယ့်ကိစ္စမှာတော့ .... အစ်ကိုရဲ့ အကူအညီကို ယူသင့်သလောက် ယူရပါလိမ့်မယ် .... အစ်ကိုရဲ့ဆီက ကူညီမယ်ဆိုတဲ့စကားမျိုးကို ကြားရတဲ့အတွက် ဝမ်းမြောက်မှုလည်း ဖြစ်ရပါတယ် .... ကျေးဇူးလည်း တင်ပါတယ် .... "

ရဲ့ကျိထိန်က ခေါင်းကိုခါယမ်းလိုက်ကာ ....

"အို .... ကျုပ်ကို ကျေးဇူးတင်တဲ့စကားမျိုး မပြောပါနဲ့ ညီလေးတိန့် .... ကျေးဇူးတင်ကြစတမ်းဆိုရင် ညီလေးတိန့်ရဲ့ ကျေးဇူးတွေသာ ကျုပ်အပေါ်မှာ ဆပ်မကုန်အောင် ရှိခဲ့တာပါ .... ကျုပ် အသက်ကို ညီလေးတိန့် ကယ်တင်ခဲ့လို့သာ ခုအချိန်ထိ ကျုပ် အသက်ရှင်နေရတာပေါ့ .... ဒီတော့ ညီလေးတိန့်အတွက်ဆိုရင် ကျုပ် ဘယ်လိုပဲ ကူညီရကူညီရ ကူညီဖို့အသင့်ပါပဲ .... ကဲ .... ညီလေးတိန့်ရဲ့ကိစ္စကိုသာ ပြောပေတော့ .... "

တိန့်ထောက်က ခဏမျှ စဉ်းစားလိုက်ပြီးမှ

"ကျွန်တော့်ကိစ္စကို မပြောခင် လူနှစ်ယောက်ရဲ့အကြောင်းကို ကျွန်တော် သိချင်ပါတယ် အစ်ကိုရဲ့ .... "

"ဘယ်လူနှစ်ယောက်လဲ .... "

"ကျွန်တော့်ရဲ့ မိတ်ဆွေကြီးနှစ်ယောက်ပါ .... တစ်ယောက်က ရဲ့ယန်းမြို့မှာ ဗေဒင်တွက်စားနေတဲ့ တစ်ဝက်တစ်ပျက် ဗေဒင်

ဆရာကြီးပါပဲ .... "

"တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးဟုတ်လား .... သူ ဘာဖြစ်လို့လဲ .... "

"သူ ပျောက်နေပါတယ် .... "

တိန့်ထောက် စကားပြောရင်း ရဲ့ကျိုထိန်၏ အမူအရာကို စူးစူးစိုက်စိုက် အကဲခတ်ကြည့်နေသည်။ ရဲ့ကျိုထိန်အနေနှင့် သူ့ကို အမှန်ပြောခြင်းလား၊ လိမ်ပြော ညာပြောခြင်းလား သိနိုင်ရန်ဖြစ်၏။

ရဲ့ကျိုထိန်က မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီး

"အင်း .... တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးဟာ ကျုပ်တို့ရဲ့ နယ်မြေထဲမှာ လှုပ်ရှားနေတာတော့ ကျုပ်တို့လည်း သိပါတယ်၊ ဒါပေမယ့် .... ကျုပ်တို့တစ်တွေကို အန္တရာယ်ဖြစ်မယ့် လှုပ်ရှားမှုမျိုးကို လုပ်တာ တွေ့ရတာနဲ့ ကျုပ်တို့ကလည်း သူ့ကို ဘာမှမလုပ်ဘဲ မသိကျိုးကျွန် လုပ်နေလိုက်ကြတယ် .... အခု ညီလေးတိန့်ပြောမှပဲ သူဟာ ညီလေးတိန့်ရဲ့ မိတ်ဆွေဆိုတာ သိရတော့တယ် .... ဟုတ်တယ်၊ ရဲ့ယန်းမြို့မှာ သူ့ကို မတွေ့ရတာတော့ ဆယ့်ငါးရက်လောက် ရှိသွားပြီ .... တစ်နေရာရာကို ခရီးဆက်ထွက်သွားတာများ ဖြစ်နေမလား"

"ပျောက်နေတာပါ အစ်ကိုရဲ့ .... သူဟာ တစ်နေရာရာကို ခရီးဆက်တယ်ဆိုရင် .... သူ ဘယ်မှာရှိမယ်ဆိုတာကို ကျွန်တော့်ဆီ သတင်းပို့မှာ သေချာပါတယ် .... "

"အင်း .... ကျုပ်တို့ရဲ့ နယ်မြေဒေသမှာ တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီး ပျောက်နေတာမှန်ရင် ကျုပ်တို့တွေ ဒီသတင်းကို မရ



ရအောင် စုံစမ်းပါ့မယ် .... "

"အားလုံးသိ သိုင်းသမားကြီးချမ်းကြည်ကိုကော အစ်ကိုရဲ့ သိသလား .... သူ့နာမည်ကိုရော ကြားဖူးသလား .... "

ရဲ့ကျိုထိန် မျက်မှောင်ကြုတ်၍ အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ ပြန်ပြောသည်။

"အားလုံးသိ သိုင်းသမားချမ်းကြည် .... အင်း ဒီလူနဲ့တော့ ကျုပ် မသိပါဘူး .... နာမည်ကိုတော့ ကြားဖူးသလိုလိုရှိသား .... ဘာဖြစ်လို့လဲ .... "

"အားလုံးသိ သိုင်းသမားကြီးဟာလည်း .... ကျွန်တော့်ရဲ့ မိတ်ဆွေပါပဲ .... သူလည်း တောင်ပိုင်းဒေသကိုလာရင်း ပျောက်နေတယ် .... "

ရဲ့ကျိုထိန် ခေါင်းကိုခါယမ်းပြီး ....

"ဒီတောင်ပိုင်းဒေသကို အားလုံးသိ သိုင်းသမားကြီး ဆင်းလာတယ်ဆိုတဲ့သတင်းကိုတောင် ကျုပ် မကြားမိဘူး .... သူ ဒီကိုလာတာကော ဟုတ်ရဲ့လား .... "

ရဲ့ကျိုထိန်၏ အမူအရာက တကယ်ပင်မသိသည့် အမူအရာမျိုး ဖြစ်၏။

ရဲ့ကျိုထိန်က သူ့ကိုဟန်ဆောင်ပြီး ပြောနေခြင်း ဖြစ်လေမလား .... နှ အမှန်တကယ် ပြောနေခြင်းပဲ ဖြစ်နေမလားဟူ၍ တိန့်ထောက် အကဲမခတ်နိုင်အောင် ဖြစ်နေသည်။

"တောင်ပိုင်းကို သူ ဆင်းလာတာလည်း အမှန်ပါ အစ်ကိုရဲ့၊

ပျောက်နေတာလည်း အမှန်ပါပဲ .... "

"အင်း .... ဒီလိုသာဆိုရင်တော့ ညီလေးတိန့်ရဲ့ မိတ်ဆွေကြီး နှစ်ဦးစလုံးဟာ ကျုပ်တို့ရဲ့ နယ်မြေဒေသထဲမှာ ပျောက်နေတာပေါ့ ကိစ္စမရှိပါဘူးလေ .... ကျုပ်တို့ရဲ့ နယ်မြေဒေသထဲမှာသာ ရောက်နေရိုးမှန်ရင်တော့ ကျုပ်တို့တွေ စုံစမ်းပေးပါ့မယ် .... သိပ်မကြာခင် သူတို့ရဲ့သတင်းကို ရမှာပါ .... "

"ဒေါက် .... ဒေါက် .... ဒေါက် .... "

ထိုစဉ် တံခါးခေါက်သံ ပေါ်လာသည်။

တိန့်ထောက် မျက်မှောင်ကြုတ်သွားပြီး ပိတ်ထားသောတံခါးဆီသို့ လှည့်ကြည့်သည်။

ရဲ့ကျိုထိန်က ပြုံးပြုံးရွှင်ရွှင်ပင် ထိုင်ရာမှထသွားပြီး တံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

တံခါးဝတွင် စားပွဲထိုးတစ်ဦးက လင်ဗန်းကြီးတစ်ချပ်ကိုကိုင်၍ ရပ်နေသည်။ လင်ဗန်းထဲတွင် အရက်တစ်အိုးနှင့် အငွေ့တထောင်းထောင်း ထနေသော ဟင်းခွက်များ ရှိနေသည်။

အကောင်းဆုံး ချက်ပြုတ်ထားသော ဟင်းလျာများ ဖြစ်သောကြောင့် ဟင်းနံ့များက တိန့်ထောက်နှာခေါင်းထဲသို့ တိုးဝင်လာသည်။

ဟင်းအနံ့များကြောင့် တိန့်ထောက်ပင် ချက်ချင်း ဗိုက်ဆာလာသည်။

ရဲ့ကျိုထိန်က ခပ်ပြုံးပြုံးဖြင့် ပြန်ဝင်လာပြီး တိန့်ထောက်နှင့် မျက်နှာချင်းဆိုင် စားပွဲဘေးမှခုံတွင် ပြန်ထိုင်သည်။



စားပွဲထိုးက စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများကိုချ၍ ပြန်ထွက်သွားသည်။

ထိုအခါမှ ရဲ့ကျိုထိန်လည်း တိန့်ထောက်ကို ပြုံးရွှင်စွာ ပြောသည်။

"ကျုပ်တို့ရဲ့ဒေသကို ရောက်လာတဲ့ ညီလေးတိန့်ကို ဧည့်ခံချင်လို့ ကြိုပြီးမှာထားခဲ့တာပဲ .... စားရင်းသောက်ရင်း စကားပြောကြတာပေါ့ .... "

ရဲ့ကျိုထိန်ကိုယ်တိုင် တိန့်ထောက်ကို အရက်ငှဲ၍ ထည့်ပေးသည်။

နှစ်ဦးစလုံး စကားမဆိုကြသေးဘဲ အရက်သုံးခွက်စီခန့် သောက်ကာ ဟင်းလျာများကိုလည်း စားကြသည်။

ထို့နောက် ရဲ့ကျိုထိန်၏ အမူအရာမှာ ငိုင်တွေတွေကြီး ဖြစ်သွားသည်ကို တိန့်ထောက် တွေ့ရသည်။ စောစောက ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသော ရဲ့ကျိုထိန် ယခုကဲ့သို့ အမူအရာ ပြောင်းသွားသည်ကို တွေ့ရသောအခါ တိန့်ထောက်လည်း မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

ရဲ့ကျိုထိန်သည် အရက်ခွက်ကို မော့မသောက်သေးဘဲ ကိုင်ထားရာမှ သက်ပြင်းရှည်ကြီး တစ်ချက်ကိုလည်း ချလိုက်လေသည်။

တိန့်ထောက် မနေနိုင်တော့ဘဲ မေးမြန်းမိသည်။

"အစ်ကိုရဲ့ ဘာဖြစ်လို့လဲ .... အစ်ကိုရဲ့မှာ စိတ်ညစ်စရာ တစ်ခုခု ရှိနေလို့လား .... "

ရဲ့ကျိုထိန်က မချိပြုံး ပြုံးလိုက်ပြီး ....

"အင်း .... စိတ်ညစ်စရာ စိတ်ရှုပ်စရာ ကိစ္စတစ်ခု ချီယွင်ဂေဟာမှာ ဖြစ်နေတယ် ညီလေးရဲ့ .... ဒါကို ကျုပ် တွေးမိလို့ပါ"

"ကျွန်တော့်ကို ပြောပြပါလား .... ကျွန်တော် ကူညီနိုင်တဲ့ ကိစ္စမျိုးဆိုရင်လည်း ကူညီရအောင်ပါ .... "

ရဲ့ကျိုထိန်က စိတ်ပျက်လက်ပျက် ခေါင်းကိုခါယမ်း၍

"အင်း .... ဒီကိစ္စက ညီလေးလည်း ကူညီနိုင်မယ့်ကိစ္စမျိုး မဟုတ်ပါဘူး .... ကျုပ်တို့ရဲ့ နယ်မြေမှာဖြစ်တဲ့ ဒီကိစ္စကို ကျုပ်တို့တွေ ဆောင်မှ မတတ်နိုင်ကြတာဘဲ .... "

"ဒါပေမယ့် ကျွန်တော်သိသင့်တဲ့ ကိစ္စဆိုရင်တော့ ပြောပြပါ အစ်ကိုရဲ့ .... "

"ညီလေးကိုတော့ ဒီကိစ္စ ဖုံးကွယ်ထားစရာ မလိုပါဘူးလေ ကျုပ် ပြောပြပါ့မယ် .... "

ရဲ့ကျိုထိန်သည် ယခုမှ သူ့လက်ထဲတွင် ကိုင်ထားသော အရက်ခွက်ကို မော့သောက်လိုက်သည်။ ဟင်းဖတ်တစ်ဖတ်ကိုလည်း တူနှင့်ညှပ်၍ စားလိုက်သည်။ ပြီးမှ သူသည် အေးဆေးဖြည်းလေးစွာ စကားဆိုသည်။

"အခု ဖြစ်ရပ်ကြောင့် .... ကျုပ်တို့ ချီယွင်ဂေဟာအဖွဲ့သားအားလုံး စိတ်မချမ်းမသာ ဖြစ်နေကြရတယ် .... ခံပြင်းဒေါသလည်း ဖြစ်နေမိကြတယ် .... ညီလေးတိန့်ထောက် မှတ်မိသေးတယ် မဟုတ်လား .... ညီလေးတိန့် ပထမအခေါက် ချီယွင်ဂေဟာကို လာလည်



တုန်းကလေ .... "

"ဘာကိုလဲ အစ်ကိုရဲ့ .... "

"ညီလေးတိန့်နဲ့ သခင်ကြီးရဲ့သမီး သခင်မလေး ချူကြည်လန်းနဲ့ ပေးစားဖို့ ပြောခဲ့ကြတာလေ .... "

တိန့်ထောက် မျက်မှောင်ကြုတ်သွားပြီး ....

"အင်း .... မှတ်မိပါတယ်၊ ဘာဖြစ်လို့လဲ .... "

"ချီယွင်ဂေဟာကို ညီလေးတိန့် ရောက်တုန်းက သခင်မလေးဟာ ချီယွင်ဂေဟာမှာ မရှိဘူးလေ .... ညီလေးတိန့်ထောက် မတွေ့ခဲ့ရဘူး မဟုတ်လား .... ဒီတုန်းက သူဟာ မြောက်ပိုင်းဒေသကို ခရီးထွက်သွားပြီး တိမ်နဂါးကျောက်ယွင်စိမ်းရဲ့ သတင်းကို သွားပြီး စုံစမ်းနေခဲ့တာပဲ .... သခင်မလေးနောက်ကလည်း ချီယွင်ဂေဟာအဖွဲ့သားတွေ အတော်များများကလည်း ရပ်ဖျက်ပြီး လိုက်သွားကြပါတယ်၊ အဲ .... မကြာခင်ကတော့ သခင်မလေးနောက်ကို ရုပ်ဖျက်ပြီး လိုက်သွားကြတဲ့ လူတစ်စုထဲက တစ်ယောက်ဟာ ချီယွင်ဂေဟာကို ပြန်လာတယ်လေ .... သူတို့အဖွဲ့နဲ့ သခင်မလေးဟာ အဆက်အသွယ်ပြတ်သွားတယ်လို့ပြောတယ် .... သခင်မလေးရဲ့သတင်းကို ဘယ်လိုမှ စုံစမ်းလို့ မရကြတော့ဘူး .... ရှင်းရှင်းပြောရရင် သခင်မလေးဟာ ပျောက်ခြင်းမလှ ပျောက်နေတယ် .... တစ်ဦးဦးရဲ့ ဖမ်းဆီးခြင်း ခံနေရပြီလို့ ကျုပ်တို့အားလုံးက ယူဆကြတယ် .... "

မျက်မှောင်ကြုတ်၍ နားထောင်နေသော တိန့်ထောက်က ထင်မြင်ချက် ဝင်ပေးသည်။

"ဒါဆိုရင်တော့ .... အစ်ကိုရဲ့တို့ သခင်မလေးဟာ အဖမ်းဆီးခံရတာ ဖြစ်ချင်ဖြစ်မှာပါ .... တစ်နေရာရာကို ခရီးလွန်ပြီး သူ့သတင်းကို စုံစမ်းလို့မရတာလည်း ဖြစ်နိုင်တာပဲ .... "

ရဲ့ကျိုထိန်က ခေါင်းကို ခါယမ်းသည်။

"ခရီးလွန်နေတာတော့ မဖြစ်နိုင်ဘူး ညီလေးတိန့် .... ခရီးလွန်နေတယ်ဆိုရင်လည်း ကျုပ်တို့တွေ သိကိုသိရမယ် .... မျှော်မှန်းထားတဲ့ ခရီးထက် ဝေးဝေးသွားမယ်ဆိုရင် ဘယ်လိုအချိတ်အဆက်လုပ်ရမယ်ဆိုတာလည်း ကျုပ်တို့တွေ အကွက်ရိုက်ထားပါတယ် .... သခင်မလေး အန္တရာယ်တွေ့တာ သေချာပါတယ် .... သခင်မလေးရဲ့ဆရာ မြက်ရိုင်းသိုင်းသမားကြီးနဲ့ အမေကွမ်တို့တောင်မှ သခင်မလေးရဲ့သတင်းကို စုံစမ်းဖို့မပြောခင် မြောက်ပိုင်းဒေသကို ခရီးထွက်ဖို့ စီစဉ်နေကြပြီ .... "

"အင်း .... ဒီလိုဆိုတော့လည်း အစ်ကိုရဲ့တို့ စိုးရိမ်သလို ဖြစ်ချင်ဖြစ်နေမှာပဲ .... ကျွန်တော်လည်း သွားရင်းလာရင်း စုံစမ်းကြည့်ပါဦးမယ် .... သတင်းမှန်ကိုရအောင်လည်း အစွမ်းကုန် ကြိုးစားပါ့မယ်"

ရဲ့ကျိုထိန်က သူ့ခွက်နှင့် တိန့်ထောက်ခွက်ထဲသို့ အရက်အနည်းငယ်စီ ငှဲ့ထည့်လိုက်သည်။ သူက အရက်ကို တစ်ငုံမော့သောက်လိုက်ပြီးမှ တိန့်ထောက်ကို မေးမြန်းသည်။

"ညီလေးမှာ ဆောင်ရွက်ရမယ့်ကိစ္စ ရှိနေတယ်ဆို .... ဘယ်လိုကိစ္စမျိုးလဲဆိုတာ ကျုပ် သိပါရစေ .... "

တိန့်ထောက်က သူ့ခွက်ကို ကောက်ကိုင်၍ အရက်ကို မော့



သောက်လိုက်ပြီးမှ စဉ်းစဉ်းစားစား ပြန်ပြောသည်။

"အင်း .... ကျွန်တော့်ရဲ့ကိစ္စက အစ်ကိုရဲ့သခင်ကြီးနဲ့ အဓိကပတ်သက်နေပါတယ် .... "

"ဟင် ဟုတ်လား .... ဆိုစမ်းပါဦး .... "

ရဲ့ကျိုထိန်က အံ့အားသင့်သွားသည်။

တိန့်ထောက်က သက်ပြင်းတစ်ချက် ချလိုက်၍ ....

"ကျွန်တော့်ရဲ့ကိစ္စက အင်မတန်အရေးကြီးပြီး လျှို့ဝှက်ချက်လည်း ရှိပါတယ် .... တခြားလူတွေ ကြားလို့မဖြစ်ပါဘူး .... ဒီပတ်ဝန်းကျင်မှာ ဒီစကားမျိုးပြောဖို့လည်း မလုံခြုံပါဘူး .... ချောင်းနားထောင်နေတဲ့လူဆိုရင် ခက်ကုန်ပါလိမ့်မယ် .... ဒါကြောင့် ချိုယွင်ဂေဟာကို ရောက်တော့မှပဲ အစ်ကိုရဲ့ကို ကျွန်တော် ပြောပါရစေ .... "

"ညီလေးတိန့်က ချိုယွင်ဂေဟာကို လိုက်မှာလား .... "

"ဟုတ်ကဲ့ .... အစ်ကိုရဲ့နဲ့ အတူတူပဲ လိုက်ခဲ့ပါ့မယ် .... "

"ဒါဆိုရင် မနက်စောစောထပြီး သွားကြတာပေါ့ .... ကျုပ်လည်း တည်းခိုခန်းက အိပ်ခန်းတစ်ခန်းမှာပဲ အိပ်မယ် .... မနက်စောစော ညီလေးကို လာနှိုးမယ် .... "

ထို့နောက် သူတို့နှစ်ယောက်သည် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို မပြောကြတော့ဘဲ သိုင်းလောက၏ အကြောင်းများကို စပ်မိစပ်ရာပြောရင်း စားသောက်နေလိုက်ကြသည်။

သန်းခေါင်ကျော်မှ စားသောက်ဝိုင်းကို သိမ်းလိုက်ကြကာ လူချင်းခွဲလိုက်ကြသည်။

ရဲ့ကျိုထိန်လည်း တိုန့်ထောက်ကို နှုတ်ဆက်၍ ထွက်သွားသည်။

ထိုညက တိန့်ထောက်သည် အရက်များများသောက်လိုက်မိသဖြင့် အိပ်ရာပေါ် ခေါင်းချမိလိုက်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့ မနက်စောစောတွင် ရဲ့ကျိုထိန် လာနှိုးမှ တိန့်ထောက် အိပ်ရာမှ ကမန်းကတန်းထသည်။

ကိုယ်လက်သုတ်သင်ပြီး နှစ်ဦးသား မနက်စာ စားကြသည်။

ထို့နောက် ဆိုင်ပြင်သို့ ထွက်ခဲ့ကြသည်။ ဆိုင်အပြင်ဘက်တွင် ရဲ့ကျိုထိန်၏ စီစဉ်ထားမှုကြောင့် သူတို့အကွက် မြင်းနှစ်စီး အဆင်သင့်ရှိနေသည်။

နှစ်ဦးသား မြင်းကိုယ်စီဖြင့် ချီယွင်ဂေဟာဆီသို့ အပြင်းနှင်လာခဲ့ကြလေတော့၏။

# အခန်း (၄)
# ချီယွင်ဂေဟာ သခင်ကြီး

ချီယွင်ဂေဟာသို့ ရောက်လာသောအခါ တိန့်ထောက်စိတ်ထဲတွင် ခပ်လေးလေး ဖြစ်နေသည်။

ပထမတစ်ခေါက် ရောက်စဉ်ကကဲ့သို့ ရွှင်ရွှင်ပျပျ သွက်သွက်လက်လက် မရှိလှချေ။

ရဲ့ကျိုထိန်က တိန့်ထောက်ကို ခင်မင်ရင်းနှီးစွာ ပခုံးကိုဖက်၍ အိမ်ဂေဟာအတွင်းသို့ ခေါ်ဆောင်လာခဲ့သည်။

တိန့်ထောက်ကို အရင်တစ်ခေါက်က တည်းခိုသွားသော အခန်းမှာပင် နေရာချထားပေးသည်။

သူတို့နှစ်ယောက် ချီယွင်ဂေဟာသို့ ရောက်လာကြချိန်မှာ မွန်းတည့်ချိန်ဖြစ်၏။

နေ့လယ်စာစားပြီး တိန့်ထောက်သည် သူ့အခန်းထဲမှာပင် နားနေလိုက်သည်။

သူသည် ချီယွင်ဂေဟာသခင်ကြီး ချူပွားပဲနှင့် တွေ့ဆုံ

လျှင် မတင်မကျဖြစ်နေသော သူ့ကိစ္စကို ပြတ်ပြတ်သားသားမေး၍ ဖြေရှင်းမည်ဟူ၍လည်း ယတိပြတ် ဆုံးဖြတ်ထားလေသည်။

သူ့စိတ်ထဲတွင်မူ သူတို့မိသားစုကို တိမ်နဂါးကျောက်ယွင်စိမ်းတို့လူစုအား စေလွှတ်၍ သုတ်သင်တိုက်ခိုက်နိုင်းသူမှာ ချိုယွင်ဂေဟာသခင်ကြီး ချူပွားဟီပင် ဖြစ်လိမ့်မည်ဟု ထင်နေသည်။

တိမ်နဂါးကျောက်ယွင်စိမ်းတို့ လူစုအား လုပ်ကြံသတ်ဖြတ်ပြီး နှုတ်ပိတ်နေသူမှာလည်း ချူပွားဟီပင် ဖြစ်လိမ့်မည်ဟု ယူဆထားသည်။

ထို့ကြောင့် သူသည် ထိုကိစ္စကို တည်းခိုခန်းတွင် ရဲ့ကျိုထိန်အား ဖွင့်မပြောသေးဘဲ နှုတ်ပိတ်နေလိုက်ခြင်း ဖြစ်၏။ အကယ်၍ ရဲ့ကျိုထိန်ထံမှတစ်ဆင့် ချူပွားဟီ၏နားကို ရောက်သွားပါက မိမိနှင့် ချူပွားဟီ မတွေ့ဆုံမီ ကာလအတွင်းမှာပင် မိမိလည်း လုပ်ကြံခံရလိမ့်မည်ဟု တိန့်ထောက် တွေးမိထား၏။

ထိုတစ်ညနေလုံး ရဲ့ကျိုထိန် ပျောက်ချက်သား ကောင်းနေပြီး မိုးချုပ်အချိန်လောက်မှ တိန့်ထောက်ထံသို့ ရောက်လာလေသည်။

ရဲ့ကျိုထိန်က အမူအရာမပျက်ဘဲ တိန့်ထောက်ကို ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်သည်။

"ညီလေးတိန့် .... တစ်ယောက်တည်း အခန်းအောင်းနေတာ မပျင်းဘူးလား .... "

"ပျင်းတယ်လို့တော့ မဟုတ်ပါဘူး .... ဟိုတွေးဒီတွေး တွေးရင်း အချိန်ကုန်သွားတာပါပဲ .... "

"ကျုပ်လည်း အပြင်ကို ခဏထွက်နေလို့ ညီလေးတိန့်ဆီ ခုမှ



ပဲ ရောက်လာတော့တယ် .... အခု သခင်ကြီးက ညီလေးတိန့်ကို ခေါ်နိုင်းလိုက်တယ် .... "

"ဟင် .... ဘာလုပ်မလို့လဲ အစ်ကိုရဲ့ .... "

"သခင်ကြီးက ညီလေးတိန့်ကို ညစာစားပွဲနဲ့ ဧည့်ခံမလို့ပါ။ ... ကျုပ်နဲ့ အခုပဲ လိုက်ခဲ့ပါ .... "

"ကောင်းပြီလေ .... "

တိန့်ထောက်က ဖြုတ်ထားသော သူ့ဓားကို ခါးတွင်ပြန်ချိတ်လိုက်သည်။

ရဲ့ကျိုထိန်က ပြုံး၍ ....

"ညစာစားပွဲ သွားမှာပဲ .... ညီလေးတိန့်က ဘာဖြစ်လို့ ဓားတွေဘာတွေ ဆောင်လာရတာလဲ .... "

တိန့်ထောက်က လေသံအေးအေးနှင့် ပြန်ပြောလိုက်လေသည်။

"ဘယ်ကိုပဲသွားသွား .... ကျွန်တော့်ရဲ့ဓားကို ကိုယ်နဲ့မကွာထားတတ်တာ ကျွန်တော့်အကျင့်ပါပဲ .... ပေါ့ဒီခရီးဆောင်အိတ်ထဲမှာလည်း အရေးကြီးတဲ့ ပစ္စည်းတွေကို ထည့်ထားလို့ ကျွန်တော့် ကိုယ်နဲ့မကွာ အမြဲဆောင်ယူထားတတ်ပါတယ် .... "

တကယ်တော့ တိန့်ထောက်သည် တအုံနွေးနွေး ဖြစ်နေသော သူ့ကိစ္စကို အပြတ်ရှင်းရန်အတွက် ဓားကို တမင်သက်သက်ပင် ယူခဲ့ခြင်းဖြစ်၏။ ခရီးဆောင်အိတ်ထဲတွင်လည်း ရုပ်ဖျက်သောကိရိယာပစ္စည်းများ၊ မဟာရာသိုင်းသမားကြီး၏ ဝတ်စုံများ ရှိနေသဖြင့် ယူဆောင်ရခြင်းဖြစ်၏။

ရဲ့ကျိုထိန်လည်း ဘာမှထပ်မပြောတော့ဘဲ ရယ်မောကာ တိန့်ထောက်ကို ရှေ့မှဦးဆောင်၍ ခေါ်လာခဲ့သည်။

ခဏနှင့် ချီယွင်ဂေဟာ၏ ဧည့်ခန်းဆောင်ကြီးထဲသို့ ရောက်လာခဲ့ကြ၏။

ဧည့်ခန်းဆောင်ကြီး၏ အလယ်တွင် ညစာစားရန် စားသောက်ဖွယ်ရာများကို ဘဲဥပုံသဏ္ဍာန် ကျောက်စားပွဲကြီးပေါ်၌ အသင့်ပြင်ဆင်ထားပြီး ဖြစ်နေလေသည်။

စားပွဲပတ်လည်တွင်လည်း ချီယွင်ဂေဟာသခင်ကြီး နတ်နဂါးချူဟွားဟီ၊ စီမံရေးမှူး ရွှေလူဝံ၊ သိုင်းသမားကြီး အင်းရှောင်ဝေ၊ ဖန်းကျားစို့တို့လည်း ရောက်ရှိနေကြသည်။

တိန့်ထောက် ဝင်လာသည်ကို မြင်ရသောအခါ သခင်ကြီးချူဟွားဟီက ဝမ်းသာအယ်လဲ ထ၍ကြိုဆိုသည်။

"လာပါ ရောင်ခြည်သိုင်းသမား .... လာပါ .... နေ့လယ်က မောင်ရင်ရောက်လာတော့ ကျုပ်လည်း အပြင်ထွက်နေတာ .... ညနေက ကျုပ်ပြန်ရောက်လာမှ မောင်ရင် ရောက်နေတယ်ဆိုတာ သိရလို့ ချက်ချင်းပဲ မောင်ရင့်ကို ဧည့်ခံဖို့ ညစာစားပွဲကို စီစဉ်ခိုင်းလိုက်ရတာပဲ ထိုင်ပါ .... ထိုင်ပါ .... "

တိန့်ထောက်လည်း အတတ်နိုင်ဆုံး ဖော်ရွေစွာဖြင့် ချူဟွားဟီကို ပြန်လည်၍ နှုတ်ဆက်သည်။

ကျန်လူများနှင့်လည်း တိန့်ထောက်သည် အပြန်ပြန်အလှန်လှန် နှုတ်ဆက်ကြသည်။

ထို့နောက် အားလုံးပင် နေသားတကျ ထိုင်ကြပြီးနောက်



ရွှေရာလေးပါး စကားများကို ပြောကြရင်း ညစာကို စတင်စားသောက်ကြသည်။

တိန့်ထောက်လည်း သူ့ကိစ္စ ဖွင့်ဟပြောရန် စကားအသွားအလာကို ချောင်းနေသော်လည်း သူ့ကိစ္စနှင့် ဆက်ဟပ်နိုင်မည့် စကားပိုင်းမျိုးကို ရောက်မလာချေ။

ထို့ကြောင့် တိန့်ထောက်သည် ကြားဖောက်၍ ချီယွင်ဂေဟာသခင်ကြီး ချူဟွားဟီကို ခွင့်ပန်လိုက်ရတော့၏။

"သခင်ကြီးကို .... ကျွန်တော် တစ်ခုလောက် မေးမြန်းပါရစေ ခင်ဗျာ .... "

ချူဟွားဟီကလည်း တိန့်ထောက်ကို ခပ်ပြုံးပြုံး ကြည့်လိုက်ပြီး ....

"ဘာများမေးချင်လို့လဲ မောင်ရင် .... မေးစရာရှိတာ ပွင့်ပွင့်လင်းလင်းသာ မေးပါ .... ကျုပ်သိတာဆိုရင် ပြောပါ့မယ် .... "

တိန့်ထောက်အမူအရာက တည်ငြိမ်လေးနက်သွားသည်။ သူ့နှုတ်ခမ်းမှာ အနည်းငယ်မျှပင် မပြုံးတော့ချေ။

သူသည် ချီယွင်ဂေဟာ သခင်ကြီး ချူဟွားဟီကို သေချာစွာ အကဲခတ်ကြည့်ပြီး မေးလိုက်၏။

"မိုးကောင်းကင်ဓားသမားကြီး တိန့်ရောင်ရှမ်းကို သခင်ကြီး သိပါသလား .... "

မျှော်လင့်မထားသော အမေးစကားကြောင့် .... သခင်ကြီး ချူဟွားဟီ မျက်နှာကွက်ခနဲ ပျက်သွားသည်။

သို့သော် သူသည် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်ပြီး ....

"သိပါတယ် မောင်ရင် .... ကျုပ်ဟာ တိန့်ရောင်ရှမ်းကို အင်မတန် ခင်မင်လေးစားခဲ့တဲ့သူပါ .... ဒါပေမယ့် တိန့်ရောင်ရှမ်းဟာ သိုင်းလောကက ကွယ်ပျောက်ခဲ့တာ ဆယ့်ခြောက်နှစ်ကျော်ကျော် ရှိသွားခဲ့ပါပြီ .... တိန့်ရောင်ရှမ်း မကွယ်ပျောက်ခင်တုန်းက ကျုပ်ဟာ သူ့ကို ကျုပ်ရဲ့အိမ်ဂေဟာ လာရောက်လည်ပတ်ဖို့ အကြိမ်ကြိမ် အခါခါ ဖိတ်ခေါ်ခဲ့ပါတယ် .... ဒါပေမယ့် တာဝန်တွေ များမြောင်လှတဲ့သူဟာ ကျုပ်ရဲ့အိမ်ဂေဟာကို တစ်ခါတစ်ခေါက်မျှ အလည်ရောက်မလာနိုင်ခဲ့ပါဘူး .... နေပါဦး .... မောင်ရင်က တိန့်ရောင်ရှမ်းရဲ့ အကြောင်းကို ဘာဖြစ်လို့မေးရတာလဲ .... မောင်ရင့်မှာ သူနဲ့ ပတ်သက်စရာ အကြောင်းရှိနေလို့လား .... "

တိန့်ထောက်က သူနှင့် သခင်ကြီး ချူဟွားဟီတို့ ပြောဆိုနေကြသည်ကို စိတ်ဝင်တစား နားထောင်နေကြသော ရဲ့ကျိုတိန့်တို့ လူစုကို တစ်ချက်ကြည့်လိုက်ပြီးမှ ချူဟွားဟီကို ပြန်မေးလိုက်သည်။

"မိုးကောင်းကင်ဓားသမားကြီး တိန့်ရောင်ရှမ်း ကွယ်ပျောက်သွားပြီလို့ သခင်ကြီး ဘာဖြစ်လို့ ပြောနိုင်ရတာလဲ .... "

"သူတို့မိသားစု တစ်နေရာတစ်ဒေသကို ပြောင်းရွှေ့သွားကြပြီး ဇာတ်မြှုပ်နေထိုင်ကြတယ်လို့ ကျုပ် ယူဆမိလို့ပါ .... ဘာဖြစ်လို့လဲဆိုတော့ သိုင်းလောကမှာ တိန့်ရောင်ရှမ်းရဲ့သတင်းကို မကြားခဲ့ရတာ ဆယ့်ခြောက်နှစ်ကျော်ကျော် ရှိသွားခဲ့ပြီပဲ .... "

တိန့်ထောက်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ....

"သခင်ကြီး သတင်းမကြားသေးဘူးဆိုရင်တော့ ကျွန်တော် ပြောပြမယ် .... လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်ကျော်ကျော်လောက်က



ညတစ်ညမှာ တိန့်ရောင်ရှမ်းတို့မိသားစု နေထိုင်တဲ့ တိန့်ဂေဟာကို အဆင့်မြင့်သိုင်းသမားရှစ်ယောက် ရောက်လာခဲ့ကြတယ် .... အဲဒီသိုင်းသမားရှစ်ယောက်မှာ ဦးစီးဦးဆောင်ကတော့ တိမ်နဂါးကျောက်ယွင်စိမ်းပဲ .... "

တိန့်ထောက်သည် သူတို့မိသားစုနှင့် ဆက်နွယ်နေသော ဖြစ်ရပ်ကို ချူဟွားဟီအား ပွင့်ပွင့်လင်းလင်း မေးမြန်းရန်အတွက် ယခုကဲ့သို့ နိဒါန်းပျိုးနေခြင်း ဖြစ်၏။

ချီယွင်ဂေဟာသခင်ကြီး ချူဟွားဟီသည် တိန့်ထောက်၏ ပြောသမျှစကားများကို နားထောင်ရင်း မျက်လုံးအပြူးသား ဖြစ်နေပေသည်။ သူ့အမူအရာက လွန်စွာအံ့ဩနေပုံမျိုး ဖြစ်သည်။

တိန့်ထောက်က ချူဟွားဟီကို အကဲခတ်ကြည့်ရင်း ဆက်ပြော၏။

"တိမ်နဂါးကျောက်ယွင်စိမ်းဟာ .... တိန့်ရောင်ရှမ်းကို သူတို့နဲ့ ပူးပေါင်းဖို့ ဦးဆုံးစည်းရုံးခဲ့သေးတယ် .... တိန့်ရောင်ရှမ်းက လက်မခံတော့ တိမ်နဂါးကျောက်ယွင်စိမ်းတို့တစ်တွေက ဝိုင်းပြီးတိုက်ခိုက်ကြတယ် .... တိန့်ရောင်ရှမ်းအပါအဝင် တိန့်ရောင်ဂေဟာအမှုထမ်းလူနှစ်ဆယ်ကျော်တို့ဟာ တိမ်နဂါးကျောက်ယွင်စိမ်းတို့လူစုလက်ချက်နဲ့ သေဆုံးခဲ့ကြရတယ် .... ပြီးတော့ တိန့်ဂေဟာကိုလည်း သူတို့လူစုက ပြာပုံဘဝရောက်အောင် မီးရှို့ခဲ့ကြတယ် .... "

"ဟင် .... ဟုတ်လား .... "

သခင်ကြီး ချူဟွားဟီထံမှ အံ့ဩတကြီး အာမေဋိတ်သံ ပေါ်လာသည်။

တိန့်ထောက်၏ အသံမှာလည်း ပြောရင်းပြောရင်း ခက်ထန်တင်းမာလာသည်။ နာကြည်းခံပြင်းသောလေသံမျိုး ဖြစ်လာသည်။

ရဲ့ကျိုထန်တို့လူစုမှာလည်း .... မျက်လုံးအပြူးသား ပါးစပ်အဟောင်းသား ဖြစ်နေကြသည်။

တိန့်ထောက်က ဆက်မပြောသေးဘဲ ချူဟွားဟီတို့လူစုကို အကဲခတ်ကြည့်နေကြသည်။

ချူဟွားဟီက တုန်လှုပ်သောအသံနှင့် ပြောလိုက်သည်။

"ဆက်ပြောပါဦး မောင်ရင် .... "

တိန့်ထောက်ကလည်း တုန်ယင်လှိုက်လှဲသော အသံဖြင့် ဆက်ပြောပြန်သည်။

"တကယ်တော့ .... တိမ်နဂါးကျောက်ယွင်စိမ်းတို့အဖွဲ့ဟာ ရှစ်ယောက်မဟုတ်ဘူး .... ခုနစ်ယောက်တည်းပဲ .... တစ်ယောက်က သူတို့နောက်ကို နောက်ယောင်ခံလိုက်လာခဲ့တဲ့လူပဲ .... ကျွန်တော် သိရသလောက် ပြောရမယ်ဆိုရင် .... တိမ်နဂါးကျောက်ယွင်စိမ်းတို့တစ်တွေကို တစ်ဦးဦးက စေခိုင်းလိုက်လို့ အခုလို တိန့်ရောင်ရှမ်းတို့မိသားစုကို လာပြီး တိုက်ခိုက်သတ်ဖြတ်ကြတာပဲ .... "

"ဟင် .... ဟုတ်ရဲ့လား .... ကျောက်ယွင်စိမ်းတို့တစ်တွေကို ဘယ်သူက စေခိုင်းလိုက်တာလဲ .... "

သခင်ကြီး ချူဟွားဟီက ကြားဖြတ်မေးမြန်းလိုက်သည်။

တိန့်ထောက်က မျက်နှာတစ်ချက် မဲ့လိုက်ပြီး ....

"ဘယ်သူစေခိုင်းလိုက်တယ်ဆိုတာတော့ သခင်ကြီး သိလိမ့်မယ်လို့ ထင်ပါတယ် .... ကျွန်တော် သိထားတာကတော့ ဒီလူဟာ ရက်စက်တယ် .... ကြမ်းကြုတ်တယ် .... ယုတ်မာတယ် .... ဘာဖြစ်လို့လဲဆိုတော့ ဒီလူဟာ သူစေခိုင်းလိုက်တဲ့ တိမ်နဂါးကျောက်ယွင်စိမ်းတို့လူစုကို တစ်ယောက်ပြီးတစ်ယောက် လိုက်ပြီး နှုတ်ပိတ်နေလို့ပဲ၊ ဒါမှ သူ့ကို ခြေရာမခံမိတော့ဘူးပေ့ါ .... "



"နေပါဦး မောင်ရင် .... စောစောက မောင်ရင် ပြောသွားတဲ့ စကားထဲမှာ ကျောက်ယွင်စိမ်းတို့လူစုကို ဘယ်သူစေခိုင်းလိုက်တယ်ဆိုတာ .... ကျုပ် သိတယ်လို့ မောင်ရင် ပြောလိုက်ပါတယ် .... ဘာဖြစ်လို့ ဒီလို မောင်ရင်ပြောရတာလဲ .... "

တိန့်ထောက်က သခင်ကြီး ချူဟွားဟီကို စူးစူးရဲရဲ ကြည့်ကာ အေးစက်စက်လေသံဖြင့် ပြန်ပြောလိုက်သည်။

"ဘာဖြစ်လို့ ကျွန်တော် ဒီလိုပြောရသလဲဆိုတော့ .... တိမ်နဂါးကျောက်ယွင်စိမ်းတို့လူစုကို စေခိုင်းလိုက်တဲ့သူဟာ ချီယွင်ဂေဟာ သခင်ကြီး ချူဟွားဟီ ဖြစ်တယ်လို့ သိနေရလို့ပါပဲ .... "

"ဘာ .... "

ချူဟွားဟီ ဒေါသတကြီးဖြင့် အော်လိုက်ပြီး ဝုန်းခနဲ ထရပ်လိုက်သည်။ ဒေါသကြောင့် သူ့မျက်နှာမှာ ရုတ်ခြည်းနီမြန်းသွားသည်။

"ဘာပြောတယ် .... ကျောက်ယွင်စိမ်းတို့ကို ကျုပ်က ခိုင်းတယ် ဟုတ်လား .... မောင်ရင် ဘာဖြစ်လို့ စော်စော်ကားကား စွပ်စွဲရတာလဲ .... "

ဒေါသဖြစ်လွန်းသဖြင့် ချူဟွားဟီ၏ အသားများ ဆတ်ဆတ်တုန်ယင်လျက် ရှိနေသည်။ သူ့ဘေးတွင် ထိုင်နေသော တိန့်ထောက်ကလည်း ဝုန်းခနဲခုန်ထကာ နောက်ကို ခုန်ဆုတ်လိုက်လေသည်။

ရဲ့ကျိုထိန်တို့လူစုမှာ တိန့်ထောက်နှင့် သူတို့၏ သခင်ကြီး ချူပွားဟီတို့ ရုတ်တရက် ပြောင်းလဲသွားသော အခြေအနေကြောင့် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ဖြစ်နေကြသည်။

တိန့်ထောက်က အံတင်းတင်းကြိတ်၍ တင်းမာပြတ်သားသောလေသံဖြင့် ချူပွားဟီကို ပြောလိုက်ပြန်သည်။

"ဟုတ်တယ် .... လူသတ်သမားခုနစ်ယောက်ကို စေနိုင်းလိုက်တဲ့ သူဟာ ခင်ဗျားပဲဆိုတာ တိန့်ဂေဟာက အသက်မသေသေးတဲ့ လူနှစ်ယောက်က ကျုပ်ကို ပြောပြခဲ့တယ် .... ဒီမယ် ချူပွားဟီ ဒီအတွက် ဒီည ခင်ဗျားကို ကျုပ် သတ်ရလိမ့်မယ် .... "

"မင်းက ဘယ်သူလဲ .... "

ချူပွားဟီက တိန့်ထောက်ကို လက်ညှိုးထိုး၍ မေးလိုက်ရာ တိန့်ထောက်ကလည်း လေသံပြတ်ဖြင့် ပြန်ပြောသည်။

"ကျုပ်ဟာ တိန့်ရောင်ရှမ်းရဲ့သားပဲ .... "

"ဟင် .... "

ချူပွားဟီ အံ့သြတကြီး ဖြစ်သွားစဉ် တိန့်ထောက်က သူ့ခါးမှဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်။ မီးရောင်အောက်တွင် တိန့်ထောက်ဓားက ဝင်းခနဲ လင်းလက်သွားသည်။

ရဲ့ကျိုထိန်တို့ လူစုလည်း ဝုန်းခနဲ ထရပ်လိုက်ကြကာ သူတို့သခင်ကြီး ချူပွားဟီ၏ ဘေးအန္တရာယ်ကို ကာကွယ်ရန်အတွက် သိုင်းကွက်နင်းလိုက်ကြသည်။

ဧည့်ခန်းဆောင်အပြင်ဘက်မှ ချီယွင်ဂေဟာ အမှုထမ်းများသည်လည်း လက်နက်ကိုယ်စီကိုင်ဆွဲကာ ပြေးဝင်လာကြလေသည်။



တိန့်ထောက်သည် မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ချူပွားဟီကိုသာ အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။

"ချူပွားဟီ .... ကျုပ်ကို လက်နက်ထုတ်ပြီး ခင်ဗျား ခုခံနိုင်တယ် .... ခင်ဗျားအသက်ကို ခင်ဗျား ကာကွယ်နိုင်တယ် .... "

အခန်း (၅)

## အဆိပ်ပယ်မျောက် လက်ကောက်မဟူရာ

ချူဟွားဟီသည် သူ့လူများကို လက်ဝှေ့ယမ်းပြ၍ အမိန့်ပေးလိုက်သည်။

“အားလုံး နောက်ဆုတ်ကြ .... ဒီကိစ္စမှာ ဘယ်သူမှ ဝင်မပါကြနဲ့ .... မင်းတို့နဲ့လည်း မဆိုင်ဘူး ....”

ဓားလှံလက်နက်များ ကိုင်ထားကြသော ချီယွင်ဂေဟာအမှုထမ်းများသည် ချူဟွားဟီ၏ အမိန့်စကားကြောင့် နောက်ဆုတ်သွားကြရလေတော့သည်။

ရဲ့ကျိုထိန်၊ ရွှေလူဝံသိုင်းသမားကြီး အင်းရှောင်ဝေးတို့နှင့် ဖန်းကျားစို့တို့သည်လည်း နောက်ကိုဆုတ်သွားကြသည်။

ချူဟွားဟီသည် တိန့်ထောက်ကို တောက်ပြောင်သော မျက်လုံးအစုံနှင့်ကြည့်၍ မေးမြန်းလိုက်သည်။

“မောင်ရင်အနေနဲ့ ကျုပ်ကို သက်သေအထောက်အထား မရှိဘဲနဲ့ ဘာဖြစ်လို့ စွပ်စွဲရတာလဲ ....”



တိန့်ထောက်က မဲ့ပြုံးပြုံးလိုက်ပြီး ....

“သက်သေအထောက်အထား ဟုတ်လား .... တိမ်နဂါးကျောက်ယွင်စိမ်းကိုယ်တိုင်က သူတို့ကို ချီယွင်ဂေဟာသခင်ကြီး ချူဟွားဟီက ခိုင်းစေတာပါလို့ .... အသက်မသေဘဲ ကျန်နေခဲ့တဲ့ ဟိန့်ဂေဟာက လူနှစ်ယောက်ကို ဖွင့်ပြောခဲ့တာပဲ .... ဒီထက်ခိုင်လုံတာ ရှိဦးမှာလား ....”

“ဖယ်ကြစမ်း .... ဖယ်ကြစမ်း ....”

ထိုစဉ် အော်ငေါက်သံနှင့်အတူ ဧည့်ခန်းဆောင်ထဲသို့ လူတစ်ယောက် ခပ်သွက်သွက် ဝင်လာသည်။ ကိုလူ၏အသံမှာ မိုးချုန်းသံတစ်မျှ ကျယ်လောင်လွန်းလှသည်။

အသံလာရာကို ဧည့်ခန်းဆောင်ထဲမှ လူများအားလုံး ကြည့်လိုက်ရာ သူတောင်းစားကြီးတစ်ဦးကဲ့သို့ အဝတ်အစားများကို ဟောင်းဟောင်းနွမ်းနွမ်း ဝတ်ဆင်ထားသော အဘိုးအိုကြီးတစ်ယောက် ဖြစ်နေသည်ကို တွေ့မြင်ကြရလေသည်။

ထိုအဘိုးအိုကြီးကား မြက်ရိုင်းသိုင်းသမားကြီးပင် ဖြစ်လေတော့သည်။

တိန့်ထောက်သည် မြက်ရိုင်းသိုင်းသမားကြီးကို တစ်ချက်ကြည့်ရုံသာကြည့်ပြီး ဘာမှမပြောဘဲ နေလိုက်သည်။

မြက်ရိုင်းသိုင်းသမားကြီးသည် တိန့်ထောက်ကို လှမ်းကြည့်ပြီး တုန်ယင်လှိုက်လှဲသော အသံဖြင့် ပြောလိုက်သည်။

“မင်း .... မင်းဟာ တိန့်ရောင်ရှမ်းရဲ့သား ဟုတ်လား”

တိန့်ထောက်က လေသံပြတ်ဖြင့်ပင် ပြန်ပြောသည်။

"ဟုတ်တယ် .... ကျွန်တော်ဟာ တိန့်ရောင်ရှမ်းရဲ့သားပဲ၊ အဲဒါ ဘာဖြစ်သလဲ .... "

"မင်း .... မင်း ပထမတစ်ခေါက် ဒီကို ရောက်ခဲ့တုန်းက ဒီအကြောင်းကို ဘာဖြစ်လို့ မပြောတာလဲ .... "

တိန့်ထောက်က မဲ့ပြုံးပြုံးလိုက်ပြီး ....

"ဟင်း .... ဟင်း အခုမှပြောလည်း နောက်မကျသေးပါဘူး"

မြက်ရိုင်းသိုင်းသမားကြီးသည် တိန့်ထောက်ကို ရီဝေသော မျက်လုံးအစုံနှင့် တွေဝေစွာ ကြည့်နေရာမှ သူ၏မျက်လုံးများထဲတွင် မျက်ရည်ကြည်များ ရစ်ဝဲ၍ လာကြသည်။ သူ၏ပါးစပ်မှလည်း တုန်ယင်စွာ ရေရွတ်ပြောဆိုလိုက်သည်။

"တော်ပါသေးရဲ့ .... တော်ပါသေးရဲ့ .... တိန့်ရောင်ရှမ်းမှာ သားစဉ်မြေးဆက်တွေ ကျန်နေခဲ့သေးတာကိုး .... "

ထိုစဉ်မှာပင် အမေကြွမ်သည်လည်း ဧည့်ခန်းဆောင်အတွင်းသို့ ခပ်သုတ်သုတ်ဝင်လာသည်ကို အားလုံး တွေ့မြင်ကြရသည်။

အမေကြွမ်သည် မြက်ရိုင်းသိုင်းသမားကြီးထက်ပင် သိုင်းပညာအဆင့်မြင့်သူ ဖြစ်လေသည်။

သူမသည် ဧည့်ခန်းဆောင်ထဲသို့ ရောက်ရောက်ချင်း မြက်ရိုင်းသိုင်းသမားကို အံ့သြတကြီး မေးမြန်းလိုက်သည်။

"ဘယ်လိုရှင် .... သူဟာ တိန့်ရောင်ရှမ်းရဲ့သား ဟုတ်လား"

မြက်ရိုင်းသိုင်းသမားကြီးက ခေါင်းကို ဆတ်ခနဲညိတ်၍



"အေး .... ဟုတ်တယ် .... သူဟာ တိန့်ရောင်ရှမ်းရဲ့သားပဲ"

ထို့နောက် မြက်ရိုင်းသိုင်းသမားကြီးသည် တိန့်ထောက်ဘက်သို့လှည့်၍ ညင်သာစွာ ပြောလိုက်သည်။

"တူမောင် တိန့် .... မင်းပြောစရာရှိတာကို အေးအေးဆေးဆေး ထိုင်ပြီးပြောပါကွယ် .... ဘာဖြစ်လို့ ဓားကိုင်ပြီး သခင်ကြီးကို ရန်ပြုဖို့ ကြံစည်နေရတာလဲ .... "

ချူဟွားဟီကလည်း လေသံအေးအေးဖြင့် ဝင်ပြောသည်။

"တူမောင် တိန့် .... တကယ်တော့ မင်းဟာ ကျုပ်ကို အထင်မှားနေတာပါ .... မင်းပြောမှ ကျုပ်လည်း ဒီအကြောင်းတွေကို သိရတာပါ .... တူမောင့်ဖေဖေ တိန့်ရောင်ရှမ်း သေပြီဆိုဟာကော၊ တိမ်နဂါး ကျောက်ယွင်စိမ်းတို့လူစုရဲ့ လက်ချက်နဲ့ တိန့်ဂေဟာ မီးလောင်ခံရတယ် ဆိုတာကိုရော .... ကျုပ် လုံးလုံးသိမထားပါဘူး"

တိန့်ထောက်က ခေါင်းကို ခါယမ်းလိုက်ပြီး ....

"ကျွန်တော် အထင်မှားတာ မဟုတ်ပါဘူးလေ .... တိမ်နဂါး ကျောက်ယွင်စိမ်းတို့ လူစုကိုယ်တိုင် သူတို့ကို စေခိုင်းလိုက်တဲ့သူဟာ ခင်ဗျားပါလို့ ဖွင့်ပြောခဲ့ကြတာပဲ .... ဒီတော့ သွေးကြွေးကို သွေးနဲ့ပဲ ခင်ဗျား ပြန်ဆပ်ရလိမ့်မယ် .... "

မြက်ရိုင်းသိုင်းသမားကြီးက လက်ကာ၍ ဝင်ပြောလေသည်။

"နေပါဦး တူမောင် .... နေပါဦး .... ကျုပ် ပြောပါရစေဦး"

တိန့်ထောက်က ဘာမှပြန်မပြောဘဲ မြက်ရိုင်းသိုင်းသမားကြီးကို ကြည့်လိုက်သည်။ မြက်ရိုင်းသိုင်းသမားကြီးက ဆက်ပြောသည်။

"တူမောင် တိန့်ထောက် .... ကျုပ်ပြောတာကို ခေါင်းအေးအေးထားပြီး နားထောင်စေချင်တယ် .... ပထမတစ်ခေါက် ချိုယွင်ဂေဟာကို မင်းလာခဲ့တုန်းက ကျုပ်ရဲ့အခန်းထဲကို မင်း ရောက်ခဲ့သေးတယ် မဟုတ်လား .... "

"ရောက်ခဲ့တယ်လေ .... အဲဒါ ဘာဖြစ်လဲ .... "

"ကျုပ်အခန်းထဲမှာ ခေါင်းသေတ္တာကြီးတစ်လုံး ရှိတာကို မင်းမြင်ခဲ့ရတယ် မဟုတ်လား .... "

"ဟုတ်ကဲ့ မြင်ခဲ့ရပါတယ် .... အဲဒီ ခေါင်းသေတ္တာကြီးနဲ့ အခုဖြစ်နေတဲ့ ပြဿနာနဲ့ ဘာဆိုင်လို့လဲ .... "

"နေပါဦးလေ .... ဆိုင်လို့ ကျုပ်က ပြောရတာပေါ့ .... ခေါင်းသေတ္တာကြီးထဲမှာ ရှိနေတဲ့အလောင်းဟာ ဘယ်သူ့ရဲ့အလောင်းလဲဆိုတာသိရင် .... မင်း သိပ်ပြီး အံ့သြသွားလိမ့်မယ် .... "

"ဘယ်သူ့ရဲ့အလောင်း ရှိနေလို့လဲ .... "

"ခေါင်းသေတ္တာကြီးထဲမှာ ရှိနေတဲ့ ရုပ်ကလာပ်ကတော့ မင်းဖေဖေ တိန့်ရောင်ရှမ်းရဲ့ ရုပ်ကလာပ်ပဲ .... "

"ဗျာ .... "

တိန့်ထောက် အလွန်အမင်း အံ့သြတုန်လှုပ်သွားသည်။ တုန်တုန်ယင်ယင်ဖြင့်လည်း မေးသည်။

"ဘယ်လို .... ခေါင်းသေတ္တာကြီးထဲက ရုပ်ကလာပ်ဟာ ကျွန်တော့်ဖေဖေရဲ့ ရုပ်ကလာပ် ဟုတ်လား .... "

မြက်ရိုင်းသိုင်းသမားကြီးက ခေါင်းကို ဆတ်ခနဲညိတ်၍



"ဟုတ်တယ် .... မင်းကို ငါက ဘာဖြစ်လို့ လိမ်ပြောရမှာလဲ .... မင်းဖေဖေရဲ့အလောင်းကို ငါ စောင့်ရှောက်လာခဲ့ရတာ ဆယ့်ခြောက်နှစ်ကျော်တောင် ရှိသွားပြီ .... ဒါပေမယ့် ဘယ်လိုသေဆုံးခဲ့ရတယ်ဆိုတာတော့ ဒီနေ့မှပဲ မင်းပြောပြလို့ ငါ သိရတော့တယ်"

ချူပွားဟီ အပါအဝင် ချိုယွင်ဂေဟာမှ အမှုထမ်းအားလုံးသည်လည်း မြက်ရိုင်းသိုင်းသမားကြီး၏ စကားကို နားထောင်ရင်း အံ့သြတကြီး ဖြစ်နေကြလေသည်။

တိန့်ထောက်၏ မျက်နှာပြင်မှာလည်း တင်းမာခက်ထန်မှုမရှိတော့ဘဲ ကြေကွဲဝမ်းနည်းမှုအသွင်ကို ဆောင်လာလေသည်။

သူသည် မြက်ရိုင်းသိုင်းသမားကြီးကို ဆို့နှင့်စွာ မေးလိုက်သည်။

"ဆရာကြီးပြောတာ တကယ်ပဲလား ခင်ဗျာ .... "

"ကျုပ် မလိမ်ပါဘူး တူမောင် .... မင်းဖေဖေ မသေဆုံးခင် နှစ်နှစ်လောက်တုန်းက မင်းဖေဖေနဲ့ ကျုပ် နောက်ဆုံးအကြိမ် တွေ့ခဲ့ကြရပါသေးတယ် .... အင်း .... အဲဒီတုန်းကတော့ မင်းကို မမွေးသေးဘူးပေါ့ .... ကျုပ်တို့ဇနီးမောင်နှံဟာ မင်းဖေဖေဆီကို သွားလည်ပြီး လန်းဝှမ်းဒေသကို ပြန်လာခဲ့ကြတယ် .... အဲ .... လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်ကျော်တုန်းကတော့ .... ကျုပ်တို့ဇနီးမောင်နှံဟာ မင်းတို့ရဲ့ တိန့်ဂေဟာကို လမ်းကြုံလို့ ဝင်ခဲ့ကြသေးတယ် .... ဒါပေမယ့် မင်းတို့ အိမ်ဂေဟာနေရာမှာ မီးလောင်ပြင်ကိုပဲ တွေ့ရတော့တယ် .... အင်မတန် ကြေကွဲဝမ်းနည်းစရာကောင်းတဲ့ မြင်ကွင်းပဲ .... ကျုပ်တို့

ရောက်သွားတော့ မီးခိုးငွေ့တွေတောင် ရှိနေကြသေးတယ် .... ဒါပေမယ့် အသက်ရှင်လျက်လူဆိုလို့ တစ်ယောက်မှ မတွေ့ရတော့ဘူး ... ပြာပုံထဲမှာ မီးကျွမ်းနေတဲ့ အလောင်းတွေကိုပဲ တွေ့ရတော့တယ် ... အလောင်းတွေထဲမှာ မီးကျွမ်းလို့ တစ်ကိုယ်လုံး မည်းနေတဲ့ မင်းဖေဖေ တိန့်ရောင်ရှမ်းရဲ့ အလောင်းကိုလည်း တို့တစ်တွေ တွေ့ခဲ့ကြရတယ်"

တိန့်ထောက် သဘောမပေါက်သဖြင့် ကြားဖြတ်မေးမြန်းသည်။

"အလောင်းတွေအားလုံး မီးကျွမ်းနေတယ်ဆိုရင် ကျွန်တော့် ဖေဖေရဲ့အလောင်းဆိုတာရော ဘယ်လိုလုပ် မှတ်မိနိုင်မှာလဲ .... "

မြက်ရိုင်းသိုင်းသမားကြီးက သူ၏ ဘယ်ဘက်လက်ကို မြှောက်ပြလိုက်သည်။

သူ၏ ဘယ်ဘက် လက်ကောက်ဝတ်တွင် အမည်းရောင် တောက်ပြောင်နေသော လက်ကောက်တစ်ကွင်းကို ညာဘက်လက်ညှိုးဖြင့် ထိုးပြသည်။

"ဟောဒီလက်ကောက်ကလေးကို သူ့အလောင်းမှာတွေ့လို့ မှတ်မိတာပေါ့ကွယ် .... သူ့ရဲ့အလောင်းဟာ မီးလောင်ကျွမ်းထားလို့ သူ့ရဲ့ရုပ်ကို မမှတ်မိပေမယ့် သူ့လက်မှာ ဒီလက်ကောက်ကလေး စွပ်ထားတာတွေ့လို့ တိန့်ရှောင်ရှမ်းပဲဆိုတာ သိရတာပဲပေါ့ .... "

တိန့်ထောက် စိတ်ဝင်တစားဖြင့်မေးသည်။

"အဲဒီလက်ကောက်ကလေးဟာ ဖေဖေ့ရဲ့ပစ္စည်းလား ဆရာကြီး .... "



"ဒီမဟူရာလက်ကောက်ဟာ .... ကျုပ်တို့ရဲ့ ဘိုးဘွားစဉ်ဆက်က ပိုင်ဆိုင်တဲ့ပစ္စည်းပါပဲ .... ဒီမဟူရာလက်ကောက်ကို ဝတ်ထားရင် အဆိပ်မသင့်ဘူး .... ဝတ်ထားသူကို အဆိပ်မိကဲ့အခါ ဒီလက်ကောက်ဟာ အဆိပ်ကို စုပ်ယူလိုက်တယ် .... အဆိပ်တစ်ခါစုပ်ရင် အမည်းရောင် လက်ကောက်မှာ အဖြူစက်တစ်စက် ပေါ်လာတယ်၊ ပြီးတော့ .... ဒီလက်ကောက်ကို ဘယ်လိုဓားနဲ့မှ ခုတ်လို့မှမပြတ်ဘူး၊ မီးလည်း မသင့်ဘူး .... ဒီမဟူရာလက်ကောက်ကို ကျုပ်က မင်းဖေဖေအတွက် လက်ဆောင်ပေးထားတာပဲ .... "

"သြော် .... "

တိန့်ထောက် သဘောပေါက် နားလည်လာပြီး မဟူရာလက်ကောက်၏ အစွမ်းကိုလည်း အံ့သြမိလေသည်။

ဘေးတွင်ကိုင်နေကြသော သခင်ကြီးချူဟွားဟိနှင့် ရဲ့ကျိုးထိန့်တို့ လူစုများက ဘာတစ်ခွန်းမှ ဝင်ရောက်စွက်ဖက် မေးမြန်းခြင်းမရှိဘဲ မြက်ရိုင်းသိုင်းသမားကြီးနှင့် တိန့်ထောက်တို့ ပြောဆိုနေကြသမျှကိုသာ ပွဲကြည့်ပရိသတ်ကဲ့သို့ စိတ်ဝင်တစား ကြည့်ရှုနားထောင်နေကြသည်။

မြက်ရိုင်းသိုင်းသမားကြီးက ဆက်ပြောသည်။

"မင်းရဲ့ဖေဖေဟာ တစ်ခါ အဆိပ်သင့်ခဲ့ဖူးတယ် .... မဟူရာလက်ကောက်ရဲ့သဘောက ဝတ်ထားတဲ့သူ အဆိပ်တစ်ခါသင့်ရင် အဖြူစက်တစ်စက် ပေါ်လာတတ်တယ်ဆိုတော့ .... မင်းဖေဖေရဲ့လက်က ရလာတဲ့ ဒီမဟူရာလက်ကောက်မှာလည်း အဖြူစက်တစ်စက်ကို တွေ့

ရတယ်လေ .... ဒါကြောင့် မင်းအဖေရဲ့အလောင်းပဲဆိုတာ ပိုပြီးသေချာသွားတော့တာပေါ့ .... "

မြက်ရိုင်းသိုင်းသမားကြီးက တိကျစွာ ပြောနေသဖြင့် တိန့်ထောက်လည်း မယုံကြည်၍ မဖြစ်တော့ချေ။ သူ့မျက်လုံးအစုံမှာ ရီဝေမှုန်မှိုင်းနေပြီး ကြေကွဲဆို့နင့်မှုအသွင်ကို ဆောင်နေသည်။

မြက်ရိုက်သိုင်းသမားကြီး၏မျက်နှာ တင်းမာခက်ထန်သွားသည်။ သူသည် ခံပြင်းစွာဖြင့် ဆက်လက်ပြောဆိုပြန်သည်။

"ကျုပ်က .... မင်းဖေဖေရဲ့အလောင်းကို သယ်ယူလာခဲ့တယ် .... ကြာရှည်ခံအောင် ဆေးဝါးတွေနဲ့စီရင်ပြီး ခေါင်းသေတ္တာကြီးထဲမှာ ထည့်ထားခဲ့တယ် .... မင်းဖေဖေကို သတ်ခဲ့တဲ့သူကို ရှာဖွေစုံစမ်းပြီး လက်စားမချေရသမျှ ကာလပတ်လုံး အလောင်းကို မြေမမြှုပ်သေးဘူး .... လက်စားချေပြီးတော့မှ အလောင်းကို ကောင်းကောင်းမွန်မွန် မြေမြှုပ်သင်္ဂြိုဟ်မယ်လို့လည်း ငါဟာ ကတိသစ္စာဆိုထားခဲ့တယ် .... ငါဟာ မင်းဖေဖေကို သတ်တဲ့လူကို အမြဲတမ်းစုံစမ်းနေပေမယ့် ခုထက်ထိ စုံစမ်းလို့မရသေးဘူး .... အခု မင်းပြောပြမှပဲ အမြဲအနေမှန်ကို သိရတော့တာပဲ .... "

မြက်ရိုင်းသိုင်းသမားကြီး၏ ရှင်းလင်းပြောပြချက်ကို တိန့်ထောက် ကြားယောင်နေမိသည်။

ဝါးရုံတောဘိုးဘိုးကလည်း သူ့ကို သူ့ဖေဖေ တိန့်ရောင်ရှမ်းထံတွင် မဟူရာလက်ကောက်တစ်ကွင်း ရှိနေကြောင်း ပြောပြခဲ့ဖူးသည်။



ယခု မြက်ရိုင်းသိုင်းသမားကြီး၏စကားနှင့် ကိုက်ညီနေလေသည်။

"တကယ်တော့ .... လူဆိုးတွေဟာ ကျွန်တော့်ကို ဦးဆုံးဖမ်းပြီး ဓားစာခံလုပ်ကြပါတယ် .... ဒါကြောင့် ကျွန်တော့်ဖေဖေနဲ့ မေမေဟာ အလျှော့ပေးလိုက်ရတာပါ .... "

အမေကြွမ်က ဒေါသတကြီးနှင့် ဝင်မေးသည်။

"တိန့်ထောက် .... လူသတ်သမားတွေကို ဦးစီးလာတဲ့သူဟာ တိမ်နဂါးကျောက်ယွင်စိမ်း အမှန်ပဲနော် .... "

တိန့်ထောက်က အံကို တစ်ချက်ကြိတ်လိုက်ပြီး ခေါင်းကိုညိတ်၍

"ဟုတ်တယ် အမေကြွမ် .... ခုဆိုရင် ကျွန်တော်တို့မိသားစုကို တိုက်ခိုက်သတ်ဖြတ်တဲ့ လူခုနစ်ယောက်အနက် တိမ်နဂါးကျောက်ယွင်စိမ်းတစ်ယောက်ပဲ အသက်ရှင်လျက် ကျန်နေပါတော့တယ် .... ကျန်တဲ့လူတွေကတော့ သတ်ဖြတ်နှိပ်စက်ခံရလို့ သေကုန်ကြပါပြီ၊ သူတို့ကို စေခိုင်းလိုက်တဲ့သူက နှုတ်ပိတ်သတ်ဖြတ်လိုက်တာပဲ ဖြစ်မှာပါပဲ .... "

မြက်ရိုင်းသိုင်းသမားကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

"အင်း .... ဒါဆိုရင်တော့ တိမ်နဂါး ကျောက်ယွင်စိမ်းကို အသက်ရှင်လျက် တွေ့နိုင်ဖို့ အရေးကြီးတယ် .... နို့မို့ဆိုရင် မင်းအနေနဲ့ ကျုပ်တို့ရဲ့ သခင်ကြီးအပေါ်မှာ အထင်လွဲမြဲ လွဲနေလိမ့်မယ် .... "

တိန့်ထောက်က ....

"တိမ်နဂါးကျောက်ယွင်စိမ်းရဲ့ ပါးစပ်ကပဲ ဝါးရုံတောဘိုးဘိုးကို ပြောခဲ့တာပါ .... သူတို့ကို စေခိုင်းတာဝန်ပေးလိုက်တဲ့သူဟာ ချီယွင်ဂေဟာသခင်ကြီး ချူပွားဟီပါတဲ့ .... ဝါးရုံတောဘိုးဘိုးဟာ အသက်ရှင်လျက် ရှိနေသေးလို့ ကျွန်တော့်ကို ပြန်ပြောနိုင်ခဲ့ပါတယ်"

ချီယွင်ဂေဟာသခင်ကြီး ချူပွားဟီက ခံပြင်းဒေါသဖြင့် ဝင်ပြောသည်။

"ဒါဟာ .... ဒီကောင်တွေ ကျုပ်ကို တမင်သက်သက် နာမည်ဖျက်သွားတာပဲ .... ကျုပ်နာမည်ကို အလွဲသုံးစား လုပ်သွားတာပဲ။ တောက် .... ဒီတုန်းကသာ ဒီအကြောင်းတွေကို ကျုပ် သိရရင် အားလုံးကို နုပ်နုပ်စဉ်းပစ်တယ် .... အခုလည်း ကျောက်ယွင်စိမ်းကို မတွေ့တွေ့အောင် ရှာရမှာပဲ .... တွေ့မှ ဒီကောင့်ပါးစပ်က အမှန်တွေ ဖွင့်ပြောလာအောင် စစ်ရလိမ့်မယ် .... "

တိန့်ထောက်စိတ်ထဲတွင်လည်း တိမ်နဂါးကျောက်ယွင်စိမ်းတို့ကို စေခိုင်းတာဝန်ပေးလိုက်သူမှာ သခင်ကြီး ချူပွားဟီ မဖြစ်နိုင်ကြောင်း တဖြည်းဖြည်း သိလာသည်။ အခြေအနေ အရပ်ရပ်က ချူပွားဟီ မဖြစ်နိုင်ကြောင်း ဖော်ညွှန်းပြသနေသည်။

ဤအတိုင်းဆိုပါက တိမ်နဂါးကျောက်ယွင်စိမ်းကိုသာ မတွေ့တွေ့အောင် ရှာဖွေရပေတော့မည်။ တိမ်နဂါး ကျောက်ယွင်စိမ်း အသက်ရှင်လျက် ရှိပါစေဟုလည်း တိန့်ထောက် ဆုတောင်းမိသည်။ တိမ်နဂါးကျောက်ယွင်စိမ်း သေဆုံးသွားလျှင်မူ တိန့်ထောက်အဖို့ ခြေရာပျောက်သွားပေတော့မည်။



ချီယွင်ဂေဟာတွင် နေထိုင်သော မြက်ရိုင်းသိုင်းသမားကြီးတို့ ဓနီးမောင်နှံ နှစ်ယောက်စလုံးမှာ မိမိ၏ဖခင် တိန့်ရောင်ရှမ်းနှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်ကြလေရာ မိမိ၏ဖခင်ကိုသတ်ရန် ကျောက်ယွင်စိမ်းတို့တစ်တွေကို စေခိုင်းလိုက်သူမှာ သခင်ကြီး ချူပွားဟီ ဖြစ်နိုင်တော့မည် မဟုတ်ကြောင်း တိန့်ထောက် တွေးမိလေသည်။

## အခန်း (၆)
# အတိတ်သို့ သမင်လည်ပြန်

မြက်ရိုင်းသိုင်းသမားကြီးက စိတ်မချမ်းမြေ့စွာဖြင့် တိန့်ထောက်ကို မေးသည်။

"တူမောင်တိန့်ထောက် .... မင်းနဲ့ မင်းအမေတို့ရဲ့အကြောင်းကိုလည်း ပြောပြပါဦး .... မင်းတို့သားအမိတွေလည်း ဘယ်ကိုရောက်လို့ ဘယ်လိုတွေ ဖြစ်ကုန်ကြသလဲ .... "

တိန့်ထောက်၏မျက်နှာ ချက်ချင်း ညှိုးကျသွားသည်။ သူတို့သားအမိနှစ်ယောက် ဆင်းရဲဒုက္ခကြီးစွာ နေထိုင်ခဲ့ရပုံကို တစ်မုဟုတ်ချင်း ပြန်၍ သတိရလိုက်မိသောကြောင့်ဖြစ်၏။

တိန့်ထောက်က သူတို့သားအမိကို ဝမ်ရဲ့ရဲတိုက်မှ ခေါ်သွားပုံ၊ ဝမ်ရဲ့ရဲတိုက်တွင် ပင်ပန်းဆင်းရဲစွာ လူတကာ အနှိမ်ခံ၍ နေခဲ့ရပုံ၊ ဝမ်ရဲ့ရဲတိုက်သခင်ကြီး၏ စော်ကားမှုကို ခံရပြီး မိခင်ကြီးမှာ ကိုယ့်ကိုယ်ကို သတ်သေသွားခဲ့ပုံ၊ မိမိကိုလည်း သေလုအောင်ရိုက်နှက်ပြီး မြေခွေး



ဇာ ကျွေးခဲ့ပုံ၊ ကံကောင်း၍ ကယ်တင်သူပေါ်လာသဖြင့်သာ အသက်ဆက်ရှင်ခဲ့ပုံတို့ကို ခံပြင်းစိတ်၊ ကြေကွဲဝမ်းနည်းစိတ်တို့ဖြင့် ပြောပြလိုက်တော့သည်။

တိန့်ထောက်၏စကားကို နားထောင်သူအားလုံးမှာ သူတို့သားအမိ ဖြစ်အင်ကို စိတ်မကောင်းဖြစ်နေကြ၏။ စုတ်တသပ်သပ် ဖြစ်နေကြ၏။ သူတို့သားအမိအတွက် ခံပြင်းဒေါသလည်း ဖြစ်ကြရသည်။

"တောက် .... တော်တော်ရက်စက်ယုတ်မာတဲ့ လူတွေပဲ"

ဦးစွာ ချီယွင်ဂေဟာသခင်ကြီး ချူဟွားဟီက ပြောလိုက်သည်။

သူသည် ဟန်ဆောင်ပြောခြင်းမဟုတ်ဘဲ ရင်ထဲမှ တကယ့်ခံစားချက်အပြည့်နှင့် ပြောလိုက်ခြင်းဖြစ်ကြောင်း တိန့်ထောက် အကဲခတ်မိသည်။

မြက်ရိုင်းသိုင်းသမားကြီးကလည်း ဒေါသသံဖြင့် ပြောသည်။

"ဝမ်ရဲ့အဖွဲ့ဟာ မြောက်ပိုင်းဒေသမှာ ဒုစရိုက်အဖွဲ့ကြီးတစ်ဖွဲ့ ဖြစ်နေတယ်လို့ ကျုပ် ကြားတယ် .... ပြီးတော့ မင်းတို့သားအမိအပေါ်လည်း မတရားသဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့ကြသေးတယ် .... ဒါတောင် မင်းက ဝမ်ရဲ့ရဲတိုက်ကို တိုက်ခိုက်ဖို့ စိတ်မကူးဘူးလား .... "

တိန့်ထောက်က ....

"ဝမ်ရဲ့ရဲတိုက်ကို တိုက်ခိုက်ချေမှုန်းဖို့ ကျွန်တော်လည်း ယတိပြတ် ဆုံးဖြတ်ထားပါတယ် ဆရာကြီး .... အခြေအနေ မပေးသေးလို့ပါ"

မြက်ရိုင်းသိုင်းသမားကြီးက ....

"ငါတို့လည်း မင်းနဲ့အတူ ဝမ်ရဲ့ရဲတိုက်ကို တိုက်ခိုက်ပေးသွားမယ် .... မင်း အလိုရှိတဲ့အချိန်မှာ အချိန်မရွေး အကြောင်းကြား"

သခင်ကြီး ချူဟွားဟီကလည်း ခေါင်းညိတ်၍ ဝင်ပြောသည်။

"ဟုတ်တယ် .... ကျုပ်နဲ့ ကျုပ်ရဲ့လူတွေ အားလုံးလည်း တူမောင့်ကို ဝိုင်းဝန်းပြီး ကူညီကြမယ် .... ကျင့်စန်းကျန်းတို့တစ်တွေကို ဝိုင်းပြီး တိုက်ခိုက်ပေးကြမယ် .... "

ချူဟွားဟီနှင့် မြက်ရိုင်းသိုင်းသမားကြီးတို့ထံမှ ထိုကဲ့သို့သော အားပေးစကားမျိုးကို ကြားရသောအခါ တိန့်ထောက်လည်း လွန်စွာ အားတက်သွားသည်။

တိန့်ထောက်က သူတို့နှစ်ဦးကို လက်ဖမိုးယှက်၍ ဦးညွှတ်လိုက်ပြီး ကျေးဇူးတင်စကားပြောသည်။ တောင်းလည်း တောင်းပန်သည်။

"ကျေးဇူးတင်ပါတယ် ခင်ဗျာ .... စောစောက မဆင်မခြင်ပဲ သခင်ကြီးကို ကျွန်တော် စော်ကားမော်ကား ပြောခဲ့တဲ့အတွက်လည်း ကျွန်တော် တောင်းပန်ပါတယ် .... ကျွန်တော့်ကို ခွင့်လွှတ်ပါ .... "

ချူဟွားဟီက လက်ကာပြပြီး ခေါင်းကိုခါယမ်းကာ ပြန်ပြောသည်။

"အို .... တောင်းပန်စရာမလိုပါဘူး တူမောင်ရယ် .... မသိလို့ဖြစ်ရတာပဲ .... တကယ်တော့ တူမောင့်အနေနဲ့ ကျုပ်အပေါ်မှာ အထင်လွဲသင့်ပါတယ် .... ဘာဖြစ်လို့လဲဆိုတော့ ဒီတုန်းက ကျုပ်ရဲ့



အိမ်ဂေဟာမှာ အမှုထမ်းတဲ့ တိမ်နဂါးကျောက်ယွင်စိမ်းကိုယ်တိုင်က သူတို့ကို ကျုပ်က စေခိုင်းတာပါလို့ ပြောသွားတော့ ယုံကြည်စရာဖြစ်နေတာပေါ့ .... ဘယ်သူမဆို ယုံမိကြမှာပါပဲ .... တူမောင့်မှာ အပြစ်မရှိပါဘူး .... တကယ်တော့ တိန့်ရောင်ရှမ်းနဲ့ ကျုပ်တို့ဟာ တစ်ဦးကိုတစ်ဦး သတ်ဖြတ်လောက်အောင် မုန်းတီးစရာအကြောင်းရင်းမျိုး ရှိမနေကြပါဘူး .... တိန့်ရောင်ရှမ်းကို ကျုပ်က အမြဲတမ်း ခင်မင်လေးစားမှု ရှိနေခဲ့တဲ့သူပါ .... ကဲ ကဲ .... ကျုပ်တို့အားလုံး ပြန်ပြီး ပြေလည်သွားတဲ့ အထိမ်းအမှတ်နဲ့ စားသောက်ဝိုင်းမှာ ဆက်ပြီး ထိုင်ကြရအောင် ဆရာကြီးနဲ့ အမေကြွမ်တို့ပါ ထိုင်ကြပါ .... "

တိန့်ထောက်လည်း သူ၏ မူလနေရာတွင် ပြန်ထိုင်သည်။ မြက်ရိုင်းသိုင်းသမားကြီးတို့ ဇနီးမောင်နှံနှင့် စော-စာက ထိုင်ကြသူ အားလုံးလည်း ပြန်ထိုင်သည်။

တိန့်ထောက်က ရဲ့ကျိထိန်ကိုလည်း တောင်းပန်သည်။

"ကျွန်တော်ရဲ့ အမှားအတွက်ကို အစ်ကိုရဲ့ကိုလည်း တောင်းပန်ပါတယ် .... ကျွန်တော်ဟာ ညည့်သည်တစ်ယောက်ဖြစ်ပြီး အစ်ကိုရဲ့ရဲ့ မျက်နှာကို မထောက်သလိုလည်း ဖြစ်သွားမိပါတယ် .... "

ရဲ့ကျိထိန်က လိုက်လှဲဖော်ရွေစွာ ပြုံး၍ ....

"တောင်းပန်စရာ မလိုပါဘူး ညီလေးထိန့်ရယ် .... အခုလို ပြေပြေလည်လည် ဖြစ်သွားတာကိုပဲ ကျုပ် အများကြီး ဝမ်းသာလှပါပြီ .... နို့မို့ ကျုပ်အနေနဲ့ ညီလေးတိန့်အပေါ်မှာ သံယောဇဉ်ထားပြီး ချစ်ခင်ပေမယ့် သခင်ကြီးအပေါ် သစ္စာထားရမှာမို့ ညီလေးတိန့်ကို

ကျုပ် တိုက်ရတော့မှာပဲ .... ဒါဆို စိတ်မကောင်းစရာတွေ ဖြစ်ကုန် တော့မယ် .... ညီလေးတိန့်ကို စောစောက ကျုပ်ပြောခဲ့တဲ့အတွက် လည်း ပြန်ပြီးတောင်းပန်ပါတယ် .... "

"အစ်ကိုရဲ့ရဲ့စိတ်ဓာတ်ကို ကျွန်တော် လေးစားပါတယ် .... အပြစ်လည်း မတင်ပါဘူး .... စိတ်လည်း မဆိုးပါဘူး .... "

ညစာစားပွဲမှာ စကားတပြောပြောနှင့် ပြန်လည်စည်ကား သွားသည်။

သို့သော် ....

တိန့်ထောက်မှာ ဟက်ဟက်ပက်ပက် မစားသောက်နိုင်ချေ

သူသည် မြက်ရိုင်းသိုင်းသမားကြီး၏ အခန်းထဲတွင် ရှိနေသူ သူ့ဖခင် တိန့်ရောင်ရှမ်း၏ ရုပ်ကလာပ်ကို ရှိခိုးကန်တော့လိုလှပြီ ဖြစ် ၏။

တစ်ယောက်တည်း ထသွားရန် မဖြစ်သဖြင့် စားသောက်ပွဲ အပြီးကိုသာ စိတ်ရှည်ရှည်နှင့် စောင့်နေရသည်။

စားသောက်ပွဲအပြီးတွင် တိန့်ထောက်သည် မြက်ရိုင်းသိုင်း သမားကြီးနှင့်အတူ လိုက်ပါလာခဲ့လေသည်။

တိန့်ထောက်သည် မြက်ရိုင်းသိုင်းသမားကြီးတို့ ဇနီးမောင်နှံ ၏နောက်မှ လိုက်လာရင်း ရင်ထဲတွင် ဆို့နင့်လာသည်။

လွန်ခဲ့သော ဆယ့်ခြောက်နှစ်ကျော်က သေဆုံးသွားသော သူ့ဖခင်၏ ရုပ်ကလာပ်ကို ကန်တော့ရတော့မည်ဟူသော အသိကြောင့် လည်း စိတ်ထဲတွင် လှုပ်ရှားနေမိသည်။



သူတို့သည် အဆောင်ဆောင် အခန်းခန်းကို ဖြတ်ကျော်ခဲ့ ပြီးနောက် မြက်ရိုင်းသိုင်းသမားကြီး၏ အခန်းထဲသို့ ရောက်လာခဲ့ သည်။

အခန်းထဲတွင် ခေါင်းသေတ္တာကြီးမှာ ပထမတစ်ခေါက် သူ ရောက်စဉ်ကကဲ့သို့ အနေအထားမပျက် ရှိနေတော့သည်။

ယခင်တစ်ခေါက် လာစဉ်က ဤခေါင်းသေတ္တာကြီးထဲတွင် ဖခင်ဖြစ်သူ၏ ရုပ်ကလာပ် ရှိနေကြောင်း သိမထားသဖြင့် တိန့်ထောက် မည်သို့မှ မခံစားရသော်လည်း ယခုအခါတွင်မူ ခေါင်းသေတ္တာကြီးထဲ သူ့ဖခင်၏ ရုပ်ကလာပ်ရှိကြောင်း သိထားလေရာ ခေါင်းသေတ္တာကြီးကို မြင်မြင်ချင်း သူသည် စိတ်ကို ထိန်းမထားနိုင်တော့ဘဲ ရှိုက်ငိုလိုက်မိ လေတော့သည်။

"ဖေဖေရယ် .... ဖေဖေရယ် .... "

သူ့နှုတ်မှလည်း ဖခင်ကို တမ်းတကာ တတွတ်တွတ် ရေရွတ် သည်။

မြက်ရိုင်းသိုင်းသမားကြီးတို့ ဇနီးမောင်နှံက တိန့်ထောက်၏ တစ်ဘက်တစ်ချက်မှနေ၍ ဖျောင်းဖျနှစ်သိမ့်စကား ဆိုကြသည်။

"မငိုပါနဲ့ တူမောင်ရယ် .... မငိုပါနဲ့တော့ .... ခုချိန်မှာ မင်း ငိုနေလို့လည်း မင်းရဲ့အဖေဟာ အသက်ပြန်ရှင်လာတော့မှာ မဟုတ် ပါဘူး .... မင်းမှာသာ ဝေဒနာခံစားရရုံ ရှိတော့မှာပေါ့ .... "

"မင်း လုပ်ရမှာကတော့ .... တမလွန်ဘဝကို ရောက်နေ တဲ့ မင်းရဲ့ဖေဖေ ကျေနပ်မှုရှိရလေအောင် လူသတ်တရားခံကို [illegible] ဖေကို

ဖော်ထုတ်ပြီး လက်စားချေ ဆုံးမဖို့ပဲ အရေးကြီးပါတယ်ကွယ် ....”

တိန့်ထောက်လည်း စိတ်အားတင်းပြီး အငိုတိတ်လိုက်သည်။

သူသည် အသံထွက်အောင် ငိုညည်းခြင်း မပြုလုပ်သော်လည်း သူ့မျက်လုံးအိမ်ထဲမှာမူ မျက်ရည်များ စီးကျလျက် ရှိနေသေးလေသည်။

“ကျွန်တော့်ဖေဖေရဲ့ ရုပ်ကလာပ်ကိုတော့ ကြည့်ပါရစေ ခင်ဗျာ .... ”

မြက်ရိုင်းသိုင်းသမားကြီးက ....

“မင်းဖေဖေရဲ့ ရုပ်ကလာပ်ကို ကြာရှည်ခံအောင် .... ဆေးဝါးတွေနဲ့ စီရင်ပြီး ကျပ်စည်းထားတာကွယ့် .... မင်းကြည့်လို့ ဘာထူးမှာလဲ .... ”

“ဒါပေမယ့် .... ကြည့်ပါရစေ ခင်ဗျာ .... ”

“အေးလေ .... မင်း ဆန္ဒပြင်းပြနေရင်တော့လည်း ကြည့်ပေ”

မြက်ရိုင်းသိုင်းသမားကြီးက ခေါင်းသေတ္တာကြီးဆီ လျှောက်သွားကာ ခေါင်းဖုံးကို ဘေးသို့တွန်း၍ ဖွင့်လိုက်လေသည်။

ခေါင်းသေတ္တာထဲမှ မွှေးရနံ့လိုလို အနံ့များက ထောင်းခနဲ ထွက်လာပြီး တိန့်ထောက်၏ နှာခေါင်းထဲကို တိုးဝင်လာသည်။

တိန့်ထောက်က ရှေ့ကို တိုးသွားပြီး ခေါင်းသေတ္တာကြီးအတွင်းကို ကြည့်လိုက်သည်။

ခေါင်းသေတ္တာကြီးထဲတွင် အဝတ်စများ အထပ်ထပ်ပတ်၍ လည်းစည်းထားသော အလောင်းတစ်လောင်း ရှိနေသည်။ အလောင်း



ထဲမှ မွှေးရနံ့နှင့် ဆေးဝါးနံ့များက ထွက်နေသည်။

သူ့ သုံးနှစ်သားအရွယ်က ဖခင်ဖြစ်သူ သေဆုံးသွားသဖြင့် တိန့်ထောက်သည် ဖခင်၏ရုပ်သွင်ကို မမှတ်မိတော့ပါချေ။

အကယ်၍ အဝတ်များပတ်ကာ ကျပ်စည်းမထားဘဲ ထားသည့် မျက်နှာကို ပကတိ တွေ့ရသည့်တိုင်အောင် သူ့ဖခင် ဟုတ် သိလိမ့်မည်မဟုတ်ပါချေ။

သာအခါ

သို့သော် ....

သည်။

သူသည် ကျပ်စည်းထားသော ရုပ်ကလာပ်ကို မြဲဘိလူးရဲ့ အခါ ပိုပြီးကြေကွဲဆို့နင့်သွားသည်။

ား ရောင်

သူ့မေမေသာ အသက်ရှင်လျက် ရှိနေသေးလျှင် ဖာသိုင်း ရုပ်ကလာပ်ကို တွေ့နိုင်သေးကြောင်း တွေးမိပြီး မိခင်ကြီးကိုလည်း” တမ်းတလိုက်မိသည်။

တိန့်ထောက်သည် ခေါင်းသေတ္တာကြီးအနီးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ဖခင်ကြီး၏ ရုပ်ကလာပ်ကို ရှိခိုးကန်တော့သည်။

ပြီးနောက် ....

အံကိုတင်းတင်းကြိတ်၍လည်း ကတိသစ္စာပြုသည်။

“ဖေဖေ .... သားလည်း ဖေဖေရဲ့ခြေရာကိုနင်းမယ့် သားတစ်ယောက် ဖြစ်ရပါစေမယ် .... သားတတ်ထားတဲ့ သိုင်းပညာရပ်နဲ့ ဒုစရိုက်သမား လူဆိုးလူမိုက်တွေကို ချေမှုန်းပြီး ပြည်သူလူထုရဲ့ အသက်စည်းစိမ်နဲ့ အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ပါမယ် .... ကျွန်တော်ရဲ့မိသားစုကို ရက်ရက်စက်စက် တိုက်ခိုက်ပြီး ဖေဖေကို

သတ်ဖြတ်သွားတဲ့ လူသတ်သမားတွေကိုလည်း ကျွန်တော် ရှာဖွေဖော် ထုတ်ပြီး လက်စားချေပါမယ်ဆိုတာ ဖေဖေ့ကို သ်ား ကတိသစ္စာ ပြုပါ တယ် .... "

လည်း ထိုကဲ့သို့ ကတိသစ္စာ ပြုလိုက်ပြီးနောက် တိန်ထောက်တွင် လေသဲ့ဝမ်းနည်းစိတ်များ ပျောက်ကွယ်သွားသည်။ သူ့စိတ်ဓာတ်မှာ ဒွဲည်နိုင်မာလာသည်။

ခင်ဗျာ သူသည် တည်ငြိမ်စွာဖြင့်ပင် ထိုင်ရာမှ ထရပ်လိုက်သည်။

ကျပ်စည်းထားသော သူ့ဖခင်၏ ရုပ်အလောင်းကို သူသည် ဆုံးအနေနှင့် တစ်ချက် ကြည့်လိုက်ပြီးနောက် ခေါင်းဖုံးကို ပြန် တွေ့လိုက်သည်။

မြက်ရိုင်းသိုင်းသမားကြီးက တိန်ထောက်ကို ထိုင်ခုံတစ်လုံး တွင် ထိုင်စေသည်။

သူကိုယ်တိုင်လည်း တိန်ထောက်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။

အမေကွမ်ကမူ သူတို့အနီးတွင်ရှိသော ခုတင်ပေါ်တွင် ထိုင် လိုက်သည်။

မြက်ရိုင်းသိုင်းသမားကြီးက တိန်ထောက်ကို ပြောလိုက် သည်။

"ကဲ .... တူမောင် တိန်ထောက် .... မင်းတို့မိသားစုကို တိုက်ခိုက်ပြီး မင်းဖေဖေကို သတ်ဖြတ်သွားတဲ့ တိမ်နဂါးကျောက်ယုံ စိမ်းတို့နဲ့ ပတ်သက်လို့ .... မင်း စုံစမ်းရသမျှကို တို့လည်း ပြောပြပါဦး"



တိန်ထောက်ကလည်း သူ တွေ့ကြုံသိရှိရသမျှတို့ကို အကျယ် တဝင့် ပြောပြသည်။

တိန်ထောက် ပြောပြနေသည်ကို မြက်ရိုင်းသိုင်းသမားကြီးနှင့် အမေကွမ်တို့က စိတ်ဝင်တစား နားထောင်နေကြပြီး မရှင်းလင်းသည့် အချက်များကိုသာ ဝင်ရောက်မေးမြန်းသည်။

တိန်ထောက်က ရှင်းလင်းပြောပြချက် ဆုံးသွားသောအခါ မြက်ရိုင်းသိုင်းသမားကြီးက မရှင်းလင်းသည့်အချက်ကို မေးမြန်းသည်။

"ဒီအတိုင်းဆိုရင် သေမင်းတမန်ဘီလူးက အဆိပ်ဘီလူးရဲ့ လက်ချက်နဲ့ သေရတာပဲပေါ့ .... အသည်းမည်း ဟူဖေးကလည်း ရောင် နီသိုင်းသမားရဲ့လက်ချက်နဲ့ သေခဲ့ရတာပဲပေါ့ .... ဒါနဲ့ ရောင်နီသိုင်း သမားနဲ့ အဆိပ်ဘီလူးတို့ဟာ ဝမ်ရဲ့ရဲတိုက်အဖွဲ့ဝင်တွေပဲ မဟုတ်လား"

တိန်ထောက်က ခေါင်းညိတ်၍ ....

"ဟုတ်ပါတယ် ဆရာကြီး .... ဒါပေမယ့် အဆိပ်ဘီလူးဟာ သေမင်းတမန်ဘီလူးကို သတ်ပြီးမှ ဝမ်ရဲ့ရဲတိုက်အဖွဲ့ထဲကို ဝင်သွား တာပါ .... "

မြက်ရိုင်းသိုင်းသမားကြီးက ....

"သတ်ပြီးမှပဲဝင်ဝင် .... မသတ်ခင်ကပဲဝင်ဝင် ဒါဟာ အဓိက မဟုတ်ဘူးလို့ ကျုပ်တော့ ယူဆတယ် .... ဘာဖြစ်လို့လဲဆိုတော့ ဝမ်ရဲ့ ရဲတိုက်က သူ့ကို ဒီလိုလုပ်ဖို့ စေခိုင်းပြီးမှ သူတို့အဖွဲ့ထဲကို အဝင်ခံတာ လည်း ဖြစ်နိုင်တာပဲ .... သေမင်းတမန်ဘီလူးနဲ့ အသည်းမည်းဟူဖေး တို့ လုပ်ကြံခံရတာဟာ ဝမ်ရဲ့ရဲတိုက်သခင်ကြီးရဲ့ အမိန့်ကြောင့်ဆိုတာ

ထင်ရှားပါတယ် .... အဆိပ်ဘီလူးကိုလွှတ်ပြီး ရဲ့ကျိုထိန်ကို သတ်နိုင်းတာပဲ ကြည့်ပါလား .... "

ဝမ်ရဲ့ရဲတိုက်က အဆိပ်ဘီလူးကိုလွှတ်၍ ရဲ့ကျိုထိန်ကို လုပ်ကြံနိုင်းသည့်အကြောင်းကို တိန့်ထောက်က ပြောသဖြင့် မြက်ရိုင်းသိုင်းသမားကြီးတို့လည်း သိသွားပြီဖြစ်ကာ ယခုလို ထင်မြင်ချက် ပေးလိုက်ခြင်း ဖြစ်လေသည်။

အမေကွမ်ကလည်း သူမ ထင်မြင်ယူဆချက်ကို ဝင်ပြောပြန်သည်။

"တစ်ခုတော့ရှိတယ် .... သံတောင်ပံငှက်သိုင်းသမား သေဆုံးရတာကိုတော့ တစ်မျိုးယူဆရလိမ့်မယ် .... ဘာဖြစ်လို့လဲဆိုတော့ သံတောင်ပံငှက်သိုင်းသမားဟာ အဆိပ်ကျောက်လုံးနဲ့ အပစ်ခံခဲ့ရတာ မဟုတ်လား .... တူမောင် ပြောသလိုဆိုရင် .... အဆိပ်ကျောက်လက်နက်ပုန်းကို ကိုင်ဆောင်သုံးစွဲသူဟာ .... ရုပ်ပြောင်းသိုင်းသမားကြီးပဲနော် .... "

တိန့်ထောက်က ခေါင်းညိတ်၍ ....

"ဟုတ်ပါတယ် .... သံတောင်ပံငှက် သိုင်းသမားကြီးကို ရုပ်ပြောင်းသိုင်းသမားကြီးက လုပ်ကြံသတ်ဖြတ်တာကတော့ တခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်လိမ့်မယ်လို့ ကျွန်တော် ယူဆမိပါတယ် ဘာဖြစ်လို့လဲဆိုတော့ ရုပ်ပြောင်းသိုင်းသမားကြီးဟာ ကျွန်တော့်ကိုလည်း ရန်မူခဲ့သေးတာကိုး .... "

မြက်ရိုင်းသိုင်းသမားကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍



"အင်း .... တူမောင်ကိုယ်တိုင် ဖြစ်ပျက်ကြုံတွေ့ခဲ့ရတာတွေဆိုတော့ ဒီအတိုင်းဆို တူမောင်တို့မိသားစုကို တိုက်ခိုက်သတ်ဖြတ်သွားတဲ့ .... တိမ်နဂါးကျောက်ယွင်စိမ်းတို့လူစု ခုနစ်ယောက်ထဲမှာ ကျောက်ယွင်စိမ်းတစ်ယောက်တည်း အသက်ရှင်လျက် ကျန်နေပြီး ကျန်တဲ့လူတွေအားလုံး သေကုန်ကြပြီဆိုတာ သေချာနေပြီပေါ့ .... "

တိန့်ထောက်က ....

"ဒါတောင် .... တိမ်နဂါးကျောက်ယွင်စိမ်းဟာ သက်ရှိထင်ရှားရှိနေဦးမယ်လို့ ကျွန်တော်တို့ သေချာပေါက် တွက်ဆလို့ မရသေးပါဘူး ဆရာကြီး .... ကျွန်တော်တို့ မမြင်ရ မကြားရတဲ့ အရပ်မှာ သူလည်း လုပ်ကြံခံရလို့ သေချင်သေနေမှာပါ .... သူသာ သေသွားပြီဆိုရင်တော့ သူတို့ကို တာဝန်ပေး ခိုင်းစေလိုက်တဲ့သူဟာ .... ဘယ်သူလဲဆိုတာ ကျွန်တော်တို့သိရဖို့ အလှမ်းဝေးသွားကြပြီပေါ့ .... "

အမေကွမ်က ခေါင်းညိတ်၍ ....

"အင်း .... ဟုတ်တယ် တူမောင်တိန့်ထောက် .... ဒီလိုဆိုရင် တိမ်နဂါးကျောက်ယွင်စိမ်းရဲ့ သတင်းအမှန်ကို ကြားရအောင် အမြန်ဆုံး စုံစမ်းကြရမှာပဲ .... သူ့ကို မြန်မြန်တွေ့နိုင်လေ ကောင်းလေပဲ .... သူ့ကိုမတွေ့ရင် ဒါမှမဟုတ် တူမောင် ပြောသလို သူသေသွားရင်တော့ ဒီအမှုရဲ့ အဓိကတရားခံကို ဘယ်လိုမှ စုံစမ်းဖော်ထုတ်လို့ ရတော့မှာ မဟုတ်ဘူး .... "

တိန့်ထောက်သည် အဘိုးကြီး ဟိုအိလောက်ကိုလည်း သတိရမိသည်။

ထို့ကြောင့် အဘိုးကြီး ဟိုအိလောက် သတ်ခံရပုံ၊အခင်းဖြစ်ပွားစဉ်က အဘိုးကြီးဟိုအိလောက်က မိမိကို ကယ်တင်ခဲ့သူ ဖြစ်သော်လည်း မိမိက သူ့ကို တိမ်နဂါးကျောက်ယွင်စိမ်းတို့တစ်တွေနှင့် တစ်ပါတည်း ဖြစ်လိမ့်မည်ဟု အထင်မှားခဲ့ပုံများကိုလည်းမြွက်ရှိင်းသိုင်းသမားကြီးတို့ ဧနီးမောင်နှံအား တိန့်ထောက်က ပြောပြလိုက်သည်။

## အခန်း (၇)

## ဇာတ်မြှပ်မသိ အချစ်၏အာရုံ

ဟိုအိလောက်နှင့်ပတ်သက်၍ အကြောင်းများကို ကြားရသောအခါ မြွက်ရှိင်းသိုင်းသမားကြီးလည်း အံ့သြသွားလေသည်။

သူ၏ ထင်မြင်ချက်ကိုလည်း ပြောသည်။

“ဟိုအိလောက်နဲ့ ကျောက်ယွင်စိမ်းတို့ဟာ ဆရာတူတပည့်တွေ .... ပညာသင်ဖော် သင်ဘက်တွေ .... ကျောက်ယွင်စိမ်းက သူ့ဆရာဆီက ဒုတိယသိုင်းကျမ်းကို ခိုးလာပြီး ကျုပ်တို့ ချိုယွင်ဂေဟာမှာ လာအမှုထမ်းနေတယ် .... သူကတော့ ခြေရာဖျောက်လိုက်တဲ့သဘောပဲ .... ဒါပေမယ့် ဟိုအိလောက်က ကျောက်ယွင်စိမ်းကို ခြေရာခံ မိသွားတယ် .... အဲဒီအချိန်မှာ ကျောက်ယွင်စိမ်းက သေမင်းတမန် ဘီလူးလူစုနဲ့ တူမောင်တို့မိသားစုကို သွားပြီး တိုက်ခိုက်သတ်ဖြတ်တယ် .... တစ်ခါတည်း ခြေရာဖျောက်ပြီး ကျုပ်တို့ ချိုယွင်ဂေဟာကိုလည်း ပြန်မလာတော့ဘူး .... သူ့ကို လုံခြုံတဲ့နေရာမှာ ပုန်းနေလိမ့်မယ်လို့ ကျုပ် ယူဆတယ် .... သူ မသေသေးဘူးလို့ ကျုပ် တထစ်ချ ပြောရဲတယ် .... ”

တိန့်ထောက်လည်း စိတ်အားတက်လာပြီး ....

"ဆရာကြီးက ဘာဖြစ်လို့ တထစ်ချ ယူဆနိုင်ရတာလဲ"

မြက်ရိုင်းသိုင်းသမားကြီးက ....

"သူ့ဆီမှာ သူ့ဆရာဆီက ရလိုက်တဲ့ လျှို့ဝှက်ဒုတိယပိုင်းကျမ်းကြီး ရှိနေသေးတယ်ဆိုတာကို ကျုပ်တို့ အဓိကထားပြီး စဉ်းစားရလိမ့်မယ် .... ကျုပ် စိတ်ထင်တော့ တိမ်နဂါးကျောက်ယွင်စိမ်းဟာ တစ်နေရာမှာ ပုန်းကွယ်နေပြီး အဲဒီသိုင်းကျမ်းဒုတိယတွဲက ရက်စက်ကြမ်းကြုတ်တဲ့ သိုင်းကွက်တွေ နည်းစနစ်တွေကိုပဲ အပြင်းအထန် လေ့ကျင့်နေတာ ဖြစ်လိမ့်မယ် .... သူဟာ ဒီ သိုင်းကျမ်းကို လေ့လာပြီးတာနဲ့ သိုင်းလောကမှာ ပြန်ပြီး လှုပ်ရှားလာမှာပဲ .... တူမောင် စဉ်းစားသလိုချည်းပဲ စဉ်းစားလို့တော့ မဖြစ်သေးဘူး .... တစ်ဘက်လှည့်ပြီး စဉ်းစားလို့လည်းရသေးတယ် .... "

"ဘယ်လို စဉ်းစားလို့ ရတာလဲ ဆရာကြီး .... "

"တိမ်နဂါး ကျောက်ယွင်စိမ်းတို့တစ်တွေ မင်း ဖေဖေကို လုပ်ကြံတိုက်ခိုက် သတ်ဖြတ်ရတာက သူတို့ကို တစ်ဦးဦးက တာဝန်ပေးစေခိုင်းလို့ဆိုတာပဲ ဖြစ်နိုင်တာပဲ .... ဒါမှမဟုတ် ဘယ်သူကမှ မစေခိုင်းဘဲနဲ့ တိမ်နဂါးကျောက်ယွင်စိမ်းရဲ့စိတ်ဆန္ဒနဲ့ လုပ်ကြံသတ်ဖြတ်တာလည်း ဖြစ်နိုင်တာပဲ .... မင်းဖေဖေနဲ့ တိမ်နဂါးကျောက်ယွင်စိမ်းမှာ တို့တွေ မသိတဲ့အကြောင်းကိစ္စတစ်ခုခု ရှိတယ်ဆိုရင် ရှိနိုင်တာပဲ၊ မင်း မေမေက မင်းကို မင်းဖေဖေနဲ့ပတ်သက်လို့ ဘာမှမပြောခဲ့ဘူးလား .... "

တိန့်ထောက် ခေါင်းကို ခါယမ်း၍ ....



"မပြောခဲ့ပါဘူး ဆရာကြီး .... ဖေဖေဘယ်လို သေဆုံးခဲ့ရတယ် .... ဖေဖေဟာ ဘယ်လိုလူမျိုးဖြစ်တယ်ဆိုတာကို မေမေဆီက ကျွန်တော် လုံးဝမသိရပါဘူး .... မေမေဟာ ဖေဖေရဲ့အကြောင်းဆိုလို့ ကျွန်တော့်ကို နည်းနည်းမှ ပြောမပြခဲ့ပါဘူး .... မေမေဆုံးခါနီးကျမှပဲ မေမေဟာ သူ သေသွားရင် ကျွန်တော်ကို ဝါးရုံတောဘိုးဘိုးဆီသွားဖို့ မှာကြားခဲ့တာပါ .... ဝါးရုံတောဘိုးဘိုးနဲ့တွေ့မှ ကျွန်တော် ဖေဖေရဲ့ အဖြစ်အပျက်မှန်တွေကို ကျွန်တော် သိရတာပါ .... "

မြက်ရိုင်းသိုင်းသမားကြီးက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီးမှ သူ့ထင်မြင်ချက်ကို ပြောသည်။

"အင်း .... မင်း ဖေဖေရဲ့အကြောင်းကို မင်း မေမေက ဘာတစ်ခွန်းမှ မင်းကို ပြောမသွားဘူးဆိုတော့ အတော့်ကို ဆန်းနေတယ်၊ ဒါပေမယ့် .... သူ ပြောမပြသွားခဲ့တာဟာ မင်းကို ဒီအကြောင်းတွေ မသိစေချင်လို့ပဲ .... ဘာဖြစ်လို့လဲဆိုတော့ မင်းဖေဖေရဲ့အကြောင်းတွေကိုသာ မင်းသိရရင် ခုလို လက်စားချေမှုတွေ ဖြစ်လာပြီး .... မင်း အန္တရာယ်ဖြစ်မှာ စိုးလို့ပဲ .... မင်း မေမေရဲ့စိတ်ထဲမှာ ဝါးရုံတောဘိုးဘိုးလည်း သေပြီထင်ပြီး ဝါးရုံတောဘိုးဘိုးကိုရှာဖို့ မင်းကို ပြောခဲ့တာ ဖြစ်မယ် .... ခုတော့ ဝါးရုံတော ဘိုးဘိုးကမသေဘဲ မင်း ဖေဖေရဲ့အကြောင်းတွေကို ပြောပြနိုင်ခဲ့လို့ မင်းလည်း တရားခံအစစ်အမှန်ကို လိုက်ပြီးရှာနေရပြီ .... "

တိန့်ထောက်က တစ်စုံတစ်ခုကို စဉ်းစားမိဟန်နှင့်ဖြတ်ပြောသည်။

"ကျွန်တော် ခုမှ စဉ်းစားမိတယ် .... "

"ဘာကို စဉ်းစားမိတာလဲ .... "

အမေကွမ်း၏ အမေးကို တိန့်ထောက်က ပြန်ဖြေသည်။

"ကျွန်တော့် မေမေက ကျွန်တော့်ကို အမှတ်မထင် စကား တစ်ခွန်း ပြောခဲ့ဖူးတယ် .... ဒါကို ခုမှ စဉ်းစားမိလို့ပါ .... "

"ဘာစကားလဲ .... "

"ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းကို လျှို့ဝှက်သိုင်း ကျမ်းတစ်ကျမ်း ပေးအပ်လိုက်ရတယ်တဲ့ .... ကျွန်တော့်တို့ မိသားစု ပိုင်တဲ့ သိုင်းကျမ်းလား .... ဘယ်လို သိုင်းကျမ်းလည်း ဆိုတာတော့ မပြောခဲ့ဘူး .... "

မြက်ရိုင်းသိုင်းသမားကြီးက ခေါင်းညိတ်၍ ....

"အင်း .... ဟုတ်လိမ့်မယ် .... ဝမ်ရဲ့ရဲတိုက်သခင်ကြီး မင်းတို့သားအမိကို မသတ်တာဟာ အကြောင်းတော့ ရှိရမယ် .... ဒီလျှို့ဝှက် သိုင်းကျမ်းကြောင့်ပဲ ဖြစ်လေမလားဘဲ .... "

တိန့်ထောက် မျက်လုံးအစုံ ဝင်းလက်သွားပြီး ....

"ဒါဆို တိမ်နဂါး ကျောက်ယွင်စိမ်းတို့ကို စေခိုင်းလိုက်တဲ့ သူဟာ ဝမ်ရဲ့ရဲတိုက်သခင်ကြီး ကျင့်စန်းကျန်းဖြစ်ဖို့ များနေပြီ .... အစကလည်း ဒီလိုပဲ ကျွန်တော် တွေးခဲ့မိပါသေးတယ် .... ဒါပေမယ့် တိမ်နဂါး ကျောက်ယွင်စိမ်းဟာ ဝမ်ရဲ့ရဲတိုက်သခင်ကြီးရဲ့လူ မဟုတ်ဘဲ ချီယွင်ဂေဟာ သခင်ကြီးရဲ့လူ ဖြစ်နေလို့ ကျွန်တော်လည်း သခင်ကြီး ချူးဟွားဟီကို အထင်လွဲခဲ့မိတာပါ .... "

မြက်ရိုင်းသိုင်းသမားကြီးက ခေါင်းကိုခါယမ်း၍ ....

"သခင်ကြီး ချူးဟွားဟီက မင်း ဖေဖေ သေပြီဆိုတာကို တောင် ဒီနေ့မှ မင်းပြောလို့ သိရတာပါ .... မင်း ဖေဖေရဲ့ အလောင်းကို ဒီမှာ ငါ ယူထားပေမယ့် တိတ်တဆိတ်ယူထားတာမို့ သခင်ကြီး ချူးဟွားဟီကိုယ်တိုင်တောင် မသိပါဘူး .... ကျန်တဲ့လူတွေလည်း မသိကြပါဘူး .... ငါကလည်း ဘယ်သူ့ကိုမှ ထုတ်ဖော်မပြောသေးဘဲ မင်း ဖေဖေကို သတ်တဲ့တရားခံကိုသာ စုံစမ်းနေခဲ့တာပါ .... သခင်ကြီး ချူးဟွားဟီကလည်း တိမ်နဂါးကျောက်ယွင်စိမ်းကို နည်းအမျိုးမျိုးနဲ့ ရှာနေတာပဲ .... သူ့သမီး ငါ့ရဲ့တပည့်မလေး ကြည်လန်းကလည်း ကျောက်ယွင်စိမ်းကို လိုက်ရှာနေတယ် .... ဒီလို ရှာနေတာဟာ မင်း ဖေဖေရဲ့ကိစ္စနဲ့ ဘယ်လိုမှ မပတ်သက်ဘူး .... ချီယွင်ဂေဟာကို သစ္စာဖောက်ပြီး သခင်ကြီးရဲ့သားကို သတ်သွားလို့ပဲ .... "

ချူကြည်လန်း၏နာမည်ပါလာသဖြင့် ယခုမှ တိန့်ထောက်လည်း သူမ၏သတင်းကားကို မေးမြန်းရန် သတိရတော့၏။ မေးလည်း မေးမြန်းလိုက်သည်။

"ဒါနဲ့ဆရာကြီး .... ချူကြည်လန်း ပျောက်ဆုံးနေတယ်လို့ သတင်းကြားရပါတယ် .... ဟုတ်ရဲ့လား .... "

မြက်ရိုင်းသိုင်းသမားကြီး တွေဝေသွားပြီးမှ သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်သည်။ ပြီးမှ ခေါင်းကို ဖြည်းလေးစွာ ညိတ်၍ ....

"အင်း .... ဟုတ်တယ် တူမောင် .... ချူကြည်လန်းပျောက်နေတယ် .... သူ့သတင်းကို စုံစမ်းလို့မရဘူး ဖြစ်နေတယ် .... ရန်သူတစ်ဦးဦးရဲ့ ဖမ်းဆီးမှုကို ခံနေရပြီလို့ တို့အားလုံး ယူဆကြတယ် ....

တို့ ဓနိးမောင်နံကိုယ်တိုင် သူ့ကို လိုက်ရှာဖို့ အစီအစဉ် လုပ်ထားပြီး ပြီ .... "

တိန့်ထောက်က စဉ်းစားလိုက်ပြီး ....

"ချူကြည်လန်းဟာ တိမ်နဂါးကျောက်ယွင်စိမ်းရဲ့ လက်ထဲမှာ ကျရောက်နေတာများ ဖြစ်လေမလား ဆရာကြီး .... "

"အင်း .... တွေးမယ်ဆိုရင်တော့ အမျိုးမျိုး တွေးလို့ရနိုင်ပါတယ် .... ဒါပေမယ့် ကျုပ်ကတော့ သိပ်ပြီး စိတ်မပူလှပါဘူးလေ၊ ကျုပ်တပည့်မလေးကြည်လန်းရဲ့ သိုင်းပညာစွမ်းရည်၊ ဉာဏ်ရည် ဉာဏ်သွေးကို ကျုပ် ကောင်းကောင်းကြီး သိထားတာပဲ .... သူဟာ ရန်သူလက်ထဲမှာ ကျရောက်နေဦးတော့ အလွတ်ရုန်းနိုင်ပါလိမ့်မယ် .... နောက်ဆုံး သူ့ဘာသာသူ အလွတ်မရုန်းနိုင်ဦးတော့ ကျုပ်တို့တစ်တွေ ကယ်တင်နိုင်ကြမှာပါ .... ကျုပ်ကတော့ တခြားလူတွေလောက် သိပ်ပြီး မပူလှပါဘူး .... စကားစပ်မိလို့ မင်းကို မေးရဦးမယ် .... "

"ဘာများလဲ ဆရာကြီး မေးပါ .... "

"ပထမတစ်ခေါက် ဒီအခန်းထဲကို မင်း လာတုန်းက ငါ့တပည့်မလေးကြည်လန်းနဲ့ မင်းကို ပေးစားမယ်လို့ ပြောခဲ့တာ မင်း မှတ်မိသေးရဲ့ မဟုတ်လား .... "

ထိုကိစ္စကို မြက်ရိုင်းသိုင်းသမားကြီးက ထပ်မံပြီးပြောဆိုနေပြန်သဖြင့် တိန့်ထောက် ကြောင်အမ်းအမ်း ဖြစ်သွားမိသည်။

သူ့မျက်နှာမှာလည်း ရှက်စိတ်ကြောင့် ရဲရဲနီသွားလေသည်။

မြက်ရိုင်းသိုင်းသမားကြီးက တိန့်ထောက် အမူအရာကို ကြည့်၍ ပြုံးလိုက်ကာ ....



"ငါ့ရဲ့တပည့်မလေး ကြည်လန်းဟာ စိတ်သဘောထားလည်း ဖြူစင်တယ် .... ရုပ်ရည်လည်းချောတယ် .... သူ့ကို မင်း မမြင်သေးလို့ စိတ်မဝင်မစား ဖြစ်နေတာပါ .... သူ့ကို မြင်လိုက်ရင် မင်း သိပ်ပြီး သဘောကျသွားလိမ့်မယ်ဆိုတာ ငါသေချာပေါက်ပြောရဲတယ် .... "

တိန့်ထောက် ဘာမှ ပြန်မပြောဘဲ ငြိမ်နေသည်။

မြက်ရိုင်းသိုင်းသမားကြီးကသာ တိန့်ထောက်၏မျက်နှာကို အကဲခတ်ကြည့်၍ အားပါးတရ ဆက်ပြောသည်။

"ငါ့ဆန္ဒကတော့ မင်းနဲ့ငါ့တပည့်မလေး ကြည်လန်းကို ပေးစားချင်တယ် .... အရင်တုန်းက မင်းရဲ့ မျိုးနွယ်ကို မသိသေးဘဲနဲ့ မင်းရဲ့အရည်အချင်းကို သဘောကျပြီး ကြည်လန်းနဲ့ပေးစားဖို့ ငါ သဘောတူခဲ့တယ် .... အခု မင်းဟာ ငါ့ရဲ့မိတ်ဆွေကြီး တိန့်ရောင်ရှမ်းရဲ့သားဆိုတော့ ပိုပြီး သဘောတူတယ် .... ငါ့ရဲ့စကားကို နားထောင်ပါလို့လည်း မင်းကို တိုက်တွန်းပါရစေ .... "

တိန့်ထောက်သည် ချူကြည်လန်းကို မမြင်ဘူးချေ။

သူ၏ စိတ်အာရုံထဲတွင်မူ ငွေနှင်းဖြူကိုသာ မြင်ယောင်နေမိသည်။

တကယ်တော့ သူသည် ငွေနှင်းဖြူကိုသာ သံယောဇဉ်တွယ်၍ ချစ်မြတ်နိုးနေမိသည်။

သူသည် ငွေနှင်းဖြူကို လုံးဝမမေ့နိုင်ပါချေ။

ငွေနှင်းဖြူသည် သူ၏အသည်းတွင် နေရာယူထားပြီး ဖြစ်၍ နေလေပြီ။

"တိန့်ထောက် ငါ့ဆန္ဒအတိုင်း ဖြစ်နိုင်မဖြစ်နိုင် ပြန်ပြောပါဦး၊

ဘာဖြစ်လို့ ဒီလောက်တောင် ငြိမ်နေရတာလဲ .... ဘာတွေ ဒီလောက်တောင် စဉ်းစားနေရတာလဲ .... "

ထိုအခါမှ တိန့်ထောက်သည် ငွေနှင်းဖြူအကြောင်းကို တွေးနေရာမှ အာရုံကို ဖြတ်လိုက်သည်။ ခေါင်းကိုလည်း ခါယမ်း၍ ပြန်ပြောသည်။

"ဆရာကြီးရဲ့အစီအစဉ်ကို ကျွန်တော် မလိုက်နာနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး .... ဆရာကြီးရဲ့စိတ်စေတနာကိုတော့ ကျွန်တော် လေးစားပါတယ် .... ကျွန်တော့်အနေနဲ့ ချုကြည်လန်းသာ မဟုတ်ပါဘူး .... တခြား ဘယ်မိန်းကလေးကိုမှလည်း လက်ဆက်နိုင်မှာ မဟုတ်ပါဘူး .... "

"ဘာလဲ .... မင်းမှာ ရည်ရွယ်ထားပြီးသား ချစ်သူ ရှိနေလို့လား .... ငါ့ကို ပွင့်ပွင့်လင်းလင်းသာပြော .... ဘာမှ အားမနာနဲ့"

တိန့်ထောက်လည်း ဖုံးကွယ်နေလျှင် မဖြစ်တော့သဖြင့်ခေါင်းကို ဆတ်ခနဲ ညိတ်ကာ ပြန်ပြောလိုက်ရတော့သည်။

"ဟုတ်ပါတယ် .... ကျွန်တော့်မှာ ချစ်ရမယ့်သူ ရှိနေပါပြီ"

မြက်ရိုင်းသိုင်းသမားကြီး မျက်မှောင်ကြုတ်သွားပြီး ....

"ဩော် .... မင်းမှာ ချစ်သူရှိနေပြီကိုး .... အေးလေ ဒါဆိုရင်တော့ ငါ့ဆန္ဒအတိုင်း ဇွတ်စီစဉ်လို့ ဘယ်ဖြစ်ပါတော့မလဲ .... ဒါနဲ့နေပါဦး .... မင်းရဲ့ချစ်သူက ဘယ်သူလဲ .... သူရဲ့ ဇာတိဇာစ်မြစ်က ဘယ်ကလဲ .... မမှားတန်တာ မမှားရအောင် ငါက မေးနေတာပါ"

တိန့်ထောက်ကလည်း မြက်ရိုင်းသိုင်းသမားကြီးတို့ ဇနီးမောင်နှံလိုလူမျိုးကို ကွယ်ဝှက်နေရန် မသင့်ဟုယူဆ၍ ....



"သူ့ရဲ့ဇာစ်မြစ်ကိုတော့ ကျွန်တော် သေသေချာချာမသိသေးပါဘူး .... သူနဲ့ပက်သက်လို့ ကျွန်တော်တစ်ချက်ပဲ သိထားရပါတယ်၊ သူဟာ ရွှေနဂါးတမန်တော်အဖွဲ့ခေါင်းဆောင်ကြီးရဲ့သမီးပါ .... "

"ဟေ .... "

မြက်ရိုင်းသိုင်းသမားကြီး မျက်လုံးအပြူးသားနှင့် အံ့အားသင့်သွားသည်။ စိတ်ပျက်လက်ပျက်လည်း ခေါင်းကို ခါယမ်း၍ ပြောသည်။

"မဟန်လိုက်တာ တူမောင်ရယ် .... မင်းရဲ့ချစ်သူဟာ .... ဒုစရိုက်အဖွဲ့ခေါင်းဆောင်ကြီးရဲ့သမီးပါလား .... "

ယခုမှ တိန့်ထောက်သည် ရွှေနဂါးတမန်တော်အဖွဲ့ကို ဒုစရိုက်အဖွဲ့ ဖြစ်ကြောင်းတိကျစွာ သိရလေတော့၏။ ၂၀

"ရွှေနဂါးတမန်တော်အဖွဲ့ဟာ ဒုစရိုက်အဖွဲ့ဟုတ်လို့လား ဆရာကြီး .... "

မြက်ရိုင်းသိုင်းသမားကြီးက သက်ပြင်းတစ်ချက်ချလိုက်ကာ

"သိပ်ဟုတ်တာပေါ့ တူမောင်ရယ် .... ရွှေနဂါးတမန်တော်အဖွဲ့ဟာ မကြာခင်ကမှ သိုင်းလောကမှာ လှုပ်ရှားလာတဲ့ ဒုစရိုက်အဖွဲ့ကြီးတစ်ဖွဲ့ဆိုတာ ကျုပ်တို့ဇနီးမောင်နှံ နှစ်ယောက်စလုံး ကောင်းကောင်းကြီး ကြားသိထားကြတာပေါ့ .... အင်း .... ရွှေနဂါးတမန်တော်အဖွဲ့အကြောင်းကို လူအတော်များများ မသိကြသေးတာတော့ အမှန်ပဲ .... "

အမေကြွမ်ကလည်း မကျေမနပ်ဖြင့် ဝင်ပြောသည်။

"မဟုတ်တာ တူမောင် တိန့်ထောက်ရယ် .... မင်းဟာ ....

ဒုစရိုက်သမားတွေကို နှိမ်နင်းတဲ့ တိန့်ရောင်ရှမ်းရဲ့သားပါကွယ် .... မင်းလိုလူမျိုးက ဘာဖြစ်လို့ ဒုစရိုက်အဖွဲ့ခေါင်းဆောင်ကြီးရဲ့သမီးကိုမှ သွားပြီး ချစ်ရလေတယ် .... ဒီ မိန်းကလေးက အတော်ကိုချော အတော့်ကို လှနေလို့လား .... "

တိန့်ထောက် စိတ်ထဲတွင် မရှင်းမလင်း ဖြစ်သွားသော်လည်း သူ့ခံစားချက် အမှန်ကို ပြန်ပြောသည်။

"သူဟာ လှတာတော့ အတော်ကလေး လှပါတယ် .... လှရုံတင်မကဘူး .... သိုင်းပညာလည်း အတော်ကလေး ထက်မြက်ပါတယ် .... သူနဲ့ ခင်မင်ရင်းနှီးကာ သူ့ကို ကျွန်တော် စိတ်ဝင်စားမိတာပါ .... သူ့ကို စွဲလမ်းချစ်ခင်ပြီးမှ သူဟာ ရွှေနဂါးတမန်တော်အဖွဲ့ ခေါင်းဆောင်ကြီးရဲ့သမီးဖြစ်တယ်လို့ သိရတာပါ .... ဒါပေမယ့် ရွှေနဂါးတမန်တော်အဖွဲ့ဟာ ဒုစရိုက်အဖွဲ့ဆိုတာတော့ အခု ဆရာကြီးတို့ ပြောပြမှ ကျွန်တော် သိရတာပါ .... "

မြက်ရိုင်းသိုင်းသမားကြီးက သက်ပြင်းချလိုက်ပြန်ပြီး ....

"အေးလေ .... မင်းမှာ ချစ်ရမယ့်သူ ရှိနေပြီဆိုမှတော့ ကြည်လန်းနဲ့ ပေးစားဖို့ကိစ္စကို ကျုပ် လက်လျှော့လိုက်ပါပြီ .... ဒါပေမယ့် မင်းအနေနဲ့ အိမ်ထောင်ရေးကို ချစ်တာတစ်ခုတည်းနဲ့တော့ မဆုံးဖြတ်ပါနဲ့ .... မင်း ချစ်သူကြောင့် မင်းပါ ဒုစရိုက်သမားတစ်ယောက် ဖြစ်သွားမှာကိုတော့ တို့တစ်တွေ မလိုလားဘူး .... "

"ဒီလိုတော့ မဖြစ်စေရပါဘူး ဆရာကြီး .... တကယ်လို့ သူဟာ ဒုစရိုက်ဂိုဏ်းထဲမှာ ရောက်နေရိုးမှန်ရင် သူ့ကို လူကောင်းတစ်



ယောက်ဘဝရောက်အောင် ပြန်ရအောင် ဆွဲခေါ်ရမှာပဲ .... ကျွန်တော်ကတော့ ဘယ်နည်းနဲ့မှ ဒုစရိုက်သမား တစ်ယောက်ရဲ့ဘဝကို မရောက်စေရပါဘူး .... "

"အေးကွယ် .... ဒီလိုဆိုရင်ဖြင့် ကောင်းပါလေရဲ့ .... "

ထို့နောက် တိန့်ထောက်သည် ဖခင်၏ရုပ်အလောင်းကို သယ်ပိုက်ကန်တော့ပြီး မြက်ရိုင်းသိုင်းသမားကြီး အခန်းထဲမှ ပြန်ထွက်ခဲ့လေသည်။

အခန်း (၈)

## သံယယ နောက်သို့

နောက်တစ်နေ့မနက်တွင် တိန့်ထောက်သည် အိပ်ရာမှ ခပ်စောစောနိုးလာသည်။ ရေချိုးသန့်စင်ပြီး အိမ်ဖော်မိန်းကလေးတစ်ယောက်လာပို့သော ရေနွေးကြမ်းနှင့်မုန့်များကို စားသောက်လျက်ရှိနေသည်။

ထိုစဉ် သူ့အခန်းတံသို့ ရဲ့ကျိုထိန်ဝင်လာလေသည်။

ရဲ့ကျိုထိန်မှာ တိန့်ထောက်ကို ပြုံး၍ နှုတ်ဆက်လိုက်သော်လည်း သူ့အပြုံးမှာ အသက်မပါလှချေ။ ရဲ့ကျိုထိန်တွင် ခံစားချက် တစ်ခုခု ရှိနေကြောင်း တိန့်ထောက် အကဲခတ်မိလေသည်။

ရဲ့ကျိုထိန်သည် တိန့်ထောက်နှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်လိုက်ပြီး ဦးစွာ စကားစသည်။

"ညက ညီလေးတိန့်ခရီးပန်းပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်မော ကျသွားတာနဲ့တူတယ် ...."

တိန့်ထောက်ကပြုံး၍ ခေါင်းညိတ်ကာ ....

"ဟုတ်ကဲ့ အစ်ကိုရဲ့ .... ကျွန်တော်လည်း ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားလိုက်တာ ဒီမနက်မှပဲ နိုးတော့တယ် ...."



ရဲ့ကျိုထိန်က ရှေ့ကိုငုံ့ကာ အသံနှိမ့်၍ ....

"ညက ဝါးလေးချက်အချိန်လောက်မှာ လူတစ်ယောက် ဂေဟာထဲကို ဖောက်ဝင်လာတာ ညီလေး မသိလိုက်ဘူးပေါ့ ...."

တိန့်ထောက် အံ့သြသွားပြီး ....

"ဟင် .... ဟုတ်လား .... ကျွန်တော် မသိလိုက်ဘူး အစ်ကိုရဲ့ .... ဘယ်သူများပါလိမ့် .... တစ်အိမ်လုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားတာမျိုးတော့ မဟုတ်ဘူး မဟုတ်လား ...."

"ဒီလူဟာ တိတ်တဆိတ်ဝင်လာတာ ညီလေးတိန့် .... သူ့ရဲ့ကိုယ်ဖော့ပညာက ကောင်းလွန်းတော့ အစောင့်တွေ ဘယ်သူမှ မသိကြဘူး .... အဲဒီအချိန်မှာ ကျုပ်ကလည်း တာဝန်နဲ့ ခြံဝင်းထဲမှာ ကင်းလှည့်နေတဲ့ အချိန်ပေါ့ .... သခင်ကြီးရဲ့အဆောင်နားကို ရောက်တော့ အဆောင်ထဲက စကားတီးတိုးပြောသံကို ကျုပ် ကြားလိုက်ရတယ်၊ သခင်ကြီးတစ်ယောက်တည်းသာနေတဲ့ အဆောင်ထဲက စကားသံပေါ် လာတော့ ကျုပ်လည်း စိတ်ဝင်စားသွားပြီး အဆောင်နားကို ကပ် နားထောင်မိတယ် .... သခင်ကြီးနဲ့လူစိမ်းတစ်ယောက် တီးတိုး စကား ပြောနေပုံပဲ .... တခြားစကားတွေကို ကျုပ် သဲသဲကွဲကွဲ မကြားရပေမယ့် စကားတစ်ခွန်းကိုတော့ သဲသဲကွဲကွဲကြားလိုက်ရတယ် ...."

"ဘယ်သူက ပြောတဲ့စကားလဲ ... ဘာစကားလဲ ...."

တိန့်ထောက် စိတ်ဝင်စားသွားပြီး ဖြတ်မေးသည်။ ရဲ့ကျိုထိန်က ....

"လူစိမ်းက ပြောခဲ့အသံကို သဲသဲကွဲကွဲ ကျုပ် ကြားရတာပါ .... တာဖုန်လင်းတောအုပ်ထဲကို ဆက်ဆက်လာခဲ့ပါ .... ဘယ်သူမှ မသိပါစေနဲ့ .... လာလည်းမလာဘူး .... တခြားလူလည်း သိမယ်ဆိုရင်တော့ ကျုပ်ကို အဆိုးမဆိုနဲ့လို့ လူစိမ်းက ပြောပါတယ် .... အဲဒီလိုလည်းပြောပြီးရော ပြတင်းပေါက်တံခါးလည်း ပွင့်လာတယ်၊ ကျုပ်လည်းတစ်ယောက်ယောက် ထွက်လာလိမ့်မယ်ဆိုတာတွေးမိလို့ ပန်းချုံတစ်ချုံနောက်မှာ ဝင်ပုန်းလိုက်ရတယ် .... "

"ထွက်ရော ထွက်လာလို့လား အစ်ကိုရဲ့ .... "

"လူတစ်ယောက် ခုန်ထွက်လာသည်ကို တွေ့လိုက်ရတယ် သူ့ကို ကျုပ်တစ်ခါမှ မမြင်ဖူးဘူး .... အသက်ကတော့ လေးဆယ်လောက်ရှိမယ် .... သိပ်ပြီး ကိုယ်ဖော့ပညာကျွမ်းကျင်တဲ့ လူပဲ .... သူ့ကိုလှစ်ခနဲမြင်လိုက်ရပြီး ပြေးထွက်သွားတယ်လေ .... ဒီလူထွက်သွားပြီးမှ ကျုပ်လည်း သခင်ကြီးအတွက် စိုးရိမ်ပြီးအဆောင်ထဲမှာ ဝင်တွေ့သေးတယ် .... ဒါပေမယ့် သခင်ကြီးကတော့ ဟိုလူရောက်လာတာနဲ့ ပတ်သက်လို့ ကျုပ်ကို ဘာမှ မပြောဘူး .... သခင်ကြီးရဲ့ မျက်စိ မျက်နှာလည်း ပျက်နေတယ် .... သခင်ကြီးရဲ့လျှို့ဝှက်တဲ့ ကိစ္စတစ်ခု ဖြစ်လိမ့်မယ်လို့ ကျုပ်လည်း တွေးမိတာနဲ့ ဘာမှမမေးတော့ဘဲ ပြန်ထွက်လာခဲ့တယ် .... "

တိန့်ထောက်လည်း မည်သို့မျှ ဆက်စပ်၍ စဉ်းစားမရပါချေ

"ဒါနဲ့အခု သခင်ကြီးရော .... အခု ဘယ်မှာလဲ .... ကျွန်တော်နည်းနည်းတီးခေါက်ကြည့်ချင်လို့ပါ .... "

ရဲ့ကျိုထိန်က ခေါင်းကိုခါယမ်းလိုက်ပြီး ....



"မရှိတော့ဘူး .... သူ့ကို ချိန်းထားတဲ့အတိုင်း ထွက်သွားပြီ"

"ဟင် .... ဟုတ်လား .... သခင်ကြီးနဲ့အစ်ကို ဒီမနက်မှာ တွေ့သေးလား .... "

"သူ ထွက်မသွားခင် တွေ့ရပါသေးတယ် .... "

"အစ်ကိုရဲ့ကို ဘာမှ မှာမသွားဘူးလား .... "

"မှာတော့မှာသွားပါတယ် .... သိပ်အရေးကြီးတဲ့ စကားတွေကို မှာသွားပါတယ် .... "

"ဘာတွေမှာသွားတာလဲ .... "

ရဲ့ကျိုထိန်က ပြောရန်ဟန်ပြင်ပြီးမှ မပြောသေးဘဲ ရေနွေးတစ်ခွက်ကို ငုံ၍သောက်လိုက်သည်။

သူသည် ဤစကားကို တိန့်ထောက်အား ပြောသင့်မပြောသင့် ချိန်ဆနေဟန်ဖြင့် ငြိမ်နေပြန်သည်။

ပြီးမှ ယတိပြတ်ဆုံးဖြတ်ချက်ကို ချလိုက်ဟန်ဖြင့် ခေါင်းကိုတစ်ခနဲညိတ်၍ ပြောလေသည်။

"တကယ်တော့ သခင်ကြီးဟာ ဒီစကားကို ကျုပ်တစ်ယောက်တည်း တိုးတိုးတိတ်တိတ် မှာသွားတဲ့ စကားပါ .... ဒါပေမယ့် ညီလေးတိန့်ကို အားကိုးအားထားပြုရမှာဆိုတော့ ကျုပ် ဖွင့်ပြောပြမယ် .... သခင်ကြီးမှာသွားတာကတော့ သူချိန်းဆိုတဲ့နေရာကို ဘယ်သူမှ မသိပါစေနဲ့တဲ့ .... နောက်ပြီး နောက်တစ်နေ့မိုးလင်းလို့မှ သူပြန်ရောက်မလာဘူးဆိုရင်တော့ ချီယွင်ဂေဟာက အမှုထမ်းတွေ အားလုံးကို ထိုက်သင့်တဲ့ အခကြေးငွေပေးပြီး သူတို့ရဲ့ ရပ်ရွာဒေသကို ပြန်လွှတ်လိုက်ပါတော့တဲ့ .... ချီယွင်ဂေဟာအဖွဲ့ကိုလည်း ဖျက်သိမ်းလိုက်

ပြီး ခြံတံခါးတွေကိုလည်း အသေပိတ်ထားလိုက်ရမယ်တဲ့ .... ညီလေးနဲ့ဆရာကြီးမြက်ရိုင်းတို့ ဇနီးမောင်နှံကိုလည်း ပြန်နိုင်းလိုက်ပါတော့တဲ့ .... ဒီစကားတွေဟာ သခင်ကြီးမှာသွားတဲ့ စကားတွေပဲ .... "

တိန့်ထောက်လည်း ရဲ့ကျိုထိန်၏စကားများကို နားထောင်ရင်း လွန်စွာ အံ့သြနေမိသည်။

သခင်ကြီး ချူဟွားဟိ မှာကြားသွားသော စကားများမှာ အလွန်အမင်း အရေးကြီးလှသည်။ တောင်ပိုင်းဒေသတွင် တန်ခိုးအာဏာအကြီးဆုံးဖြစ်သော ချီယွင်အဖွဲ့ကြီးတစ်ဖွဲ့ကို နေ့ချင်း ညချင်း ဖျက်သိမ်းပစ်ရမည်ဆိုသော မှာကြားချက်ကို ထောက်ချင့်၍ ယခု သခင်ကြီးချူဟွားဟိ သွားရောက်သောကိစ္စမှာ သေရေးရှင်ရေးထက်မက အရေးကြီးသောကိစ္စ ဖြစ်လိမ့်မည်။

တိန့်ထောက်ပင်လျှင် သခင်ကြီး ချူဟွားဟိအတွက် စိုးရိမ်ပူပန်သွားမိသည်။

"သခင်ကြီးဟာ အစ်ကိုရဲ့ကို ခုလိုမှာကြားသွားတယ်ဆိုတော့ သူ အခုသွားတာဟာ အန္တရာယ်တွေ့နိုင်တယ်နဲ့ တူတယ်"

ရဲ့ကျိုထိန်မျက်နှာမှာလည်း စိုးရိမ်ပူပန်သောအသွင်ကိုဆောင်နေသည်။ သူသည် ခေါင်းကို ဆတ်ခနဲ ညိတ်၍ ....

"ကျုပ်လည်း ဒီလိုပဲ တွေးမိပါတယ် .... ကျုပ် ဆန္ဒအတိုင်းဆိုရင် သခင်ကြီးနောက်ကို လိုက်သွားဦးမလို့ပါပဲ .... ဒါပေမယ့် သခင်ကြီးက သူ့နောက်ကို ဘယ်သူမှ မလိုက်ရဘူးလို့ သေသေချာချာမှာသွားလေတော့ ကျုပ်လည်း လိုက်မသွားနိုင်တော့ဘူး .... "

"သခင်ကြီးဟာ ဘယ်လိုချိန်းဆိုချက်ရှိလို့ သွားတာလဲ ....



အကိုကော အစ်ကိုရဲ့ မသိဘူးလား .... "

"မသိပါဘူး .... သခင်ကြီးကလည်း သူသွားရတဲ့ကိစ္စနဲ့ပတ်သက်လို့ ရိပ်ဖမ်းသံဖမ်းတောင် ပြောမသွားပါဘူး .... ဒါကြောင့် ဘာကိစ္စမှန်း မသိဘဲ စိတ်မှန်းနဲ့ရမ်းပြီး စိုးရိမ်ပူပန်နေရတာပေါ့ .... "

တိန့်ထောက်လည်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။ ခဏနေမှ အကြံတစ်ခုရပြီး ....

"သခင်ကြီးနောက်ကို ကျွန်တော်လိုက်သွားမယ် ဆိုရင်ကော .... "

ရဲ့ကျိုထိန်က မျက်လုံးပြူး မျက်ဆန်ပြူးနှင့်ခေါင်းကို ခါယမ်း၍ ပြန်ပြောသည်။

"ဟာ .... မဖြစ်ဘူး .... မဖြစ်ဘူး .... ညီလေးတိန့်လိုက်သွားမယ်ဆိုရင်လည်း ကျုပ်က သူ့ရဲ့မှာကြားချက်ကို မနာခံဘူးဆိုပြီး သခင်ကြီးက ကျုပ်ကို စိတ်ဆိုးလိမ့်မယ် .... လိုက်မသွားပါနဲ့ .... "

တိန့်ထောက်ကမူ လိုက်သွားချင်သည်။

သခင်ကြီး ချူးဟွားဟိ မည်သည့်ကိစ္စဖြင့် ချိန်းဆိုပွဲကို သွားရောက်ကြောင်း သိချင်နေသည်။ သူသည် အကြံထုတ်ရင်း ဘာမှ မပြောဘဲ ငြိမ်နေသည်။

ရဲ့ကျိုထိန်က ညည်းညည်းညူညူ ပြောလိုက်ပြန်သည်။

"တကယ်လို့ သခင်ကြီးဟာ ပြန်ရောက်မလာဘူးဆိုရင်တော့ သူမှာသွားတဲ့အတိုင်း ဘယ်လို ကြောင်းပြချက်မှ မရှိဘဲနဲ့ ချီယွင်အဖွဲ့အဖွဲ့ကြီးကို ဖျက်သိမ်းလိုက်ရတော့မှာပဲ .... အနှစ်နှစ်အလလက ဒီလို အခြေအနေမျိုး ရောက်လာအောင် ကြိုးစားတည်ထောင်လာခဲ့တဲ့ အဖွဲ့

ကြီးကို ဖျက်သိမ်းလိုက်မှာတော့ သိပ်ပြီး နှမြောစရာ ကောင်းတာပဲ၊ ယူကျုံးမရလည်း ဖြစ်ကြရလိမ့်မယ် .... အကောင်းဆုံးကတော့ သခင်ကြီးဘေးရန်ကင်းကင်းနဲ့ အချိန်မီ ပြန်ရောက်ပါစေလို့သာ ဆုတောင်းရတော့မှာပဲ .... "

တိန့်ထောက်သည် ယခု သခင်ကြီး ချူဟွားဟိ ထွက်ခွာသွားသည်မှာ သူတို့မိသားစုအတွင်းရေးနှင့်ပတ်သက်လေမလားဟု တွေးမိသည်။

ထိုအတွေးဖြင့်လည်း ရဲ့ကျိုထိန်ကို မေးမိသည်။

"သခင်ကြီးရဲ့မိသားစုအကြောင်းကို အစ်ကိုရဲ့ သိသလောက် ကျွန်တော့်ကို ပြောပြပါလား .... အခု သခင်ကြီး ထွက်သွားတာဟာ မိသားစုအရေးအခင်းနဲ့ ပတ်သက်ချင် ပတ်သက်နေနိုင်တာမို့ ကျွန်တော်တို့ ဆက်စပ်ပြီး တွေးနိုင်အောင်လို့ပါ .... "

ရဲ့ကျိုထိန်က ခဏမျှ မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။ ပြီးမှ သူသည် လေသံမှန်မှန်နှင့်တစ်လုံးချင်း ပြောဆိုလေသည်။

"သခင်မလေးချူကြည်လန်းတို့ရဲ့မေမေ သခင်ကြီးရဲ့ဇနီးဟာ ကွယ်လွန်သွားခဲ့တာ ဆယ့်ရှစ်နှစ်လောက်ရှိသွားပါပြီ .... သခင်ကြီးရဲ့ သားကြီးဟာလည်း တိမ်နဂါးကျောက်ယွင်စိမ်းရဲ့လက်ချက်နဲ့ သေဆုံးခဲ့ရပြန်တယ် .... သခင်ကြီးမှာ ဆွေမျိုးသားချင်းဆိုလို့ သခင်မလေးကြည်လန်တစ်ယောက်ပဲ ကျန်တော့တယ် ဆိုပါတော့ .... သခင်ကြီးဟာ သူ့သမီးကို စောင့်ရှောက်ဖို့ဆိုပြီး သူ့ထက် အသက်နှစ်ဆယ်လောက်ငယ်တဲ့ အမျိုးသမီးတစ်ယောက်ကို လက်ထပ်လိုက်ပါတယ်၊ ဒါပေမယ့် တစ်နှစ်ပြည့်အောင် မပေါင်းလိုက်ရပါဘူး .... အဲဒီအမျိုးသမီး



လည်း အိမ်က ထွက်သွားလိုက်တာ ဒီနေ့အထိ ပြန်ပေါ်မလာဘူး .... သခင်ကြီးရဲ့ဒုတိယဇနီးနဲ့ပတ်သက်လို့ ဘယ်သူ့ကိုမှ ဘာတစ်ခွန်းမှ မပြောတော့ဘူး .... ဘယ်သူကမှလည်း မမေးရဲလို့ မမေးကြပါဘူး။ သခင်ကြီးရဲ့မိသားစုနဲ့ပတ်သက်လို့ ကျုပ် သိထားသမျှတော့ ဒါပါပဲ ညီလေးတိန့် .... "

တိန့်ထောက် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး ....

"အင်း .... ဒီလိုဆိုရင်တော့ သခင်ကြီးဟာ သူ့မိသားစု အရေးအခင်းကြောင့် ထွက်သွားတာမျိုးမဖြစ်နိုင်ပါဘူး .... သခင်ကြီး ထွက်သွားတာကို ဆရာကြီးမြက်ရိုင်းတို့သိအောင် ဖွင့်ပြောမပြဘူးလား"

"ဖွင့်ပြောလို့ မဖြစ်ဘူး .... ဆရာကြီး မြက်ရိုင်းတို့ ဇနီးမောင်နှံသာသိရင် ဘယ်လိုမှ တားလို့ရကြမှာ မဟုတ်ဘူး .... အတင်းလိုက်သွားကြမှာပဲ .... "

တိန့်ထောက်လည်း ထိုင်ရာကထပြီး ခရီးဆောင်အိတ်လွယ်လိုက်သည်။ ခါးတွင်လည်း ဓားကို ချိတ်လိုက်သည်။

ရဲ့ကျိုထိန် အံ့သြသွားပြီး ....

"ညီလေးက ဘယ်ကို သွားမလို့လဲ .... "

"ကျွန်တော် ခရီးထွက်ဦးမယ် အစ်ကိုရဲ့ .... မနေ့က .... ကျွန်တော်ပြောတဲ့ မိတ်ဆွေကြီးနှစ်ယောက်ကို စုံစမ်းရှာဖွေရဦးမယ်၊ သူတို့နှစ်ယောက် ပျောက်နေတဲ့အတွက်လည်း ကျွန်တော် စိုးရိမ်မကင်း ဖြစ်နေရတယ် .... "

"ညီလေးတိန့် ဘယ်တော့ ပြန်လာမှာလဲ .... "

"အတိအကျတော့ မပြောနိုင်ဘူး အစ်ကိုရဲ့ .... အဆင်သင့်

ရင်လည်း ဒီနေ့မိုးမချုပ်ခင် ပြန်ရောင်ချင် ရောက်မယ် .... အဆင်မသင့်ရင်လည်း ကြာချင် ကြာလိမ့်မယ် .... ဒါပေမယ့် ဒီကိုတော့ ကျွန်တော် ဆက်ဆက် ပြန်လာမှာပါ .... သခင်ကြီးရဲ့သတင်းကို ကျွန်တော် ပြန်နားထောင်ရဦးမယ် မဟုတ်လား .... "

ထို့နောက် တိန့်ထောက် ရဲ့ကျိုထိန်ကို နှုတ်ဆက်ပြီး ချီယွင်ဂေဟာမှ ထွက်ခဲ့လေတော့၏။

အခန်း (၉)

## ဥစ္စာကျောက်မျက် အရုက်အလဲလုယ်

တကယ်တော့ ချီယွင်ဂေဟာမှ တိန့်ထောက်ထွက်လာခြင်းမှာ ရဲ့ကျိုထိန်ကို သူပြောခဲ့သလို အားလုံးသိသိုင်းသမားကြီးချမ်းကြည်နှင့်တစ်ဝက်တစ်ပျက် ဗေဒင်ဆရာကြီးတို့ကို ရှာဖွေရန်မဟုတ်ဘဲ သခင်ကြီးချူပွားဟိနောက်ကို တိတ်တဆိတ်လိုက်ပါခဲ့ခြင်းသာ ဖြစ်လေသည်။

သူသည် သွားရင်းလာရင်းမှပင် လမ်းတွင်တွေ့ရသောသူများထံတွင် ကာဖုန်လင်းတောအုပ် မည်သည့်နေရာ၌ ရှိသည်ကို စုံစမ်းခဲ့ရသည်။

သူသည် .... စုံစမ်းရင်းမှ ခရီးစဉ်ကိုတော့ ခပ်သွက်သွက်လျှောက်လာခဲ့သည်။ သူ နောက်ကျသွားပါက သခင်ကြီးချူပွားဟိနှင့်လွဲသွားပြီး လမ်းစပျောက်သွားမည်စိုးလေသည်။

သူသည် ကိုယ်ဖော့ပညာကိုသုံး၍ လီနှစ်ဆယ်ခန့်ကွာဝေး

သော တာဖုန်လင်းတောအုပ်ဆီသို့ တစ်ရှိန်ထိုး ပြေးနှင်လာခဲ့သည်။

တာဖုန်းလင်းတောအုပ်ဆီသို့ ရောက်ခါနီးလေ လူသွားလူလာ ကင်းရှင်းလာလေ ဖြစ်၏။

နောက် လူသွားလူလာဟူ၍ လုံးဝမတွေ့ရတော့ချေ။

တိန့်ထောက်သည် သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်း ပေါက်နေသော တာဖုန်းလင်း တောအုပ်ဆီသို့ ရောက်လာခဲ့သည်။

တောအုပ်ကြီးထဲတွင် မည်သည့်အသံကိုမှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ချက်ချက် လေတိုးလိုက်သဖြင့် သစ်ရွက်သစ်ခက်များ မွတ်ကြိတ်သံများ ပေါ်ထွက်လာသည်။

တောအုပ်အစပ်နားတွင်ပင် တိန့်ထောက်သည် သူ့ခရီးဆောင်အိတ်ထဲမှ ရုပ်ဖျက်ကိရိယာများကို ထုတ်ယူ၍ သူ့ကိုယ်သူ အဘိုးကြီးတစ်ယောက်၏ ရုပ်သွင်မျိုး ရုပ်ဖျက်လိုက်သည်။

ရုပ်ဖျက်ပညာကို သူသည် အချိန်တစ်ခဏနှင့် ရုပ်ပြောင်းသိုင်းသမားကြီးထံမှ ရလိုက်ခြင်းဖြစ်လေသည်။

တိန့်ထောက်သည် သူ၏ ပင်ကိုရုပ်ဖြင့် တောအုပ်ထဲသို့ မဝင်ချင်သောကြောင့် ယခုကဲ့သို့ အဘိုးကြီးအသွင် ရုပ်ဖျက်လိုက်ခြင်း ဖြစ်၏။

သခင်ကြီး ချူဟွားဟီအနေနှင့် သူ့ကို တိန့်ထောက်အနေနှင့် မမြင်စေချင်ပေ။

သူသည် အဘိုးကြီးအသွင်ရုပ်ဖျက်ပြီးနောက် တောအုပ်အတွင်းသို့ ဝင်ရောက်ခဲ့လေသည်။ တောအုပ်မှာ နေပြောက်မထိုး



အောင် အကိုင်းအခက် အလက်အရွက်များဝေဆာ ယှက်နွယ်လျက်ရှိသည်။

သူသည် မျက်စိကို လျှင်လျှင်ထားကာ နားကိုလည်း စွင့်၍ လှုပ်ရှားလှုပ်ရှား လူ့ရိပ်လူ့ရောင်ကို ကြည့်လာခဲ့သည်။ တောအုပ်အတွင်းရှိ မြေကွက်လပ်ကြီးအနီးသို့ ရောက်လျှင် မြေကွက်လပ်အလယ်၌ ရပ်နေသော လူနှစ်ယောက်ကို တွေ့ရလေတော့သည်။

တစ်ဦးမှာ ချီယွင်ဂေဟာသခင်ကြီး ချူဟွားဟီဖြစ်ပြီး နောက်တစ်ဦးမှာ ဝှမ်းကပ်ဝတ်စုံကို ဝတ်ဆင်ထားသော လူရွယ်တစ်ဦးပင်ဖြစ်၏။

မြေကွက်လပ်အတွင်းသို့ နေရောင်မှာ တိုက်ရိုက်ကျနေလေရာ ထိုသူနှစ်ဦးစလုံး နေရောင်အောက်တွင် ဖြစ်နေကြသည်။

တိန့်ထောက်သည် သစ်ပင်ကြီးတစ်ပင်နောက်တွင် ရပ်လိုက်ပြီး ဝှမ်းကပ်ဝတ်စုံနှင့်လူကို သေချာစွာ အကဲခတ်ကြည့်နေသည်။

သူ့အနေနှင့် ဝှမ်းကပ်ဝတ်စုံနှင့်လူကို ယခုမှသာ ပထမဦးဆုံးအကြိမ် တွေ့ဖူးခြင်းဖြစ်၏။ သို့သော် ထိုလူမှာ ညက ချီယွင်ဂေဟာသို့ တိတ်တဆိတ် ဝင်ရောက်ကာ သခင်ကြီး ချူဟွားဟီနှင့်တွေ့ဆုံခဲ့သူပင် ဖြစ်လိမ့်မည်ဟု တိန့်ထောက်တွေးလိုက်မိသည်။

သူသည် အခြေအနေပေါ်မူတည်၍ သခင်ကြီးချူဟွားဟီတို့ပြဿနာထဲသို့ ဝင်ပါရလိမ့်မည်ဟု ဆုံးဖြတ်ထားသည်။

ထိုစဉ် သခင်ကြီး ချူဟွားဟီထံမှ ခံပြင်းဒေါသကြီးစွာဖြင့် ပြောလိုက်သော စကားသံ ပေါ်ထွက်လာလေသည်။

"ကူလျှန်းယီ .... မင်းဟာ လူစိတ်ကင်းနေပြီလား .... စာနာစိတ်ဆိုလို့ နည်းနည်းမှ မရှိတော့ဘူးလား .... "

"ဟား .... ဟား .... ဟား .... ဟား .... ဟား .... "

ဗွမ်းကပ်ဝတ်စုံကို ဝတ်ဆင်ထားသော ကူလျှန်းယီဆိုသူက အားပါးတရ ရယ်မောလိုက်သည်။ ပြီးနောက် မခိုးမခန့်ဖြင့် ပြန်ပြောသည်။

"ချီယွင်ဂေဟာ သခင်ကြီးချူ ခင်ဗျား .... ခင်ဗျားလိုလူက ကျုပ်ကို စာနာစိတ်မရှိဘူးလို့ ပြောနေရသေးတယ်နော် .... ထားပါတော့လေ ထားပါတော့ .... ဒါပေမယ့် ကျုပ်နဲ့အခုလို ရင်ဆိုင်ရလိမ့်မယ်လို့တော့ ခင်ဗျား လုံးဝတွက်ဆမထားဘူး မဟုတ်လား .... အခု ကျုပ်ကို ခင်ဗျားမတွေ့ချင်ပေမယ့် လာတွေ့ချင်နေရပြီလေ .... "

ချူဟွားဟီမှာ ဒေါသဖြစ်လွန်းသဖြင့် မျက်နှာကြီး ရဲရဲနီ အသားများလည်း တဆတ်ဆတ်တုန်နေသည်။ သူသည် တုန်ယင်သော အသံဖြင့် ပြန်ပြောသည်။

"အဲဒီတုန်းက မင်းကို ငါတစ်ခါတည်း မသတ်လိုက်တာ သိပ်မှားသွားတာပဲ .... အဲဒီတုန်းကသာ မင်းကို ငါသတ်လိုက်ရင် ငါ့အတွက် အခုလို စိတ်သောက ရောက်စရာ ကိစ္စရပ်မျိုးတွေ ပေါ်ပေါက်လာမှာ မဟုတ်ဘူး .... "

ကူလျှန်းယီက လှောင်ပြုံး ပြုံးလိုက်ပြီး ....

"ချူဟွားဟီ .... တကယ်တော့ ခင်ဗျားနဲ့ ကျိုးရှုမွှင်ဟာ တကယ်တော့ မတန်ပါဘူး .... ကျိုးရှုမွှမ်းဟာ ခင်ဗျားရဲ့ သမီးအရွယ်



လောက်သာ ရှိတာပဲ .... ကျိုးရှုမွှင် ခင်ဗျားကို ယူခဲ့တာကလည်း ခင်ဗျားကို ချစ်လို့ယူခဲ့တာမှ မဟုတ်ဘဲ ခင်ဗျားရဲ့ဂုဏ်အရှိန်အဝါ ဩဇာအာဏာကို မလွန်ဆန်ဝံ့လို့ ယူခဲ့ရတာပဲ .... "

"တော်စမ်း .... မင်း ပေါက်ကရတွေ လျှောက်ပြောနေနဲ့ သူ့ကို ငါဟာ ငါ့ရဲ့ဆေးပေးမီးယူအဖြစ် ပြီးတော့ ခိုးကိုးရာမဲ့ နေတဲ့ သူ့ကိုလည်း ငါ သနားလို့ ယူခဲ့တာ .... ကျိုးရှုမွှင်ဟာလည်း ငါ့ကို အားကိုးတကြီး တလေးတစားနဲ့ သူကိုယ်တိုင်ရဲ့ ဆန္ဒအရ လက်ထပ်ခဲ့တာ .... "

ကူလျှန်းယီက အသံထွက်အောင် ရယ်လိုက်ပြီး ခေါင်းကို ခါယမ်းကာ ပြန်ပြောသည်။

"မဟုတ်ပါဘူးဗျာ .... မဟုတ်ပါဘူး .... ကျိုးရှုမွှင်ဟာ ခင်ဗျားကို လုံးလုံးမနှစ်သက်ပါဘူး .... သူ တကယ်တမ်းနှစ်သက် မြတ်နိုးတဲ့သူက ကျုပ်ပဲ .... မဟုတ်ဘူးလား .... ဟား .... ဟား .... ဟား .... "

"တော်စမ်း အရှက်မရှိတဲ့ခွေးကောင် .... မင်းဟာ သူများ သားမယားကို ဖြားယောင်းသွေးဆောင်ပြီး ယုတ်ယုတ်မာမာ ကြံစည်ခဲ့တဲ့ကောင်ဆိုတာ ငါအသိဆုံး .... ကျိုးရှုမွှင်ကိုလည်း မင်းဟာ ဖြားယောင်းသွေးဆောင်ပြီး ခေါ်သွားခဲ့တယ် .... မင်းဟာ ငါ့ကို ဒီလောက်အထိ ဒုက္ခပေးခဲ့တာကို အားမရသေးဘူး .... အခုလည်း ဒုက္ခပေးပြန်ပြီ .... "

သစ်ပင်နောက်ကွယ်မှ ချောင်း၍ နားထောင်နေသော တိန့်

ထောက် ယခုမှ တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။

သခင်ကြီးချူဟွားဟီသည် သူ၏ ပထမဇနီးသေဆုံးသွားခဲ့ပြီးနောက် ဒုတိယဇနီးအဖြစ် ယူခဲ့သူမှာ ကျုံးရှူရွှင်ဖြစ်ကြောင်း ယခုမှ သိရ၏။

ကျုံးရှူရွှင်သည် ချူဟွားဟီနှင့်ပေါင်းသင်းနေရာမှ ကူလျှန်းယီ၏သွေးဆောင်ဖြားယောင်းမှုနောက်သို့ လိုက်သွားခဲ့ပုံရလေသည်။

ချူဟွားဟီက ဒေါသတကြီးနှင့်အော်ပြောလိုက်၏။

“မင်းကို ငါ သတ်မယ် ....”

ကူလျှန်းယီက မခိုးမခန့်ရယ်လိုက်ကာ ....

“ဟင်း .... ဟင်း .... ချူဟွားဟီ ကျုပ်ကို ခင်ဗျားသတ်လို့ မဖြစ်ဘူးနော် .... ခင်ဗျားရဲ့ချစ်လှစွာသော သမီးလေးချူကြည်လန်း ကျုပ်ရဲ့လက်ထဲမှာ ဆိုတာလည်း မေ့မထားနဲ့ဦး .... ကျုပ်သေသွားရင် ခင်ဗျားရဲ့သမီးကို ခင်ဗျားတစ်သက်လုံး ဘယ်လိုလုပ်တွေ့ရတော့မှာ လဲ ....”

ထိုစကားကြောင့် ချောင်းကြည့်နေသော တိန့်ထောက်ပင် လျှင် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိသည်။ သခင်ကြီးချူဟွားဟီ၏ သမီး ချူကြည်လန်းမှာ ဓွမ်းကပ်ဝတ်စုံဝတ်ထားသော ကူလျှန်းလီ၏ လက်ထဲတွင် ကျရောက်နေကြောင်းသိရသောကြောင့် ဖြစ်၏။

ကူလျှန်းယီသည် ချူကြည်လန်းကို ဓားစာခံလုပ်၍ သခင်ကြီး ချူဟွားဟီအား အကျုပ်ကိုင်ချိန်းဆိုခဲ့ခြင်းဖြစ်ကြောင်းလည်း ယခုမှ တိန့်ထောက် တွေးမိသည်။



ချူဟွားဟီသည် သူချစ်သော သမီးလေး၏ စိတ်ဖြင့် မည်သူ့ကိုမှ အသိမပေးရဲဘဲ ကူလျှန်းယီချိန်းဆိုရာသို့ လာခဲ့ရခြင်းဖြစ်သည်။

ကူလျှန်းယီသည် ချူဟွားယီကို ချိန်းဆို၍ မည်ကဲ့သို့သော အခွင့်အရေးမျိုးကို တောင်းဆိုမည်ဖြစ်ကြောင်းကိုမူ တိန့်ထောက် စဉ်းစား၍ မရပါချေ။

ချူဟွားဟီသည် သမ်းဖြစ်သူ၏နာမည်ကို ကူလျှန်းယီပါးစပ်မှ ထုတ်ဖော်ပြောလိုက်သောအခါ ငိုင်ကျသွားသည်။ သူသည် အံကို တင်းတင်းကြိတ်၍သာ ကူလျှန်းယီကို ပြန်ပြောသည်။

“ငါ့သမီးကိုတော့ အနာတရဖြစ်အောင် မင်း နည်းနည်းမှ မလုပ်လေနဲ့နော် .... ငါ့သမီးမှာ ဒဏ်ရာနည်းနည်းရတာနဲ့ မင်းတစ်ကိုယ်လုံးကို ငါ နုပ်နုပ်စဉ်းပစ်မယ် .... ဒါကိုတော့ မင်း စွဲစွဲမြဲမြဲ မှတ်ထားပါ ....”

“ဟား .... ဟား .... ဟား .... နတ်သမီးလေးတစ်ပါးလို ချောမောလှပလွန်းတဲ့ ခင်ဗျားရဲ့သမီးကို ကျုပ်က ဘယ်လိုလုပ် အနာတရဖြစ်အောင် လုပ်ပါ့မလဲခင်ဗျာ .... အခုအချိန်ထိ သူ့ကို ကျုပ် ကောင်းကောင်းကြီး စောင့်ရှောက်ထားပါတယ် .... မှဲ့တစ်ပေါက်မစွန်း ရသေးပါဘူး .... အဲဒါပေမယ့် ကျုပ်ရဲ့တောင်းဆိုချက်ကို ခင်ဗျားမလိုက် လျောဘူးဆိုရင်တော့ ခင်ဗျားသမီးရဲ့ အခြေအနေ ကောင်းကောင်း မွန်မွန်ရှိလိမ့်မယ်လို့ ကျုပ် အာမခံနိုင်ဘူး ....”

“တော်စမ်း .... ခွေးကောင် ....”

“ရှမ်း ....”

ချူပွှားဟီက ဆက်လက်နားထောင်နိုင်စွမ်း မရှိတော့
ဓားကို ဆွဲထုတ်လိုက်လေသည်။

ကူလျှန်းယီကမူ ကြောက်ရွံ့တုန်လှုပ်ခြင်း လုံးဝမရှိဘဲ ယ
မောရင်းက ပြောသည်။

"ချူပွှားဟီ ခင်ဗျား ကျုပ်ကို တိုက်ခိုက်ပြီး သတ်မလို့လာ
ခင်ဗျား သတ်မယ်ဆိုရင် ကျုပ်က လုံးဝမခုခံဘဲ အသေခံလိုက်ပါ့မယ်
ဒါပေမယ့် ကျုပ်က ခင်ဗျားသမီးကို ဝှက်ထားတဲ့လူဆိုတော့ ကျု
သေသွားရင် ခင်ဗျား ဘယ်လိုလုပ်လိုက်ရှာမလဲ .... ချူကြည်လ
ခများ အစာရေစာငတ်ပြတ်ပြီး သေဆုံးရတော့မှာပေါ့ ...."

ချူပွှားဟီမှာ စိတ်ထိခိုက်လွန်းသဖြင့် ဓားကိုင်ထားသေ
သွေးအေးလက်သည် တုန်ယင်နေလေသည်။ သူသည် မချိတင်
လေသံဖြင့် မေးလိုက်သည်။

"ကျုပ် သမီးဘယ်မှာလဲ .... "

"ဟား .... ဟား .... ဒီလို လွယ်လွယ်နဲ့ ကျုပ် ဘယ်
နိုင်ပါ့မလဲ .... ကျုပ်ရဲ့တောင်းဆိုချက်တွေကို ခင်ဗျား မေ့သွားပြီလ

"ကူလျှန်းယီ မင်းက တကယ်ပဲ ငါရဲ့စည်းစိမ်ဥစ္စာတွေ
အပိုင်စီးဖို့ ဆုံးဖြတ်ပြီးပြီလား .... "

"ဟား .... ဟား .... ဟား .... ခင်ဗျားဟာ ဒီတောင်
ဒေသတခွင်မှာ ဩဇာလွှမ်းမိုး မင်းမူလာခဲ့တာ ကြာလှပါပြီ ... ချီ
ဂေဟာ သခင်ကြီးအနေနဲ့ စည်းစိမ်ခံစားလာခဲ့တာလည်း ကြာ
ပြီ .... ဒီတော့ ခင်ဗျားရဲ့စည်းစိမ်ဩဇာအာဏာတွေကို ကျုပ်ကိုလ



တစ်လှည့်လောက် ဆက်ခံခွင့်ပေးဦးမှပေါ့ .... ခင်ဗျားတို့ သားအဖနှစ်
ယောက်အတွက် တစ်သက်လုံး အေးအေးချမ်းချမ်းနဲ့ စားသောက်နိုင်
လောက်အောင် ငွေကြေးဥစ္စာတွေကိုတော့ ယူသွားနိုင်ပါတယ် ....
ကျုပ်က ပေးလိုက်ပါ့မယ် .... ခင်ဗျား အနေနဲ့ တစ်နေရာမှာ သေတဲ့
အထိ ဇာတ်မြှုပ်နေရလိမ့်မယ် .... ကဲ .... ဘယ့်နှယ်လဲ .... ခင်ဗျား
ရဲ့ ချီယွင်ဂေဟာ ခံစားခွင့်အားလုံး ကျုပ်ကို ပေးမလား .... မပေး
ဘူးလား .... "

ချူပွှားဟီမှာ စိတ်လှုပ်ရှားလွန်းသဖြင့် မျက်စိမျက်နှာ ပျက်
နေသည်။ သူ၏အမူအရာက သမီးဖြစ်သူကို ချစ်သည့် ဇောနှင့်ကူလျှန်း
ယီ၏ တောင်းဆိုချက်ကို လိုက်လျောတော့မည့် အမူအရာမျိုး ဖြစ်နေ
သည်။ သူသည် သက်ပြင်းရှည်ကြီးတစ်ချက်ကို ချလိုက်ပြီး ....

"ကူလျှန်လီ ကျုပ်သမီး ဘယ်မှာလဲ .... မင်းရဲ့တောင်းဆို
ချက်တွေကို ကျုပ်လိုက်လျောမယ်ဆိုရင် ကျုပ် သမီးကို အန္တရာယ်
ကင်းကင်းနဲ့ ကျုပ်လက်ပြန်အပ်မှာလား .... "

ကူလျှန်းယီက အောင်နိုင်သူတို့၏ အပြုံးမျိုးနှင့်ပြုံးလိုက်ပြီး

"စိတ်ချပါ ချူပွှားဟီ .... ကျုပ်ရဲ့ တောင်းဆိုချက်တွေကို
ခင်ဗျား လိုက်လျောမယ် ဆိုရင်တော့ ခင်ဗျားသမီးကို မွဲ့တစ်ပေါက်
မှ မစွန်းစေရဘဲ ခင်ဗျားလက်ထဲကို ပြန်အပ်ပါ့မယ် .... ကျုပ်တောင်း
ဆိုချက်ကို ခင်ဗျားလိုက်လျောမယ် မလိုက်လျောဘူး ဆိုတာသာ
ခပြတ်ပြောပါ .... "

ချူပွှားဟီသည် အတန်ကြာအောင် စဉ်းစားနေသည်။ သူ၏

စိတ်ထဲတွင် လွန်စွာလှုပ်ရှားနေကြောင်း မျက်နှာပြင်ဝယ် ပေါ်လွင်
နေသည်။ သူ့မျက်လုံးအိမ်ထဲတွင်လည်း မျက်ရည်များ ရစ်ဝဲနေသည်။

ချူဟွားဟီက ကူလျှန်းယီ၏တောင်းဆိုချက်ကို လိုက်လျော
မည်ဟု ပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် သစ်ပင်နောက်ကွယ်မှာ ပုန်း
ကွယ်နေသော တိန့်ထောက်လည်း ကွက်လပ်ထဲသို့ ခုန်ထွက်လိုက်
လေသည်။

ကူလျှန်းယီက တိန့်ထောက်ကို မြင်သောအခါ ထိတ်လန့်
တုန်လှုပ်သွားသည်။ ချူဟွားဟီကမူ လွန်စွာ အံ့သြတကြီး ဖြစ်သွား
သည်။

ချူဟွားယီသည် အဘိုးကြီးတစ်ယောက်အသွင် ရုပ်ဖျက်ထား
သော တိန့်ထောက်ကို တိန့်ထောက်မှန်း မသိချေ။

ကူလျှန်းယီက တိန့်ထောက်ကို ကြည့်လိုက်ပြီး မေးလိုက်
သည်။

"ခင်ဗျား ဘယ်သူလဲ .... "

တိန့်ထောက်က အေးစက်စက်လေသံဖြင့် ပြန်ပြောလေ
သည်။

"ငါဟာ မင်းရဲ့သေမင်းပဲ .... "

ကူလျှန်းယီသည် ချူဟွားဟီကို ဒေါသတကြီး ဖျတ်ခနဲ ကြည့်
လိုက်ပြီး အော်ပြောလိုက်သည်။

"ချူဟွားဟီ .... ခင်ဗျားက ကတိစကားကို ဖျက်ပြီး ခင်ဗျား
ရဲ့လူတွေကို နောက်က လိုက်လာနိုင်းတယ်ပေါ့ ဟုတ်လား ...."



ချူဟွားဟီက ထိတ်ထိတ်ပျာပျာနှင့်ခေါင်းကို သွက်သွက်ခါ
[…]း‌သည်။ တိန့်ထောက် ကိုယ်တိုင်ကလည်း ချူဟွားဟီအပေါ်
[…]လျှန်းယီက ထိုကဲ့သို့ ထင်မြင်သွားသည်ကို မလိုလားပါချေ။

ကူလျှန်းယီကသာ ထိုကဲ့သို့ ထင်မြင်သွားပါက ချူကြည်လန်း
[…]တွက် များစွာအန္တရာယ်ရှိနိုင်လေသည်။ ထို့ကြောင့် တိန့်ထောက်
ကမန်းကတန်း ဝင်ပြောလိုက်ရသည်။

"ဒီမှယ် မင်း ပေါက်ကရတွေ လျှောက်ပြောမနေနဲ့ .... ငါဟာ
[…]နဲ့ဘာမှ မဆိုင်ဘူး .... ငါဟာ ခရီးသွားတစ်ယောက်ပဲ .... မင်းတို့
[…]ယောက် ပြောဆိုနေသံကို ကြားရလို့ ဝင်လာခဲ့တာပါပဲ .... ငါကြား
[…]အတိုင်းဆိုရင် မင်းဟာ ဒီလူရဲ့သမီးကို မတရား ချုပ်နှောင်ထား
[…]ယ် .... ပြီးတော့ ဒီလူ့ဆီက အခွင့်အရေးတွေကို ခြိမ်းခြောက်တောင်း
[…]နေတယ် .... ဟုတ်တယ် မဟုတ်လား .... "

ကူလျှန်းယီက လက်ကိုဝှေ့ယမ်း၍ အော်ပြောလိုက်လေသည်။

"ဟေ့လူ .... ခင်ဗျား အေးအေးဆေးဆေး သွားမယ်ဆိုရင်
[…]ကောင်းလိမ့်မယ်ထင်တယ် .... "

တိန့်ထောက်က ရယ်၍ ....

"မင်းကို ငရဲပြည်မှာ စည်းစိမ်နဲ့နေရအောင် ဆောင်ရွက်ပေး
[…] ငါ့ကို မင်းက နှင်ထုတ်နေရသေးသလား .... "

"ဘာ .... "

ကူလျှန်းယီ ဒေါသဖြစ်သွားပြီး တိန့်ထောက်ထံ ခုန်လွှား
[…]ခိုက်လေတော့သည်။ ကူလျှန်းယီ၏လက်ထဲတွင် ဓားတစ်လက်

ရောက်လာပြီး သူ၏ဓားက ဝင်းဝင်းလက်သွားသည်။

တိန့်ထောက်နှင့်ကူလျှန်းယီ လူချင်းပူကပ်သွားသည်။

"အား .... "

အော်သံတစ်ချက် ပေါ်လာပြီးနောက် ကူလျှန်းယီနောက်ကို ဒယီးဒယိုင် ဆုတ်သွားသည်။ သူ၏ကိုယ်ပေါ်တွင်လည်း ဓားဒဏ်ရာ သုံးချက်တိတိရသွားပြီး သွေးများ စိမ့်၍ ထွက်လာသည်။

အံ့သြဖွယ်ကောင်းလောက်အောင် သွက်လက်ထက်မြက်လှသော တိန့်ထောက်၏ဓားချက်ကို ကူလျှန်းယီက အထိတ်တလန့် ဖြစ်သွားရသည်။ ကူလျှန်းယီသည် တိန့်ထောက်ကို တစ္ဆေသရဲမြင်ရဘိသကဲ့သို့ မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

ထိုစဉ် ချူဟွားဟီက အဘိုးကြီးတစ်ယောက် အသွင်ရုပ်ဖျက်ထားသော တိန့်ထောက်ကို လက်ဖမိုးနှစ်ဘက်ယှက်၍ ကမန်းကတန်းဝင်ပြောသည်။

"မိတ်ဆွေကြီး .... အခုလို ကျွန်တော့်ကို ဝင်ကူတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ် .... ဒါပေမယ့် သူ့ကို မသတ်ဖို့ ကျွန်တော် တောင်းပန်ပါတယ် .... "

တိန့်ထောက်က ရက်စက်ကြမ်းကြုတ်သော အကြည့်မျိုးဖြင့် ကူလျှန်းယီကို စူးစူးရဲရဲ ကြည့်နေသည်။

ကူလျှန်းယီရထားသော ဓားဒဏ်ရာသုံးချက်မှာ သွေးများဖြာထွက်နေတုန်းပင် ဖြစ်၏။ သူသည် တိန့်ထောက်ကို ထပ်မံ၍ မတိုက်ရဲတော့ချေ။



တိန့်ထောက်က ကူလျှန်းယီအနီးသို့ ဖျတ်ခနဲ ရောက်သွားဓားဦးဖြင့် ကူလျှန်းယီ၏ ရင်ဝကို ချိန်ရွယ်ထားလိုက်သည်။ ကူ...းယီမှာမူ အနည်းငယ်မျှပင် မလှုပ်ရှားရဲတော့ချေ။

တိန့်ထောက်က တင်းမာပြတ်သားသော လေသံဖြင့် ပြော...်သည်။

"မင်းရဲ့အသက် မသေစေချင်ရင် .... ဟိုနောင်ကြီးရဲ့သမီးကို ...ဘယ်မှာ ဝှက်ထားတယ်ဆိုတာ .... အမှန်အတိုင်း ဖွင့်ပြောရလိမ့် .... "

ကူလျှန်းယီမှာ ထိတ်လန့် ကြောက်ရွံ့စိတ်ကြောင့် တဆတ်...တုန်ယင်နေသည်။ သူ့နဖူးပြင်မှလည်း ဇောချွေးများ ထွက်လာ...ည်။

"ဟား .... ဟား .... ဟား .... ဟား .... ဟား .... "

"ဟီး .... ဟီး .... ဟီး .... ဟီး .... "

ထိုစဉ် ချောက်ချားဖွယ်ရာ ရယ်မောသံကြီးတစ်သံ ရုတ်...က် ပေါ်ထွက်လာလေသည်။

ရယ်သံကြီးမှာ သစ်ပင်တစ်ပင်၏ နောက်ကွယ်မှ ပေါ်ထွက်...ခြင်း ဖြစ်သည်။

တိန့်ထောက်သည် ရယ်သံကြီးပေါ်ထွက်လာရာဆီသို့ ဖျတ်...ကြည့်၍ လေသံမာမာဖြင့် မေးလိုက်သည်။

"ဘယ်သူလဲ .... ယောကျ်ားပီပီ ထွက်ခဲ့စမ်းပါ .... "

"ဟား .... ဟား .... ဟား .... ဟား .... "

ရယ်မောသံနှင့်အတူ သစ်ပင်နောက်ကွယ်မှ လူတစ်ယောက် ခုန်ထွက်လာလေသည်။ ထိုလူမှာ ခန္ဓာကိုယ် ပိန်လှီလှသော အဘိုးအိုကြီးတစ်ယောက်ပင် ဖြစ်လေသည်။

သူသည် နားရွက်နှစ်ဘက်စလုံး ဖုံးအုပ်စေသော သားမွေးဦးထုပ်တစ်လုံးကို ဆောင်းထားသည်။ သူ့ကိုယ်ပေါ်တွင်လည်း သားမွေးရေ အင်္ကျီတစ်ထည်ကို ဝတ်ထားသည်။

ထို အဘိုးအိုကို တိန့်ထောက် တစ်ခါဖူးမှ မမြင်ဘူးပါချေ။

## အခန်း (၁၀)

## မြှမ်းမြောက်ခြင်းနှင့် အသုံးချခံရခြင်း

တိန့်ထောက်သည် အဘိုးအိုးကို အကဲခတ်ကြည့်၍ မေးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ .... ခင်ဗျားက ဒီလူဆိုးဘက်ကနေပြီးတော့ ဝင်ဟူဖို့ ရောက်လာတဲ့ သူလား ...."

တိန့်ထောက် မေးလိုက်သည်ကို အဘိုးအိုက ခေါင်းညိတ်၍ မခိုးမခန့် ပြန်ဖြေသည်။

"ဟုတ်တယ် .... အဲဒါ ဘာဖြစ်သလဲ ...."

"ခင်ဗျားနာမည် ဘယ်သူလဲ ...."

"ငါ့မှာ နာမည်မရှိဘူး ...."

တိန့်ထောက်၏လေသံက ပြတ်သားသလို အဘိုးအို၏လေသံကလည်း ပြတ်သားလှသည်။

အဘိုးအို၏ မထီလေးစားပြောဆိုမှုကြောင့် တိန့်ထောက် ဒေါသဖြစ်သွားပြီး ....

"ကောင်းပြီ .... နာမည်မရှိတဲ့ခင်ဗျားကို ကျုပ်က သေမင်းနိုင်ငံ ပို့မေးမယ် ...."

တိန့်ထောက်သည် ပြောပြောဆိုဆိုပင် သူ၏ ဘယ်ဘက်လက်က ကူလျှန်းယီ၏ သွေးကြောကို ဖမ်းပိတ်လိုက်ပြီး ညာဘက်လက်က ဓားကို ဇွေယမ်းကာ အဘိုးအိုထံသို့ ခုန်လွှားတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

အဘိုးအိုက ပြုံး၍ လက်ကာပြလိုက်ပြီး ....

"နေပါဦးကွ .... မင်းလည်း ရုပ်ပြောင်းရုပ်လွှဲအတော်ကောင်းတာပဲ .... ဒါပေမယ့် ငါ့မျက်စိကိုတော့ မင်းလှည့်စားလို့ မရပါဘူး ...."

တိန့်ထောက် ထိတ်ခနဲ ဖြစ်သွားသည်။ မိမိရုပ်ဖျက်ထားသည်ကို အဘိုးအိုကြီး သိသည့်အတွက်လည်း အံ့သြတကြီး ဖြစ်သွားမိသည်။

ထိုအဘိုးအိုကြီး မည်သူဖြစ်သည်ကိုလည်း တိန့်ထောက် စဉ်းစားလိုက်၏။

ထိုစဉ် အဘိုးအိုထံမှ စကားသံပေါ်လာပြန်သည်။

"မင်းဟာ ရောင်ခြည်သိုင်းသမား တိန့်ထောက် မဟုတ်လား"

အဘိုးအိုက သူ၏နာမည်ကို တိတိကျကျထုတ်ဖော်ပြောဆိုလာသောအခါ တိန့်ထောက် ပို၍ ထိတ်လန့်အံ့သြသွားရလေသည်။

သခင်ကြီး ချူပွားဟီကလည်း ထိုအခါမှ အဘိုးကြီးအသွင်ရုပ်ဖျက်ထားသော တိန့်ထောက်ကို အံ့သြတကြီး လှမ်းကြည့်နေသည်။

တိန့်ထောက်က ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား



ရာမှ အဘိုးအိုကြီးကို မေးမြန်းလိုက်သည်။

"ခင်ဗျား .... ဘယ်သူလဲ ...."

အဘိုးအိုကြီးက မဲ့ပြုံး ပြုံးလိုက်ပြီး ....

"ငါ .... ဘယ်သူလဲဆိုတာ အရေးမကြီးပါဘူးလေ .... အရေးကြီးတာက ဒီကိစ္စမှာ မင်း မပါဖို့ဘဲ အရေးကြီးတယ် တိန့်ထောက်"

တိန့်ထောက်လည်း ရုပ်ဖျက်ထားရန် မလိုတော့သဖြင့် သူ့မျက်နှာမှ မုတ်ဆိတ်မွေး၊ ဆံပင်တုများကို ဆွဲဖြုတ်လိုက်သည်။

သူ့မျက်နှာကို လိမ်းခြယ်ထားသော ဆေးများကိုလည်း ဖွတ်ဖျက်လိုက်သည်။

တိန့်ထောက်၏ မူလရုပ်သွင်ပေါ်လာသည်။

"ဟင် .... တိန့်ထောက်ပါလား ...."

သခင်ကြီး ချူပွားဟီက အံ့သြတကြီး တီးတိုးရေရွတ်သည်။ သူသည် ယခုမှပင် အဘိုးကြီးအသွင် ရုပ်ဖျက်ထားသူမှာ တိန့်ထောက်မှန်း သိရတော့၏။

သားမွေးဦးထုပ်နှင့်အဘိုးကြီးက တိန့်ထောက်ကို ဆက်ပြောပြန်သည်။

"ရောင်ခြည်သိုင်းသမား .... ကိုယ်နဲ့မဆိုင်ဘဲ ဘာဖြစ်လို့ သူများကိစ္စကို ဝင်ပြီး စွက်ဖက်ချင်ရတာလဲ .... စွက်ဖက်မယ်ဆိုရင်လည်း ကိုယ့်အတွက် အန္တရာယ်များနိုင်မယ် ဆိုတာကိုလည်း ချင့်ချိန်ကြည့်ဦးမှပေါ့ .... အခုကိစ္စမှာလည်း မင်း စွက်ဖက်လို့ အကြောင်းထူးလာမှာ မဟုတ်ပါဘူး .... ချူပွားဟီရဲ့သမီးက တို့ရဲ့လက်ထဲမှာ

ရှိနေတာပဲ .... မင်း ဘာလုပ်လို့ ရမှာလဲ .... "

"ခင်ဗျားတို့က ယုတ်ယုတ်မာမာ ကြံစည်ကြတာပဲ .... "

ဒေါသဖြစ်လွန်းသဖြင့် တိန့်ထောက်၏အသံက ကျယ်လောင်သွားသည်။

သားမွေးဦးထုပ်ဆောင်းထားသော အဘိုးအိုက အသံထွက်အောင် ရယ်လိုက်ပြီး ....

"ဟား .... ဟား .... ဟား .... ဟား .... တို့က မယုတ်မာပါဘူးကွာ .... တို့ကိစ္စ အောင်မြင်ဖို့အတွက် အခုလို လုပ်ရမယ်လို့ တွက်မိလို့ တို့လည်း လုပ်ရတာပဲ .... ဒါဟာ အပိုင်ကိုင်ထားတာလို့ ခေါ်တယ်ကွ .... ယုတ်မာတာ မဟုတ်ဘူး .... အေး .... တို့က ချူဟွားဟီရဲ့သမီးကို စော်စော်ကားကား လုပ်မှသာ ယုတ်မာတယ်လို့ ပြောလို့ရမှာ .... ခုကိစ္စက ချူဟွားဟီကို သူ့ရဲ့စည်းစိမ်နဲ့တို့ဆီမှာ ရောက်နေတဲ့ သူ့သမီးနဲ့ လဲလှယ်ဖို့ ဆွေးနွေးနေကြတာပဲ .... ဒီတော့ ဒီကိစ္စမှာ မင်းဝင်မပါတာ အကောင်းဆုံးပဲ .... ချူဟွားဟီရဲ့စိတ်ကြိုက်သာ ဆုံးဖြတ်ပါစေ .... မင်းနောက်ဆုတ်သွားပါ .... "

"နောက်မဆုတ်နိုင်ဘူး .... "

တိန့်ထောက်က ပြောပြောဆိုဆို သူ့အနီးတွင် သွေးကြောပိတ်ခံထားရသော ကူလျန်းယီ၏ပခုံးကို သူ့ဘယ်ဘက်လက်နှင့်ဆုပ်ကိုင်လိုက်သည်။ ပြီးမှ သူသည် သားမွေးဦးထုပ်ဆောင်းအဘိုးအိုကို လှည့်ပြောသည်။

"အခု .... ခင်ဗျားရဲ့လူကျုပ်လက်ထဲမှာ ရောက်နေပြီ ....



ဒီတော့ ဒီလူနဲ့ သခင်ကြီးချူဟွားဟီရဲ့သမီးနဲ့အလဲအလှယ် လုပ်မယ်၊ ဘယ့်နှယ်လဲ .... "

ကူလျန်းယီမှာ ထိတ်လန့်လွန်းသဖြင့် မျက်နှာပြင်မှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

တိန့်ထောက်က ကူလျန်းယီသွေးကြောကို ဖွင့်ပေးလိုက်သည်။ ပခုံးကိုမူ ပိုင်နိုင်စွာ ဖျစ်ညှစ်ဆုပ်ကိုင်ထားသည်။

ကူလျန်းယီသည် ချွေးများပြန်နေကာ သားမွေးဦးထုပ်နှင့် အဘိုးအိုကို အားကိုးတကြီး လှည့်ကြည့်သည်။

သူသည် သူ၏မျက်လုံးအစုံဖြင့် အဘိုးအိုကို အကူအညီတောင်းခံနေလျက်ရှိသည်။

အဘိုးအိုက အေးစက်စက်လေသံဖြင့် တိန့်ထော က်ကို အမိန့်ပေးသည်။

"သူ့ကို လွှတ်လိုက် .... "

တိန့်ထောက် ခေါင်းကို ခါယမ်း၍ ....

"မလွှတ်နိုင်ဘူး .... သူ့ကို လွှတ်စေချင်ရင် သခင်ကြီးရဲ့သမီးကို ခုချက်ချင်း သွားခေါ်လာခဲ့ပါ .... ဒါဆိုရင် ခင်ဗျားရဲ့လူကိုလည်း လွှတ်ပေးမယ် .... "

အဘိုးအိုက မျက်နှာမဲ့လိုက်ပြီး ....

"ဟင်း .... ဟင်း .... မင်းက ဒီနည်းကိုသုံးပြီး ငါ့ကို ခြိမ်းခြောက်လို့ရမလား .... ဒီနည်းနဲ့ငါ့ကို အကျပ်ကိုင်လို့တော့ ရလိမ့်မယ် မထင်နဲ့ .... "

"ခင်ဗျားရဲ့တပည့်ကို ခင်ဗျားက မနေ့မြော်ဘူး ဆိုပါတော့"

"အေး ...."

အဘိုးအိုရဲ့လက် ရုတ်တရက် လှုပ်ရှားလိုက်သည်။ အဘိုးအို၏ လက်မှ လက်နက်ပုန်းတစ်ခု ပေါ်ထွက်လာသည်ကို တိန့်ထောက် မမြင်ရပါချေ။

"အင့် ...."

သို့သော် ကုလျှန်းယီ၏ခန္ဓာကိုယ်ကြီး ဆတ်ကနဲ တုန်ခါသွားသည်။ ထို့နောက် ဒူးညွှတ်ကွေး၍ လဲကျသွား။

အဘိုးအိုကြီးကိုယ်တိုင် သူ့တပည့်၏ အသက်ကို လုပ်ကြံသတ်ဖြတ်လိုက်လေပြီ။

သူသည် ရက်စက်ယုတ်မာသူတစ်ယောက်ပင် ဖြစ်၏။

တိန့်ထောက်သည် ဒေါသတကြီးဖြင့် အဘိုးအိုထံ ခုန်လွှား၍ တိုက်ခိုက်လေတော့သည်။

သူ၏လက်မှ ဓားသည် အဘိုးအိုခန္ဓာကိုယ်အနီးသို့ အရှိန်ပြင်းစွာ ဝှေ့ယမ်းရောက်ရှိသွားသည်။

အဘိုးအိုသည် အံ့သြဖွယ်ကောင်းလောက်အောင် ကိုယ်ဖော့ပညာ ကောင်းလွန်းသူတစ်ယောက် ဖြစ်၏။

သူသည် တိန့်ထောက်၏ ဓားချက်ကို သွက်လက်စွာ ရှောင်တိမ်းနိုင်သည်။

တိန့်ထောက်သည် လေကိုသာ ဓားနှင့်ခုတ်မိလေသည်။

"ဝှစ် .... ဝှစ် .... ဝှစ် .... ဝှစ် ...."



ချီယွင်ဂေဟာ သခင်ကြီးလည်းစိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ ဓားကိုတရကြမ်း ဝှေ့ယမ်း၍ သားမွေးဦးထုပ်ဆောင်းထားသော အဘိုးအိုကို ဝင်တိုက်လေသည်။

အဘိုးအိုက နောက်ကို ပေသုံးဆယ်အကွာအဝေးအထိ ဆက်တိုက် ခုန်ဆုတ်သွားတော့၏။

ပြီးမှ သူသည် ချူဟွားဟီကို ကြည့်ကာ ခက်ထန်မာကျောသော လေသံဖြင့် ပြောလိုက်၏။

"ချူဟွားဟီ .... ခင်ဗျားတို့ နှစ်ယောက်စလုံး ရပ်လိုက်ကြပါ။ နို့မဟုတ်ရင် ကျုပ်လက်ထဲမှာ ရောက်နေတဲ့ ခင်ဗျားသမီးလည်း ဒုက္ခများသွားမယ် ...."

ချူဟွားဟီသည် အဘိုးအိုကို ဆက်မတိုက်ရဲတော့ချေ။ တိန့်ထောက်လည်း တိုက်ခိုက်ရန် ခက်သွားသဖြင့် အဘိုးအိုကိုသာ စူးစူးစိုက်စိုက်ကြည့်၍ မေးမြန်းလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ ...."

အဘိုးအိုက ပြုံးလိုက်ပြီး ....

"ငါ ဘယ်သူလဲဆိုတာ မင်းကို ပြောပြဖို့ အချိန်မရှိဘူး .... မင်း ဘာသာ မင်းပဲ စဉ်းစားကြည့်ပေါ့ကွာ ...."

အဘိုးအိုက တိန့်ထောက်ကို ထိုမျှသာ ပြောလိုက်ပြီး .... ချူဟွားဟီဘက်သို့ လှည့်၍ ဆက်ပြောသည်။

"ချူဟွားဟီ ကျုပ် တောင်းဆိုချက်တွေကို ခင်ဗျားလိုက်လျောနိုင်မယ် မလိုက်လျောနိုင်ဘူးဆိုတာ ခင်ဗျားယတိပြတ်စဉ်းစား

ထားပါ .... လိုက်လျောမယ် ဆိုရင်တော့ ခင်ဗျားသမီးကို ဘေးမသီ ရန်မခ ပြန်လွှတ်ပေးမယ် .... ခင်ဗျားတို့သားအဖ တစ်သက်စာ ဖူဖူလုံလုံ စားသောက်နိုင်အောင်လည်း ငွေကြေးဥစ္စာတွေကို ပေးလိုက်မယ် .... ချိုယွင်ဂေဟာကိုတော့ ကျုပ်ကိုလွှဲအပ်ပေးရမယ် .... အဲ ကျုပ်ရဲ့တောင်းဆိုချက်ကို မလိုက်လျောဘူးဆိုရင်တော့ ခင်ဗျားရဲ့ သမီးချောကလေးအတွက် ခင်ဗျားတစ်သက်လုံး စိတ်မကောင်းဖြစ် သွားရမယ် .... မကြာခင် ကျုပ် ဆက်သွယ်မယ် .... ဒီတော့ အဖြေကို လိုချင်တယ် .... "

စကားဆုံးသည်နှင့် အဘိုးအို ချာခနဲလှည့်ကာ ကိုယ်ဖျောက် ပညာကိုသုံး၍ တောအုပ်ထဲသို့ ဝင်ပြေးသွားလေတော့သည်။

တိန့်ထောက်သည် အဘိုးအိုနောက်ကို တစ်ရှိန်ထိုးပြေးလိုက် သွားသော်လည်း အဘိုးအို၏ အရိပ်အယောင်ကို မတွေ့ရတော့ချေ။

အဘိုးအို၏ ကိုယ်ဖျောက်ပညာမှာ သူထက်များစွာ ကောင်း နေလေသည်။

တိန့်ထောက်လည်း စိတ်လျှော့လိုက်ပြီး ချူဟွားဟီရှိရာသို့ ပြန်လာခဲ့သည်။

ချူဟွားဟီသည် မြေတွင်လဲကျ ငြိမ်သက်နေသော ကူလျှန်း ယီကို ကြည့်နေရာမှ သူ့အနားသို့ ရောက်လာသော တိန့်ထောက်ကို လှည့်၍ ပြောလိုက်သည်။

"သူ အသက်မရှိတော့ဘူး တူမောင် .... "

"သူ့အလောင်းကို စစ်ကြည့်ပြီးပြီလား သခင်ကြီး .... "



"စစ်တော့ မစစ်ကြည့်ရသေးဘူး .... "

"ဒါဖြင့် စစ်ကြည့်ရအောင် .... "

တိန့်ထောက်က ပြောပြောဆိုဆို ကူလျှန်းယီ၏အလောင်း အနီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။

ထို့နောက် တိန့်ထောက်နှင့်ချူဟွားဟီတို့နှစ်ယောက်စလုံး ကူလျှန်းယီ၏အလောင်းကို သေချာစွာ စစ်ဆေးကြည့်ကြသည်။

အလောင်းတွင် တိန့်ထောက်၏လက်ချက်ကြောင့် ရထား သောဓားဒဏ်ရာသုံးချက်မှအပ အခြားမည်သည့်ဒဏ်ရာကိုမှ မတွေ့ ကြချေ။

ချူဟွားဟီးက အံ့သြတကြီးဖြင့် ပြောသည်။

"သူ့မှာ သေလောက်တဲ့ဒဏ်ရာဆိုလို့ ဘာဒဏ်ရာမှ မတွေ့ ပါလား .... တူမောင်ကို အဘိုးကြီးက လက်နက်ပုန်းနဲ့ ပစ်လိုက်တာ လို့ ကျုပ်က ထင်နေတာ .... အခုတော့ လက်နက်ပုန်းထိမှန်ထားတဲ့ အရာကိုလည်း ရှာမတွေ့ဘူး .... ဘယ်လိုနည်းနဲ့ သူ့တပည့်ကို သတ် လိုက်တာပါလိမ့် .... "

တိန့်ထောက်သည် တစ်စုံတစ်ခုကို တွေးမိ၍ အံ့သြတုန်လှုပ် သွားသည်။

သူသည် ချူဟွားဟီကို ဘာမျှ ပြန်မပြောသေးဘဲ အလောင်း၏ ဦးခေါင်းတစ်ဝိုက်ကို စေ့စေ့စပ်စပ် ရှာဖွေကြည့်သည်။

မကြာခင်မှာပင် ကူလျှန်းလီ၏ညာဘက်နားရွက်နောက်နား တွင် မည်းမည်းအစက်တစ်စက်ကို ဖွေရတော့သည်။ သေချာသွားပြီ

ဖြစ်သဖြင့် သူသည် ချူဟွားဟီကို ပြောလိုက်သည်။

"ဒီလူဟာ အဆိပ်မိသွားတာပဲ သခင်ကြီး .... "

ချူဟွားဟီ အံ့သြသွားပြီး ....

အဆိပ်မိသွားတာ ဟုတ်လား .... မဖြစ်နိုင်ဘူးထင်တယ်၊ အဆိပ်မိတယ်ဆိုရင် အလောင်းရဲ့မျက်နှာက ညိုမည်းမည်းဖြစ်နေမှာပေါ့ .... "

"ဒီအဆိပ်မျိုးကို မိတဲ့သူဟာ အဆိပ်မိတဲ့ လက္ခဏာကိုမပြဘူး သခင်ကြီး .... သူမိတဲ့အဆိပ်ဟာ ကျောက်လက်နက်ပုန်း ထွက်တဲ့ အဆိပ်ပဲ .... "

"ဘယ်လို အဆိပ်ကျောက်လက်နက်ပုန်း ဟုတ်လား .... မကြားဖူးပါဘူး .... "

"ဟောဒီမှာကြည့်ပါ သခင်ကြီး .... "

တိန့်ထောက်က ကူလျှန်းယီ၏ ညာဘက်နားရွက်နောက်ကို လက်ညှိုးထိုးပြကာ လက်ညှိုးနှင့်လက်မကို ထိုနေရာတွင် ဖိညှစ်လိုက်သည်။

ထိုအခါ ကူလျှန်းယီ၏အသားထဲမှ ရွှေးစေ့အရွယ်ခန့် အပြာရောင်တောက်နေသော ကျောက်ကလေးတစ်လုံး ခုန်ထွက်လာသည်ကို အံ့သြစဖွယ် တွေ့ရလေသည်။

တိန့်ထောက်က ထိုအပြာရောင် ကျောက်ကလေးကို လက်ဝါးပေါ်တင်ပြီး ချူဟွားဟီကို ပြသရင်း ပြောသည်။

"ဒီကျောက်ကလေးဟာ အဆိပ်ကျောက်ပါ သခင်ကြီး ...



လူ့ခန္ဓာကိုယ်ထဲကို ရောက်သွားရင် ဒီကျောက်က အဆိပ်တွေဟာ ပျံ့နှံ့ပြီးသွားပါတယ် .... "

ချူဟွားဟီက မျက်လုံးအပြူးသားဖြင့် ကြည့်၍ ....

"ဒီလိုထူးခြားတဲ့ အဆိပ်ကျောက်မျိုး ဒီတစ်ခါပဲ ကျုပ်တွေ့ဖူးတယ် .... ကြားတောင်မကြားခဲ့ဖူးဘူး .... ဒီလက်နက်မှုန်းမျိုးကို သုံးတယ်ဆိုတာလည်း ကျုပ် မကြားမိပါဘူး .... ဒီဘိုးအိုက ဘယ်သူများဖြစ်မလဲ .... "

"သူ ဘယ်သူလဲဆိုတာ ခုတော့ ကျွန်တော်လည်း သိပါပြီ၊ သူဟာ ရုပ်ပြောင်းရုပ်လွှဲအတတ်ပညာမှာ ပြိုင်ဘက်ကင်းလောက်အောင်တော်တဲ့ ရုပ်ပြောင်းရုပ်လွှဲ သိုင်းသမားကြီးပါပဲ .... "

"ရုပ်ပြောင်းရုပ်လွှဲသိုင်းသမားကြီး ဟုတ်လား .... ဒီနာမည်မျိုးကို တစ်ခါမှ မကြားဖူးပါဘူး .... ဒါပေမယ့် ဒီလူက သိပ်ပြီး ရက်စက်ကြမ်းကြုတ်တဲ့ သူပဲ .... စာနာစိတ်ဆိုလို့ နည်းနည်းမှ မရှိတဲ့ လူပဲ၊ သူ့ရဲ့တပည့်ကိုတောင် ရက်ရက်စက်စက် သတ်သွားတာ ကြည့်ပါလား"

တိန့်ထောက် သက်ပြင်းတစ်ချက်ချလိုက်ပြီး ....

"အင်း .... တကယ်တော့ ကူလျှန်းယီဟာ ရုပ်ပြောင်းသိုင်းသမားကြီး အသုံးချတာကို ခံလိုက်ရတာပဲ .... ကူလျှန်းယီရဲ့ပင်ကိုစိတ်ကတော့ သခင်ကြီးရဲ့ ချီယွင်ဂေဟာကို အပိုင်စီးချင်တဲ့စိတ် လုံးလုံးရှိမှာ မဟုတ်ဘူး .... တကယ်တမ်း အပိုင်စီးချင်တာက ရုပ်ပြောင်းသိုင်းသမားကြီးပဲ .... ကူလျှန်းလီဟာ စိတ်ပြောင်းဆေး အကျွေးခံရပြီး ရုပ်ပြောင်းသိုင်းသမားကြီးရဲ့ နိုင်းစေမှုကို လုပ်နေတာပဲ ဖြစ်လိမ့်

မယ် .... ကျွန်တော်တောင် တစ်ချိန်က ကူလျှန်းယီလို အဖြစ်မျိုး ဖြစ်တော့မလို့ .... နည်းနည်းကလေး လိုတော့တယ် .... "

"တူမောင်နဲ့ ရုပ်ပြောင်း သိုင်းသမားကြီးနဲ့ ဆုံခဲ့ကြဖူးလို့လား"

တိန့်ထောက်က သူနှင့်ရုပ်ပြောင်းသိုင်းသမားကြီးတို့ ဆုံတွေ့ခဲ့ကြပုံကို အကျဉ်းချုံးပြီး ပြောလိုက်သည်။ ထိုအခါမှ ချူဟွားဟီသည် ရုပ်ပြောင်းသိုင်းသမားကြီး၏ အကြောင်းကို ပိုမိုသိသွားလေတော့၏။

ထို့နောက် တိန့်ထောက်သည် သူသိလိုသမျှကို ပြန်လည်မေးမြန်းမိသည်။

"ဒါနဲ့ ကူလျှန်းယီနဲ့သခင်ကြီးနဲ့ တစ်ချိန်က ဘယ်လို ပတ်သက်ခဲ့ကြဖူးလို့လဲ .... "

ချူဟွားဟီ မျက်စိမျက်နှာ မကောင်းပဲ ဖြစ်သွားသည်။ တမုဟုတ်ချင်း သူ့မျက်နှာ ရဲရဲနီသွားပြီး သက်ပြင်းရှည်ကြီးကိုလည်း ချလိုက်သည်။ ပြီးမှ ....

"ပြောရမှာ ရှက်ဖို့လည်း ကောင်းလှပါတယ်ကွယ် .... ကျုပ်ရဲ့ ပထမဇနီးကွယ်လွန်သွားတော့ သမီးလေးကို စောင့်ရှောက်ဖို့ ကျုပ်ဟာ နောက်အိမ်ထောင် ပြုခဲ့တယ် .... သူ့ရဲ့နာမည်က ကျုံးရှုရွှင်တဲ့ သူဟာ ကျုပ်ထက် အသက်နှစ်ဆယ်လောက်ငယ်ပြီး ရုပ်ကလေးကလည်း အသင့်အတင့် ချောပါတယ် .... သူ့ရဲ့အနေအထိုင် အပြောအဆိုကလည်း သိမ်သိမ်မွေ့မွေ့ပဲ .... အိမ်ထောင်တစ်ခုကို ထိန်းသိမ်းရာမှာ နိုင်နိုင်နင်းနင်း ရှိပုံပါပဲ .... ပြီးတော့ သူက ငွေကြေးချို့တဲ့ပြီး မိဘဆွေမျိုးလည်း မရှိတဲ့တစ်ကောင်ကြွက်လေ .... သူကလည်း ကျုပ်ကို အား



...အားထားပြုချင်တဲ့စိတ် ရှိနေတယ် .... ကျုပ်ကလည်း သမီးလေးကို ...စောင့်ရှောက်ဖို့ လိုအပ်နေတာနဲ့ ကျုပ်တို့နှစ်ယောက် လက်ထပ်လိုက် ...ကြတယ် ဆိုပါတော့ .... "

ချူဟွားဟီက စကားကို ဖြတ်လိုက်ပြီး ကူလျှန်းလီ၏ ...လောင်းကို တစ်ချက်ကြည့်လိုက်သည်။ သူ့မျက်နှာက အနည်းငယ် ...ငင်းမာသွားသည်။

ခဏနေမှ ခံစားချက် အပြည့်ဖြင့် ဆက်ပြောသည်။

"ကျုပ်နဲ့ကျုံးရှုရွှင်တို့ ပေါင်းဖက်လို့ တစ်နှစ်လောက်ကြာ...တော့ ကျုပ်ရဲ့အိမ်ဂေဟာကို ကူလျှန်းယီ ရောက်လာတယ် .... ကျုပ်...လည်း သူ့ရဲ့ထက်မြက်တဲ့ သိုင်းပညာကို သဘောကျလေတော့ ...ကျုပ်ရဲ့အဖွဲ့မှာ အမှုထမ်းဖို့ သူ့ကို အဖွဲ့ဝင်အဖြစ် လက်ခံလိုက်တယ်၊ ...နေရာကောင်းလည်း ပေးထားပါတယ် .... ဒါပေမယ့် ခြောက်လ...လောက်ပဲကြာပါတယ် .... ကူလျှန်းယီက ကျုပ်ဆီက ထွက်ပြေးသွား...က .... သူနဲ့အတူ ကျုံးရှုရွှင်ကိုလည်း စည်းရုံးပြီး ခေါ်သွားတယ်လေ၊ ...ခင်း .... ဒီနေ့အထိ ကျုပ်နဲ့ ကျုံးရှုရွှင်တို့ ပြန်မတွေ့ကြရတော့ဘူး ...ဆိုပါတော့ .... သူ့သတင်းကိုလည်း မကြားရတော့ဘူး .... ကျုပ်က...လည်း ကျုပ်ကိုသစ္စာမဲ့ပြီး ထွက်သွားတဲ့ မိန်းကလေးတစ်ယောက်ကို ...လိုက်မရှာတော့ဘူးလေ .... သတင်းလည်း မစုံစမ်းတော့ဘူး .... "

တိန့်ထောက် ခေါင်းညိတ်၍ ....

"ဟုတ်ကဲ့ .... ကျွန်တော် သဘောပေါက် နားလည်ပါပြီ ...သခင်ကြီး .... "

သခင်ကြီး ချူဟွားဟီ၏မျက်နှာ ညှိုးငယ်သွားပြန်သည်။ သူသည် ရီဝေသော မျက်လုံးအစုံဖြင့် တောအုပ်ဆီကို လှမ်းကြည့်ရင်း စိတ်မသက်မသာဖြင့် ပြောလိုက်ပြန်သည်။

"အင်း .... ခုဆိုရင် ကျုပ်ရဲ့သမီးလေးချူကြည်လန်းဟာ သိပ်ပြီး ဆင်းရဲဒုက္ခ ရောက်နေရှာတော့မှာပဲ .... ရုပ်ပြောင်းသိုင်းသမားကြီးလို ရက်စက်ကြမ်းကြုတ်တဲ့ လူမျိုးရဲ့လက်ထဲမှာ ရောက်နေတော့ သမီးလေးအတွက် ကျုပ် ပိုပြီး စိုးရိမ်ပူပန်မိတယ် .... "

"သခင်ကြီး ဘယ်လိုလုပ်မယ်လို့ ဆုံးဖြတ်သလဲ .... "

"ကျုပ် သမီးလေး ဒုက္ခရောက်မှာတော့ ကျုပ် လုံးလုံးမကြည့်ရပ်ပါဘူး .... ကျုပ် သမီး လွတ်မြောက်မယ်ဆိုရင် ချီယွင်ဂေဟာကိုသာမကဘူး .... ကျုပ်မှာရှိတဲ့ ဥစ္စာစည်းစိမ်အကုန်လုံးပါ စွန့်လွှတ်ရမယ်ဆိုရင် စွန့်လွှတ်ဖို့ ဝန်မလေးပါဘူး .... ဒီကိစ္စကို ပြေလည်အောင် ရုပ်ပြောင်းသိုင်းသမားကြီးနဲ့ ဆွေးနွေးရတော့မှာပဲ .... "

တိန့်ထောက်လည်း မည်သို့ အကြံပေးရမှန်းမသိ ဖြစ်နေမိသည်။

တကယ်တော့ လူတစ်ယောက်၏အသက်နှင့် ပစ္စည်းဥစ္စာ နှိုင်းယှဉ်၍ မရစကောင်းပါချေ။

ချူဟွားဟီမှာ သူ၏သွေးသားဆို၍ တစ်ဦးတည်းသာရှိတော့သော သမီးကလေး၏အသက်ကို သူ၏ဥစ္စာစည်းစိမ်နှင့်လဲရန် ဆန္ဒရှိနေခြင်းကို အပြစ်ဆို၍ မရပါချေ။

ယခုအတိုင်းသာဆိုပါက .... ရုပ်ပြောင်းသိုင်းသမားကြီး၏



တောင်းဆိုချက်ကို လိုက်လျောရန်သာ ရှိတော့သည်။

တိန့်ထောက် ကိုယ်တိုင်လည်း အခြားနည်းလမ်းဖြင့် ချူကြည်လန်းအား ကယ်တင်နိုင်ရန် စဉ်းစားမရ ဖြစ်နေမိသည်။ သူ့စိတ်ထဲတွင်တော့ ချူကြည်လန်းကို ကယ်တင်ချင်နေသည်။

ရုပ်ပြောင်းသိုင်းသမားကြီးလို လူမျိုး၏လက်ထဲ ချီယွင်ဂေဟာ ရောက်သွားမည်ကို မလိုလားပါချေ။

တိန့်ထောက်က ချူဟွားဟီကို ပြောလိုက်သည်။

"တကယ်လို့များ ရုပ်ပြောင်းသိုင်းသမား စခန်းချတဲ့နေရာကို သိရင် သခင်ကြီးရဲ့သမီးကို ကျွန်တော် တစ်နည်းနည်းနဲ့ ကယ်တင်နိုင်ပါလိမ့်မယ် .... သခင်ကြီး ခေါင်းအေးအေးထားပြီး အိမ်ကိုသာ ပြန်ပါ၊ စိတ်အေးအေးနဲ့အနားယူလိုက်ပါ .... အစ်ကိုရဲ့ကျိုထိန်ကလည်း သခင်ကြီးအတွက် အတော်ကလေး စိုးရိမ်ပူပန်နေတယ် .... ဒီကို ကျွန်တော် လိုက်လာတာလည်း သူ မသိဘူး .... ရုပ်ပြောင်းသိုင်းသမားရဲ့ အခြေအနေကို ဒီနေရာပတ်ဝန်းကျင်မှာ ကျွန်တော် လှည့်ပတ်ပြီး ရှာဖွေကြည့်လိုက်ပါဦးမယ် .... "

"သူ့ကို တွေ့ရင်တော့ မသတ်လိုက်ပါနဲ့ တူမောင်ရယ် .... ကျုပ် သမီးလေး ဘယ်မှာရှိတယ်ဆိုတာ လမ်းစပြတ်သွားပါဦးမယ်"

"စိတ်ချပါ သခင်ကြီး .... ချူကြည်လန်း ဒုက္ခရောက်မယ့် အခြေအနေမျိုးဆိုရင် ကျွန်တော် ဘာမှမလုပ်ပါဘူး .... သခင်ကြီးသာ စိတ်အေးအေးနဲ့ ပြန်ပါ .... "

ချူဟွားဟီလည်း တိန့်ထောက်ကို ကျေးဇူးတင်စကားပြောကာ ထွက်ခွာသွားလေသည်။

တိန့်ထောက်သည်လည်း ရုပ်ပြောင်းသိုင်းသမားကြီး ပျောက်ကွယ်သွားရာ အရပ်ဆီသို့ ဦးတည်၍ ထွက်ခွာလာခဲ့တော့၏။

## အခန်း (၁၁)

## ပြောင်းလဲသွားသော တောင်းဆိုချက်

တိန့်ထောက်သည် သူလာခဲ့ရာ တစ်လျှောက်လုံး ရုပ်ပြောင်းသိုင်းသမားကြီးကို ရှာဖွေခဲ့သည်။

ရုပ်ပြောင်းသိုင်းသမားကြီးမှာ မူလရုပ်သွင်ဖြင့် ရှိနေလိမ့်မည်မဟုတ်ဘဲ ရုပ်ပြောင်း၍နေမည်ဖြစ်လေရာ သူ့ကို တွေ့လျှင်ပင် မှတ်မိဖို့ မလွယ်ချေ။

သို့သော် သူ၏နားရွက်တစ်ဘက်ပြတ်နေသည်ကို ကြည့်၍ ရုပ်ဖမ်းရပေတော့မည်။

ထို့ကြောင့် တိန့်ထောက်သည် နားရွက်ဖုံးအောင် ဦးထုပ်ဆောင်းထားသော သူများကို အထူးဂရုစိုက်၍ ကြည့်လာခဲ့သည်။ သို့သော် ရုပ်ပြောင်းသိုင်းသမားကြီး ဖြစ်နိုင်မည့် လက္ခဏာမျိုးနှင့်တူသူကို မတွေ့ခဲ့ရချေ။ ညနေစောင်းအချိန်တွင် တိန့်ထောက်သည် မြို့ကလေးတစ်မြို့ဆီသို့ ရောက်လာခဲ့လေသည်။

သူသည် တည်းခိုခန်းတစ်ခုတွင် အခန်းတစ်ခန်းငှား၍ တည်း

နီအနားယူနေလိုက်သည်။ နားနေရင်းမှလည်း ရုပ်ပြောင်းသိုင်းသမားကြီးအကြောင်း တွေးနေမိသည်။

ရုပ်ပြောင်းသိုင်းသမားကြီးသည် မိမိ၏ သွားလာလှုပ်ရှားမှုကို အကဲခတ်၍ ကြည့်နေကောင်း ကြည့်နေပေလိမ့်မည်။ ချိုယွင်ဂေဟာတွင် မိမိမရှိကြောင်းလည်း သိချင်သိနေလိမ့်မည်။ ချိုယွင်ဂေဟာတွင် မိမိမရှိကြောင်းသာ သိပါက ရုပ်ပြောင်းသိုင်းသမားကြီးသည် ချိုယွင်ဂေဟာသို့ သွားချင်သွားပေလိမ့်မည်။

ထိုကဲ့သို့ တွေးမိသောအခါ တိန့်ထောက်က တုံ့ဆိုင်းမနေတော့ဘဲ ခရီးဆောင်အိတ်ထဲမှ ဝတ်စုံနက်ကို ဝတ်လိုက်သည်။ မျက်နှာတွင်လည်း သားရေမျက်နှာဖုံးကို စွပ်လိုက်သည်။

သူ့ပုံသဏ္ဌာန်ဟန်ပန်က မဟူရာသိုင်းသမားကြီး ရုပ်သွင်မျိုး ဖြစ်သွားသည်။

မိုးချုပ်သည်နှင့် သူသည် တည်းခိုခန်းမှ တိတ်တဆိတ် ထွက်ခွာလာခဲ့သည်။

သူသည် နေ့လယ်ကလာခဲ့သည့် လမ်းအတိုင်း ချိုယွင်ဂေဟာဆီသို့ အပြေးနှင်လာခဲ့ခြင်း ဖြစ်လေသည်။

သန်းခေါင်ကျော်ဝါးသုံးချက်လောက်အချိန်တွင် သူသည် ချိုယွင်ဂေဟာသို့ ရောက်လာခဲ့သည်။ ချိုယွင်ဂေဟာတစ်ဝိုက်တွင် သူသည် နေရာကျွမ်းပြီး ဖြစ်လေရာ မည်သူတစ်ဦးတစ်ယောက်မှ မသိရအောင် ခြံဝင်းကြီးထဲ ဝင်လာနိုင်ခဲ့သည်။ အကွက်အကွင်း ကောင်းလှသော သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်၍ အခြေအနေကို စောင့်



ကြည့်နေလိုက်သည်။

သူ့စိတ်ထဲတွင် ရုပ်ပြောင်းသိုင်းသမားကြီး ရောက်လာလိမ့်မည်ဟု တထစ်ချ တွေးထင်ထားသည်။

မီးများကိုမူ အိမ်ဂေဟာကြီးအတွင်းထဲတွင်သာမက ခြံဝင်းထဲတွင်လည်း နေရာတိုင်းလိုလို ထွန်းညှိထားသည်။ ခြံဝင်းကြီးထဲတွင် အစောင့်များတစ်ယောက်စ နှစ်ယောက်စ ကင်းလှည့်နေကြသည်ကို ရံဖန်ရံခါ လှမ်းတွေ့ရလေသည်။

တိန့်ထောက်သည် သစ်ပင်ကြီးပေါ်တွင်သာ စိတ်ရှည်လက်ရှည် ငြိမ်၍ စောင့်ကြည့်နေသည်။

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးလာခဲ့သည်။

အတန်ကြာလျှင် အိမ်ရှေ့အတွင်းမှ လူရိပ်တစ်ရိပ် ဝင်းနံရံကို ခုန်ကျော်ကာ အပြင်ဘက်သို့ ခုန်ဆင်းသွားသည်ကို တွေ့ရလေသည်။ တိန့်ထောက် စိတ်လှုပ်ရှားသွားပြီး သစ်ပင်ပေါ်မှ ခုန်ဆင်းကာ ဝင်းနံရံဆီ ပြေးခဲ့သည်။

ဝင်းနံရံမှ ခုန်ကျော်လိုက်သော် သူ့ရှေ့ခပ်လှမ်းလှမ်းတွင် သွားနေသော လူရိပ်ကို တွေ့ရတော့၏။

သူသည် မျက်ခြည်ပြတ်မခံဘဲ လူရိပ်နောက်မှ တိတ်တဆိတ် နောက်ယောင်ခံ၍လိုက်သွားသည်။

လူရိပ်သည် သူ့ရှေ့မှ ကိုယ်ဖော့ပညာကို သုံး၍ သွက်လက်စွာ ပြေးနှင်လျက်ရှိနေသည်။

တိန့်ထောက်ကလည်း မျက်ခြည်ပြတ်မခံဘဲ နောက်မှ ထက်ကြပ်မကွာ လိုက်သည်။

လတစ်ခြမ်းပဲ့ကလေးမှာ ကောင်းကင်တွင် ထိန်ထိန်သာနေသောကြောင့် လရောင်က မြေပြင်ကို ဖြာကျနေသည်။ လရောင်နှင့် တိန့်ထောက်သည် ရှေ့မှ ပြေးနေသူကို တွေ့နေရ၏။

သို့သော် ထိုသူ၏မျက်နှာကို မတွေ့ရသဖြင့် မည်သူမည်ဝါဖြစ်လိမ့်မည်ဟုတော့ မသိပါချေ။ ဤလိုအချိန်မျိုးတွင် အိမ်ဂေဟာအတွင်းမှ ထွက်ခွာလာသူဖြစ်သောကြောင့် စိတ်ဝင်စားမိပြီး လိုက်လာခဲ့ခြင်းဖြစ်၏။

မကြာမီ လူရိပ်သည် တောအုပ်စပ်သို့ ရောက်သွားသည်။

ထိုအခါမှ တောစပ်တွင် ဝေါယာဉ်တစ်စီး ရပ်နေသည်ကို တိန့်ထောက်လှမ်းမြင်လိုက်ရလေသည်။

တိန့်ထောက်သည် ရှေ့သို့တစ်ရှိန်တိုး ဆက်မလိုက်တော့ဘဲ ကျောက်တုံးကျောက်ဆောင်များကို အကာအကွယ်ယူကာ ဝေါယာဉ်အနီးသို့ ရောင်နိုင်သမျှ ရောင်အောင် တဖြည်းဖြည်း လာခဲ့သည်။

ဝေါယာဉ်နှင့်မလှမ်းမကမ်းသို့ အရောက်တွင် တိန့်ထောက်သည် ကျောက်တုံးကြီးနောက်မှ ကွယ်၍ ဝေါယာဉ်ဆီ ကြည့်လိုက်သည်။

ဝေါယာဉ်၏ဘေးပတ်လည်တွင် သစ်ကိုင်းခြောက်များ စုပုံထားသည်ကို တိန့်ထောက် တွေ့ရသည်။ ဝတ်စုံနက် ဝတ်ထားသော



လူနှစ်ယောက်လည်း ဝေါယာဉ်အနီးတွင် အသင့်ရပ်နေကြသည်။

သူတို့နှစ်ဦး၏ ပုံပန်းသဏ္ဌာန်ကို မြင်ရုံဖြင့် ဝေါယာဉ်တမ်းသမားများ ဖြစ်ကြောင်း သိနိုင်လေသည်။

ဝေါယာဉ်ရှေ့နားတွင်မူ တစ်ကိုယ်လုံးအမွေးများ ထိုးထိုးထောင်ထောင်ရှိနေသော လူထူးဆန်းကြီးတစ်ယောက် ရပ်နေသည်ကို တွေ့ရပြန်သည်။

သေချာစွာ ကြည့်လိုက်မှ ထိုသူသည် သားမွေးအင်္ကျီနှင့် သားမွေး ဦးထုပ်ကို ဆောင်းထားခြင်းဖြစ်ကြောင်း သိရသည်။

ထိုသူမှာ ရုပ်ပြောင်းသိုင်းသမားကြီး ဖြစ်လိမ့်မည်ဟု တိန့်ထောက် တွေးမိပြီး စိတ်လှုပ်ရှားမှုလည်း ဖြစ်မိသည်။ တကယ်လည်း ထို အဘိုးအိုကြီးမှာ ရုပ်ပြောင်းသိုင်းသမားကြီး ဖြစ်နေလေသည်။

ရုပ်ပြောင်းသိုင်းသမားကြီး၏ မျက်နှာချင်းဆိုင်တွင် ချီပွင်ဂေဟာ သခင်ကြီး ချူပွားဟီရပ်နေသည်ကိုလည်း တွေ့ရသည်။

ထိုအခါ တိန့်ထောက်သည် ချီပွင်ဂေဟာမှထွက်၍ သူ့ရှေ့မှ ပြေးနှင်သွားသည်မှာ ချူပွားဟီ ဖြစ်ကြောင်း သိရတော့၏။

ချူးပွားဟီနှင့် ရုပ်ပြောင်းသိုင်းသမားကြီးတို့သည် တစ်ဦးနှင့်တစ်ဦး ဆယ်ပေခန့်အကွာတွင် မျက်နှာချင်းဆိုင် ရပ်နေကြသည်။

ရုပ်ပြောင်းသိုင်းသမားကြီးထံမှ စကားသံစတင်ပေါ်ထွက်လာသည်။

"ချိန်းဆိုထားတဲ့အတိုင်း အချိန်မှန်မှန် ရောက်လာသားပဲ

အင်းလေ ရောက်မလာလို့မှ မဖြစ်တာ .... ဒီတော့လည်း ခင်ဗျား လာရတာပေါ့ .... "

"အပိုတွေ ပြောမနေနဲ့ .... လိုရင်းကိုသာ တိုတိုပြော ...."

ချူဟွားဟီက လေသံပြတ်နှင့်ပြောလိုက်သည်။

ရုပ်ပြောင်းသိုင်းသမားကြီးက ဝေါယာဥ်ကို လက်ညှိုးထိုးပြပြီး ....

"အဲဒီ ဝေါယာဥ်ထဲမှာ ခင်ဗျားသမီးလေးရှိနေတယ် ...."

"ဟင် .... "

ချူဟွားဟီ စိတ်လှုပ်ရှားသွား.ပြီး ဝေါယာဥ်ဆီ ခြေလှမ်းမည်ပြုလိုက်သည်။

"ရပ်လိုက် .... "

ရုပ်ပြောင်းသိုင်းသမားကြီးက အော်လိုက်မှ ချူဟွားဟီ ရပ်လိုက်သည်။

ရုပ်ပြောင်းသိုင်းသမားကြီးသည် လှောင်ပြုံးပြုံး၍ ပြောသည်။

"ဝေါယာဥ် ဘေးပတ်ပတ်လည်မှာ ထင်းခြောက်တွေ ပုံထားတာတွေ့တယ် မဟုတ်လား .... ကျုပ် အချက်ပြလိုက်တာနဲ့ ကျုပ်လူနှစ်ယောက်က ထင်းခြောက်တွေကို မီးရှို့ဖို့ အဆင်သင့်ပဲ .... ထင်းတွေကို မီးရှို့လိုက်တာနဲ့ ဝေါယာဥ်ရော အထဲက ခင်ဗျားသမီးပါ ပြာကျသွားလိမ့်မယ် ချူဟွားဟီ .... ဒီတော့ ခင်ဗျား လှုပ်လှုပ်ရှားရှား မလုပ်ဘဲနဲ့ ငြိမ်ငြိမ်လေး နေပါ .... ခင်ဗျားရဲ့သမီးလေးကိုတော့ ကျုပ်



သွေးကြောပိတ်ထားတယ် .... "

ချူဟွားဟီ တုန်လှုပ်သွားပြီး ဝေါယာဥ်ဆီသို့ ခြေလှမ်းမလှမ်းရဲတော့ချေ။

ဝေါယာဥ်သည် အမိုးအကာ လုံလုံခြုံခြုံ စီမံထားသော ဝေါယာဥ် ဖြစ်ပြီး ဝေါယာဥ်တံခါးကိုလည်း ပိတ်ထားသည်။

ရုပ်ပြောင်းသိုင်းသမားကြီးက ပြုံး၍ ဆက်ပြောသည်။

"ခင်ဗျားရဲ့သမီးကို ဘေးအန္တရာယ် ကင်းကင်းနဲ့ ပြန်လိုချင်တယ်ဆိုရင် ချီယွင်ဂေဟာနဲ့ ခံစားခွင့်တွေအားလုံး ကျုပ်လက်ထဲ အပ်ရမယ်လို့ ခင်ဗျားကို ကျုပ် တောင်းဆိုထားတယ်နော် .... ဒါပေမယ့် ချူဟွားဟီ ခုတော့ ကျုပ်ရဲ့တောင်းဆိုချက်ကို ပြင်လိုက်ပြီ .... ကျုပ်လက်ထဲကို ချီယွင်ဂေဟာအပ်ဖို့ မလိုတော့ဘူး .... တစ်ခုပဲ ခင်ဗျားဆောင်ရွက်ပေးရလိမ့်မယ် .... ကျုပ်ရဲ့ တောင်းဆိုချက်ဟာ ခင်ဗျားအတွက် အများကြီး သက်သာစေမယ့် တောင်းဆိုချက်ပါ .... "

ချူဟွားဟီ မျက်မှောင်ကြုတ်၍ ....

"ဆိုပါဦး .... ခင်ဗျား ဘာတွေများ တောင်းဆိုချင်လို့လဲ"

ရုပ်ပြောင်းသိုင်းသမားကြီးက အသံထွက်အောင် ရယ်လိုက်ပြီး ....

"ခင်ဗျားသမီးလေနဲ့ လိုက်ဖက်ညီမယ့် ခင်ပွန်းလောင်းတစ်ယောက်ကို ကျုပ် ရှာဖွေရွေးချယ်ထားပါတယ် .... သူဟာ ဒီနေ့သိုင်းလောကမှာ နာမည်စပြီး ကျော်ကြားနေတဲ့အဆင့်မြင့်သိုင်းသမား လူ

ယ်တစ်ယောက်ပါပဲ .... ခင်ဗျား သမီးနဲ့လည်း အင်မတန်ကို ရှေ့သွား နောက်လိုက်ညီမယ့်သူငယ်ပါ .... သူတို့နှစ်ယောက်ကိုသာ ပေးစား လိုက်မယ်ဆိုရင် သိပ်ပြီး အဆင်ပြေသွားပါလိမ့်မယ် .... ခင်ဗျား သမီး ကိုယ်တိုင်လည်း ဒီသူငယ်ကို နှစ်သက်သဘောကျပါတယ် .... "

ချူဟွားဟီ မျက်နှာထားတင်းမာသွားပြီး ....

"ဘာပြောတယ် .... ခင်ဗျားရွေးထားတဲ့ကောင်ကို ကျုပ် သမီးက သဘောကျတယ် ဟုတ်လား .... ခင်ဗျား မဟုတ်တာတွေ လျှောက်ပြောမနေနဲ့ .... "

"ဟား .... ဟား .... ဟား .... ကျုပ် မဟုတ်တာတွေ ပြောတာ မဟုတ်ပါဘူး .... မယုံရင် ခင်ဗျားသမီးကို ကျုပ် မေးပြ မယ် .... "

ရုပ်ပြောင်းသိုင်းသမားကြီးက ဝေါယာဉ်အနီးတွင် ရပ်နေ သော ဝတ်စုံနက်တစ်ယောက်ကို လက်မြှောက်ပြ၍ အမိန့်ပေးလိုက် သည်။

"တံခါးဖွင့်လိုက်စမ်း .... "

ဝတ်စုံနက်က တံခါးအနီးသို့ လျှောက်သွားပြီး တံခါးကို ဆွဲ ဖွင့်ရန် လက်လှမ်းလိုက်သည်။

ချူကြည်လန်းကို နာမည်သာ ကြားဖူးပြီး မမြင်ဘူးသော တိန် ထောက်သည် ဝေါယာဉ်တံခါးပေါက်ဆီသို့ စိတ်အားထက်သန်စွာ ကြည့်လိုက်သည်။



"နေဦး .... "

ထိုစဉ် ရုပ်ပြောင်းသိုင်းသမားကြီးထံမှ တားမြစ်သံပေါ်လာ ပြန်သည်။

သူသည် တားမြစ်လိုက်ပြီးနောက် ချူဟွားဟီကို လှည့်ပြော သည်။

"တစ်ခုတော့ ရှိတယ် ချူဟွားဟီ .... ချီယွင်ဂေဟာကို ကျုပ် လက်ထဲ လွှဲအပ်ရမယ်ဆိုတဲ့ အစီအစဉ်ကို ပြောင်းလဲပေးမယ့် ချီယွင် ဂေဟာက ခင်ဗျာထွက်သွားရမယ့် အစီအစဉ်ကတော့ မပြောင်းလဲဘူး နော် .... ခင်ဗျားကတော့ ချီယွင်ဂေဟာက ထွက်သွားရလိမ့်မယ်၊ သိုင်းလောကထဲကထွက်ပြီး တစ်နေရာမှာ ဇာတ်မြုပ်သွားနေရလိမ့် မယ် .... အဲ .... ချီယွင်ဂေဟာကိုတော့ ခင်ဗျားရဲ့ သားမက်နဲ့ သမီးက အုပ်ချုပ်သွားလိမ့်မယ် .... "

ချူဟွားဟီက ခေါင်းကို ခါယမ်း၍ ....

"တော်စမ်းပါ .... တကယ်တမ်းကျတော့ သူတို့ကို ချုပ်ကိုင် ပြီး ချီယွင်ဂေဟာကို ခင်ဗျားကပဲ အုပ်ချုပ်မှာ မဟုတ်လား .... နေပါဦး ချီယွင်ဂေဟာကို ဘာဖြစ်လို့ ခင်ဗျားရဲ့ ဩဇာလွှမ်းမိုးမှုအောက် ရောက်စေချင်တာလဲ .... "

ရုပ်ပြောင်းသိုင်းသမားက တည်ငြိမ်သော လေသံဖြင့် ပြန် ပြောသည်။

"ခင်ဗျားသိချင်ရင်တော့ ကျုပ် ရှင်းပြမယ် .... အခုဆိုရင် တောင်ပိုင်းဒေသမှာ ခင်ဗျားရဲ့ ချီယွင်ဂေဟာက ဩဇာလွှမ်းမိုးနေ

တယ် .... မြောက်ပိုင်းဒေသမှာ ဝမ်ရဲ့ရဲတိုက်က ဩဇာလွှမ်းမိုးနေတယ် .... ဒါပေမယ့် ချီယွင်ဂေဟာနဲ့ ဝမ်ရဲ့ရဲတိုက်ဟာ အယူအဆတွေ မတူကြဘဲ တစ်ဘက်နဲ့တစ်ဘက် အကွက်ချောင်းနေကြတယ် .... ဒီတော့ တောင်ပိုင်းနဲ့ မြောက်ပိုင်းဟာ စည်းလုံးညီညွတ်သွားအောင် လုပ်ဖို့က ခေါင်းဆောင်တစ်ဦးတည်းသာ ရှိမှဖြစ်တော့မယ် .... တောင်ပိုင်းနဲ့ မြောက်ပိုင်းရဲ့ ခေါင်းဆောင်ကလည်း ကျုပ်ပဲ ဖြစ်သင့်တယ်"

ချူဟွားဟီမှာ ရုပ်ပြောင်းသိုင်းသမားကြီး၏ စကားကို မယုံတစ်ဝက်ယုံတစ်ဝင်ဖြစ်နေသည်။ သူ့ကို စကားပြောနေသော အဘိုးအိုမှာ ရုပ်ပြောင်းသိုင်းသမားကြီး ဟုတ်မဟုတ်လည်း တိတိကျကျ မသိချေ။

ထိုသူသည် ဝမ်ရဲ့ရဲတိုက်မှ လူတစ်ယောက်ဖြစ်၍သာ မိမိ၏ ချီယွင်ဂေဟာကို ချုပ်ကိုင်ရန် ကြိုးစားနေခြင်း ဖြစ်လိမ့်မည်ဟု ချူဟွားဟီ တွေးထားမိသည်။

ချူဟွားဟီက ရုပ်ပြောင်းသိုင်းသမားကြီးကို အကဲခတ်ကြည့်၍ မေးလိုက်သည်။

"ခင်ဗျား ဘယ်သူလဲ .... "

ရုပ်ပြောင်းသိုင်းသမားကြီးက ခေါင်းကို ခါယမ်း၍ ....

"အချိန်မရောက်သေးဘဲ ကျုပ် ဘယ်သူဘယ်ဝါဆိုတာ မပြောနိုင်သေးဘူး .... မသိချင်ပါနဲ့ဦး .... "

"ခင်ဗျားက ဝမ်ရဲ့ရဲတိုက်ကလူ မဟုတ်လား .... "

ရုပ်ပြောင်းသိုင်းသမားကြီးက ရယ်လိုက်ပြီး ....



"ဟား .... ဟား .... ဟား .... ဟား .... ကျုပ်နဲ့ ဝမ်ရဲ့ရဲတိုက်နဲ့ တခြားစီပဲ .... ကျင့်စန်းကျန်းကိုတောင် ကျုပ်က ခင်ဗျားလို အနားယူခိုင်းဦးမှာပါ .... ချီယွင်ဂေဟာကို သိမ်းပြီးရင် ဝမ်ရဲ့ရဲတိုက်ကိုလည်း သိမ်းရမှာပဲ .... "

သူတို့စကားအရ ရုပ်ပြောင်းသိုင်းသမားကြီးသည် ဝမ်ရဲ့ရဲတိုက်နှင့်မည်သို့မျှ မသက်ဆိုင်ကြောင်း သိရလေသည်။

သူသည် ရည်ရွယ်ချက်အတိုင်း ချီယွင်ဂေဟာကို ချုပ်ကိုင်နိုင်လျှင် ဝမ်ရဲ့ရဲတိုက်ကိုလည်း မလွဲမသွေ ဆက်လက်ချုပ်ကိုင်ပေလိမ့်မည်။

ချူဟွားဟီ ဘာပြန်ပြောရမှန်းမသိဘဲ စဉ်းစားခန်းဝင်နေသည်။

ရုပ်ပြောင်း သိုင်းသမားကြီးက ဆက်ပြောသည်။

"ဘယ့်နှယ်လဲ .... ချူဟွားဟီ .... ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ကိုလည်း ပြောပါဦး .... ကျုပ် ပြောတဲ့ သူငယ်နဲ့ ခင်ဗျားသမီးကို ပေးစားပြီး သူတို့နှစ်ယောက်ကို ချီယွင်ဂေဟာ အုပ်ချုပ်ခွင့်ပေးမှာလား .... တကယ်တော့ ခင်ဗျားလည်း အသက်ကြီးလှပါပြီလေ .... သိုင်းလောက,က နုတ်ထွက်ပြီး တစ်နေရာရာမှာ အေးအေးချမ်းချမ်း အနားယူသင့်ပါပြီ .... "

ရုပ်ပြောင်းသိုင်းသမားကြီးက စကားကို ဖြတ်ပြီး ချူဟွားဟီထံမှ အဖြေကို စောင့်သည်။

ချူဟွားဟီက ငြိမ်နေပြီး တစ်ခွန်းမှ ပြန်မပြောချေ။

ရုပ်ပြောင်းသိုင်းသမားကြီးကသာ ဆက်ပြောရသည်။

"ချူဟွားဟီ .... ခင်ဗျားအနေနဲ့ ကျုပ်ရဲ့အစီအစဉ်အတိုင်း သဘောတူရမှာပါ .... ခင်ဗျားသမီးလေး ကောင်းကောင်းမွန်မွန် ထည် ထည်ဝါဝါ နေနိုင်မယ့်အစီအစဉ်မျိုးကို ကျုပ်က စီစဉ်ထားတာပါ .... ဒီအစီအစဉ်ကိုမှ ခင်ဗျားသဘောမတူဘူးဆိုရင်တော့ ခင်ဗျားသမီးလည်း အသေဆိုးနဲ့ သေရမယ် .... ခင်ဗျားရဲ့ဘဝလည်း ရှေ့လျှောက် သာယာ အေးချမ်းတော့မှာ မဟုတ်ဘူး .... ကဲ .... ကျုပ်ကို အဖြေပေးပါတော့"

ချူဟွာဟီး အံကိုတင်းတင်းကြိတ်ပြီး စဉ်းစားနေသည်။ ခဏ နေမှ သူသည် ယတိပြတ် လေသံဖြင့် ပြောလိုက်၏။

"ကျုပ် သဘောမတူဘူး .... "

"ဘာပြောတယ် .... "

ရုပ်ပြောင်းသိုင်းသမားကြီး၏မျက်နှာမှာလည်း တစ်မုဟုတ် ချင်း တင်းမာသွား၏။ ချက်ချင်းပင် သူသည် ဒေါသသံဖြင့် ပြန်ပြော သည်။

"ခင်ဗျားဟာ ခင်ဗျားသမီးရဲ့အလောင်းကိုမြင်မှ မျက်ရည် ကျမယ့်လူစားမျိုးပဲ .... ခင်ဗျားကို ကျုပ်က ခြိမ်းခြောက်ရုံသက်သက် ပြောနေတာ မဟုတ်ဘူး .... ဘာလဲ ခင်ဗျားက ရောင်ခြည်သိုင်းသမား ကို အားကိုးပြီး ခုလို ပြောနေတာလား .... အားမကိုးနဲ့ .... ရောင် ခြည်သိုင်းသမားက မြောက်ပိုင်းဒေသကို ထွက်သွားပြီ .... ဘယ်လို ခါမှ ခင်ဗျားကို ကူညီနိုင်မှာ မဟုတ်တော့ဘူး .... "

ချူဟွားဟီကလည်း ခေါင်းကို ခါယမ်းပြီး ....



"အို .... ကျုပ် ဘယ်သူ့ကိုမှ အားကိုးလို့ ပြောနေတာ မဟုတ် ူး .... ဒီဆုံးဖြတ်ချက်ဟာ ကျုပ်ရဲ့ ယတိပြတ် ဆုံးဖြတ်ချက်ပဲ .... ဗျားရဲ့အစီအစဉ်ကို ကျုပ် ဘယ်တော့မှ သဘောမတူဘူး .... ဗျားကိုသာ သတ်မယ် .... ".

ပြောပြောဆိုဆို ချူဟွားဟီက ဓားကို ဆွဲထုတ်လိုက်လေရာ ပ်ပြောင်းသိုင်းသမားကြီးလည်း နောက်ကို ခုန်ဆုတ်သွားပြီး ဝတ်စုံ က် ဝတ်ထားသော လူနှစ်ယောက်ကို လက်မြှောက် အချက်ပြလိုက် သတော့၏။

## အခန်း (၁၂)

## ဝေါယာဉ်ထဲမှ အန္တရာယ်

ရုပ်ပြောင်းသိုင်းသမားကြီးက အချက်ပြလိုက်သည်နှင့် ဝတ်စုံနက် နှစ်ယောက်သည် ဝေါယာဉ်ကို ဆတ်ခနဲ ကောက်ထမ်းကာ ခပ်ဝေးဝေးကို ဆုတ်သွားကြသည်။

ဝေါယာဉ်ဘေးပတ်ပတ်လည်တွင် ချထားသော လောင်စာထင်းခြောက်များမှာလည်း ဝေါယာဉ်နှင့်အတူ တစ်ပါးတည်း ပါသွားကြသည်။

တကယ်တော့ ဝေါယာဉ်နှင့်တွဲ၍ ထင်းခြောက်များကို ခိုင်ခံ့စွာ ချည်နှောင်ထားခြင်း ဖြစ်၏။

ချူဟွားဟီသည် သူ့သမီးကို ကယ်တင်လိုသော်လည်း ကယ်တင်ရန် အခွင့်အရေးကို မရနိုင်အောင် ဖြစ်သွားသည်။ သူသည် ခြေလှမ်းကို မရွေ့လျားရဲပဲ တန့်၍သာ ရပ်နေမိသည်။

အကြောင်းမှူ ဝတ်စုံနက်နှစ်ဦး၏လက်ထဲတွင် မီးတောက်လောင်နေသော မီးတုတ်များကို အဆင်သင့် ကိုင်ထားပြီး ဖြစ်နေသောကြောင့်ပင်။



ချူဟွားဟီအသားများ တဆတ်ဆတ်တုန်နေသည်။

သူသည် အလွန်အမင်းလည်း ဒေါသထွက်နေကာ စိုးရိမ်ပူပန်ခြင်းလည်း ဖြစ်နေမိသည်။

မီးပုံထဲတွင် သမီးကလေး ကြောက်လန့်တကြီး အော်ဟစ်နေပုံကိုလည်း မြင်ယောင်နေမိသည်။ ထိုသို့ မြင်ယောင်ရုံဖြင့် သူသည် ရှိအောင် ခံစားနေရသည်။

သားမွေးဦးထုပ်ကြီးကို ဆောင်းထားသော ရုပ်ပြောင်းသိုင်းသမားကြီးသည် တဟားဟားနှင့်ရယ်မောလိုက်ကာ ချူဟွားဟီကို ကြည့်ရာ ....

"ချူဟွားဟီ .... ခင်ဗျား လှုပ်ရှားဖို့ မကြိုးစားပါနဲ့ .... ခင်ဗျား လှုပ်ရှားလိုက်တာနဲ့ ကျုပ်လူနှစ်ယောက်က ထင်းခြောက်တွေကို မီးရှို့လိုက်ကြလိမ့်မယ် .... ထင်းခြောက်တွေကလည်း သိပ်ပြီး မီးလောင်မြန်တဲ့ ထင်းရှူးသားတွေပဲ .... ပြီးတော့ ထင်းတွေကြားမှာ ယမ်းထုပ်တွေကိုလည်း ကျုပ် ထည့်ထားတယ် .... ခဏလေးနဲ့ ယမ်းထုပ်တွေ ပေါက်ကွဲသွားပြီး မီးတောက်တွေ ဝေါယာဉ်ကို ဝါးမျိုသွားလိမ့်မယ်၊ ဒါဆိုရင်တော့ ဝေါယာဉ်ထဲမှာ နေတဲ့ ခင်ဗျားသမီးကလေးခမျာ"

"အား .... အင့် .... "

ရုပ်ပြောင်းသိုင်းသမားကြီး၏ စကားမဆုံးခင် ဝေါယာဉ်ဆီမှ အော်ဟစ်ညည်းညူသံများ ရုတ်တရက် ပေါ်ထွက်လာသည်။

ဝေါယာဉ်ကို ထမ်းထားကြသော ဝတ်စုံနက် နှစ်ဦးအနက် တစ်ဦးမှာ မှောက်လျက်လဲကျသွားပြီး တစ်ဦးကမူ ပေနှစ်ဆယ်ခန့်အထိ လွင့်ထွက်သွားသည်ကို တွေ့ရသည်။

သူတို့ထမ်းထားကြသော ဝေါယာဉ်မှာလည်း မြေပေါ်ကို ဝုန်းခနဲ ကျသွားလေသည်။ ဝေါယာဉ်ရှေ့တွင်မူ ဝတ်စုံနက်ဝတ်ပြီး သားရေမျက်နှာဖုံးစွပ်ထားသော လူတစ်ယောက် ခပ်မတ်မတ်ရပ်နေသည်ကို တွေ့ရသည်။

ရုပ်ပြောင်းသိုင်းသမားကြီး ကွက်ခနဲ မျက်နှာပျက်သွားပြီး အထိတ်တလန့်နှင့်မေးမြန်းလိုက်သည်။

"မင်း ဘယ်သူလဲ ...."

ချူဟွားဟီလည်း ထိုမြင်ကွင်းကြောင့် အံ့သြနေသည်။ သူကမူ အထိတ်တလန့် မဖြစ်ဘဲ ခုရောက်လာသူမှာ သူ့ကို ကူညီမည့်သူဟုသာ သတ်မှတ်ယူဆထားလိုက်သည်။

သားရေမျက်နှာဖုံးစွပ်ထားသူက ရုပ်ပြောင်းသိုင်းသမားကြီးကို စူးရှတောက်ပြောင်လှသော မျက်လုံးအစုံနှင့် ကြည့်၍ အေးစက်စက် လေသံနှင့်ပြောလိုက်သည်။

"ကျုပ်ကို သေသေချာချာ ကြည့်စမ်းပါဦး .... ဘယ်သူလဲဆိုတာ ခင်ဗျားသိနိုင်ပါလိမ့်မယ် ...."

ရုပ်ပြောင်းသိုင်းသမားကြီးက သားရေမျက်နှာဖုံးစွပ်ထားသူကို ပြူးကျယ်သော မျက်လုံးအစုံနှင့် သေချာစွာ ကြည့်သည်။ သူသည် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ထိတ်လန့်တုန်လှုပ်သွားကာ တုန်တုန်ယင်ယင်နှင့် စကားဆိုလေတော့သည်။

"ဟင် .... ခင် .... ခင်ဗျား .... မဟူရာသိုင်းသမား ...."

ရုပ်ပြောင်းသိုင်းသမားကြီးသည် နောက်ကိုပင် ခြေလှမ်းသုံးလှမ်းခန့် ဆုတ်သွားမိလေသည်။



ထိုစဉ် ချူဟွားဟီက ရုပ်ပြောင်းသိုင်းသမားကြီး၏နောက်ကို န့်လွှားလိုက်ပြီး ဓားဖြင့် ပိုင်းလိုက်သည်။ သို့သော် ချူဟွားဟီကဓားကို လေထဲတွင်သာ ဝှေ့ယမ်းသွားလေသည်။

ရုပ်ပြောင်းသိုင်းသမားကြီးသည် ချူဟွားဟီ၏ ဓားချက်ကို သွက်လက်စွာ ရှောင်တိမ်းလိုက်နိုင်လေသည်။ သူသည် ဆယ်ပေခန့်အထိ ခုန်ဆုတ်ကာ ရပ်လိုက်ပြီးမှ မဟူရာသိုင်းသမားကြီးကို တုန်လှုပ်စွာ မေးလိုက်သည်။

"မဟူရာသိုင်းသမားကြီး ကျုပ်ရဲ့ကိစ္စမှာ ခင်ဗျား ဘာဖြစ်လို့ဝင်လာရတာလဲ .... တကယ်တော့ ဒီကိစ္စနဲ့ခင်ဗျားနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး ...."

တကယ်တော့ မဟူရာသိုင်းသမားကြီးအသွင်ကို ပြောင်းလဲထားသူမှာ တိန့်ထောက်ဖြစ်ကြောင်း ယခုတော့ ရုပ်ပြောင်းသိုင်းသမားကြီး မသိပါချေ။ ချူဟွားဟီလည်း မသိချေ။

တိန့်ထောက်က မဟူရာသိုင်းသမားကြီး၏လေသံဖြင့် အေးစက်စက် ပြန်ပြောလေသည်။

"အခု ကိစ္စမှာတော့ ကျုပ်နဲ့ မဆိုင်ပါဘူး .... ဒါပေမယ့်တခြား ကိစ္စတစ်ခုအတွက် ခင်ဗျားနဲ့ စာရင်းရှင်းလို့ ခင်ဗျားကို ကျုပ်လိုက်ရှာနေတာကြာပြီ ...."

ရုပ်ပြောင်းသိုင်းသမားကြီး အံ့သြသွားပြီး ....

"ကျုပ်ကိုလိုက်ရှာနေတယ် ဟုတ်လား .... ဘာဖြစ်လို့ ကျုပ်ကို လိုက်ရှာနေတာလဲ ...."

"ကျုပ်ရဲ့မိတ်ဆွေလေး ရောင်ခြည်သိုင်းသမားတိန့်ထောက်

ကို ခင်ဗျား ဒုက္ခပေးခဲ့တာ မေ့သွားပြီလား .... "

ရုပ်ပြောင်းသိုင်းသမားကြီး တုန်လှုပ်သွားပြီး ....

"ဟင် .... ရောင်ခြည်သိုင်းသမားက ခင်ဗျားရဲ့မိတ်ဆွေ ဟုတ်လား .... "

"ဟုတ်တယ် .... ကျုပ်က တူသားတစ်ယောက်လို ချစ်နေတဲ့ လူငယ်ကလေးပဲ .... သူနဲ့ ကျုပ်နဲ့လည်းတွေ့တယ် .... သူက သူ့ကို ခင်ဗျား နှိပ်စက်ခဲ့တာတွေ ပြောပြတယ် .... ခင်ဗျားနဲ့ တွေ့ရင် ခင်ဗျားရဲ့ခေါင်းကို ဖြတ်ယူပေးပါလို့ ရောင်ခြည်သိုင်းသမားက ကျုပ်ကို မှာလိုက်တယ် .... "

ပြောပြောဆိုဆို မဟူရာသိုင်းသမားကြီးအသွင်ကို ဆောင်ထားသော တိန်နှံထောက်က ဓားကို ဆွဲထုတ်လိုက်သည်။

ရုပ်ပြောင်းသိုင်းသမားကြီး မျက်စိပျက်မျက်နှာပျက်နှင့် နောက်ကို ခြေနှစ်လှမ်း ဆုတ်သွားသည်။ ပြီးမှ ထစ်ထစ်ငေါ့ငေါ့နှင့် ပြန်ပြောသည်။

"မဟူရာသိုင်းသမားကြီး .... ရောင်ခြည်သိုင်းသမားကို ကျုပ် မသိပါဘူး .... ကျုပ်နဲ့ ရောင်ခြည်သိုင်းသမားကလည်း ရန်ငြိုးရန်စ မရှိပါဘူး .... ခင်ဗျား အထင်မှားနေတာပါ .... "

"ခင်ဗျားခေါင်းပေါ်က ဦးထုပ်ကို ချွတ်လိုက်စမ်းပါ .... "

မဟူရာသိုင်းသမားကြီးအသွင် ဆောင်ထားသော တိန်နှံထောက်က သားမွေးဦးထုပ်ဆောင်းထားသူမှာ ရုပ်ပြောင်းသိုင်းသမားကြီး ဟုတ်မဟုတ် သေသေချာချာသိစေရန် ဦးထုပ်ကို ချွတ်ခိုင်းလိုက်ခြင်း ဖြစ်လေသည်။ သို့မှသာ ထိုသူ၏ နားရွက်တစ်ဘက် ပြတ်နေမနေ



မြင်ရမည် ဖြစ်၏။

ရုပ်ပြောင်းသိုင်းသမားကြီးက ရုတ်တရက် နားမည်မိဘဲ ....

"ဦးထုပ်ကို ချွတ်ခိုင်းတာ ဘာသဘောလဲ .... "

တိန်နှံထောက်က ....

"ခင်ဗျား နားရွက်တစ်ဘက် ပြတ်နေသလား မပြတ်နေဘူးလားဆိုတာ သိချင်လို့ပဲ .... ခင်ဗျားရဲ့နားရွက်တစ်ဘက်သာ ပြတ်နေရင် ခင်ဗျားဟာ ရောင်ခြည်သိုင်းသမားကို ဒုက္ခပေးခဲ့တဲ့လူဆိုတာ သေချာသွားပြီ .... ဘယ်လိုမှ ငြင်းလို့မရတော့ဘူး .... ကဲ .... ဦးထုပ်ကို ချွတ်လိုက်ပါ .... "

ရုပ်ပြောင်းသိုင်းသမားကြီးသည် ဦးထုပ်ကို ဆွဲချွတ်မလိုလိုနှင့် ရုတ်တရက် လက်မြှောက်လိုက်ပြီး တိန်နှံထောက်ထံ တစ်စုံတစ်ရာနှင့် ပစ်ပေါက်လိုက်လေတော့သည်။

"ဝှစ် .... ဝှစ် .... ဝှစ် .... "

သူ့လက်ထဲမှ အပြာရောင် အလင်းတန်းတစ်တန်းထိုးထွက်လာသည်။

တိန်နှံထောက်မှာ သတိထားပြီး နေသူဖြစ်လေရာ အံကိုတင်းတင်းကြိတ်၍ သူ့ထံဝင်ရောက်လာသော အလင်းတန်းကို ဓားနှင့် ရိုက်ဖယ်လိုက်သည်။

"ထန်း .... "

အပြာရောင်အလင်းတန်းမှာ တစ်ဘက်ကိုလွင့်၍ ပျောက်ကွယ်သွားသည်။

ရုပ်ပြောင်းသိုင်းသမားကြီးသည် မိမိကို အဆိပ်ကျောက်လက်

နက်ပုန်းနှင့် ပစ်ခတ်လိုက်ခြင်း ဖြစ်ကြောင်း တိန့်ထောက် သေချာစွာ သိလိုက်သည်။

တိန့်ထောက်သည် ရုပ်ပြောင်းသိုင်းသမားကြီးထံ လှွားခနဲ ခုန်လိုက်ပြီး ဓားကို တရစပ်ဝှေ့ယမ်းလိုက်သည်။

ရုပ်ပြောင်းသိုင်းသမားကြီးက နောက်ကို ခုန်ဆုတ်လျက် တိန့်ထောက်ထံ ပစ်ပေါက်လိုက်ပြန်သည်။ အပြာရောင်အလင်းတန်းသုံးတန်းက တိန့်ထောက်ထံ ပြေးဝင်လာသည်။

"ထန်း .... ထန်း .... ထန်း .... "

တိန့်ထောက် ဓားကို တရကြမ်းဝှေ့ယမ်းနေလေရာ အပြာရောင်အလင်းတန်းမှာ လွင့်စဉ်ကုန်သည်။

ထိုစဉ်မှာပင် ရုပ်ပြောင်းသိုင်းသမားကြီးသည် နောက်ကို ချာခနဲ လှည့်ပြီး တစ်ရှိန်ထိုး ထွက်ပြေးသွားလေတော့သည်။

ချူဟွားဟီက လမ်းမှဖြတ်၍ တားထားသော်လည်း ရုပ်ပြောင်းသိုင်းသမားကြီးနောက်သို့ ပြေးလိုက်ခဲ့သည်။

ရုပ်ပြောင်းသိုင်းသမားကြီးသည် ရှေ့မှ တရိပ်ရိပ်ပြေးသည်။

တိန့်ထောက်မှာ ကိုယ်ဖော့ပညာကို အစွမ်းကုန်အသုံးချ၍ ပြေးလိုက်သော်လည်း တောအုပ်ထဲတွင် မျက်ခြည်ပြတ်သွားလေသည်။

ရုပ်ပြောင်းသိုင်းသမားကြီးကို လုံးဝမတွေ့ရတော့ချေ။

ရုပ်ပြောင်းသိုင်းသမားကြီးနောက်သို့ ဆက်လိုက်ရန် တိန့်ထောက် လက်လျှော့လိုက်သည်။

သူသည် သူ့ကိုယ်ပေါ်မှ ဝတ်စုံနက်နှင့် သားရေမျက်နှာဖုံးကို



ချွတ်လိုက်ပြီး သူ၏မူလရုပ်သွင်သို့ ပြန်ပြောင်းလိုက်သည်။

ထို့နောက် သူသည် ချူဟွားဟီ ကျန်နေခဲ့သော နေရာကို ပြန်လာခဲ့သည်။

ချူဟွားဟီ ကျန်နေခဲ့ရာသို့ ပြန်ရောက်သောအခါ မြင်ရသော မြင်ကွင်းကြောင့် တိန့်ထောက် မျက်လုံးအပြူးသားဖြစ်မိသည်။

ထိတ်လန့်တကြီးလည်း ဖြစ်သွားမိသည်။

ဝေါယာဉ်မှာ မြေတွင်လဲကျနေပြီး ဝေါယာဉ်တံခါးမှာလည်း ပွင့်နေသည်။ ဝေါယာဉ်ထဲတွင်မူ မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေချေ။

ဝေါယာဉ်အနီးတွင်လည်း ချူဟွားဟီမှာ မှောက်လျက်သား လဲကျနေသည်။

တိန့်ထောက်သည် စိုးရိမ်တကြီးဖြင့် ပြေးလာကာ ချူဟွားဟီကို ပွေ့ထူလိုက်သည်။

ချူဟွားဟီတစ်ကိုယ်လုံး ပျော့ခွေနေပြီး မျက်နှာပြင်မှာလည်း ညိုမည်းနေကာ သတိမေ့နေလေသည်။

ဤသည်ကို မြင်ရုံဖြင့် ချူဟွားဟီသည် အဆိပ်သင့်နေခြင်း ဖြစ်ကြောင်း တိန့်ထောက် ချက်ချင်းသိလိုက်သည်။ သူသည် ကမန်းကတန်းပင် ရင်ဖုံးအိတ်ထဲမှ ဝေလင်းသခင်မကြီး လက်ဆောင်ပေးလိုက်သော အဆိပ်ဖြေကျောက်ကို ထုတ်ယူလိုက်သည်။

သူသည် အဆိပ်ဖြေကျောက်ကို ချူဟွားဟီ၏ ပါးစပ်ထဲသို့ ထည့်လိုက်သည်။ ပြီးနောက် ချူဟွားဟီ၏အခြေအနေကို စောင့်ကြည့်နေသည်။

ခဏအကြာတွင် ညိုမည်းနေသော ချူပွှားဟီ၏မျက်နှာမှာ တဖြည်းဖြည်း အနီရောင်သမ်းလာသည်။ ညည်းတွားသံပြုရင်း ပြန်၍လည်း သတိရလာသည်။

တိန့်ထောက်က ချူပွှားဟီ ပါးစပ်ထဲမှ အဆိပ်ဖြေကျောက်ကို ပြန်ထုတ်ယူထားလိုက်သည်။ ချူပွှားဟီသည် မျက်လုံးအစုံကိုဖွင့်၍ တိန့်ထောက်ကို ကြည့်လိုက်သော်လည်း ရုတ်ခြည်း မမှတ်မိချေ။

"သခင်ကြီး .... ကျွန်တော် ရောင်ခြည်သိုင်းသမား တိန့်ထောက်ပါ .... "

"ဟင် .... တိန့်ထောက် .... "

ချူပွှားဟီက ဝမ်းသာအားတက်သွားပြီး အားယူ၍ ပြန်ထိုင်သည်။ ပြီးမှ ဖျော့တော့သော လေသံဖြင့် မေးသည်။

"တူမောင် တိန့်ထောက်က ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ .... "

တိန့်ထောက်က ဣန္ဒြေမပျက် ပြန်ဖြေသည်။

"ကျွန်တော် လာလမ်းအတိုင်းပြန်လှည့်လာရင်း လမ်းမှာ မဟူရာသိုင်းသမားကြီးနဲ့တွေ့ပါတယ် .... မဟူရာ သိုင်းသမားကြီးနဲ့ ကျွန်တော်ဟာ ဦးလေးသားချင်းလို ခင်မင်ကြတဲ့ လူတွေပါ .... မဟူရာသိုင်းသမားကြီးက ပြောပြလို့ ကျွန်တော်လည်း ဒီကို အမြန်ပြန်လာခဲ့တာပါ .... ဒီရောက်တော့ သခင်ကြီး သတိမေ့နေတာ တွေ့ရတော့တာပါပဲ .... ဘယ်လိုဖြစ်တာလဲ .... "

"မဟူရာသိုင်းသမားကြီးကော .... "

"ရန်သူနောက်ကို ဆက်လိုက်သွားပါပြီ .... "



ချူပွှားဟီက သူ့ကိုယ်ကို ထိန်း၍ မတ်တတ်ရပ်လိုက်သည်။ ပြီးမှ သူသည် ဤနေရာတွင် ဖြစ်ပျက်ခဲ့သမျှကို တိန့်ထောက်အား ပြန်ပြောနေသည်။

တိန့်ထောက်သည် သိပြီးသား ဖြစ်သော်လည်း မသိဟန်ဖြင့် ဣန္ဒြေမပျက် နားထောင်နေရလေသည်။

"ဒီလူ ထွက်ပြေးသွားတော့ မဟူရာသိုင်းသမားကြီးလည်း သူ့နောက်က ပြေးလိုက်သွားတယ် .... ကျုပ်ကတော့ ဒီမှာပဲ ကျန်နေခဲ့တယ် .... ဝေါယာဉ်ထဲမှာ ကျုပ်သမီးလေး ရှိနေတယ်ဆိုတာ သိထားတော့ ကျုပ်လည်း ဝေါယာဉ်ဆီကို ကမန်းကတန်းပြေးသွားပြီး သမီးကို တွေ့လိုဇောနဲ့ တံခါးကို ဆွဲဖွင့်လိုက်တယ် .... တောက် .... ဟိုကောင်၊ ကျုပ်ကို တမင်သက်သက် လှည့်စားသွားတာပါ .... "

နောက်ပိုင်း အဖြစ်အပျက်များကိုမူ တိန့်ထောက် တကယ်မသိသဖြင့် ဖြတ်မေးလိုက်မိသည်။

"ဘာဖြစ်လို့လဲ သခင်ကြီး .... "

ချူပွှားဟီက ခံပြင်းစွာဆက်ပြောသည်။

"ဘာဖြစ်ရမလဲ တူမောင်ရယ် .... ဝေါယာဉ်ထဲမှာ ကျုပ်သမီးလည်း မရှိဘူး .... ဘယ်သူမှလဲ မရှိဘူးလေ .... ဒါနဲ့ ကျုပ်လည်း ဒေါသဖြစ်ဖြစ်နဲ့ ဝေါယာဉ်ကို တွန်းလှဲပစ်လိုက်မိတယ် .... အဲဒီအချိန်မှာပဲ ကျုပ်နှာခေါင်းထဲမှာ အမွှေးနံ့လိုလို ရှူရှိုက်မိတယ် .... ဒီအမွှေးနံ့ကို ရှူရှိုက်မိတာနဲ့ ကျုပ်လည်း သတိမေ့သွားတော့တာပဲ .... တူမောင်ရောက်လာလို့ တော်သေးတာပေါ့ .... နို့မို့ တူမောင်သာ ရောက်မလာရင် ကျုပ် သေသွားလိမ့်မယ် ထင်တယ် .... "

"ဒါဆို .... ဝေါယာဥ်ထဲမှာ အဆိပ်ငွေ့တွေ လှောင်ထားတာပဲ ဖြစ်မယ် .... သခင်ကြီးကို ကျွန်တော် တွေ့ရတော့ အဆိပ်မိပြီး သတိမေ့နေတာပဲ .... မျက်နှာလည်း အဆိပ်မိလို့ ညိုမည်းနေတယ်၊ ကျွန်တော့်ဆီမှာ ထက်မြက်တဲ့ အဆိပ်ဖြေဆေးပါလာလို့ တော်သေးတာပေါ့ .... နို့မို့ အခက်ပဲ .... "

"သိပ်ပြီး ရက်စက်ယုတ်မာတဲ့ ကောင်ပဲ .... "

ချူဟွားဟီက မကျေမနပ်ဖြင့် ပြောလိုက်သည်။ ထို့နောက် သူသည် ဘာမှဆက်မပြောတော့ဘဲ မျက်မှောင်ကြုတ်၍ စဉ်းစားနေသည်။

တိန့်ထောက်က ဘေးဘီဝဲယာကို အကဲခတ်ကြည့်လိုက်သည်။

အဝေးဆီမှ လင်းကြက်တွန်သံပေါ်ထွက်လာသည်။ မကြာမီ မိုးလင်းပေတော့မည်။

ချူဟွားဟီက ယိပြတ်ဆုံးဖြတ်ချက်ချပြီးဟန်ဖြင့် ပြောသည်။

"ဒီလို လူယုတ်မာရဲ့လက်ထဲမှာ ကျရောက်နေတဲ့ ကျုပ်သမီးလေးဟာ ဘယ်လောက်အထိ စိတ်သောကရောက်နေမယ် .... ဒုက္ခရောက်နေမယ်ဆိုတာ .... ကျုပ် တွေးမိပါတယ် .... ဒီလိုတွေးမိတိုင်းလည်း ကျုပ်ရင်ထဲမှာ မချိအောင် ခံစားရပါတယ် .... ကျုပ်သမီးလေးကို ဒီလိုယုတ်မာရက်စက်တဲ့ လူရဲ့လက်ထဲမှာ မထားချင်ပါဘူး .... ဒါပေမယ့် တူမောင်တိန့်ထောက် ကျုပ်ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်ပါပြီ .... ဘာပဲဖြစ်ဖြစ် ဒီလူယုတ်မာရဲ့ အစီအစဥ်ကို ကျုပ်မလိုက်လျောဘူး .... ဘယ်လိုတောင်းဆိုချက်ကိုမှ ကျုပ်မလိုက်လျောဘူး၊ လူဆိုး



...မိုက် ဒုစရိုက်ကောင်တွေဟာ ဒီလိုသာ အကျုပ်ကိုင်ပြီး တောင်းဆိုလို ...နိုင်မယ်လို့သိရင် ဒီလိုအလုပ်မျိုးတွေကိုပဲ ဆက်လုပ်နေကြမှာပဲ၊ လူကောင်း ...တွေကို အနိုင်ကျင့်နေဦးမှာပဲ .... ဒါကြောင့် ကျုပ်မလိုက်လျောတော့ ...ဘူး .... ကျုပ်သမီးလေးကိုတော့ သူ့ရဲ့ကုသိုလ်ကံပဲလို့ သဘောထား ...လိုက်ရတော့မှာပဲ .... "

ချူဟွားဟီမှာ စိတ်မချမ်းမြေ့လွန်းသဖြင့် သူ့အသံတွေက ...တုန်ယင်နေသည်။ သူသည် ဤဆုံးဖြတ်ချက်ကို နှလုံးသားကြေကွဲ ...စွာ ဆုံးဖြတ်လိုက်ရခြင်း ဖြစ်ကြောင်း တိန့်ထောက်လည်း သိသည်။

ချူဟွားဟီသည် တစ်ဦးတည်းသော သူ့သမီးလေးကို သူ့ ...အသက်မက ချစ်မြတ်နိုးကြောင်းလည်း တိန့်ထောက်သိထားသည်။

တိန့်ထောက်ပင်လျှင် အတော်ကလေး စိတ်မချမ်းမြေ့ ဖြစ် ...သွားသည်။ သူသည် ချူဟွားဟီကို အားပေးနှစ်သိမ့်ရုံမှလွဲပြီး လော ...လောဆယ် ဘာကိုမှ မတတ်နိုင်ပါချေ။

"သိပ်စိုးရိမ်မနေပါနဲ့ သခင်ကြီး .... အခုဆိုရင် မဟူရာ သိုင်း ...သမားကြီးကိုယ်တိုင် ဒုစရိုက်ကောင်ကြီးနောက်ကို ထက်ကြပ်မကွာ ...လိုက်ပါသွားပြီပဲ .... သခင်ကြီးရဲ့သမီးကို ကယ်တင်ရေးမှာ မဟူရာ ...သိုင်းသမားကြီးကလည်း အစွမ်းကုန် ဆောင်ရွက်ပေးမယ်လို့ကျွန်တော့် ...ကို ပြောသွားပါတယ် .... "

ချူဟွားဟီမျက်နှာက ကြည်လင်လန်းဆန်းသွားသည်။

"ဟင် .... ဟုတ်လား .... ဒီလိုဆိုရင်တော့ ဝမ်းသာအားတက် ...စရာပေါ့ တူမောင်ရယ် .... "

"သခင်ကြီးလည်း စိတ်ပင်ပန်းလူပင်ပန်း ဖြစ်လွန်းနေပါပြီ၊

အိမ်ဂေဟာကို ပြန်ပြီးအနားယူပါတော့ .... ကျွန်တော်တော့ ရန်သူ့
တွေ့လို့တွေ့ငြား တစ်ဘက်လမ်းကနေ လိုက်ကြည့်လိုက်ဦးမယ်"

"ကျေးဇူးပါပဲ ဘူမောင် ...."

ချူပွားဟီလည်း တိန့်ထောက်ကို နှုတ်ဆက်စကားဆို၍ ထွက်ခွာသွားသည်။

တိန့်ထောက်တစ်ဦးတည်း ဤနေရာတွင်ပင် အတန်ကြာ အောင်ရပ်ပြီး ကျန်နေခဲ့သည်။ သူသည် မည်သည့်အရပ်ကို သွားရမှန်း မသိဘဲ စဉ်းစားနေခြင်း ဖြစ်လေသည်။

နောက်မှသူသည် ရဲ့ယန်းမြို့ဘက်သို့ ထွက်ခွာလာခဲ့သည်။ ရောင်နီသမ်းနေပြီ ဖြစ်လေသည်။

## အခန်း(၁၃)
## စာတစ်စောင်

နံနက်ခင်း၏ နေရောင်ခြည်သည် ရဲ့ယန်းမြို့ပေါ်သို့ နွေးထွေးစွာ ကျနေသည်။

ရဲ့ယန်းမြို့ထဲတွင်လည်း သွားလာသူများဖြင့် စည်ကားလျက် ရှိနေလေပြီ။

ရဲ့ယန်းမြို့၏တည်နေပုံမှာ အရှေ့ဘက်တွင် မိုးထိဘနန်း မြင့်မားလှသော တောင်မြင့် တောင်တန်းကြီးများရှိနေ ဘာ မြို့အနောက်ဘက်တွင်မူ တခြားမြို့ရွာများသို့ သွားလာနိုင်သော မြစ်ပြင်ကျယ်ကြီး ရှိလေသည်။

မြို့တောင်ဘက်နှင့်မြောက်ဘက်တွင်မူ စိမ်းလန်းသောတောအုပ်ကြီးက စိုးမိုးလျက်ရှိနေသည်။ တောအုပ်ထဲမှစမ်းချောင်းတစ်ချောင်းသည် ကွေ့ပတ်၍ မြို့တွင်းကိုပင် ဖြတ်စီးနေသည်။

မြို့တွင်းသို့ ဖြတ်စီးနေသော ချောင်းပေါ်တွင် လှပသော

တံတားကလေးများကို တည်ဆောက်ထားကြသည်။

တံတားတိုင်းပင် နဂါးရုပ်ကြီးများနှင့် တင့်တယ်စွာ ခွမ်းမံထားလေသည်။

တိန့်ထောက်သည် တံတားကြီးတစ်ခုပေါ်တွင်ရပ်နေပြီး မြို့အရှေ့ဘက်ဆီမှ လှပသော တောင်မြင့်တောင်တန်းကြီးများကို ကြည့်နေသည်။

လက်ထဲတွင် ခဲလုံးကလေးများကို ဆုပ်ကိုင်ထားပြီး ချောင်းရေထဲသို့ ခဲလုံးကလေးတစ်လုံးစီလည်း ပစ်ထည့်နေသည်။

သူသည် အတွေးပေါင်းစုံ တွေးလျက် ဤတံတားပေါ်တွင် ရောက်နေသည်မှာ ကြာလှပေပြီ။ ရှေ့ဆက် မည်သို့လှုပ်ရှားရမည်ကို တွေးနေခြင်းဖြစ်၏။

"ရောင်ခြည် သိုင်းသမား ...."

ထိုစဉ် သူ့နောက်ဘက်မှ လွင်စီသောအသံကလေးဖြင့် ခေါ်လိုက်သံပေါ်လာသည်။

တိန့်ထောက် နောက်ကိုဖုတ်ခနဲ လှည့်ကြည့်လိုက်လေသည်။

ဝတ်စုံစိမ်းဝတ်ထားသော မိန်းကလေးတစ်ယောက်ကို သူ့နောက်ဘက် မလှမ်းမကမ်းတွင် ရပ်နေကြောင်း တွေ့ရသည်။ မိန်းကလေးမှာ ချောမောလှပသူတစ်ယောက်ဖြစ်ပြီး သူမ၏အသက်မှာ နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိလိမ့်ဦးမည်။

ဝတ်စုံစိမ်းမိန်းကလေးက လိုက်လှဲစွာပြုံးရင်း တိန့်ထောက်ထံ လျှောက်လာကာ ပြောပြန်သည်။



"ရှင်ကလည်း ရှုခင်းရှုကွက်တွေကို အာရုံခံစားတတ်သွားပဲ၊ ခင်းလေ .... ဒီနေရာကလည်း သိပ်ပြီး ရှုမျှော်ခင်းကောင်းတဲ့နေရာပါပဲ ...."

ဝတ်စုံစိမ်းမိန်းကလေး၏အမူအရာ အပြောအဆိုက ရင်းနှီးဖော်ရွေသောအသွင်ကို ဆောင်နေသည်။

တွေ့တွေ့ချင်းတော့ တိန့်ထောက်သည် သူမကို မမှတ်မိချေ။ အနီးကိုရောက်လာမှ မှတ်မိသွားသည်။

သူမကား ရွှေနဂါးတမန်တော်အဖွဲ့ဝင် နံပါတ်ငါးပင် ဖြစ်လေတော့သည်။

ရွှေနဂါးတမန်တော် အဖွဲ့ဝင်အမှတ်ငါးသည် ဝတ်နေကျဝတ်စုံဝါကို ဝတ်ဆင်မထားဘဲ၊ ဝတ်စုံစိမ်းကို ဝတ်ဆင်ကာ လူစည်ကားသောမြို့ထဲတွင် သွားလာလှုပ်ရှားလျက်ရှိနေသည်။

မမျှော်လင့်ဘဲ ဤနေရာများတွင် သူမကို တွေ့လိုက်ရသဖြင့်လည်း တိန့်ထောက် အံ့အားသင့်သွားမိသည်။ စဉ်းစား၍လည်း မရအောင် ဖြစ်မိသည်။ သို့သော် သူသည် ပြုံးလိုက်ပြီး ပြန်၍ နှုတ်ဆက်လိုက်သည်။

"သြော် .... ဘယ်သူများလဲလို့ .... အမှတ်ငါးပါလား .... ဘယ်လိုလုပ် ဒီမြို့ကို ရောက်နေတာလဲ .... အထူးတာဝန်နဲ့ ရောက်နေတာလား ...."

"ကျွန်မကို လင်းယိကြည်လို့ပဲ ခေါ်ပါရှင်.... ကျွန်မရဲ့ နာမည်ရင်းက လင်းယိကြည်ပါ .... ခုအချိန်မှာ ကျွန်မက ဒီမြို့ကိုတာဝန်နဲ့

ရောက်နေတာ မဟုတ်လို့ ကျွန်မရဲ့ အမှတ်စဉ်ကို မခေါ်စေချင်ပါဘူး"

အမှတ်ငါးအသံကိုနှိမ့်၍ ပြန်ပြောသည်။ သူမကို ရွှေနဂါး တမန်တော်အဖွဲ့ဝင်တစ်ယောက်ဖြစ်ကြောင်း တခြားလူတွေ သိသွားမှာ လိုလားပုံ မရချေ။

"ဒီမြို့ကို ခင်ဗျားရောက်လာတာ တာဝန်နဲ့မဟုတ်ဘူးဆိုတော့ .... အလည်သက်သက်သဘောလာတာလား .... "

အမှတ်ငါး လင်းယိကြည်က ခပ်ပြုံးပြုံးနှင့် ခေါင်းကိုညိတ်၍

"ဟုတ်ကဲ့ .... ဒီမြို့မှာက ကျွန်မရဲ့ ဆွေမျိုးအိမ်ရှိတယ်လေ၊ ဆွေမျိုးအိမ်ကို လာလည်တာပဲ ဆိုပါတော့ရှင် .... "

"ဩော် .... ဒီမြို့မှာ ခင်ဗျားရဲ့ ဆွေမျိုးသားချင်း ရှိတာကိုး"

အမှတ်ငါး လင်ယိကြည်က ဘေးဘီဝဲယာကို တစ်ချက်ကြည့်လိုက်ပြီးမှ တိန့်ထောက်အနီးသို့ ပို၍တိုးကပ်လာသည်။ ပြီးမှ နှစ်ကိုယ်ကြား ကြားသာရုံ လေသံဖြင့် စကားဆိုသည်။

"ငွေနှင်းဖြူကတော့ ရှင့်ကို သိပ်ပြီးသတိရနေရှာတာပဲ .... ရှင့်ကိုတွေ့ရင် သူ သတိရတဲ့အကြောင်း ပြောပြပါလို့တောင် စကားပါးလိုက်သေးတယ် .... "

ငွေနှင်းဖြူဟူသောအသံကို ကြားရတော့ တိန့်ထောက် စိတ်လှုပ်ရှားသွားမိသည်။

"ဟင် .... သူက ကျွန်တော့်ကို ဒီလိုပဲမှာလိုက်သလား"

"ဟုတ်ပါတယ် .... ဒီလိုပဲမှာလိုက်ပါတယ် .... ရှင်ကလည်း ငွေနှင်းဖြူကို သိပ်သတိရနေမှာပဲနော်.... သိပ်ပြီးတွေ့ချင်နေမှာပဲနော်"



"သူ့ကို ကျွန်တော်တွေ့ချင်တာတော့ အမှန်ပါပဲ .... သူ့ကို ယ်မှာတွေ့နိုင်မယ်ဆိုတာ ခင်ဗျားသိရင် ပြောပြပါလား .... "

အမှတ်ငါးလင်းယိကြည်က သက်ပြင်းမှုဉ်းမှုဉ်းတစ်ချက် ချ ိုက်ပြီး ....

"သူ လေ့ကျင့်နေတဲ့ သိုင်းပညာရပ်တွေဟာ မပြီးဆုံးသေးပါ ူး .... ဒါကြောင့် သူ့ကို ရှင်တွေ့နိုင်မှာ မဟုတ်သေးဘူး .... ငွေနှင်း ြူဟာ သိပ်ပြီးကံကောင်းတာပဲနော် .... "

"ဘာဖြစ်လို့လဲ .... "

"ရှင့်ရဲ့ချစ်မြတ်နိုးခြင်းကို ခံရလို့ပေါ့ .... ရှင်က စိတ်သဘော ားပြည့်ဝတယ် .... ယောကျ်ားပီသတယ် .... အစွမ်းအစရှိတယ်.... ှင့်လိုလူမျိုးရဲ့ချစ်ခြင်းမေတ္တာကိုခံယူရတဲ့ မိန်းကလေးတိုင်း ကံကောင်း ကြမှာပါ .... ရှင်နဲ့သူနဲ့ ချစ်သူတွေဘဝရောက်နေကြပြီလား .... "

တိန့်ထောက်က လိမ်မပြောချင်သဖြင့် ....

"ဒီလိုတော့ မဖြစ်ကြသေးပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် ှင့်မပြောကြရသေးပါဘူး .... ငွေနှင်းဖြူကတော့ မသိဘူးလေ .... ျွန်တော်ကတော့ သူ့ကို စိတ်ဝင်စားနေမိတာ အမှန်ပါပဲ .... "

"ငွေနှင်းဖြူဟာ ကျွန်မထင်တာထက် ကံကောင်းနေပါလား၊ ှင့်လိုလူမျိုးရဲ့တစ်ဖက်သတ်အချစ်ကို သူရနေတယ်လေ .... အင်းလေ ူကလည်း မိန်းကလေးမို့ ရှင့်ရဲ့ဖွင့်ဟချက်ကို စောင့်နေတာ နေမှာ ပေါ့ .... ရှင့်ကိုလည်း သူ စိတ်ဝင်စားနေမှာပါ .... ရှင့်လိုလူမျိုးကို ိတ်မဝင်စားတဲ့မိန်းကလေးဆိုလို့ ရှိမှာ မဟုတ်ပါဘူး .... "

အမှတ်ငါးလင်းယိုကြည်တစ်ယောက် မည်သည့်ဂံစားချက်ဖြင့် ဤကဲ့သို့စကားများကို ပြောနေခြင်းဖြစ်ကြောင်း တိန့်ထောက်နားမလည်ပါချေ။

နှစ်ဦးသား ရှမျှော်ခင်းများကိုကြည့်၍ အတန်ကြာအောင်ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေကြသည်။

ခဏနေမှ လင်းယိုကြည်က ပြောပြန်သည်။

"ကျွန်မတို့အဖွဲ့နဲ့ ပူးပေါင်းပြီး ကျွန်မရဲ့ရဲတိုက်ကို ချေမှုန်းဖို့ရှင် ဆုံးဖြတ်ချက် ချပြီးပြီလား ...."

"မချရသေးပါဘူး ...."

"အင်း .... ရှင်သာ ကျွန်မတို့အဖွဲ့နဲ့ မပူးပေါင်းဘူးလို့ ဆုံးဖြတ်လိုက်မယ်ဆိုရင်တော့ .... ရှင်နဲ့ငွေနှင်းဖြူတို့ ဘယ်တော့မှ တွေ့ကြရလိမ့်မယ် မဟုတ်တော့ဘူး ...."

"တကယ်လို့ ကျွန်တော်က ပူးပေါင်းဖို့ ဆုံးဖြတ်မယ်ဆိုရင်ကော ...."

"ဒါဆိုရင်တော့ ငွေနှင်းဖြူနဲ့ ရှင်တွေ့မှာပေါ့ .... ကျွန်မတို့ခေါင်းဆောင်ကြီးနဲ့လည်း တွေ့ရမှာပဲ ...."

တိန့်ထောက်သည် ရွှေနဂါးတမန်တော်အဖွဲ့ခေါင်းဆောင်ကြီးနှင့် တွေ့ချင်နေသဖြင့် နောက်မှ ဖနောက်ရောက်ရားသဘောထားကာ ပြောလိုက်သည်။

"ဒါဖြင့်လည်း ကောင်းပြီလေ.... ကျုပ်ကလည်း ဝမ်ရဲ့ရဲတိုက်ကို တိုက်ခိုက်ချေမှုန်းချင်နေတဲ့လူဆိုတော့ ခင်ဗျားတို့အဖွဲ့နဲ့ ပူးပေါင်းဖို့ ဆုံးဖြတ်လိုက်ပါပြီ ...."



ရွှေနဂါးတမန်တော်အမှတ်ငါး လင်းယိုကြည်၏ မျက်နှာကလေးက ဝမ်းသာအယ်လဲဖြစ်သွားသည်။

"ဟာ .... ဝမ်းသာလိုက်တာရှင် .... ရှင့်ရဲ့ဆုံးဖြတ်ချက်ကိုကြားရရင် ကျွန်မတို့ရဲ့ခေါင်းဆောင်ကြီးလည်း သိပ်ပြီးဝမ်းသာသွားမှာပါ .... ဒီလိုဆို အခုပဲ ရှင်ကျွန်မတို့နဲ့ လိုက်ခဲ့ပါလား .... ကျွန်မတို့အဖွဲ့နဲ့ ပူးပေါင်းတဲ့အခါမှာ နှစ်ဦးနှစ်ဘက် လိုက်နာကြရမယ့် စည်းကမ်းတွေကို ဆွေးနွေးကြရအောင် ...."

"ကောင်းပြီလေ လိုက်ခဲ့မယ် ...."

ဦးစွာ ရှေ့မှ အမှတ်ငါးလင်းယိုကြည်က ထွက်သွားသည်။ သူမ၏နောက် မလှမ်းမကမ်းမှ တိန့်ထောက်လိုက်ခဲ့သည်။

သူတို့သည် လမ်းကျဉ်းကလေးများကို ဖြတ်ကျော်ခဲ့ကြသည်။

လူစည်ကားရာနေရာမှ လူသွားလူလာနည်းသော နေရာဆီသို့ ရောက်လာခဲ့သည်။

လမ်းမကျယ်ကြီးအတိုင်း လျှောက်လာခဲ့ကြပြီးနောက် ခြံဝင်းကျယ်ကြီးတစ်ခြံရှေ့သို့ ရောက်လာသည်။ ဝင်းကို ပတ်ပတ်လည်ခတ်ထားသော ကျောက်များမှာ အဖိုးတန်သော ကျောက်များဖြစ်လေသည်။

ဝင်းတံခါးကြီးမှာလည်း ထည်ဝါစွာရှိနေသည်။ ခြံကျယ်ကြီးအလယ်မှ ခမ်းနားကြီးကျယ်သော အိမ်ကြီးကိုလည်း လှမ်းမြင်နေရသည်။

ဤအိမ်ကြီးကို ပိုင်ဆိုင်သူမှာ ငွေကြေးဥစ္စာများစွာကြွယ်ဝလှသူ တစ်ယောက်ဖြစ်ကြောင်း မြင်ရုံနှင့် သိနိုင်လေသည်။

ဝင်းတံခါးကြီးကို ဆေးနီသုတ်ထားကာ တံခါး၏တစ်ဘက်တစ်ချက်စီတွင် ကျောက်ဖြူသားနှင့်ထုထွင်းထားသော ခြင်္သေ့ရုပ်တစ်ရုပ်စီ ရှိနေသည်။ ခြင်္သေ့ရုပ်ကြီး နှစ်ရုပ်စလုံးလက်ရာမြောက်လွန်းလှသည်။

အမှတ်ငါး လင်းယိကြည်က ပိတ်ထားသော ဝင်းတံခါးရှေ့တွင် ရပ်လိုက်သဖြင့် တိန့်ထောက်လည်း ရပ်လိုက်ရသည်။

"ဒါ .... ဘယ်သူ့အိမ်လဲ .... "

"ကျွန်မရဲ့ ကြီးကြီးအိမ်ပါ .... "

အမှတ်ငါး လင်းယိကြည်တွင် ဤမျှ ချမ်းသာကြွယ်ဝသော ဆွေမျိုးညာတိ ရှိနေခြင်းအတွက် တိန့်ထောက် အံ့သြတကြီးဖြစ်ရလေသည်။ သို့ပါလျက် သူမသည် အဘယ်ကြောင့် ရွှေနဂါးတမန်တော်အဖွဲ့ထဲသို့ ဝင်ရသနည်းဟု တိန့်ထောက်က စဉ်းစားမရအောင် ဖြစ်ရသည်။

အမှတ်ငါးလင်းယိကြည်တံခါးမှ ကြေးကွင်းကြီးကို ကိုင်၍ ခေါက်လိုက်သည်။

ခဏနှင့် တံခါးပွင့်သွားပြီး တံခါးနောက်ကွယ်မှ အဘိုးအိုတစ်ဦး ပေါ်လာသည်။

အဘိုးအိုက အမှတ်ငါး လင်းယိကြည်ကိုမြင်သည်နှင့် ခပ်သွက်သွက် လမ်းဖယ်ပေးလိုက်သည်။ လင်းယိကြည်က တိန့်ထောက်ကို



ခေါင်းညိတ်ပြ၍ ဦးစွာရှေ့မှ ဝင်သွားသည်။

တိန့်ထောက်လည်း အထဲကိုဝင်မည်အပြု သူ့ရှေ့ကို ပန်းကန်လုံးပွဲတစ်လုံး ရောက်လာသည်။ တိန့်ထောက်က ပန်းကန်လုံးအပွဲကို ကိုင်ထားသူကို ကြည့်လိုက်ရာ သူတောင်းစားကြီးတစ်ဦး ဖြစ်နေသည်ကို မြင်ရသည်။

သူတောင်းစားကြီးမှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနှင့် ဆံပင်များ ဖွေးဖွေးဖြူနေပြီဖြစ်ပြီး မျက်နှာတစ်ပြင်လုံး ပါးမြိုင်းမွေးနှင့် နှုတ်ခမ်းမွေးများက ဖုံးအုပ်ထားသည်။

တိန့်ထောက်လည်း သူ့ရင်ဖုံးအိတ်ထဲမှ ငွေအကြေစများကို စမ်းသပ် နှိုက်ယူလိုက်သည်။

"ဒီသူတောင်းစားကြီးက ဒီခြံပေါက်ဝထိ ဘာဖြစ်လို့ လာတောင်းနေရတာလဲ .... ဒါ ညှို့သည်ကွ .... ထွက်သွားထွက်သွား"

တံခါးစောင့် အဘိုးအိုက သူတောင်းစားကြီးကို အော်ငေါက်လိုက်သည်။

တိန့်ထောက်ကမူ သူ့လက်ထဲပါလာသမျှ ငွေအကြေစေ့များကို ပန်းကန်လုံးထဲ သေချာစွာ ထည့်လိုက်သည်။ ထိုစဉ် ပန်းကန်လုံးထဲတွင် လုံးထားသော စက္ကူလုံးလေးတစ်လုံးကို တိန့်ထောက်တွေ့ရသည်။

သူသည် မျက်မှောင်ကြုတ်သွားပြီး သူတောင်းစားကြီးကို ကြည့်လိုက်သည်။ သူတောင်းစားကြီးကလည်း တိန့်ထောက်ကို အဓိပ္ပာယ်ပါပါ တစ်ချက်ပြန်ကြည့်သည်။

ထို့ကြောင့် တိန့်ထောက်လည်း ငွေအကြွေစများကိုထည့်ရင်းမှ မည်သူမှ မမြင်အောင် ပန်းကန်လုံးထဲမှ စက္ကူလုံးကလေးကို နှိုက်ယူလိုက်သည်။

သူတောင်းစားကြီးက ပါးစပ်ထဲမှ တတွတ်တွတ်ဆုတောင်း၍ လှည့်ထွက်သွားသည်။

တိန့်ထောက်လည်း သူ့ကိုရပ်စောင့်နေသော အမှတ်ငါး လင်းယိကြည်ထံသို့ လျှောက်လာခဲ့သည်။

တိန့်ထောက် အထဲကိုဝင်မိသည်နှင့် အဘိုးအိုကြီးက တံခါးကို ခပ်သွက်သွက် ပြန်ပိတ်သည်။

ခြံဝင်းထဲတွင် ရောင်မျိုးစုံသော ပန်းခင်းကြီးများ၊ ပန်းချုံကြီးများကို တွေ့ရသည်။ ပန်းရနံ့များက သင်းပျံ့ကြိုင်လှိုင်လျက် ရှိနေသည်။

ခြံဝင်းကြီး တစ်ဝင်းလုံး သစ်ရွက်ခြောက်စများမရှိဘဲ သန့်ရှင်းနေသည်။ ကျောက်ခင်းလမ်းများမှာလည်း ညီညာပြောင်လက်နေသည်။

ခြံဝင်းထဲကိုရောက်မှ ကြီးမားလှသော အိမ်ကြီး၏ခမ်းနားထည်ဝါမှုကို ပိုပြီးမြင်ရသည်။

တိန့်ထောက်နှင့်အမှတ်ငါးလင်းယိကြည်တို့သည် ကျောက်ပြားအဖြူများခင်းထားသောလမ်းမှ အိမ်ကြီးဆီသို့ လျှောက်ခဲ့ကြသည်။

ခြံဝင်းကြီးထဲတွင် သူတို့နှစ်ဦးမှလွဲ၍ အခြားသွားလာနေသူများ တိန့်ထောက် မတွေ့ရချေ။

အိမ်ကြီး၏ လှေကားခြေရင်းသို့ ရောက်လာသောအခါ လှေ



ကား၏ တစ်ဖက်တစ်ချက်စီတွင် ကြီးမားလှသော နဂါးရုပ်ကြီးတစ်ရုပ်စီကို ထွင်းထုထားကြောင်း တွေ့ရလေသည်။ နဂါးရုပ်ကြီးနှစ်ရုပ်စလုံးမှာ ရွှေချထားသဖြင့် ရွှေရောင်ဝင်းဝင်းလက်နေသည်။

တိန့်ထောက်သည် အမှတ်ငါးလင်းယိကြည်၏ဦးဆောင်မှုဖြင့် လှေကားအတိုင်း လိုက်ခဲ့သည်။ လှေကားအဆုံးတွင် အိမ်ကြီး၏ရှေ့တံခါးပေါက်ဝကို ရောက်လာကြသည်။

ယခုအချိန်အထိ တိန့်ထောက်သည် မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရသေးချေ။

အမှတ်ငါး လင်းယိကြည်က တိန့်ထောက်ကို အိမ်ကြီးထဲသို့ ခေါ်ခဲ့သည်။

ဦးစွာကျယ်ဝန်းသော ဧည့်ခန်းဆောင်ကြီးထဲသို့ ရောက်လာကြသည်။ တန်ဖိုးကြီးမားသော အိမ်ထောင်ပရိဘောဂပစ္စည်း အသုံးအဆောင်များက သူ့နေရာနှင့်သူ နေသားတကျရှိနေသည်။

အမှတ်ငါး လင်းယိကြည်သည် ဧည့်ခန်းဆောင်ထဲတွင် မရပ်သေးဘဲ ဧည့်ခန်းဆောင်၏ တစ်ဘက်တွင်ရှိသော အခန်းကလေးတစ်ခန်းထဲသို့ ခေါ်လာသည်။ ထိုအခန်းကလေးပင်လျှင် ပေသုံးဆယ်ပတ်လည် ကျယ်ဝန်းလေသည်။

အခန်းကလေးထဲတွင် ပစ္စည်းအသုံးအဆောင် သိပ်ပြီးမရှိလှချေ။

လင်းယိကြည်က စားပွဲကလေးတစ်လုံး၏ ဘေးမှခုံကို ညွှန်ပြကာ တိန့်ထောက်ကို ပြောလိုက်သည်။

"ရှင်နဲ့ကျွန်မ ဒီမှာပဲ ဆွေးနွေးကြတာပေါ့ .... "

ထိုသို့ပြောပြီး သူမက လက်ခုပ်သုံးချက် တီးလိုက်သည်။ ပြီးနောက် သူမလည်း တိန့်ထောက်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။

ခန်းထဲသို့ အိမ်စေမိန်းကလေးတစ်ဦး လင်ဗန်းတစ်ချပ်ကိုင်၍ ဝင်လာသည်။ လင်ဗန်းထဲတွင်ပါလာသော ရေနွေးအိုးနှင့် မုန့်များကို စားပွဲပေါ် တည်ခင်းပေးပြီး လင်းယိကြည်ကို ဦးညွှတ်ကာ ပြန်ထွက်သွားလေတော့သည်။

အခန်း(၁၄)

## ထောင်ချောက်စီဘာဝ

ထိုအခါမှ အမှတ်ငါး လင်းယိကြည်က ပြုံး၍ တိန့်ထောက်ကို ပြောသည်။

"ကိုင်း .... ရှင်နဲ့ကျွန်မတို့အဖွဲ့ ပူးပေါင်းဖို့ကိစ္စကို ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးကြရအောင် .... "

တိန့်ထောက် မျက်မှောင်ကြုတ်သွားပြီး ....

"ဟင် .... ခင်ဗျားနဲ့ကျွန်တော်နဲ့ နှစ်ယောက်တည်း ဆွေးနွေးလို့ပြီးရောလား .... ရွှေနဂါးတမန်တော်အဖွဲ့ ခေါင်းဆောင်ကြီးက ကျွန်တော်ကပူးပေါင်းဖို့ သဘောတူရင် ဘယ်သူမဆို တစ်ခါတည်း ဆွေးနွေးဖို့ အခွင့်အရေး ပေးထားလို့လား .... "

"ရှင်နဲ့ကျွန်မ ဆွေးနွေးမှာက အသေးစိတ်မဟုတ်ပါဘူး .... အကြမ်းအားဖြင့် ရှေ့ပြေးဆွေးနွေးမှာပါ .... အခု ပဏာမဆွေးနွေးမှုပြေလည်မှ ဒုတိယအဆင့်အနေနဲ့ ရှင့်ကို ကျွန်မတို့ရဲ့ ခေါင်းဆောင်ကြီး ဆီပို့ပေးရမှာပါ .... "

အမှတ်ငါး လင်းယိကြည်က စကားပြောရင်း ရေနွေးကြမ်းတစ်ခွက်စီကို ငှဲ့ထည့်သည်။

တိန့်ထောက် ခေါင်းတဆတ်ဆတ်ညိတ်ပြီး ....

"ကောင်းပြီလေ .... ဒီလိုဆိုလည်း ကျွန်တော်ကပဲ စရလိမ့်မယ် .... ခင်ဗျားတို့ရဲ့ အဖွဲ့ခေါင်းဆောင်ကြီးဟာ ဘယ်သူလဲ .... "

အမှတ်ငါး လင်းယိကြည်က သက်ပြင်းတစ်ချက်ချပြီး ....

"ဒီမေးခွန်းကို ကျွန်မတို့ရဲ့ ဆွေးနွေးမှုပြီးဆုံးမှ နောက်ဆုံးအနေနဲ့ မေးစေချင်ပါတယ် .... အခုတော့ ကျွန်မတို့ရဲ့ ခေါင်းဆောင်ကြီး ဘယ်သူဘယ်ဝါဆိုတာ မသိချင်ပါနဲ့ဦး .... ကျွန်မတို့ ပထမဦးဆုံးဆွေးနွေးရမှာက .... "

"မလိုချင်ဘူး လင်းယိကြည် .... ကျွန်တော် ပထမဦးဆုံးသိချင်တာက ခင်ဗျားတို့ရဲ့ ခေါင်းဆောင်ကြီး ဘယ်သူလဲဆိုတာကိုပဲ၊ ပြီးတော့ .... ခင်ဗျားတို့ ရွှေနဂါးတမန်တော်အဖွဲ့ဟာ သိုင်းလောကမှာ လှုပ်ရှားနေကြတာ ဘယ်လိုရည်ရွယ်ချက်မျိုး ဦးတည်ချက်မျိုး ရှိတယ်ဆိုတာကိုလည်း ကျွန်တော် သိချင်တယ် .... ဒါမှလည်း ကျွန်တော့်အနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးလို့ရတော့မှာပေါ့ .... "

"ဒါတွေကို အချိန်ကျတော့ ကျွန်မ ပြောပြပါ့မယ် .... "

"ကျွန်တော်ကတော့ ဦးဆုံးသိရမှ ဖြစ်မယ် .... ဒါမှလည်း ဆွေးနွေးလို့ရမှာပေါ့ .... "

တိန့်ထောက်က ဇွတ်ပြောနေသဖြင့် အမှတ်ငါးလင်းယိကြည်မှာ ဘာဆက်ပြောရမှန်း မသိတော့ဘဲ စိတ်ရှုပ်သွားဟန်ဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။



တိန့်ထောက်သည် သူမ၏မျက်နှာကို အကဲခတ်ကြည့်ပြီး ပြောပြန်သည်။

"ကဲ .... ဒီလိုဆိုရင် ငွေနှင်းဖြူနဲ့ ကျွန်တော့်ကို တွေ့ခွင့်ပြုမလား .... ငွေနှင်းဖြူနဲ့တွေ့ပြီးရင်တော့ ခင်ဗျားတို့အဖွဲ့နဲ့ ပူးပေါင်းဖို့ ကိစ္စကို ဆက်ဆွေးနွေးကြမယ် .... "

"ခက်လိုက်တာရှင် .... ရှင့်ရဲ့တောင်းဆိုချက်တွေက ကျွန်မတို့ခေါင်းဆောင်ကြီးရဲ့ မှာကြားထားတဲ့အချက်တွေနဲ့ ဆန့်ကျင်ဘက်တွေ ဖြစ်နေတယ် .... ကျွန်မ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"နေပါဦး .... ဘယ်လိုများ ဆန့်ကျင့်မှုတွေ ဖြစ်နေလို့လဲ"

အမှတ်ငါး လင်းယိကြည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ....

"ခေါင်းဆောင်ကြီး မှာထားတာက ရှင်နဲ့ကျွန်မ အခုပထမဆွေးနွေးပွဲမှာ အဆင်ပြေပြေ ဆွေးနွေးနိုင်မှ ငွေနှင်းဖြူနဲ့ရှင့်ကို တွေ့ခွင့်ပေးရမယ်တဲ့ .... ခုတော့ ဘာမှ မဆွေးနွေးရသေးဘူး .... ရှင်က ငွေနှင်းဖြူနဲ့တွေ့ဖို့ အခွင့်ဆိုနေတော့ ခက်မနေဘူးလား .... "

"အခုချက်ချင်း ဆွေးနွေးလို့ အဆင်ပြေရင် အခုချက်ချင်းပဲ ကျွန်တော်က ငွေနှင်းဖြူနဲ့ တွေ့ရမှာလား .... "

"ဒါကတော့ ကျွန်မတို့ ကတိအတိုင်း အဆင်ပြေအောင် စီစဉ်ပေးရမှာပေါ့ .... "

သူမက စားပွဲနားထိ မလာဘဲ တံခါးပေါက်ဝနားတွင် ရပ်နေသည်။

အမှတ်ငါး လင်းယိကြည်က သူမဆီကို လျှောက်သွားသည်။ ...နားသို့ လင်းယိကြည် ရောက်သွားသောအခါ သူမက လင်းယိကြည်

၏ နားနားသို့ တိုးကပ်ပြီး တီးတိုးပြောဆိုလိုက်သည်။

အမှတ်ငါး လင်းယိကြည်က ခေါင်းတစ်ချက် ဆတ်ခနဲညိတ်လိုက်ပြီး တိန့်ထောက်ကိုကြည့်၍ လှမ်းပြောသည်။

"ရှင် ခဏလောက် ထိုင်နေပါဦး .... ကျွန်မ ခုချက်ချင်း ပြန်လာပါ့မယ် .... "

လင်းယိကြည် ထွက်သွားမည်ဆိုသဖြင့် တိန့်ထောက်လည်း ထပြန်ချင်သည်။ သို့သော် ချက်ချင်းကြီး ထပြန်လျှင် ရိုင်းရာကျမည်စိုးသဖြင့် ခေါင်းညိတ်ပြလိုက်ရတော့သည်။

အမှတ်ငါး လင်းယိကြည်လည်း အခန်းထဲမှ ခပ်သွက်သွက် ထွက်သွားသည်။

သူမ၏နောက်မှ အစေအပါးမကလေးလည်း ထက်ကြပ်မကွာ လိုက်ပါသွားသည်။

အခန်းထဲတွင် တိန့်ထောက် တစ်ယောက်တည်းသာ ကျန်နေခဲ့သည်။ သူသည် ရေနွေးကြမ်းပန်းကန်ကိုယူပြီး တစ်ငုံနှစ်ငုံသောက်လိုက်သည်။

ဤအိမ်ကြီးဆီသို့ သူလိုက်လာသည်မှာ မှားလေပြီလားဟူ၍လည်း တွေးမိသည်။ ဤအိမ်ကြီးတွင် လျှို့ဝှက်မှုတစ်ခုခု ရှိနေနိုင်ကြောင်းကို တွေးမိသော်လည်း မည်သည့်လျှို့ဝှက်မှုမျိုး ဖြစ်မည်ကိုမူ စဉ်းစားမရချေ။

ရုတ်တရက် ခြံတံခါးပေါက်နားတွင် သူတောင်းစားကြီးထံမှ ရလိုက်သော စက္ကူလုံးကလေးကို သတိရလိုက်သည်။

ဤသူတောင်းစားကြီးမှာ မည်သူမည်ဝါဖြစ်ကြောင်းကို မသိ



သော်လည်း စက္ကူလုံးကလေးထဲတွင် သူ့ကိုသတိပေးသော စာမျိုး ရေးထားနိုင်ကြောင်း တွေးမိသည်။

သူသည် စက္ကူလုံးကလေးကို ထုတ်ယူကြည့်မည်အပြုတွင် အခန်းထဲသို့ အမှတ်ငါးလင်းယိကြည် ပြန်ဝင်လာသည်ကို တွေ့ရသဖြင့် ဟန်မပျက် နေလိုက်ရသည်။

အမှတ်ငါး လင်းယိကြည်၏မျက်နှာမှာ ထွက်သွားစဉ်ကလို မဟုတ်ဘဲ ရွှင်ရွှင်ပျပျဖြစ်နေသည်။

သူမသည် စားပွဲကို ဝင်မထိုင်သေးဘဲ တိန့်ထောက်ကို ဝမ်းပန်းတသာ ပြောလိုက်သည်။

"ရှင့်ရဲ့ဆန္ဒ ပြည့်ဝပါတော့မယ် .... အခုပဲ ဒီကို ငွေနှင်းဖြူ ရောက်လာပါလိမ့်မယ် .... ရှင် တွေ့ရတော့မှာပါ .... "

လုံးဝ ထင်မှတ်မထားသောစကားမျိုးကို ကြားရသဖြင့် တိန့်ထောက် လွန်စွာ စိတ်လှုပ်ရှားသွားသည်။ ရင်ထဲတွင်လည်း တဒိန်းဒိန်း ခုန်လာသည်။

သူသည် ငွေနှင်းဖြူကို ဤအိမ်ကြီးထဲတွင်ရှိနေသည်ဟု လုံးလုံး ထင်မှတ်မထားချေ။ ဤမျှအထိ မြန်မြန်ဆန်ဆန် တွေ့ရလိမ့်မည်ဟူ၍လည်း လုံးဝ မျှော်မှန်းမထားချေ။

အမှတ်ငါး လင်းယိကြည်၏စကားကိုပင် သူသည် ယုံရခပ်ခက်ခက်ဖြစ်နေသည်။

"ဘယ်လို ငွေနှင်းဖြူ အခုရောက်လာလိမ့်မယ် ဟုတ်လား၊ ငွေနှင်းဖြူက ဒီမှာရှိနေလို့လား .... ကျွန်တော့်ကို ခင်ဗျားလှောင်နေတာလား .... "

တိန့်ထောက်က မယုံမရဲဖြင့် မေးလိုက်သောအခါ အမှတ်ငါး လင်းယိကြည်က ခပ်ပြုံးပြုံး ပြန်ဖြေသည်။

"ရှင်က ကျွန်မစကားကို မယုံဘူးလား .... ရှင့်ကို ကျွန်မက ဘာဖြစ်လို့ လိမ်ပြောရမှာလဲ .... အခုပဲ ငွေနှင်းဖြူရောက်လာမှာပါ"

အမှတ်ငါး လင်းယိကြည်က တကယ်ပြောနေကြောင်း တိန့်ထောက် ယုံကြည်သွားသည်။

သူသည် ငွေနှင်းဖြူရောက်လာသောအခါ မည်ကဲ့သို့ ဆက်ဆံရမည်ကိုပင် တွေးမရဖြစ်မိသည်။ ငွေနှင်းဖြူသည် သူ့ဖခင် ရွှေနဂါး တမန်တော်အဖွဲ့ခေါင်းဆောင်ကြီး၏ အမိန့်ကို တိတိကျကျ နာခံတတ်သူဖြစ်ကြောင်း တိန့်ထောက် သိထားလေသည်။

သူသည် သူ့အပေါ် အထင်မှား၍ ငွေနှင်းဖြူ၏တိုက်ခိုက်ခြင်းကိုပင် မကြာခင်ကမှ ခံထားရသေးသည်။ ထို့ကြောင့် ဆက်ဆံရမှာ ခက်နေခြင်းဖြစ်၏။

ထိုစဉ် တံခါးဝတွင် ဝတ်စုံဖြူဝတ်ထားသော မိန်းကလေး တစ်ယောက် လာရပ်လေသည်။ သူမကိုမြင်တော့ တိန့်ထောက် ရင်တွေ ဗလောင်ဆူသွားသည်။ သူ၏တစ်ကိုယ်လုံးတွင် လည်ပတ်နေသော သွေးများပင် ရပ်ဆိုင်းသွားလေရော့သလားဟု ထင်ရလောက်အောင် သူ့တစ်ကိုယ်လုံး အေးစက်သွားသည်။

တံခါးဝတွင် ရပ်လာသူမှာ ငွေနှင်းဖြူပင် ဖြစ်လေတော့သည်။

ငွေနှင်းဖြူသည် ဟိုယခင်က သူတွေ့နေကျအတိုင်း ဝတ်စုံဖြူကို ဝတ်ထားသည်။ သို့သော် သူမ၏ မှို့မောက်နေသော မျက်နှာကလေးကမူ ချောင်ကျသွားသည်ဟု ထင်ရသည်။



နှားထင်နှင့် မျက်ကွင်းများလည်း အနည်းငယ် ချိုင့်ဝင်နေလေသည်။ သူမ၏ ခန္ဓာကိုယ်ကလေးပါ အတော်ကလေး ပိန်လှီသွားသည်။

ငွေနှင်းဖြူသည် တိန့်ထောက်ကို ကြည့်နေသော်လည်း သူ့မျက်နှာက ဝမ်းသာဟနလည်း မပြ၊ အုံ့သြဟန်လည်း မပြပါချေ ....။ စကားတစ်လုံးမှလည်း မပြောလာချေ။ သူမ၏မျက်လုံးအစုံကမူ ရီဝေနေသည်။

သူမ၏အမူအရာ သူ့ဟန်ပန်က တိန့်ထောက်အပေါ် သူစိမ်းဆန်လွန်းလှသည်။ သူမတွင် မည်သည့်ခံစားချက်မှ မရှိသည့်အလားကြောင်ငေးငေးဖြစ်နေသည်။

"ငွေနှင်းဖြူ ...."

တိန့်ထောက် ထိုင်ရာမှ ထရပ်လိုက်ပြီး ကြင်နာစွာ ခေါ်လိုက်သည်။

ထိုအခါမှ သူမသည် တိန့်ထောက်ကို အေးစက်တင်းမာသော လေသံဖြင့် ပြန်ပြောလေသည်။

"ကျွန်မတို့အဖွဲ့နဲ့ ရှင် ပူးပေါင်းဆောင်ရွက်လိုစိတ် မရှိဘူးဆိုရင်တော့ .... နောက်ဘယ်တော့မှ ကျွန်မကို ရှင်တွေ့ဖို့ မကြိုးစားပါနဲ့တော့ .... ရှင်နဲ့ကျွန်မ ဘယ်တော့မှ တွေ့နိုင်တော့မှာ မဟုတ်ဘူး"

ငွေနှင်းဖြူသည် ထိုတစ်ခွန်းသာ ပြောပြီး နောက်လှည့်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"နေပါဦး ငွေနှင်းဖြူ"

တိန့်ထောက်က မချင့်မရဲနှင့် လှမ်းခေါ်လိုက်သည်။ သူ့အသံ

က အတော်ကလေး ကျယ်လောင်သွားသည်။

ငွေနှင်းဖြူ ဤမျှသာ ပြောပြီး ထွက်ခွာသွားမည်ကို သူသည် မကျေနပ်နိုင်ပါချေ။

သူသည် ငွေနှင်းဖြူနှင့် တွေ့နိုင်ရန် ကြိုးစားခဲ့သည်မှာ ကြာလှပါပြီ။

တိန့်ထောက်က ခံစားချက်အပြည့်နှင့် ပြောလိုက်လေသည်။

"ငွေနှင်းဖြူ .... အစ်ကို့ကို ဒီလိုပဲ သူစိမ်းပြင်ပြင်တစ်ယောက်လို ဆက်ဆံပြီး ထွက်သွားတော့မှာလား .... အရင်က အစ်ကိုနဲ့ညီမတို့ ရင်းရင်းနှီးနှီးနေခဲ့ကြတာကို မေ့သွားပြီလား .... လူချင်းကွဲနေကြပြီး အခုလို ပြန်တွေ့တုန်းမှာ ဒီစကားတစ်ခွန်းပဲ ပြောဖို့ ညီမမှာ ရှိသလား"

ငွေနှင်းဖြူကမူ လုံးဝ အမူအရာမပြောင်းပါချေ။ သူ့မျက်နှာတွင် မည်သည့်ခံစားချက်မှလည်း မရှိချေ။ သူမက အေးစက်စက် လေသံဖြင့်ပင် ပြန်ပြောသည်။

"အရင်က ဟုတ်လား .... ရှင့်ကို ကျွန်မက ဘယ်တုန်းကများ ရင်းရင်းနှီးနှီး နေခဲ့ဖူးလို့လဲ .... "

သူစိမ်းဆန်လှသော ငွေနှင်းဖြူ၏စကားကြောင့် တိန့်ထောက် ခံပြင်းသွားမိသည်။ မချိတင်ကဲအသံနှင့်လည်း ပြန်ပြောမိသည်။

"ရင်းရင်းနှီးနှီးမနေခဲ့ဘူး ဟုတ်လား .... ဒါဖြင့် အရင်တုန်းကတော့ မင်းက ငါ့ကိုအသုံးချစရာရှိနေလို့ ဟန်ဆောင်ချစ်တာလား .... ခုတော့ ဟန်ဆောင်စရာ မလိုတော့ဘူးပေါ့ ဟုတ်လား .... "

တိန့်ထောက်လေသံက ပြောရင်း အတော်ကလေး တင်းမာ



သွားသည်။

စပ်စပ်

ငွေနှင်းဖြူက အမူအရာမပြောင်းပါချေ။ တုန်လှုပ်ပုံလည်း မ ...သ်။

ချေ။

သူမပြောလိုသောစကားကိုသာ လေသံမှန်မှန်ဖြင့် ပြန်ပြောသည်။

"ဒီမယ် .... ရှင့်အနေနဲ့ ကျွန်မကို ခင်တယ်၊ မိတ်ဆွေအဖြစ် ဆက်ဆံသွားချင်တယ် ဆိုရင်တော့ ကျွန်မတို့အဖွဲ့နဲ့ ပူးပေါင်းပါ .... ဒါဆိုရင်တော့ ကျွန်မရဲ့ ဆက်ဆံရေးဟာလည်း ပြောင်းလဲသွားမှာပဲ၊ ဒီတော့မှ ရှင်နေစေချင်သလို ကျွန်မကလည်း ရင်းရင်းနှီးနှီး နေပေးပါ့မယ်"

စကားဆုံးသည်နှင့် ငွေနှင်းဖြူ ချာခနဲ လှည့်ထွက်သွားသည်။

တိန့်ထောက် လှမ်းမခေါ်တော့ဘဲ ငိုင်၍ကျန်နေခဲ့တော့သည်။

အမှတ်ငါး လင်းယိကြည်လည်း တိန့်ထောက်ကို လက်ကာပြပြီး အခန်းထဲမှ ထွက်ခွာသွားသည်။ မိမိကို ခဏနေရန် လက်ဟန်ပြသွားပြီး ငွေနှင်းဖြူကို လိုက်ခေါ်ခြင်း ဖြစ်မလားဟု တိန့်ထောက်တွေးမိသည်။

တိန့်ထောက် တွေတွေကြီး ရပ်မြဲဆက်ရပ်နေသည်။

ထိုစဉ် သူ၏ဦးခေါင်းထဲတွင် မိုက်ခနဲ မူးဝေသွားသည်ကို တိန့်ထောက် ခံစားလိုက်ရသည်။ သူသည် မတ်တတ်ထရပ်ရန် မည်သို့မှ မဟန်နိုင်တော့သဖြင့် ချက်ချင်း ဒူးညွှတ်ချထိုင်လိုက်ရသည်။

မျက်လုံးအစုံကိုလည်း ခဏမှိတ်လိုက်မိသည်။

သူ့ခန္ဓာကိုယ်ပတ်လည်တွင် လေဟပ်သွားသည်ကို ခံစား

က အ်ရပြီး ကျယ်လောင်သော မြည်ဟည်းသံကြီးလည်း ပေါ်လာသည်။

"ဒုန်း .... "

တိန့်ထောက် စိတ်အားတင်းပြီး မှိတ်ထားသော မျက်လုံးအစုံကို ပြန်ဖွင့်လိုက်သည်။ သူ့မျက်လုံးအစုံက မည်သည့်အရာကိုမှ မမြင်ရတော့ပါချေ။ အမှောင်ထုကိုသာ မြင်နေရတော့သည်။

တိန့်ထောက် ထိတ်ခနဲ ဖြစ်သွားပြီး ဆတ်ခနဲ ထရပ်သည်။

တစ်ခန်းလုံး မှောင်အတိကျသွားခြင်း ဖြစ်လေမလားဟုတွေးမိသည်။

သူ့ခေါင်းထဲတွင်မူးဝေခြင်းမှာလည်း တစ်မုဟုတ်ချင်းပျောက်သွားသည်။

သူသည် တံခါးပေါက်ဆီသို့ မှန်း၍လာခဲ့သည်။ သို့သော် ခြေနှစ်လှမ်းသာ လှမ်းရသေးသည်။ ရှေ့ကို ဆန့်တန်းမိသော သူ့လက်နှစ်ဖက်က အေးစက်လှသော နံရံကို စမ်းသပ်မိသဖြင့် ထိတ်လန့်သွားမိပြန်သည်။

သူသည် ခပ်သွက်သွက်ပင် သူ့ပတ်ဝန်းကျင်ကို လက်နှင့်စမ်းသပ်ကြည့်ရာ အလုံကာရံထားသော အခန်းကျဉ်းကလေးထဲသို့ ရောက်နေကြောင်း သိရတော့သည်။ သူ့အထက်အောက် ဘေးပတ်လည်တွင် အပေါက်ဟူ၍ လုံးဝမရှိချေ။

ပြီးတော့ အခန်းကျဉ်းကလေးမှာလည်း ခေါင်းသေတ္တာကြီးတစ်လုံး ထောင်ထားသကဲ့သို့ ရှိနေသည်။ သူသည် ဘေးပတ်ပတ်လည်ကို ခြေသုံးလေးလှမ်းထက် ပိုပြီး မသွားနိုင်ချေ။

သူ့အပေါ်မှ အမိုးမှာလည်း လက်မြှောက်လိုက်လျှင် ထိနေ



သည်။ သူသည် ထုထဲလှသော သံပြားကြီးများနှင့် လေးထောင့်စပ်စပ် လုပ်ထားသော သေတ္တာကြီးထဲတွင် ပိတ်မိနေခြင်း ဖြစ်လေသည်။ တစ်ဖက်မှင့် သံသေတ္တာကြီးက သူ့အပေါ်မှ ပိုက်ကွန်အုပ်လိုက်သကဲ့သို့ အရှိန်ပြင်းစွာ အုပ်မိုးလိုက်ခြင်း ဖြစ်လေသည်။

သူသည် ရန်သူ၏ထောင်ချောက်တွင် မိနေပြီဖြစ်ကြောင်း ယခုမှ တိန့်ထောက်သိရတော့သည်။ သူနှင့်အမှတ်လေးလင်းယိကြည်တို့ ရောက်လာသော အခန်းထဲတွင် ယန္တရားထောင်ချောက်ဆင်ထားခြင်း ဖြစ်လေသည်။

"ကလစ်"ခနဲ မြည်သံနှင့်အတူ သူ့ခေါင်းပေါ်မှ အလင်းတန်းတစ်တန်းဝင်လာသည်။ မော့ကြည့်လိုက်ရာ သံပရာသီးတစ်လုံးစာခန့်ရှိ အပေါက်ကလေး ပေါ်လာသည်ကို တွေ့ရသည်။

ထိုအပေါက်ကလေးမှ ထွက်ပေါ်လာသော အသံကိုလည်း တိန့်ထောက်ကြားရသည်။

"ရောင်ခြည်သိုင်းသမား .... အခုမှတော့ ဘာမှဆွေးနွေးနေစရာ မလိုတော့ဘူး .... ရှင် ဆွေးနွေးချင်ရင် သေမင်းနိုင်ငံကိုရောက်မှပဲ သေမင်းနဲ့ဆွေးနွေးပေတော့ .... ဟင်း .... ဟင်း .... ဟင်း"

ထိုအသံများမှာ ငွေနှင်းဖြူ၏အသံဖြစ်ကြောင်း တိန့်ထောက်ကောင်းကောင်းကြီး မှတ်မိသည်။ သူသည် ဒေါသထွက်လွန်းသဖြင့် အသားများ တဆတ်ဆတ်တုန်နေမိလေသည်။

ငွေနှင်းဖြူအပေါ် သူကချစ်မြတ်နိုးသလောက် သူမက သူ့ကို ရက်ရက်စက်စက် ပြုမူပြောဆိုနေလေပြီ။ တိန့်ထောက်သည် ယူကျုံးမရခံပြင်းစိတ်ဖြင့် ပြန်အော်ပြောလိုက်သည်။

"ငွေနှင်းဖြူ .... ငါ့ကို မင်းအသေသာသတ်လိုက်စမ်းပါ .... အေး .... ငါ မသေရင်တော့ မင်းလို ယုတ်မာရက်စက်လှတဲ့ မိန်းမမျိုးကို ပထမဦးဆုံး လိုက်ရှာပြီးသတ်မယ် .... နားလည်လား .... "

"ကလစ်"ဟူသောအသံနှင့်အတူ ခေါင်းပေါ်မှ အပေါက်ကလေးတစ်ပေါက် ပြန်ပိတ်သွားလေသည်။ ပြန်လည်၍ တိတ်ဆိတ်ငြိမ်သက်လွန်းသွားပြီး သူ၏အသက်ရှူသံကိုသာ တိန့်ထောက်ပြန်၍ ကြားနေရလေသည်။

## အခန်း(၁၅)
## ရွှေတောင်ပေ့အဘွားအို

"ဒုန်း .... ဒုန်း .... ဒုန်း .... ဒုန်း"

တိန့်ထောက် ခံပြင်းဒေါသဖြစ်လွန်းသဖြင့် နံရံကဲ့သို့ဖြစ်နေသော သံပြားများကို လက်ဝါးစောင်းနှင့် ဆက်တိုက်ရိုက်လိုက်မိသည်။

သို့သော် ....

လေးဘက်လေးတန်တွင် ကာရံထားသော သံပြားများမှာ ထုထဲခိုင်ခံ့လှလေရာ အနည်းငယ်မျှပင် မလှုပ်ချေ။

သူသည် ပင်ပန်းနွမ်းနယ်လာမှ သံနံရံကိုမှီပြီး ထိုင်ချလိုက်သည်။

ရင်ထဲမှ ဒေါသရှိန်ကမူ မပြေချေ။ တမြည့်မြည့်သာခံစားနေရသည်။

ထိုစဉ် သူသည် အသက်ရှူမဝသလို စတင်ခံစားလာရပြန်လေသည်။ ဤအထဲသို့ အပြင်မှလေ ဝင်ရောက်နိုင်ရန် လေဝင်ပေါက် မရှိကြောင်းလည်း ယခုမှ တွေးမိလာသည်။

သူသည် ထိတ်ခနဲဖြစ်သွားပြီး ဆတ်ခနဲ ပြန်ရပ်လိုက်လေသည်။

သူ့ကို ဤအထဲတွင် အသက်ရှုကျပ်ပြီးသေစေရန် လှောင်ပိတ်ထားခြင်းသာ ဖြစ်လိမ့်မည်။

ဤအထဲမှလည်း မည်သို့မှ မထွက်နိုင်ချေ။ ဤအတိုင်းသာ ဆက်၍နေပါက သူသည် မွန်းပြီး သေဆုံးရပေလိမ့်မည်။

တကယ်တော့ ရုပ်ရည်လှပချောမောပြီး နွဲ့နွဲ့နောင်းနောင်း ရှိလှသော ရွှေနဂါးတမန်တော်အဖွဲ့ဝင် မိန်းကလေးများမှာ ရက်စက်ကြမ်းကြုတ်သော လူသတ်သမားများ ဖြစ်နေလေသည်။

အသက်ရှုမဝသဖြင့် တိန့်ထောက်၏ရင်ထဲတွင် တင်းကျပ်လာသည်။ အောင့်သလိုလိုလည်း ဖြစ်လာသည်။ သူသည် လေကို မရှုမိတော့ဘဲ မွန်းကျပ်၍သာလာသည်။

သူ့ရင်ကြီးတစ်ခုလုံး ပေါက်ကွဲသွားတော့မလား ထင်ရလောက်အောင် ခံစားလာရသည်။ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲရွှဲစိုလာသည်။

"အင်း .... အား .... အင်း .... အင်း"

သူ့နှုတ်မှလည်း အဆက်မပြတ် ညည်းတွားနေရသည်။

ထိုစဉ် သူသည် သူ့ဆရာ မဟူရာသိုင်းသမားကြီး သင်ကြားပေးသော ပညာရပ်များထဲမှ လိပ်အသက်ရှုရပ်နည်း ပညာရပ်ကိုသွား၍ သတိရလိုက်သည်။

ထိုပညာကိုအသုံးပြုပါက လူသေတစ်ယောက်လို ဖြစ်သွားမည်ဖြစ်ပြီး အသက်မရှုဘဲ အကြာကြီးနေနိုင်မည် ဖြစ်၏။



လိပ်အသက်ရှုရပ် နည်းပညာကိုသုံးရန် တိန့်ထောက် ဆုံးဖြတ်လိုက်သည်။

ထိုစဉ် သံနံရံအောက်ခြေပတ်ပတ်လည်က လက်မဝက်ခန့် အနည်းငယ် ပွင့်ဟသွားသည်။ အနည်းငယ်သာ ပွင့်ဟသွားခြင်းဖြစ်သော်လည်း ထိုနေရာမှ အလင်းရောင်နှင့်အတူ လေလည်း ဝင်လာသည်။

သူ့အပေါ် အုပ်မိုးနေသော သံသေတ္တာကြီးကို အပေါ်သို့ အနည်းငယ် ဆွဲမလိုက်ခြင်းသာ ဖြစ်လေသည်။

တိန့်ထောက် အသက်ကို ဝအောင်ရှူရှိုက်လိုက်သည်။

ဟနေသော အပေါက်ကြားမှလည်း တိုးတိုးစကားသံ ပေါ်ထွက်လာသည်ကို တိန့်ထောက် ကြားရသည်။

"အစ်ကို .... ကျွန်မ အမှတ်ငါးပါ .... အစ်ကို ကောင်းကောင်း မှန်မှန်ရှိနေသေးတယ် မဟုတ်လား .... "

အသံမှာ အမှတ်ငါးလင်းယိကြည်၏သံဖြစ်ကြောင်း တိန့်ထောက် မှတ်မိသည်။

"မင်း ဘာလုပ်မလို့လဲ .... "

တိန့်ထောက်က သူ့ကို ဤနေရာသို့ လှည့်ဖြား၍ ခေါ်လာသော အမှတ်ငါးကို ဒေါသဖြင့် လေသံမာမာ ပြောလိုက်သည်။

တစ်ဘက်မှ စိုးရိမ်တကြီးပြောသံ ပြန်ပေါ်လာသည်။

"တိုးတိုးပြောပါ အစ်ကို .... အစ်ကို့ကို ကျွန်မ ကယ်တင်မလို့ပါ .... "

"ဘယ်လို .... "

တိန့်ထောက် သူ့နားကိုပင် သူ မယုံအောင် ဖြစ်သွားသည်။ သူ့ကိုဘာများ ထပ်လှည့်စားလိမ့်ဦးမလဲဟုလည်း တွေးမိသည်။ သူသည် ခပ်တိုးတိုးပင် ပြန်ပြောလိုက်သည်။

"ဘာများထပ်ပြီး လှည့်စားဦးမလို့လဲ .... "

"လှည့်စားစရာ ဘာလိုလို့လဲ အစ်ကို .... အစ်ကို့ကို ဒီအတိုင်းထားလိုက်ရင် အခုလောက်ဆို အစ်ကိုသေနေပြီပေါ့ .... ကျွန်မရဲ့ဆန္ဒအမှန်ကို တကယ်ပြောနေတာပါ .... ယုတ်မာတဲ့ အကြံအစည်နည်းနည်းမှ မရှိပါဘူး .... "

တိန့်ထောက် ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

တုန်ယင်လှိုက်လှဲစွာဖြင့် ပြောလိုက်သော လင်းယိကြည်၏ အသံ ပေါ်လာပြန်သည်။

"အစ်ကို သေသွားရင် ကျွန်မ မမြင်ရက် .... မကြည့်ရက်.... မကြားရက်ပါဘူး အစ်ကိုရယ် .... အစ်ကို့ကို ကျွန်မ သနားတယ် .... ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့အဖွဲ့က အစ်ကို့ကို အမျိုးမျိုးနှိပ်စက်ခဲ့ကြလို့ပဲ .... နှိပ်စက်တဲ့အထဲမှာ ကျွန်မလည်းပါခဲ့ရတယ် .... အစ်ကိုအခုလိုဖြစ်ရတာ ကျွန်မကြောင့်ပဲ .... ဒီကို ကျွန်မခေါ်လာခဲ့လို့ ဖြစ်ရတာပဲ .... ဒါကြောင့် ကျွန်မယူကျုံးမရဖြစ်ရတယ် .... ဒါကြောင့် အစ်ကို့ကို ကယ်ဖို့လာခဲ့ရတာပဲ .... "

တိန့်ထောက်မှာ အမှတ်ငါး လင်းယိကြည်၏စကားကို လုံးလုံးလျားလျား မယုံကြည်နိုင်သေးသော်လည်း ယုံကြည်မှုက ဝိုများလာသည်။

"ငါ့ကိုကယ်တော့ မင်းအတွက် အန္တရာယ်မများဘူးလား"



"အန္တရာယ် သိပ်များတာပေါ့ အစ်ကိုရယ် .... သူတို့သာ သိသွားကြရင် ကျွန်မကို အသေသတ်ကြမှာ .... ကျွန်မက အဖွဲ့ကို သစ္စာဖောက်မိတာကိုး .... ဒါပေမယ့် အစ်ကိုသာလွတ်မြောက်သွားမယ်ဆိုရင် .... အစ်ကို့ရဲ့အသက်ကို ညီမအသက်နဲ့လဲပြီး ကယ်လို့ ဒ်ရလို့ သေရကျိုးနပ်ပြီ .... ဒါ .... ဘာဖြစ်လို့လဲဆိုတာသိလား အစ်ကို၊ အစ်ကို့ကို စပြီးမြင်တွေ့ရကတည်းက ကျွန်မ .... ချစ် .... ချစ် .... ချစ်"

အမှတ်ငါး လင်းယိကြည်၏ အသံကလေးမှာ တိမ်ဝင်သွားသည်။

တိန့်ထောက်ပင်လျှင် အံ့အားသင့်သွားသည်။ မိန်းကလေးတစ်ယောက်ကစပြီး ဖွင့်ဟပြောခြင်းမှာ တော်ရုံတန်ရုံမေတ္တာမျိုး မဟုတ်ချေ။ ရှက်ရှက်နှင့် ပြောရခြင်းဖြစ်သဖြင့် သူမ၏အသံမှာ တိမ်ဝင်သွားသည်။

တိန့်ထောက်သည် အမှတ်ငါး လင်းယိကြည်၏စကားကို ယုံရခက်ခက်ဖြစ်နေသည်။ သို့သော် သူမ၏အသံမှာ လှိုက်လှိုက်လှဲလှဲရှိလွန်းလှသဖြင့် လိမ်ညာပြောနေခြင်း မဖြစ်နိုင်ကြောင်း ခန့်မှန်းနိုင်လေသည်။

အမှတ်ငါး လင်းယိကြည်၏ အသံက ခဏမျှ တိတ်နေပြီးမှ ပြန်ပေါ်လာသည်။

"တကယ်တော့ အစ်ကို့ကိုဒီအိမ်ခေါ်လာခဲ့တာ ဒီလိုအန္တရာယ်မျိုး ဖြစ်လိမ့်မယ်လို့ မထင်လို့ခေါ်လာခဲ့တာပါ အစ်ကိုရယ် .... ဒီလိုဖြစ်မယ်မှန်းသိရင် ကျွန်မခေါ်မလာပါဘူး .... ဒါပေမယ့် .... အစ်ကို့ကို

ချစ်တဲ့ စိတ်နဲ့ ကျွန်မ ပြန်ကယ်ရမှာပါပဲ .... အစ်ကိုကော ကျွန်မကို ချစ်ခင်တဲ့စိတ်ရှိရဲ့လားဟင် .... "

တိန့်ထောက် သက်ပြင်းချလိုက်ပြီး ....

"မိန်းကလေးတွေကို ကျူပ်ချစ်ရမှာ ကြောက်သွားပါပြီ .... ဘယ်သူ့ကိုမှ ကျူပ် မချစ်ရဲတော့ပါဘူး .... "

အမှတ်ငါး လင်းယိကြည့်ထံမှ သက်ပြင်းချသံ ပေါ်လာသည်။ ပြီးမှ စကားဆိုသည်။

"အင်းလေ .... ငွေနှင်းဖြူကြောင့် အစ်ကိုက မိန်းမအားလုံးကို သိမ်းကျုံးပြီး မုန်းနေပြီလား .... ကျွန်မကိုတော့ မချစ်ချင်နေပါ အစ်ကိုရယ် .... မုန်းတော့ မမုန်းလိုက်ပါနဲ့ .... မမုန်းဘူးမဟုတ်လား အစ်ကို .... "

"မမုန်းပါဘူး .... ခင်ဗျား ငွေနှင်းဖြူထက် စိတ်ထားသန့်စင်တဲ့မိန်းကလေးဖြစ်လို့ လေးလည်းလေးစားပါတယ် .... ခင်ဗျားရဲ့ အသက်ဘေးအန္တရာယ်ကိုလည်း ကာကွယ်စောင့်ရှောက်ပါ့မယ် .... ဒါပေမယ့် .... တစ်ခုတော့ ပြောထားပါရစေ .... ကျွန်တော် ဒီအချုပ်အနှောင်က လွတ်တာနဲ့ အပြင်ကိုရောက်ရောက်ချင်း ပထမဦးဆုံး ငွေနှင်းဖြူကိုတော့ ရှာသတ်ရလိမ့်မယ် .... "

"ဩော် .... အစ်ကိုက အချစ်ကြီးသလောက် အမျက်ကြီးသွားပြီပေါ့ .... "

"ဟုတ်တယ် .... ပြီးတော့ ဒီမှာရှိနေတဲ့ ခင်ဗျားတို့အဖွဲ့သားအားလုံးကိုလည်း ဆုံးမသွားရမယ် .... ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားတို့အဖွဲ့ဟာ ဒုစရိုက်အဖွဲ့ကြီးတစ်ဖွဲ့ဆိုတာ ကျွန်တော်သိထားပြီးလို့ပဲ၊



ခင်ဗျားလည်း ဒီအဖွဲ့ထဲက ထွက်လိုက်ဖို့ ကျွန်တော် မေတ္တာရပ်ခံချင်တယ် .... "

"မထွက်လို့လည်း မဖြစ်နိုင်တော့ပါဘူး အစ်ကိုရယ် .... အခု အစ်ကို့ကို စောင့်ကြည့်ဖို့ တာဝန် ကျွန်မ ယူထားရတာ .... ဒီလောက်နိုင်ခံ့တဲ့ထောင်ချောက်ထဲက အစ်ကိုလွတ်ထွက်သွားတယ်ဆိုကတည်းက ကျွန်မ ဆက်ပြီးမနေရဲပါဘူး .... ကျွန်မမှာ ဆွေမျိုးသားချင်းမရှိလို့ ဘယ်သွားရမယ်မှန်းလည်း မသိပါဘူး .... "

"ဒါဆို ကျွန်တော်နဲ့သာလိုက်ခဲ့ .... ခင်ဗျားကို နေရာကောင်းတစ်နေရာရာမှာ ထားပေးမယ် .... "

တိန့်ထောက်က သူမကို ချီယွင်ဂေဟာမှ အမေကွမ်ထံတွင် အပ်နှံထားခဲ့ရန် စိတ်ကူးရသဖြင့် ပြောလိုက်ခြင်း ဖြစ်လေသည်။

"ဒါနဲ့ ဒီအိမ်က ခင်ဗျားရဲ့ကြီးကြီးအိမ်ဆို .... "

"မဟုတ်ပါဘူးအစ်ကို .... အခြေအနေအရ အစ်ကို့ကို ဒီလိုပဲ ပြောလိုက်ရတာပါ .... ဒီအိမ်ဟာ ကျွန်မတို့အဖွဲ့ရဲ့ စခန်းခွဲတစ်ခုပါ.... ဒီမှာ ဦးစီးဦးဆောင် အုပ်ချုပ်နေတဲ့သူက ရွှေတောင်ဝှေးဘွဲ့ရထားတဲ့ အဘွားအိုကြီးပါ .... ရွှေတောင်ဝှေ့ဘွားဘွားကိုတော့ အစ်ကို သတိထားပါ .... သူ့ရဲ့သိုင်းပညာက အဆင့်မြင့်သလောက် ကြောက်စရာကောင်းပါတယ် .... အခု သူတို့တွေ နောက်ဖေးဆောင်မှာရှိနေဝုန်းမို့ အခုလို အစ်ကို့ကို အေးအေးဆေးဆေး ကယ်တင်နိုင်တာ .... နေဦး အစ်ကို .... ထောင်ချောက်အိမ်ကို ကျွန်မသွားပြီးမတင်လိုက်ဦးမယ်၊ အပေါ်အထိ မတင်လို့တော့ မဖြစ်ဘူး၊ အသံကို သူတို့ကြားသွားနိုင်တယ် .... အစ်ကို ထွက်သာရုံပဲ မတင်မယ် .... လျှိုပြီး ထွက်ခဲ့နော်"

"ကောင်းပါပြီ .... "

ထွက်ခွာသွားသော ခြေသံကို တိန့်ထောက် ကြားရသည်။

ခဏအကြာတွင် သူ့ကိုအုပ်မိုးထားသော သံသေတ္တာကြီးမှာ အပေါ်ကို တက်သွားသည်။ ကျောက်ပြားခင်းထားသော ကြမ်းပြင်နှင့် နှစ်ပေခန့်အထိ ပွင့်ဟသွားသည်။ ထို့နောက် ဆက်မတက်တော့ဘဲ ရပ်သွားသည်။

တိန့်ထောက်က လှဲအိပ်လိုက်ပြီး ကိုယ်ကိုလှိမ့်ကာ အပြင်ကို ထွက်လိုက်သည်။

အပြင်သို့ရောက်သည်နှင့် သူသည် ဆတ်ခနဲ ရပ်လိုက်၏။ သူ၏လက်ထဲတွင်လည်း ဓားကိုဆွဲထုတ်၍ ကိုင်ပြီး ဖြစ်နေသည်။ သူ့ မျက်နှာမှာ ခံပြင်းနာကြည်းမှုကြောင့် ခက်ထန်တင်းမာနေသည်။

ယခုအချိန်တွင် သူ့ကို ဟန့်တားသူမှန်သမျှ မည်သူ့ကိုမဆို တိုက်ခိုက်မည်ဟုလည်း ဆုံးဖြတ်ချက် ချထားသည်။

တစ်ဘက်ခန်းထဲမှ အမှတ်ငါး လင်းယိကြည် ထွက်လာသည်။ သူမသည် တစ်ဘက်ခန်းထဲမှ ယန္တရားခလုတ်ကို သွားဆွဲပြီး ပြန်ထွက်လာခဲ့ခြင်း ဖြစ်၏။

"လာ .... အစ်ကိုလာ .... ကျွန်မနောက်ကို လိုက်ခဲ့ပါ"

"ငွေနှင်းဖြူ ဘယ်မှာလဲ .... "

"ကျွန်မနောက်ကိုသာ လိုက်ခဲ့ပါ အစ်ကို .... ကျွန်မ ပြပါ့မယ် .... "

တိန့်ထောက်လည်း လင်းယိကြည်နောက်မှ ခပ်သွက်သွက် လိုက်ခဲ့သည်။ ဘေးဘီဝဲယာကိုလည်း သတိနှင့်ကြည့်ခဲ့သည်။ ရန်သူကို



တွေ့လျှင် လက်ဦးအောင် တိုက်ခိုက်နိုင်ရန်လည်း အသင့်ပြင်ထားသည်။

သူတို့နှစ်ဦးသည် နောက်ဘက်မှ အခန်းနှစ်ခန်းကို ဖြတ်ကျော်ခဲ့ကြသည်။

ထိုအချိန်အထိ လူရိပ်လူရောင်ကို မတွေ့ရသေးချေ။

လင်းယိကြည်က တိန့်ထောက်ကို တံခါးပေါက်တစ်ပေါက်ဆီသို့ လက်ညှိုးထိုး၍ တီးတိုးပြောလိုက်သည်။

"ဟိုအခန်းထဲမှာ ငွေနှင်းဖြူ ရှိနေလိမ့်မယ် အစ်ကို .... "

တိန့်ထောက်၏ မျက်နှာ ပိုမိုတင်းမာသွားသည်။ သူသည် လင်းယိကြည်အား နေခဲ့ရန် လက်ကာပြပြီး သူတစ်ဦးတည်း တံခါးပေါက်ဆီသို့ ချဉ်းကပ်လာခဲ့သည်။

အပေါက်မှတံခါးကို ပိတ်ထားသော်လည်း အနည်းငယ် ပွင့်ဟနေသည်။

တိန့်ထောက်က ဟနေသောအပေါက်မှ အတွင်းဘက်ကို ချောင်းကြည့်လိုက်ရာ ခုတင်စွန်းတွင် တွေတွေကြီးထိုင်နေသော ငွေနှင်းဖြူကို တွေ့ရလေတော့သည်။ သူမ၏မျက်နှာမှာ ကြေကွဲဝမ်းနည်းခြင်း၊ ညှိုးနွမ်းခြင်းလည်း မရှိချေ။ စိတ်အားတက်ကြွခြင်း၊ ရွှင်လန်းခြင်းလည်း မရှိချေ။

သူမ၏မျက်နှာက မျက်နှာသေကြီး ဖြစ်နေသည်။ တစ်စုံတစ်ခုကို စဉ်းစားနေပုံမျိုး ဖြစ်၏။

ငွေနှင်းဖြူကိုမြင်တော့ တိန့်ထောက်ရင်ထဲတွင်ပိုပြီးနာကြည်းခံပြင်းသွားမိသည်။ ထောင်ချောက်ထဲတွင် သူရောက်နေစဉ် ငွေနှင်းဖြူ

ပြောသွားသော စကားများကို ကြားယောင်လာပြီး ဒေါသတကြီး ဖြစ်လာမိသည်။

သူသည် ဒေါသကို မထိန်းနိုင်တော့ဘဲ တံခါးကို ခြေဖြင့် ဆောင့်ကန်လိုက်၏။

"ဝုန်း …. "

ကျယ်လောင်လှသော တံခါးပွင့်သွားသံကြောင့် ငိုင်ငိုင်ကြီး ရပ်နေသော ငွေနှင်းဖြူ လန့်သွားပြီး ဆတ်ခနဲလည်း ထရပ်သည်။

"အား …. "

ထိုစဉ် သူ၏နောက်ဘက်မှ လင်းယိုကြည်၏ စူးစူးရှားရှား အော်လိုက်သံကို တိန့်ထောက် ကြားလိုက်ရသည်။ တိန့်ထောက် ထိတ်ခနဲဖြစ်သွားပြီး နောက်ဘက်ကိုလှည့်ကြည့်သည်။

လင်းယိုကြည်ရင်ဝကို လက်နှစ်ဖက်နှင့်ဖိ၍ မျက်နှာရှုံ့မဲ့နေကာ နောက်ကိုယိမ်းယိုင်သွားသည်ကို တွေ့ရသည်။ သူမ၏ပါးစပ်မှလည်း သွေးများ ပွက်ခနဲ အန်ထွက်လာသည်။

သူမ၏အနီးတွင် ရွှေရောင်တောက်ပနေသော တောင်ဝှေးကို ကိုင်၍ရပ်နေသော အဘွားအိုတစ်ယောက်ကိုလည်း တိန့်ထောက်မြင်ရသည်။ လင်းယိုကြည်၏ ပြောပြထားချက်အရ ယင်းအဘွားအိုမှာ ရွှေတောင်ဝှေးဘွားဘွားဖြစ်လိမ့်မည်ဟု တိန့်ထောက် သိလိုက်သည်။

ရွှေတောင်ဝှေးဘွားဘွားက ဝေဒနာခံစားရင်း လဲကျလုလု ဖြစ်နေသော လင်းယိုကြည်ကို ဒေါသဖြင့် ပြောလိုက်သည်။

"သစ္စာဖောက်မ …. သစ္စာဖောက်တို့သွားရာလမ်းကို နင်သွားပေတော့ …. "



လင်းယိုကြည် အဖြစ်ကိုမြင်တော့ တိန့်ထောက်ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားမိသည်။

သူ့အတွက်နှင့် လင်းယိုကြည် ယခုကဲ့သို့ ဖြစ်ရခြင်း ဖြစ်လေသည်။ တိန့်ထောက် စိတ်မထိန်းနိုင်တော့ဘဲ ဓားကို ဝှေ့ယမ်းကာ ရွှေတောင်ဝှေးဘွားဘွားထံ ခုန်လွှားတိုက်ခိုက်သည်။

"ဟိုင်း …. "

"ထန်း …. ထန်း …. ရွမ်း …. "

"ဝှစ် …. ဝှစ် …. ဝှစ်"

ရွှေတောင်ဝှေးဘွားဘွားက တိန့်ထောက်၏ဓားချက်များကို သူမ၏ တောင်ဝှေးနှင့် ဆီးခံသည်။

သူမလက်မှ ရွှေရောင်တောက်နေသော တောင်ဝှေးဖြင့်လည်း တိန့်ထောက်ကို ပြန်လွှဲရိုက်သည်။

တိန့်ထောက် ပွတ်ကာသီကာ ရှောင်တိမ်းလိုက်ရသည်။ နောက်ကို ပြန်ခုန်ဆုတ်လိုက်ရသည်။

ထိုစဉ် အခန်းထဲမှ ဓားကိုင်ထားသော ငွေနှင်းဖြူခုန်ထွက်လာပြီး သူမ၏လက်ထဲမှ ဓားနှင့်တိန့်ထောက်ကို လေးချက်တိတိ ဆက်တိုက်ထိုးသည်။ သူမ၏ဓားချက်များက တိန့်ထောက်သေကွင်းသေကွက်များကိုသာ တရှိန်ထိုးဝင်ရောက်လာသည်။

တိန့်ထောက်က ရှောင်တိမ်းပေးပြီး သူမ၏နောက်ဆုံးဓားချက်ကို သူ၏ဓားဖြင့် ဆီး၍ပက်ဆုတ်လိုက်သည်။

"ထန်း …. "

"အား …. "

တိန့်ထောက်၏ဓားချက်က ပြင်းထန်လှသဖြင့် ငွေနှင်းဖြူ လက်ထဲမှ ဓားလွင့်စဉ်သွားပြီး နောက်ကိုလည်း ခြေလှမ်းခြောက်လှမ်းခန့် ယိမ်းယိုင်ဆုတ်သွားကာ လဲကျသွားတော့သည်။

တိန့်ထောက်သည် ငွေနှင်းဖြူထံမလိုက်ဘဲ နောက်ကိုချာခနဲလှည့်ကာ ရွှေတောင်ဝှေးဘွားဘွားထံ ခုန်ဝင်လိုက်သည်။ ရွှေတောင်ဝှေးဘွားဘွားက လင်းယိကြည်အား သတ်ဖြတ်မည်စိုးသောကြောင့် ခုန်ဝင်တိုက်ခိုက်ခြင်း ဖြစ်လေသည်။

"ထန်း .... ထန်း .... ထန်း"

"ဝှစ် .... ဝှစ်"

တောင်ဝှေးမှာ ခိုင်မာသော သံမဏိဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး ရွှေချထားသော တောင်ဝှေး ဖြစ်လေသည်။

တိန့်ထောက်နှင့် ရွှေတောင်ဝှေးဘွားဘွားတို့၏ အရိပ်နှစ်ရိပ်က လုံးထွေးသွားသဖြင့် သံ့သံချင်းရိုက်မိသံ၊ လေထဲတွင် ဝှေ့ယမ်းသံများ ဆက်တိုက်ပေါ်ထွက်လာသည်။

"ထန်း .... "

နောက်ဆုံး ရိုက်လိုက်သောအချက်မှာ တိန့်ထောက်ရောအဘွားအိုပါ အတွင်းအားကို အပြည့်သုံးပြီး ရိုက်လိုက်ကြခြင်းဖြစ်၏။ ဓားနှင့် တောင်ဝှေးထိသံက ပြင်းထန်ကျယ်လောင်စွာ တုန်ဟည်း၍ ထွက်ပေါ်လာသည်။

တောင်ဝှေးရောဓားပါ သွက်သွက်ခါသွားပြီး တိန့်ထောက်နှင့် အဘွားအိုနောက်ကို ယိုင်ဆုတ်သွားကြသည်။

"ဝေါ့ .... ဝေါ့ .... ဝေါ့"



ထိုစဉ် ငွေနှင်းဖြူမှာ အတွင်းဒဏ်ရာ ရသွားသဖြင့် သွေးများ အန်ထုတ်လျက်ရှိနေသည်။ သူမ၏ကိုယ်တွင် ဝတ်ဆင်ထားသော ဝတ်စုံဖြူမှာ သွေးများနှင့် ခြင်းခြင်းနီသွားလေသည်။

တိန့်ထောက်က ငွေနှင်းဖြူအား တစ်ချက်လှည့်ကြည့်လိုက်စဉ်မှာပင် ရွှေတောင်ဝှေးဘွားဘွားက တိန့်ထောက်ထံ ခုန်ဝင်လာပြီး တောင်ဝှေးနှင့် ဆက်တိုက်လွှဲရိုက်ပြန်သည်။

## အခန်း(၁၆)

# ကယ်တင်သူ၏ ကံကြမ္မာ

ရွှေတောင်ဝေးဘွားဘွားသည် တိန့်ထောက်နှင့် ငွေနှင်းဖြူ ကြားမှခံ၍ တိုက်ခိုက်နေခြင်းဖြစ်၏။

ငွေနှင်းဖြူထံသို့ တိန့်ထောက် မရောက်စေရန် တိုက်ခိုက်နေ ခြင်း ဖြစ်၏။

တိန့်ထောက်က အဘွားအို၏ တောင်ဝေးရိုက်ချက်ကို ရှောင် တိမ်းရင်း နောက်ကို ခြေနှစ်လှမ်းဆုတ်မိသည်။

ထိုစဉ် ဝတ်စုံဝါဝတ်ထားသော အမျိုးသားနှင့်အမျိုးသမီးများ ဆယ်ယောက်ခန့် ရောက်လာကြသည်။

သူတို့လက်ထဲတွင်လည်း ဓား၊ လှံ လက်နက်များကို အသီး သီး ကိုင်စွဲလာကြသည်။

"ငွေနှင်းဖြူကို အမြန်ခေါ်ထုတ်သွားကြ .... "

ရွှေတောင်ဝေးဘွားဘွားက တိန့်ထောက်နှင့် တိုက်ခိုက်နေ ရင်းမှ သူ့လူများကို အမိန့်ပေးလိုက်သည်။



ဝတ်စုံဝါဝတ်ထားသော အမျိုးသမီးနှစ်ယောက်က ငွေနှင်းဖြူ ထံရောက်သွားပြီး တစ်ဖက်တစ်ချက်မှ တွဲ၍ ထူလိုက်သည်။

တိန့်ထောက်သည် ငွေနှင်းဖြူကိုအပါမခံနိုင်ပါချေ။

"ထန်း .... "

သူသည် အဘွားအိုကို တစ်ချက်လွှဲခုတ်လိုက်သည်။

အဘွားအိုက တောင်ဝေးနှင့် ဆီးခံသော်လည်း ခုတ်ချက်က ပြင်းထန်လွန်းသဖြင့် အဘွားအို ဘေးကိုယိုင်ထွက်သွားသည်။

တိန့်ထောက် ဆတ်ခနဲ ငွေနှင်းဖြူကို တွဲထားသော ဝတ်စုံဝါ အမျိုးသမီးနှစ်ယောက်ထံ ခုန်လိုက်သည်။ ဓားကိုလည်း ဝှေ့ယမ်းလိုက် သည်။

ဝတ်စုံဝါ အမျိုးသမီးနှစ်ယောက်က ဓားနှင့်ဆီးခံကြသော် လည်း အရာမရောက်ဘဲ၊ တိန့်ထောက်၏ဓားချက်ကသာ သူမတို့နှစ်ဦး စလုံးကို ပြင်းထန်သော ဒဏ်ရာရသွားစေသည်။

"အင့် ..... "

"အွန့် .... "

ဝတ်စုံဝါ အမျိုးသမီးနှစ်ဦးစလုံး လဲကျသွားကြသည်။

ငွေနှင်းဖြူမှာလည်း ထိန်းထားမည့်သူ မရှိတော့သဖြင့် ပြန်လဲ ကျသွားလေသည်။

ထိုစဉ် ဝတ်စုံဝါဝတ်ထားသော အမျိုးသားများက တိန့် ထောက်ကို ဝိုင်းဝန်းတိုက်ခိုက်ကြပြန်သည်။

အော်ဟစ်၍မာန်သွင်းသံ၊ လက်နက် လက်နက်ချင်းထိသံ၊ ညည်းတွားသံများ အဆက်မပြတ် ပေါ်ထွက်လာသည်။

"ခြွမ်း .... ခြွမ်း .... ထန်း"

"ဝှီး .... ဝှီး .... ဝှစ်"

"အားရီး .... "

"အီး .... "

"အား .... "

တိန့်ထောက်ကို ဝိုင်းတိုက်နေသော ဝတ်စုံဝါများအနက်မှ ငါးယောက်ဆက်တိုက် လဲကျသွားကြသည်။

အများနှင့်တစ်ယောက် အသက်လုရသော ပွဲဖြစ်သောကြောင့် တိန့်ထောက်သည် ညှာမနေနိုင်ဘဲ တရကြမ်း ပြန်တိုက်သည်။

ကျန်သော ဂဝတ်စုံဝါ သုံးယောက် တိန့်ထောက်ကို ဆက်မဆိုက်ရဲကြတော့ဘဲ နောက်ကို ခုန်ဆုတ်သွားကြသည်။

ထိုစဉ် ရွှေတောင်ဝှေးဘွားဘွား ခုန်ဝင်လာပြီး တိန့်ထောက်ကို တရကြမ်း တိုက်ခိုက်ပြန်သည်။ သူမ၏တိုက်ချက်များမှာ ပြင်းထန်လှပြီး သွက်လက်လွန်းလှသည်။ တိန့်ထောက် လုံးဝ ထင်မှတ်မထားသော တိုက်ကွက်များကို အဘွားအိုက အသုံးပြုလာခြင်း ဖြစ်၏။

အဘွားအို၏ မျက်လုံးအစုံက အစိမ်းရောင် တောက်နေသည်။

သူမ၏ တိုက်ကွက်များမှာ ဘယ်ဘက်က လုပ်ပြီးမှ ညာဘက်မှ ဝင်လာတတ်သည်။ ညာဘက်မှဝင်မလို လုပ်ပြီးမှ ဘယ်ဘက်မှ ဝင်လာသည်။ တိန်ပထောက်မှာ ကစဉ့်ကလျားဖြစ်နေပြီး အဘွားအို၏ သိုင်းကွက်ကို စဉ်းစားမရ ဖြစ်နေမိသည်။



"ကျိုအင်း" သိုင်းကွက်ကို သုံးနေတာ အစ်ကို.... ခြေထောက်ကို အဓိကထားပြီး ပြန်တိုက်ပါ .... "

လင်းယိကြည်ထံမှ အော်ဟစ်သတိပေးသံ ပေါ်ထွက်လာသည်။ သူမသည် လဲကျနေရာမှ တိန့်ထောက်အတွက် စိုးရိမ်စိတ်ဖြင့် အားယူ၍ အော်ဟစ်သတိပေးလိုက်ခြင်း ဖြစ်လေသည်။

တိန့်ထောက်က သူ၏ဓားဆီသို့ အတွင်းအားကို စုစည်းလိုက်သည်။ အဘွားအို၏ ပြင်းထန်လှသော တောင်ဝှေးရိုက်ချက်ကို ဓားနှင့် ဆီးခံလိုက်သည်။

ထို့နောက် နောက်ကို ခြေတစ်လှမ်းဆုတ်ကာ၊ ရန်သူ၏ အောက်ပိုင်းကိုသာ တိုက်ခိုက်သော 'ရွှန်ရှမ်း'သိုင်းကွက်ကို တိန့်ထောက်သည် စတင်အသုံးပြု၍ အဘွားအိုအား တိုက်ခိုက်တော့သည်။

တိန့်ထောက်၏ ဓားချက်များမှာ အဘွားအို၏ ခြေထောက်ပိုင်းဆီသို့သာ ဆက်တိုက်ကျရောက်လျက် ရှိသည်။

ရွှေတောင်ဝှေးဘွားဘွားသည် တိုက်ကွက် လုံးဝ မသုံးနိုင်တော့ဘဲ ကိုယ်ကိုကိုင်း၍ တိန့်ထောက်၏ ဓားချက်များကို တောင်ဝှေးနှင့်သာ ဆီးခံနေရတော့သည်။ တိန့်ထောက်က တိုက်ချက်ကို ရုတ်တရက် ပြောင်းလိုက်သည်။

"ဟိုင်း .... "

သူသည် အော်ဟစ်မာန်သွင်းလိုက်ပြီး ဓားကို လျှပ်တစ်ပြက်ပင့်ကာ အဘွားအို၏ရင်ဘတ်ဆီသို့ ပင့်ထိုးလိုက်သည်။ အဘွားအိုက ထိတ်လန့်တကြီးဖြင့် တောင်ဝှေးနှင့် ဆီးခံသည်။

"ခြွမ်း .... "

"အား ...."

ဓားချက်မှာ အတွင်းအား အပြည့်ပါပြီး ပြင်းထန်လွန်းသဖြင့် ရွှေတောင်ဇေးမှာ ထက်ပိုင်းကျိုးသွားသည်။ အရှိန်ပြင်းထန်လွန်းသော ဓားချက်သည် အဘွားအို၏ ရင်ဝကို စိုက်သွားတော့သည်။

"အား .... အ .... အ .... အင်း"

အဘွားအိုတစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားကာ မျက်လုံး အပြူးသားဖြင့် တိန်ထောက်ကို အံ့သြတကြီး ကြည့်ရင်း ဝုန်းခနဲ လဲကျ ငြိမ်သက်သွားတော့သည်။

တိန့်ထောက်သည် ဒေါသခက်ထန်နေပြီ ဖြစ်လေရာ၊ မလှမ်းမကမ်းတွင် တုန်လှုပ်စွာဖြင့် ရပ်နေကြသော ဝတ်စုံဝါသုံးယောက်ထံ ခုန်လွှားပြီး တိုက်ခိုက်ပြန်သည်။

"အီး ...."

တစ်ယောက်မှာ တိန့်ထောက် ဓားချက်ထိသွားပြီး လဲကျသွားသည်။ ကျန်နှစ်ယောက်ကမူ ကြောက်လန့်စွာဖြင့် ထွက်ပြေးသွားကြသည်။

အခန်းတစ်ပြင်လုံး သွေးတွေ လွှမ်းနေသည်။

တိန့်ထောက်တစ်ယောက်သာ မတ်တတ်ရပ်လျက်ရှိနေသည်။ ကျန်လူအားလုံး လဲကျနေကြသည်။

တိန့်ထောက်သည် ငွေနှင်းဖြူထံသို့ လျှောက်လာသည်။ သူ့မျက်နှာက ခက်ထန်တင်းမာနေသည်။ သူချစ်သလောက် သူ့အပေါ် စိမ်းကားရက်စက်လွန်းသော ငွေနှင်းဖြူကိုလည်း သူသည် နာကြည်းနေပြီ ဖြစ်၏။



ငွေနှင်းဖြူသည် မြေတွင်လူးလိမ့်ကာ ညည်းတွားနေသည်။ သူမပါးစပ်မှ အန်ထွက်သော သွေးများက သူမတစ်ကိုယ်လုံး စွန်းပေနေသည်။

တိန့်ထောက်သည် ထိုမြင်ကွင်းကို မြင်ရသော်လည်း ကရုဏာ စိတ်မဖြစ်မိပါချေ။ သူကောင်းသလောက် သူ့အပေါ် အကြိမ်ကြိမ် ရက်စက်ခဲ့သော ငွေနှင်းဖြူကို မည်သို့မှ ကရုဏာထားလိုစိတ် မရှိတော့။

သူ့အပေါ် ရက်စက်သော ငွေနှင်းဖြူ၏လုပ်ရပ်များကြောင့် သူသည် နာကြည်းမုန်းတီးနေမိသည်။ ငွေနှင်းဖြူအသက်ဆက်ရှင်နေပြီး သူ့ကို ဒုက္ခပေးမှ တိန့်ထောက်ခံနိုင်စွမ်း မရှိတော့ပါချေ။

ငွေနှင်းဖြူ သေသွားပါက သေသောသူကြာလျှင်မေ့ပေလိမ့်မည်။

သူသည် မျက်လုံးကို စုံမှိတ်လိုက်ပြီး ငွေနှင်းဖြူကို ခုတ်ချရန် ဓားကို မြှောက်ရွယ်လိုက်သည်။

"မသတ်ပါနဲ့ အစ်ကိုရယ် ရပ်လိုက်ပါ .... "

မလှမ်းမကမ်းတွင် လဲကျနေသော လင်းယိကြည်က တိန့်ထောက်ကို ခေါ်လိုက်၏။

ငွေနှင်းဖြူမှာ ထ၍ထွက်ပြေးနိုင်သော အခြေအနေမျိုးမရှိသဖြင့် တိန့်ထောက်လည်း ငွေနှင်းဖြူကို ထားခဲ့ကာ လင်းယိကြည်ထံ ခပ်သွက်သွက် လျှောက်လာသည်။ ပြီးနောက် ဒူးထောက်ထိုင်ချကာ လင်းယိကြည်ကို ပွေ့ထူလိုက်သည်။

လင်းယိကြည်မှာ ဝေဒနာကို ပြင်းထန်စွာ ခံစားနေရပုံဖြင့် မျက်နှာရှုံ့မဲ့လျက်ရှိနေသည်။ သူမ၏နှုတ်ခမ်းမှာ သွေးများယိုစီးထွက်နေတုန်းပင် ဖြစ်၏။

"လင်းယိကြည် .... ခင်ဗျား ဘယ်မှာဒဏ်ရာရထားသလဲ ဟင် .... "

သူ့အတွက်နှင့် ယခုကဲ့သို့ ဖြစ်ရခြင်းကို တိန့်ထောက် စိတ်မကောင်းဖြစ်မိသည်။ သူသည် လင်းယိကြည်ကို ပွေ့ထူထားရင်းမှ စိုးရိမ်စွာဖြင့် မေးမြန်းလိုက်သည်။

လင်းယိကြည်က အားယူ၍ ပြုံးသည်။ ဖျော့တော့သော လေသံဖြင့်လည်း ပြန်၍ပြောသည်။

"ကျွန်မ သေရတော့မှာပါ အစ်ကို .... ကျွန်မကိုယ်ကျွန်မ သိပါတယ် .... "

"အို .... ဘာဖြစ်လို့ သေရမှာလဲ .... မသေစေရဘူး .... သမားတော်ကြီးတစ်ယောက်ဆီ ခေါ်သွားပြီး အမြန်ဆုံးကုမယ်"

"မရတော့ပါဘူး အစ်ကိုရယ် .... ခေါ်မသွားပါနဲ့တော့ .... ကျွန်မကိုသာ တင်းတင်းကလေး ပွေ့ဖက်ထားပြီး ကျွန်မပြောချင်တဲ့ စကားတွေကို အစ်ကိုနားထောင်ပါ .... အစ်ကိုရဲ့ ရင်ခွင်ထဲမှာပဲ ကျွန်မ သေချင်ပါတယ် .... ကျွန်မကို ဘယ်လောက်တော်တဲ့ သမားတော်မှ မကုနိုင်တော့ပါဘူး .... ရွှေတောင်ဝှေးဘွားဘွားရဲ့ တောင်ဝှေးရိုက်ချက်ကြောင့် ကျွန်မရဲ့ရင်ဘတ်က အရိုးတွေကျိုးကုန်ပါပြီ .... နှလုံးသွေးကြောလည်း ပြတ်သွားပါပြီ .... ဒီတော့ ကျွန်မကိုသာ ပွေ့ဖက်ထားပါ အစ်ကိုရယ် .... "



တိန့်ထောက် အလွန်အမင်း စိတ်မကောင်းဖြစ်သွားသည်။ သူမ၏ သွေးဆုတ်လာသော မျက်နှာ၊ သူ၏ဖျော့တော့သော လေသံကို ကြားရုံဖြင့် အသက်မရှင်နိုင်တော့ကြောင်းလည်း တွက်ဆမိလေသည်။

တိန့်ထောက်၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များပင် ဝဲ၍ လာမိသည်။ သူ၏အသက်ကို ကယ်တင်ရင်း သေဆုံးရတော့မည့် လင်းယိကြည်ကို ကရုဏာသက်၍ မဆုံးအောင်ရှိနေမိသည်။ ထို့ကြောင့် သူမ၏ဆန္ဒအတိုင်း ခပ်တင်းတင်းကလေးသာ ပွေ့ဖက်ထားမိသည်။

"ကျွန်တော်ရဲ့အသက်ကို ကယ်လို့ ခုလိုခင်ဗျားဖြစ်ရတာပါ လင်းယိကြည် .... ကျွန်တော့်တစ်သက် ခင်ဗျားကို ဘယ်တော့မှ မေ့ပျောက်တော့မှာ မဟုတ်ပါဘူး .... ခင်ဗျားဟာ ချစ်ခင်တွယ်တာစရာကောင်းတဲ့ မိန်းကလေးပါ .... "

လင်းယိကြည် အားယူ၍ ပြုံးလိုက်ပြီး ....

"အစ်ကို့ဆီက ခုလိုစကားမျိုးကြားရတာ ကျွန်မ သေပျော်ပါပြီ .... သေရကျိုးနပ်ပါပြီ အစ်ကိုရယ် .... ကျွန်မ ကြာကြာမနေရတော့ပါဘူး .... ကျွန်မ ပြောတာကိုသာ နားထောင်ပါတော့ .... "

"ပြောချင်တာပြောပါ လင်းယိကြည် .... "

"ငွေနှင်းဖြူကို မသတ်ပါနဲ့ အစ်ကို .... ပြီးတော့ ငွေနှင်းဖြူကိုလည်း မမုန်းပါနဲ့ .... ငွေနှင်းဖြူဟာ တကယ်တော့ အစ်ကို့အပေါ်မှာ ရက်စက်စိတ် မုန်းတီးတဲ့စိတ် မရှိပါဘူး .... သူဟာ ကျွန်မတို့အဖွဲ့ခေါင်းဆောင်ကြီးရဲ့သမီးလည်း မဟုတ်ပါဘူး .... ကျွန်မတို့အဖွဲ့နဲ့ ဘယ်လိုမှ မသက်ဆိုင်ပါဘူး .... "

"ဟင် .... "

လင်းယိကြည်၏စကားကြောင့် တိန့်ထောက် အံ့သြသွားသည်။ မရဲတရဲဖြင့်လည်း မေးမိသည်။

"ဟုတ်ရဲ့လားဗျာ .... "

"ကျွန်မဟာ .... သေရတော့မယ့်သူပါ .... ပြီးတော့ အစ်ကို ခံစားနေရတာကိုလည်း မကြည့်ရက်ဘူး .... ကျွန်မသာ မသေသေးဘူးဆိုရင် ဒီဖြစ်ရပ်မှန်ကို ဖွင့်ပြောဖြစ်ချင်မှ ဖွင့်ပြောမိမှာပါ .... "

"ဒါနဲ့ စောစောကတော့ ငွေနှင်းဖြူကိုသတ်ရအောင် ဒီနေရာကို မင်းပဲလမ်းပြခေါ်လာခဲ့တယ် မဟုတ်လား .... ငွေနှင်းဖြူဟာ မင်းတို့ခေါင်းဆောင်ကြီးရဲ့သမီးပါလို့ မင်းပဲပြောခဲ့တယ် မဟုတ်လား"

"ဒါကတော့ ငွေနှင်းဖြူသာမရှိရင် အစ်ကို့ရဲ့ အချစ်ကို ကျွန်မ ရနိုင်လိမ့်မယ်လို့ တွေးမိတာနဲ့ ငွေနှင်းဖြူကို အစ်ကိုသတ်ပစ်အောင် ဒီကိုခေါ်ခဲ့တာပါ .... ခုတော့ ငွေနှင်းဖြူမသေဘဲ ကျွန်မသေရတော့မယ် .... "

တိန့်ထောက် စိတ်ထဲတွင် မရှင်းသေးဘဲ ....

"ဒါဖြင့် ငွေနှင်းဖြူက ကျွန်တော့်ကို ဘာဖြစ်လို့ တိုက်ခိုက်ခဲ့ရတာလဲ .... သေစေချင်ရတာလဲ .... "

"သူ့ရဲ့ပင်ကိုစိတ်နဲ့ လှုပ်ရှားပြောဆိုနေရတာ မဟုတ်ပါဘူး အစ်ကို .... ကျွန်မတို့ ခေါင်းဆောင်ကြီးက သူ့ကို ဆေးခတ်ထားလို့ပါ။ သူ့ရဲ့စိတ်တွေဟာ နဂိုအတိုင်း မရှိတော့ပါဘူး .... အတိတ်ကဖြစ်ရပ်တွေကို သူ သတိမရတော့ဘဲ ခေါင်းဆောင်ကြီးစေခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်နေရတာပဲ .... "

"ဟင် .... ဖြစ်ရလေ .... "



ထိုအခါမှ တိန့်ထောက်သည် ငွေနှင်းဖြူ၏ဖြစ်ရပ်မှန်ကို သိသွားကာ စိတ်မကောင်းဖြစ်သွားမိသည်။ သူ့ကိုယ်သူလည်း အပြစ်တင်မိသည်။ ငွေနှင်းဖြူ ရုတ်တရက်ပြောင်းလဲသွားသည်ကိုမြင်ရုံနှင့် သူသည် ဤအချက်ကို စဉ်းစားသင့်လေသည်။

တစ်ချိန်က သူကိုယ်တိုင်ပင်လျှင် ရုပ်ပြောင်းသိုင်းသမားကြီး၏ လက်ချက်ကြောင့် ငွေနှင်းဖြူကဲ့သို့အဖြစ်မျိုးကို ဖြစ်ခဲ့ရသေးသည်မဟုတ်ပါလော။

လင်းယိကြည်သည် ပြင်းထန်သော ဝေဒနာကို ခံစားနေရသဖြင့် မျက်နှာရှုံ့မဲ့နေကာ အသက်ကို ခပ်ပြင်းပြင်း ရှူနေသည်။

တိန့်ထောက်သည် ငွေနှင်းဖြူ၏ အပါးတော်မြဲမလေး ယိရှမ်းကို သတိရပြီး လင်းယိကြည်ကို မေးမိပြန်သည်။

"လင်းယိကြည် .... ငွေနှင်းဖြူရဲ့အပါးတော်မြဲမလေး ယိရှမ်းကို လုပ်ကြံသတ်ဖြတ်လိုက်တဲ့သူက ဘယ်သူလဲ .... "

လင်းယိကြည်က အားယူ၍ ပြန်ပြောသည်။

"ခေါင်းဆောင်ကြီးရဲ့အမိန့်နဲ့ ကျွန်မတို့အဖွဲ့ကပဲ လုပ်ကြံသတ်ဖြတ်တာပါ .... ယိရှမ်းကို ငွေနှင်းဖြူရဲ့အဖြစ်မှန်မပြောနိုင်အောင် နှုတ်ပိတ်လိုက်တာပါပဲ .... "

"တောက် .... တကယ်လည်းရက်စက်ကြပါလား .... "

ယခုမှ ငွေနှင်းဖြူမှာ ရွှေနဂါးတမန်တော်အဖွဲ့နှင့် မပတ်သက်ကြောင်း တိန့်ထောက် အခိုင်အမာ ယုံကြည်သွားလေသည်။

ငွေနှင်းဖြူသည် သူမ၏ဘိုးဘွားပိုင် ပစ္စည်းဆိုပြီး ဘုရား

ကျောင်းပျက်မှရသော သူ့ပစ္စည်းကို သူ့ထံတွင်ပင်အပ်ထားလျက် ရှိနေသေးသည်။

အကယ်၍ ငွေနှင်းဖြူသာ ရွှေနဂါးတမန်တော်အဖွဲ့ဝင်တစ်ယောက်ဖြစ်ပါက ထိုပစ္စည်းကို ပြန်တောင်းယူသွားမည်သာ ဖြစ်၏။

“ဒါနဲ့ လင်းယိကြည် .... ငွေနှင်းဖြူကို ခင်ဗျားတို့ရဲ့ခေါင်းဆောင်ကြီးက ဘာဖြစ်လို့ အခုလို ထိန်းချုပ်ထားရတာလဲ .... ”

တိန့်ထောက် အမေးကို လင်းယိကြည် မည်သည့်အခါမှ ပြန်ဖြေနိုင်တော့မည် မဟုတ်ချေ။ သူမကား ညင်သာစွာ သေဆုံးသွားလေပြီ။

“ဟင် .... လင်းယိကြည် .... လင်းယိကြည်”

တိန့်ထောက် ကြေကွဲဆို့နင့်စွာ ခေါ်လိုက်မိသည်။

လင်းယိကြည်သည် သေဆုံးသွားပြီဖြစ်သော်လည်း သူမ၏နှုတ်ခမ်းက ပြုံးနေသည်။ တိန့်ထောက်၏အသက်ကို ကယ်တင်ရင်း တိန့်ထောက်၏ရင်ခွင်တွင် မသေဆုံးရခြင်းဖြစ်သဖြင့် သူမသည် ကျေနပ်သွားပုံရသည်။

သူမသည် သေသည်အထိ တိန့်ထောက်ကို ကျိုးပြသွားသည်။ သူမသာ ရှင်းလင်းပြောပြမသွားပါက တိန့်ထောက်သည် ငွေနှင်းဖြူကို အထင်လွဲမှားပြီး သတ်မိပေလိမ့်မည်။

တိန့်ထောက်သည် လင်းယိကြည်၏အလောင်းကို ပိုက်ရင်းမှ မျက်ရည်များပင် စီးကျလာမိသည်။

လင်းယိကြည် ကောင်းရာမွန်ရာဘဝ ရောက်ပါစေကြောင်းလည်း စိတ်ထဲမှ ကျိတ်၍ဆုတောင်းလိုက်မိသည်။



ထိုစဉ် ငွေနှင်းဖြူထံမှ ညည်းတွားသံ ပေါ်လာသဖြင့် တိန့်ထောက် လှည့်ကြည့်သည်။ ငွေနှင်းဖြူသည် လဲကျနေရာမှ အားယူပြီး ထထိုင်နေကြောင်း တွေ့ရသည်။

တိန့်ထောက်သည် လင်းယိကြည်အလောင်းကို ကြမ်းပေါ် အသာအယာချလိုက်ပြီး ထပ်ကာ ငွေနှင်းဖြူထံ လျှောက်လာခဲ့လေသည်။

52000
47500
9

## အခန်း(၁၇ [illegible]

## ရွှေနဂါး ဌာန[illegible]သို့

ငွေနှင်းဖြူသည် ယိမ်းယိမ်းယိုင်ယိုင်နှင့် ထိုင်နေသည်။

တိန့်ထောက်သည် သူမ၏အ[illegible]တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ညင်သာစွာ ခေါ်လိုက်သည်။

"ငွေနှင်းဖြူ .... ငွေနှင်းဖြူ"

ငွေနှင်းဖြူက မှိတ်ထားသော မျက်လုံးအစုံကို ဖွင့်ပြီး တိန့်ထောက်ကို ကြည့်သည်။ သူမ၏မျက်နှာက တစ်မုဟုတ်ချင်း တင်းမာသွားပြီး မျက်လုံးအစုံက မုန်းတီးမှုများ ယှက်သန်းနေသည်။

"အစ်ကိုကို မမှတ်မိဘူးလား ငွေနှင်းဖြူ .... တိန့်ထောက်လေ .... "

ငွေနှင်းဖြူမျက်နှာက ပိုပြီး တင်းမာသွားသည်။ သူမက ရူးရူးရားရား အော်လိုက်မည်အပြုတွင် တိန့်ထောက်သည် သူမ၏သွေးကြောကို လှမ်းပိတ်လိုက်ရတော့သည်။

ငွေနှင်းဖြူ အသံမထွက်နိုင်တော့ဘဲ ခွေလဲကျသွားသည်။



တိန့်ထောက်သည် ငွေနှင်းဖြူကိုပွေ့၍ သူမအခန်းထဲကို သယ်လာသည်။ ခုတင်ပေါ်တွင် အသာအယာချသည်။

လောလောဆယ် ဤအိမ်ကြီးတွင် သူ့ကိုရန်မူရဲသူမရှိမှန်း သိသဖြင့်လည်း တိန့်ထောက်က ထွက်ခွာမသွားသေးခြင်းဖြစ်၏။ ငွေနှင်းဖြူကို သတိရအောင် သူမှတ်သလောက် မှတ်သလောက် ပြုစုချင်သေးသည်။

ဤအိမ်ကြီး၏ ဦးစီးခေါင်းဆောင် ရွှေတောင်ဖုေးဘွားဘွားမှာ သူ၏လက်ချက်နှင့် သေဆုံးသွားပြီဖြစ်သဖြင့် လက်အောက်ငယ်သားများမှာ သူ့ကိုရန်ရှာရဲကြမည် မဟုတ်ချေ။

ငွေနှင်းဖြူကို မည်သည့်ဆေးဝါးများ ကျွေးထားကြောင်း တိန့်ထောက်မသိချေ။

ငွေနှင်းဖြူသည် ခုတင်ပေါ်တွင် သတိမရတစ်ချက်ရတစ်ချက်ဖြစ်နေသည်။ မျက်လုံးအစုံကိုမူ မှိတ်ထားသည်။

တိန့်ထောက်သည် ရုပ်ပြောင်းသိုင်းသမားကြီးက မိမိကို စိတ်ပြောင်းဆေးကျွေးပြီး အတိတ်ကို သတိမေ့အောင် လုပ်ခဲ့စဉ်က အရိပ်နိသိုင်းသမား ရောက်လာပြီး မိမိထံမှ မဟူရာအဆိပ်ပြေကျောက်ဖြင့် မူလစိတ် ပြန်ဝင်လာအောင် ကုသခဲ့ပုံကို ပြန်ပြီး သတိရမိသည်။

ငွေနှင်းဖြူကိုလည်း အဆိပ်ပြေကျောက်နှင့် ကုသကြည့်ရန် ဆုံးဖြတ်မိသည်။

သူသည် ရင်ဖုံးအိတ်ထဲမှ အဆိပ်ပြေ ကျောက်ကို ထုတ်ယူလိုက်ပြီး စားပွဲပေါ်တွင် အသင့်တွေ့ရသော ရေနွေးခွက်ထဲသို့ ရေနွေးငှဲ့ထည့်ကာ အဆိပ်ပြေကျောက်ကို စိမ်လိုက်သည်။

ခဏကြာအောင် စိမ်ပြီးမှ အဆိပ်ဖြေကျောက်ကို ထုတ်ယူ၍ ရင်ဖုံးအိတ်ထဲ ပြန်ထည့်လိုက်သည်။ ပြီးနောက် ဆေးစိမ်ထားသော ရေနွေးခွက်ကိုယူ၍ ငွေနှင်းဖြူအား အသာအယာဆွဲထူသည်။ ခွက်ကို သူမ၏ပါးစပ်နားတေ့ပေးလိုက်သောအခါ ငွေနှင်းဖြူကလည်း မျက်လုံး မဖွင့်ဘဲ သောက်ချလိုက်သည်။

တိန့်ထောက်က ငွေနှင်းဖြူကို ခုတင်ပေါ် ပြန်လှဲအိပ်သည်။ ဝိတ်ထားသော သွေးကြောကိုလည်း ပြန်ဖွင့်ပေးလိုက်ပြီး အခြေအနေ ကို စောင့်ကြည့်သည်။

ခဏအကြာတွင် ငွေနှင်းဖြူ မျက်လုံးပွင့်လာပြီး တိန့်ထောက် ကို ကြည့်သည်။ တိန့်ထောက်က ညင်သာစွာ ပြောလိုက်၏။

ငွေနှင်းဖြူ .... ညီမ သတိရပြီနော် .... ”

“ယား .... ”

ငွေနှင်းဖြူက အော်ဟစ်မာန်သွင်းလိုက်ပြီး ဆတ်ခနဲ ထိုင် လိုက်ကာ သူမ၏လက်ဝါးအစုံဖြင့် တိန့်ထောက်ကို လှဲရိုက်လိုက်သည်။

“ဗုန်း .... ”

မျှော်လင့်မထားဘဲ တိုက်နိုက်လိုက်ခြင်း ဖြစ်သဖြင့် တိန့် ထောက် ရှောင်တိမ်းသေးသော်လည်း လွတ်အောင် မရှောင်နိုင်ချေ။

ငွေနှင်းဖြူ၏ညာဘက်လက်ဝါးရိုက်ချက်က တိန့်ထောက် ပခုံးကို ရိုက်မိပြီး ဘေးကိုယိုင်ထွက်သွားသည်။

ငွေနှင်းဖြူက ခုတင်ပေါ်မှ ခုန်ဆင်းပြီး ဂနာမငြိမ်သောမျက် လုံးအစုံနှင့် တိန့်ထောက်ကို ကြည့်သည်။

တိန့်ထောက်သည် နာကျင်သွားသော်လည်း ငွေနှင်းဖြူကို



ထိန်းချုပ်နိုင်ရန်သာ ကြိုးစားရတော့သည်။

ငွေနှင်းဖြူကို အဆိပ်ဖြေကျောက်နှင့် ကုသ၍မရကြောင်း လည်း သိသွားသည်။ အဆိပ်ဖြေကျောက်သည် ငွေနှင်းဖြူ၏ဝေဒနာကို မကုစားနိုင်ချေ။

ရွှေနဂါးတမန်တော် ခေါင်းဆောင်ကြီးသည် ငွေနှင်းဖြူကို ဆေးဝါးဖြင့် ထိန်းချုပ်ထားခြင်း မဖြစ်နိုင်ပေ။ ဆေးဝါးဖြင့်သာ ထိန်းချုပ် ထားခြင်း ဖြစ်ပါက အဆိပ်ဖြေကျောက်နှင့် ကုသနိုင်လိမ့်မည်ဖြစ်၏။

ငွေနှင်းဖြူကို အကြောပိတ်နည်းပညာဖြင့် ထိန်းချုပ်ထားခြင်း ဖြစ်လိမ့်မည်ဟု တိန့်ထောက်တွေးမိသည်။

ငွေနှင်းဖြူသည် ရှေ့ကို လှမ်းလိုက်ပြန်ပြီး တိန့်ထောက်ကို လက်ဝါးရိုက်ချက်ဖြင့် ရိုက်လိုက်ပြန်သည်။ သို့သော် သူမတွင် ဒဏ်ရာ ရထားလေရာ သူမ၏လှုပ်ရှားမှုမှာ သွက်လက်ခြင်း မရှိချေ။

တိန့်ထောက်က ရှောင်တိမ်းပြီး သူမ၏သွေးကြောကို လှမ်း ဝိတ်လိုက်ရပြန်သည်။ ငွေနှင်းဖြူ လဲကျသွားမှ ပွေ့ချီလိုက်ပြီး ခုတင် ပေါ်ပြန်တင်သည်။

သူသည် ငွေနှင်းဖြူ မူလစိတ် ပြန်ရောက်လာစေရန် မည်ကဲ့ သို့သော နည်းလမ်းဖြင့် ကုစားရမှန်းမသိ ဖြစ်နေသည်။ ငွေနှင်းဖြူအား ကုစားနိုင်မည့် နည်းလမ်းမှန်ကို ဤအိမ်အား အုပ်ချုပ်နေသော ရွှေ တောင်ဝေ့ဘွားဘွား မလွဲမသွေ သိပေလိမ့်မည်ဟုလည်း စဉ်းစားမိ သည်။

ထို့ကြောင့်သာလျှင် ငွေနှင်းဖြူကို ဤအိမ်တွင် လာထားခြင်း ဖြစ်ပေမည်။

သို့သော် အဘွားအိုမှာ သေဆုံးသွားပြီဖြစ်သဖြင့် မမေးနိုင်တော့ချေ။

တိန့်ထောက်သည် ငွေနှင်းဖြူကိုခေါ်၍ ဤအိမ်မှ ထွက်သွားရန်သာ စဉ်းစားလိုက်မိသည်။ သို့မဟုတ်ပါက နောက်ထပ် ရွှေနဂါးတမန်တော် အဖွဲ့ဝင်များ ထပ်မံပြီး ဤအိမ်ကို ရောက်လာပါက ထွက်ရခက်ပေလိမ့်မည်။

ထိုစဉ် သူသည် ဤအိမ်ကြီးဆီသို့ လာစဉ်က မြဲဝတွင် သူတောင်းစားကြီးထံမှရသော စက္ကူလုံးကလေးကို သတိရလိုက်သည်။ သူသည် ချက်ချင်းပင် စက္ကူလုံးကလေးထုတ်ယူ၍ ဖြန့်လိုက်သည်။ စာရွက်ပေါ်တွင် စာလုံးလေးကြောင်း ရေးထားသည်ကို တွေ့ရသည်။

*ဤအိမ်ဂေဟာသည် ရွှေနဂါးတမန်တော်အဖွဲ့၏ ဌာနခွဲတစ်ခုသာဖြစ်သည်။ သတိထားပါ။ ဌာနခွဲအဖွဲ့ ခေါင်းဆောင်ကြီးမှာ ရွှေတောင်ရေးဘွားဘွားပင် ဖြစ်သည်။*

သတိပေးစာတစ်စောင်ဖြစ်ပြီး စာအောက်တွင် ဘူးသီးခြောက်ရုပ်ပုံကိုရေးဆွဲထားသည်။ သတိပေးစာကိုသာ ကြိုဖတ်လိုက်ရပါက သူသည် ရန်သူ၏ထောင်ချောက်အတွင်းသို့ ရောက်ခဲ့မည်မဟုတ်ချေ။

ထိုအခါမှ တိန့်ထောက်သည် သူတောင်းစားကြီးဟန်ဆောင်ထားသူမှာ အဘိုးကြီးကြောင်နက်ဖြစ်ကြောင်း သိရလေတော့၏။

ဤမြို့တွင် အဘိုးကြီးကြောင်နက်ပါ ရောက်နေပြီး သူ၏အနီးပတ်ဝန်းကျင်တွင် ရှိနေကြောင်းသိရသဖြင့် ဝမ်းသာအားတက်သွားသည်။



တိန့်ထောက်သည် ခုတင်ပေါ်မှ ငွေနှင်းဖြူကို ပွေ့ချီလိုက်သည်။ သို့သော် ငွေနှင်းဖြူတစ်ကိုယ်လုံး သွေးတွေရွှဲရွှဲစိုနေသဖြင့် ဤအတိုင်း ခေါ်သွား၍ မဖြစ်ချေ။ မြို့ထဲတွင် ဖြတ်သွားရမည်ဖြစ်သဖြင့် တခြားလူများက စပ်စုလာနိုင်သည်။

သူသည် အနီရောင်စောင်တစ်ထည်ကို တွေ့သဖြင့် ယူလိုက်ကာ ငွေနှင်းဖြူကိုပတ်လိုက်သည်။ ပြီးမှ ပွေ့ချီသည်။

တိန့်ထောက်သည် လက်တစ်ဖက်က ငွေနှင်းဖြူကို ပွေ့လျက်၊ လက်တစ်ဖက် ဓားကိုကိုင်ကာ အိမ်ပြင်ကို ထွက်လာခဲ့သည်။ သို့သော် မြဲဝကို ရောက်သည်အထိ သူ့ကို ဟန့်တားမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။

မြဲဝမှ တိန့်ထောက်ထွက်လိုက်သည်နှင့် လူတစ်ယောက်က သူ့ရှေ့မှ ဖျတ်ခနဲ ပေါ်လာသည်။ သူ့ကို စာပေးလိုက်သော သူတောင်းစားကြီး ဖြစ်နေသည်။ ထိုသူတောင်းစားကြီးအသွင် ရုပ်ဖျက်ထားသူမှာလည်း အဘိုးကြီးကြောင်နက်ဖြစ်ကြောင်း တိန့်ထောက် သိလိုက်၏။

အနီးအနားတွင် မည်သူမျှ မရှိသဖြင့် အဘိုးကြီးကြောင်နက်က သူ၏မူလအသံဖြင့် မေးလိုက်သည်။

"ဘယ်လိုဖြစ်လာတာလဲ တိန့်ထောက် ...."

"ဆရာကြီးနဲ့တွေ့ရတာ အတော်ပဲ .... ငွေနှင်းဖြူလည်း ပါလာတယ် ...."

"သူ ဒဏ်ရာရထားသလား ...."

"ဟုတ်တယ် .... ဒဏ်ရာက သိပ်အရေးမကြီးပါဘူး .... အရေးကြီးတာက သူ့ရဲ့စိတ်တွေ နဂိုပုံမှန်အတိုင်း မရှိတော့ဘူး ....

အတိတ်က ဖြစ်ရပ်တွေကိုလည်း သတိမရဘူး .... ကျွန်တော့်ကိုတောင် ရန်သူတစ်ယောက်လို မြင်နေတာနဲ့ အကြောပိတ်ပြီး ခေါ်လာခဲ့ရတာ၊ ဘယ်လိုနည်းနဲ့ သူ့ကို ခုလိုဖြစ်အောင် လုပ်ထားတယ် မသိဘူး .... ”

“ကဲ .... တို့တွေ ဒီမှာကြာကြာနေလို့ မကောင်းဘူး .... စောစောက ရွှေနဂါးအဖွဲ့ဝင် နှစ်ယောက်ရေးကြီးသုတ်ပျာနဲ့ မြို့ထဲက ထွက်သွားတာ တွေ့လိုက်တယ် .... သူတို့ရဲ့လူတွေကို သွားအကြောင်းကြားတာ ဖြစ်လိမ့်မယ် .... တို့တွေ မြန်မြန်သွားကြစို့ .... ”

“ဘယ်ကိုသွားကြမလဲ .... ”

“ငါ့နောက်က လိုက်ခဲ့ပါ .... ”

အဘိုးကြီးကြောင်နက်က သူတောင်းစားကြီးအသွင်နှင့် ရှေ့မှ ခပ်သုတ်သုတ်ထွက်ခွာသွားသည်။ နောက်မှ တိန့်ထောက်က ငွေနှင်းဖြူကိုပွေ့ချီပြီး ထက်ကြပ်မကွာ လိုက်ခဲ့သည်။

သူတို့သည် လူများကို အတတ်နိုင်ဆုံး ရှောင်ကွင်းကာ မြို့တွင်းမှ ထွက်ခဲ့ကြလေသည်။

တိန့်ထောက်က ငွေနှင်းဖြူကို စောင်နှင့်ဖုံး၍ ခေါ်ခဲ့ခြင်းဖြစ်သဖြင့် လူမမာတစ်ယောက်ကို ခေါ်လာခြင်းဖြစ်ကြောင်း တွေ့သူတိုင်းက ယူဆကြသည်။

မကြာခင် သူတို့သည် မြို့ပြင်သို့ရောက်လာကြပြီး အနောက်ဘက်ဆီသို့ ပြေးနှင်လာခဲ့ကြသည်။ မြို့နှင့်လေးငါးလီခန့် ကွာဝေးသော ရွာကလေးတစ်ရွာကို ရောက်လာကြသည်။

ရွာကလေးမှာ အိမ်ခြေဆယ်အိမ်ခန့်သာ ရှိလေသည်။ အိမ်ခြေတစ်အိမ်နှင့်တစ်အိမ်လည်း များစွာ ကွာလှမ်းလှပြီး အိမ်တိုင်းအိမ်တိုင်း



ခြံဝင်းကျယ်ကြီးများထဲတွင် ရှိကြလေသည်။

အဘိုးကြီးကြောင်နက်သည် ရွာတောင်ဘက်ဖျားမှ အိမ်ကြီးတစ်လုံးဆီသို့ တိန့်ထောက်ကို ဦးဆောင်ခေါ်လာခဲ့သည်။ ခြံဝင်းကြီးထဲသို့ ဝင်ခဲ့ကြပြီးနောက် ခြံလယ်ရှိ တဲအိမ်ကြီးတစ်လုံးရှေ့တွင် ရပ်လိုက်ကြသည်။

“ဒါ .... ငါစခန်းချ တည်းခိုနေတဲ့ အိမ်ပဲ .... ”

အဘိုးကြီးကြောင်နက်က ပိတ်ထားသော တဲအိမ်တံခါးကို ဖွင့်လိုက်သည်။ ထိုစဉ် အိမ်တွင်းမှ အိမ်ရှင်ဖြစ်ဟန်တူသူလည်း ရောက်လာပြီး သူတောင်းစားကြီးအသွင် ရုပ်ဖျက်ထားသော အဘိုးကြီးကြောင်နက်ကို မေးလိုက်သည်။

“ဘယ်လိုဖြစ်လာတာလဲ ဆရာကြီး .... ”

အဘိုးကြီးကြောင်နက်က ဘာမှပြန်မပြောဘဲ အိမ်ရှင်ဖြစ်သူကို လက်ကာပြပြီး တိန့်ထောက်ကို အိပ်ခန်းတွင်းဆီသို့ ဦးဆောင်ခေါ်သွားသည်။ အိပ်ခန်းတွင်းရှိ ကွပ်ပျစ်ကြမ်းကြီးတစ်လုံးပေါ်တွင် ငွေနှင်းဖြူကို ချထားစေသည်။

ငွေနှင်းဖြူသည် သတိမေ့လျက် ရှိနေသေးသည်။

တိန့်ထောက်က အဘိုးကြီးကြောင်နက်ကို စိုးရိမ်တကြီး ပြောလိုက်သည်။

“ဘကြီး ငွေနှင်းဖြူကို ကြည့်ပေးပါဦး .... ”

“သိပ်လည်း စိုးရိမ်မနေပါနဲ့ တိန့်ထောက် .... ခေါင်းအေးအေးထားပါ .... အခြေအနေကြည့်ပြီး အကောင်းဆုံးလုပ်ကြတာပေါ့ .... လော်လောဆယ် ဝမ်းကိုဖြည့်လိုက်ကြဦးစို့ .... ”

တိန့်ထောက်မှာ စိုးရိမ်ပူပန်နေသော်လည်း အဘိုးကြီး ကြောင်နက်က ပြောလာသောအခါ ခေါင်းညိတ်လိုက်ရသည်။

အိမ်ရှင်က သူတို့နှစ်ဦး စားသောက်ရန်အတွက် စီစဉ်ရန်ထွက်သွားသည်။

မကြာမီ အိမ်ရှင်၏ဇနီးဖြစ်ဟန်ကူသူ အမျိုးသမီးကြီးတစ်ယောက်က လင်ဗန်းကြီးတစ်ချပ်ကိုကိုင်ကာ အခန်းတွင်းသို့ဝင်ရောက်လာလေသည်။ အခန်းတွင်းရှိ ဝါးဖြင့် ပြုလုပ်ထားသော စားပွဲပေါ်တွင် စားသောက်ဖွယ်ရာများကို ပြင်ဆင်၍ ထွက်ခွာသွားသည်။

အဘိုးကြီးကြောင်နက်သည် ဤအိမ်ရှင်မိသားစုကို မည်ကဲ့သို့ စည်းရုံး၍ ပေါင်းသင်းထားကြောင်း တိန့်ထောက်စဉ်းစားမရပါချေ။

"ကဲ .... လာဟေ့ တိန့်ထောက် .... တို့တွေ စားရင်းသောက်ရင်း ငွေနှင်းဖြူရဲ့ကိစ္စကို ခေါင်းအေးအေးနဲ့ စဉ်းစားကြတာပေါ့ ...."

အဘိုးကြီး ကြောင်နက်က စားပွဲဘေးရှိ ဝါးနှင့်ပြုလုပ်ထားသောခုံတွင် ဝင်ထိုင်လိုက်ရာ တိန့်ထောက်လည်း မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ရလေသည်။ သူသည် ငွေနှင်းဖြူအတွက် သောကများလျက် ရှိသဖြင့် စားချင်သောက်ချင်စိတ် လုံးဝမရှိချေ။

အဘိုးကြီးကြောင်နက်ကမူ ခွက်တဲသို့ အရက်များဆက်တိုက်ထည့်ကာ သုံးခွက်တိတိ တရှိန်ထိုး သောက်ချလိုက်သည်။ ပြီးလျှင် ထမင်းနှင့်ဟင်းကိုလည်း အားပါးတရ စားပြန်သည်။ သူသည် လွန်စွာဆာလောင်မွတ်သိပ်နေပုံရသည်။

တိန့်ထောက်သည် အရက်နှစ်ခွက်ကိုသာ သောက်လိုက်သော်လည်း အစားကိုမူ တို့ကနန်း ဆိတ်ကနန်းစားနေလေသည်။



အဘိုးကြီးကြောင်နက်သည် ပန်းကန်လုံး သုံးလုံးအပြည့် အမောက်ထမင်းကို ကုန်အောင်စားပြီးမှ စကားပြောတော့သည်။

"ငွေနှင်းဖြူဟာ အတိတ်ကိုလည်းမေ့နေတယ်၊ စိတ်လည်း မမှန်ဘူးဆိုတော့ ရွှေနဂါးတမန်တော်အဖွဲ့က သူ့ကို ဆေးခတ်ထားပြီနဲ့ တူတယ် .... "

တိန့်ထောက် ခေါင်းကိုခါယမ်းလိုက်ပြီး ....

"ဆေးခတ်ထားတာတော့ မဟုတ်ဘူး ဘကြီး .... ရုပ်ပြောင်းသိုင်းသမားကြီး ကျွန်တော့်ကို ဆေးခတ်ထားတုန်းက ဝေလင်းသခင်မကြီးဆီကရတဲ့ အဆိပ်ဖြေဆေးကျောက်နဲ့ ကျွန်တော့်ကို ခတ်ထားတဲ့ဆေးကို ဖြေနိုင်ခဲ့ပါတယ် .... အခုလည်း ငွေနှင်းဖြူအဖြစ်က ကျွန်တော့်အဖြစ်မျိုးနဲ့တူလို့ သူ့ကို အဆိပ်ဖြေကျောက်နဲ့ ကုခဲ့ပါသေးတယ် .... ဒါပေမယ့် မရပါဘူး .... "

"ဟေ .... ဘာဖြစ်လို့လဲ .... "

"ငွေနှင်းဖြူဟာ ဆေးခတ်ခံထားရတာ မဟုတ်ဘဲ၊ အကြောကိုင်နည်းပညာနဲ့ သူ့အာရုံကြောတွေကို ဖောက်ပြန်အောင် လုပ်ထားတာလို့ ကျွန်တော် ထင်တယ် .... "

အဘိုးကြီးကြောင်နက်က အတန်ကြာအောင် မျက်မှောင်ကြုတ်၍ စဉ်းစားနေပြီးမှ ခေါင်းကို ဆတ်ခနဲညိတ်လိုက်ကာ ....

"အေး .... ငွေနှင်းဖြူဟာ အဆိပ်ခတ်ခံထားရတာ မဟုတ်ဘူးဆိုရင်တော့ မင်းပြောသလို အကြောကိုင်ခံထားရတာပဲဖြစ်မယ်၊ ဒါဆိုရင်တော့ နည်းလမ်း တစ်လမ်းပဲရှိတယ် .... "

တိန့်ထောက် အားတက်သရောဖြစ်သွားပြီး ....

"ဘယ်လိုနည်းလမ်းများလဲ ဘကြီး .... ပြောပါဦး .... "

"ငွေနှင်းဖြူရဲ့အကြောကို ကိုင်ထားတဲ့လူကိုပဲ အမိဖမ်းရတော့မှာပေါ့ .... "

"ဟာ .... ဘကြီးကလည်း .... "

တိန့်ထောက် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ ပြီးမှ ဆက်ပြောသည်။

"ငွေနှင်းဖြူရဲ့အကြောကို ကိုင်ထားတဲ့လူက ရွှေနဂါးတမန်တော်အဖွဲ့ဝင်တစ်ယောက်ယောက် ဖြစ်မှာပေါ့ .... ပိုပြီးဖြစ်နိုင်တာက အဖွဲ့ခေါင်းဆောင်ကြီးကိုယ်တိုင် ဖြစ်နိုင်တယ် .... ဘယ်လိုလုပ်ပြီး အမိဖမ်းနိုင်မှာလဲ .... အမိဖမ်းဖို့ဝေးလို့ ခေါင်းဆောင်ကြီး ဘယ်သူဆိုတာတောင်မှ မသိရသေးဘူး မဟုတ်လား .... ဒါနဲ့ ရွှေနဂါးတမန်တော်အဖွဲ့နဲ့ပတ်သက်ပြီး ဘကြီးဘာတွေသိထားသလဲ .... "

"ငါသိထားတာကတော့ မင်းရောက်ခဲ့တဲ့အိမ်ဟာ ရွှေနဂါးတမန်တော်အဖွဲ့ရဲ့ ဌာနခွဲဆိုတာရယ် .... အဲဒီဌာနခွဲ ခေါင်းဆောင်အဘွားကြီးဟာ နဂါးဝိညာဉ်သခင်မကြီးဆိုတာရယ်ပဲ ငါသိထားတယ်"

"ဒါပဲလား .... "

"အေး .... ဒါပဲ .... "

"အဲဒီ အဘွားကြီးတော့ ကျွန်တော့လက်ချက်နဲ့ သေပြီ"

"ဟေ .... ဟုတ်လား .... "

အဘိုးကြီး ကြောင်နက်သည် မျက်လုံးအပြူးသားဖြစ်သွားကာ အရက်ခွက်ကို ကောက်၍ တရှိန်ထိုး မော့သောက်လိုက်သည်။ ပြီးမှ မေးသည်။



"ဒါနဲ့ ချိုပွင့်ဂေဟာကို မင်းသွားတာ ဘာများအကြောင်းထူးခဲ့သေးလဲ .... "

တိန့်ထောက်က ချိုပွင့်ဂေဟာတွင် တွေ့ကြုံဖြစ်ပျက်ခဲ့သမျှတို့ကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။ သူ့ဖခင်တိန့်ရောင်ရှမ်း၏ ရုပ်ကလာပ်ကို မြက်ရိုင်းသိုင်းသမားကြီးတို့ ဓနီးမောင်နံ့က ထိန်းသိမ်းထားကြောင်းလည်း ပြောလိုက်သည်။

"ဒါဆိုရင် ချိုပွင့်ဂေဟာသခင်ကြီး ချူဟွားဟီက တိမ်နဂါးကျောက်ပွင့်စိမ်းတို့ကို စေခိုင်းလိုက်တဲ့သူ မဟုတ်ဘူးပေါ့ .... "

"မဟုတ်ပါဘူး .... ကျွန်တော်တို့သခင်ကြီး ချူဟွားဟီအပေါ် အထင်လွဲခဲ့ကြတာပါ .... "

"အေးလေ .... ဒါဆိုရင်လည်း တရားခံ အစစ်အမှန်ကို ဖော်ထုတ်ရဦးတော့မှာပေါ့ .... "

"ငွေနှင်းဖြူအတွက် ဘယ်လိုလုပ်မလဲ ဘကြီး .... "

"ခေါင်းအေးအေးနဲ့ စဉ်းစားကြတာပေါ့ကွာ.... အကြောဝိဇ္ဇာကြီးတစ်ယောက်ယောက်ကို တွေ့ရင်လည်း စုံစမ်းမေးမြန်းကြသေးတာပေါ့ .... "

တိန့်ထောက်သည် ခဏမျှမျက်မှောင်ကြုတ် စဉ်းစားနေလိုက်ပြီးမှ အဘိုးကြီး ကြောင်နက်ကို ပြောလိုက်သည်။

"ဘကြီး ကျွန်တော် ရွှေနဂါးတမန်တော်အဖွဲ့ဌာနခွဲလုပ်ထားတဲ့ အိမ်ကို တစ်ခေါက်သွားကြည့်လိုက်ဦးမယ် .... "

အဘိုးကြီးကြောင်နက် မျက်လုံးပြူးသွားပြီး ....

"ဟေ .... ဘာသွားလုပ်မှာလဲ .... "

“အခုအချိန်လောက်ဆိုရင် .... သူတို့ဌာနချုပ်က အရေးပါအရာရောက်တဲ့လူတွေ ရောက်နေလောက်ရော့ပေါ့ .... ဌာနခွဲခေါင်းဆောင် အဘွားကြီးလည်း သေသွားပြီဆိုတော့ ဌာနခွဲကို အုပ်ချုပ်ဖို့ သူတို့တတွေ အမြန်ဆုံး စီစဉ်ကြရမှာပဲ .... ရွှေနဂါးတမန်တော် အဖွဲ့ခေါင်းဆောင်ကြီးကိုယ်တိုင်တောင် ရောက်ချင်ရောက်နေလိမ့်မယ် .... ကျွန်တော် သွားကြည့်ရင် အကျိုးထူးလိမ့်မယ်လို့ ထင်တယ် .... ”

အဘိုးကြီးကြောင်နက်က မျက်မှောင်ကြုတ်၍ ခဏမျှစဉ်းစားလိုက်ပြီးမှ ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

“ဒီလိုဆိုလည်း ကောင်းသားပဲ .... မင်းသွားကြည့်ချင်ကြည့်လေ .... ဒါပေမယ့် သတိဝီရိယတော့ ထားသွား .... ”

တစဉ့်(၆)ပြီး၏။

တစဉ်(၇)ကို ဆက်လက်ဖတ်ရှုပါရန်။

**တက္ကသိုလ်နေလင်းအောင်**